
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၁၃၁၂၀၇၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၄၅၀၆၀၈၊ ၂၀၀၈ခု၊
ဩဂုတ်၊ အုပ်ရေ -၅၀၀ ၊တန်ဖိုး-၁၃၀၀၊ မျက်နှာဖုံးပန်းချီ-
ချစ်ဆန်း(၅၂၈)၊ ကာလာခွဲ-အီးဂဲလ်၊ စာအုပ်ချုပ်-မောင်မောင်၊
ဒေါ်မိုးကေခိုင် (၀၁၆၉၂)၊ ချိုတေးသံစာပေ၊ရေနံ့သာကျေးရွာ၊
ပုလဲမြို့သစ်-၃၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဦးကျော်လှိုင် (၀၅၅၇၃)၊ စေတနာအော့(ဖ်)စက်၊ အမှတ်-၅၉၊
၁၉လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်း ပုံနှိပ်ပါသည်။

မိုးဆမ်းပန်းစာပေမှ တင်ဆက်ပါသည်။ ဖုန်း - ၇၀၅၄၈၃

ဦးမဏိပါဒေဟုံ

စီစဉ်သူ
မိုး နှဲ့ ဇီ

# ဇော်ထက်ဇအောင်

စပ်ရန်နိုင်နှင့်မတာယန္တရားလူသား

အသစ်စက်စက် စ/ဆုံး လုံးချင်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း ( ၁ )

အာသာစတီမြို့ အပြင်ဘက်. . .။

ရှေးဟောင်းသုတေသန တူးဖော်မှုလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အထူးသီးသန့် ဖောက်လုပ်ထားသည့်လမ်းတစ်ခုရှိသည်။

စဝ်ရန်နိုင်သည် ထိုလမ်းမပေါ်၌ Hummer $H_3$ ဂျစ်ကားကို မောင်းနှင်လာသည်။ ထိုလမ်းသည် ဥတ္တရတောင်တန်းကိုဖြတ်၍ ဖောက်လုပ်ထားသောလမ်းဖြစ်သည်။

နာရီဝက်ခန့် ကြာလျှင်ပင်. . .

ရှေ့၌ လမ်းပျောက်၍သွားပေသည်။

ဝါးပျံကျေးရွာသို့ရောက်ရန် ငါးမိုင်ခန့် လိုပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားဖြင့် ဆက်၍သွားရန် လမ်းလုံးဝမရှိတော့ပေ။

ကတ္တရာခင်းလမ်းမကိုလွန်လျှင် ကျောက်ခဲများဖြင့် ဖြစ်သလို အကြမ်းခင်းထားသော လမ်းကြမ်းတစ်ခုရှိသည်။ ဂျစ်ကားကို အသုံးပြု၍ ခက်ခက်ခဲခဲ မောင်းနှင်သွားလျှင် ရနိုင်သည်။ သို့သော် ဘုတေသနတူးဖော်မှုနေရာသို့ ခြေလျှင်လျှောက်၍သွားခြင်းက ပို၍ကောင်းမည်ဟု ဆုံးဖြတ်သည်။

စဝ်ရန်နိုင်သည် $H_3$ ဂျစ်ကားကို လမ်းဘေးတစ်နေရာ၌ ထိုးရပ်၍ စက်သတ်လိုက်၏။ ကားသော့ကိုဖြုတ်၍ အိတ်ထဲသို့ ထည့်သည်။ ပစ္စည်းကိရိယာမျိုးစုံ ထည့်ထားသည့် ပတ္တူဖျင်ကျောပိုးအိတ်ကြီးကို ကောက်၍လွယ်လိုက်သည်။

ဤနေရာဤဒေသတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက၊ မာကာလူမျိုးစုတို့ အခြေစိုက် နေထိုင်ခဲ့ကြသည်။ ကြီးမားသော အိမ်များ၊ ဈေးဆိုင်များ၊ ဥယျာဉ်များ၊ နန်းဆောင်ဗိမာန်များ တည်ထောင်ခဲ့ကြသည်။

လွန်စွာကြီးမားသော နန်းဦးဘုံကျောင်းတော်ကိုလည်း တည်ဆောက်ခဲ့ကြသည်။

ထိုခေတ်အချိန်ကာလ၌ ထွန်းကားခဲ့သောလူမျိုးများတွင် မာကာလူမျိုးတို့သည် ယဉ်ကျေးမှု အဆင့်အတန်း အမြင့်မားဆုံးနှင့် လွန်စွာလျှို့ဝှက်သောလူမျိုးစုဖြစ်သည်။ မာကာလူမျိုးတို့သည် ကြီးမားခမ်းနားသော မြို့ကြီးများကို တည်ထောင်ခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် အကျိုးအကြောင်း ခိုင်လုံတိကျမှု မရှိဘဲနှင့် ထိုမြို့ပြများကို





စွန့်ခွာသွားခဲ့ကြပုံရသည်။

မာကာလူမျိုးတို့သည် နေ၊ လ၊ ကမ္ဘာနှင့် နက္ခတ်တာရာများ၏ လမ်းကြောင်းများနှင့် တည်နေပုံကို တိကျစွာ တွက်ချက်နိုင်ကြပြီဖြစ်သည်။ နက္ခတ်၊ ဗေဒင်ပညာရပ်အရာ၌လည်း ကျွမ်းကျင်ထူးချွန်မှု ရှိကြသည်။

လွန်စွာကြီးမားသော နန်းဦးဘုံကျောင်းတော်ကို လူအင်အားများစွာဖြင့် တည်ဆောက်နိုင်ခဲ့ကြသည်။ နန်းဦးဘုံကျောင်းတော်မှာ လွန်စွာမှ ကြီးမားလှသည်။

စဝ်ရန်နိုင်သည် မြေလမ်းအတိုင်း ခပ်သွက်သွက်ပြေး၍သွားသည်။ ဦးမော့၍သွားသော တောင်ကုန်းထိပ်သို့အရောက်၌ သူ၏ခြေလှမ်းများကို မသိမသာနှေးလိုက်၏။

တောင်ကြားလမ်းထဲ၌ တည်ရှိသည့် နန်းဦးဘုံကျောင်းတော်ကို လှမ်းကြည့်လိုက်သည်။ ကျောင်းတော်ကြီးမှာ ပေတစ်ရာကျော်မြင့်သည်။

ကျောက်တောင်များ၊ တောင်ကုန်းများ ထူထပ်သော တောတောင်ထဲ၌ ကျောင်းတော်ကြီး တည်ရှိသည်။ ထို့ပြင် အပူပိုင်းဒေသသစ်တောများက ဝိုင်းရံထားသည်။ တောင်စောင်းများ၌ လိုဏ်ဂူပေါက်များ ဖောက်ထားသည်။ လိုဏ်ဂူများအတွင်း၌ သစ်သားများဖြင့် ယက်မတန်းများ ပြုလုပ်ထားခဲ့ကြသည်။

လိုဏ်ဂူများအတွင်း၌ လူအများ နေထိုင်နိုင်အောင် ခိုင်ခံ့စွာပြုပြင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အာသာဝတီမြို့တော်ကို ရှေးဟောင်းသုတေသနအဖွဲ့မှ လေ့လာစူးစမ်းမှုများ မပြုလုပ်ကြရသေးပေ။

နန်းဦးဘုံကျောင်းတော်အထိ ခရီးလမ်း မပေါက်သေးသည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာနိုင်ခြင်း မရှိကြသေးပေ။ ထို့ပြင် မြို့တော်ဟောင်းကို ဖုံးလွှမ်းနေသော သစ်ပင်များ၊ ချုံနွယ်ပင်များကို အချိန်ယူ၍ ရှင်းလင်းရန် လိုပေသေးသည်။

နန်းဦးဘုံကျောင်းတော်ကြီးတစ်ခုလုံးမှာ ချုံနွယ်ပင်များ၊ ရေညှိများဖြင့် ဖုံးလွှမ်း၍နေ၏။ လှေကားထစ်ကြီးများပေါ်၌ သစ်ပင်ကြီးငယ်မျိုးစုံတို့က ပေါက်ရောက်၍နေသည်။

စဝ်ရန်နိုင်သည် တောင်ကုန်းတစ်ခုထက်မှနေ၍ အောက်ဘက်သို့ ငုံ့ကြည့်သည်။

သုတေသနအဖွဲ့ဟု မှတ်ထင်ရသည့် အဖွဲ့တစ်ဖွဲ့သည် နန်းဦးဘုံကျောင်းတော်၏ အရှေ့ဘက်တွင် အခြေစိုက်စခန်းချ၍ နေပေသည်။

ရွက်ဖျင်တဲကြီးနှစ်ခု၊ ဂျစ်ကားတစ်စီး၊ ရိက္ခာတင်ကားကြီးတစ်စီးတို့ကို တွေ့ရသည်။ နန်းဦးဘုံကျောင်းတော်၏ အောက်ခြေဘက်ရှိ လိုဏ်ဂူပေါက်ဝတစ်ခု၌ အော်တိုမက်တစ်ရိုင်ဖယ် လွယ်ထားသောလူတစ်စုက စောင့်ကြပ်နေကြ၏။

စဝ်ရန်နိုင် နှုတ်ခမ်းတွန့်၍ ပြုံးလိုက်၏။

ကျောပိုးအိတ်ကိုဖြုတ်၍ အထက်ပိုင်းမှ ဇစ်ကိုဖွင့်သည်။ ပတ္တူအိတ်ထဲ၌ ရေဒီယိုမဂ္ဂနက်တစ်ဝေ့ဖ်ဖြင့် ဖောက်ခွဲနိုင်သည့် ဖောက်ခွဲရေးပစ္စည်းများ ပါသည်။





ယင်းပစ္စည်းများမှာ ငါးလက်မပတ်လည်အရွယ်ရှိ သတ္တုဘူး (၁၆) ဘူးဖြစ်သည်။ ထိုဘူးများထဲ၌ ရေဒီယိုလှိုင်းချိန်သည့် အသံဖမ်းစက်ငယ်တစ်ခု၊ လျှပ်စစ် စနက်တံ၊ ဖောက်ခွဲရေးယမ်းများ ပါဝင်သည်။

ရေဒီယိုအသံလှိုင်းဖြင့်ချိန်၍ အချက်ပြလိုက်သည်နှင့် ထိုဘူးကလေးက အရှိန်ပြင်းစွာ ပေါက်ကွဲမည်ဖြစ်သည်။ ထို့ပြင် ယမ်းဘူးအသေးစား အရွယ်မျိုးစုံ ပါသေးသည်။ ထိုယမ်းဘူးအသေးစားလေးများကိုလည်း ရေဒီယိုအသံလှိုင်းဖြင့်ပင် အချက်ပြ၍ ဖောက်ခွဲပစ်နိုင်သည်။

စဝ်ရန်နိုင်သည် တောင်ကုန်းလမ်းကြောအတိုင်း သတိထား၍ ဆင်းလာသည်။ အဓိကနေရာများ၌ ရှိနေသည့် ကျောက်တုံးကြီးများ၏နောက်၌ ယမ်းဘူးများကို ထောင်ထားလိုက်သည်။

တောင်ကုန်းလမ်းကြောအတွင်း၌ ဗုံးများထောင်၍ပြီးသွားသည်။

စဝ်ရန်နိုင်သည် ကျောက်တုံးကြီးတစ်တုံးနောက်၌ ကွယ်၍နားလိုက်သည်။ ကျောပိုးအိတ်အတွင်းအောက်ဘက်ရှိ တစ်နေရာကို ဖွင့်လိုက်၏။ အတွင်းဘက်မှ အသံလွှင့်စက်တစ်လုံးကို ထုတ်ယူလိုက်သည်။

ယင်းအသံလွှင့်စက်ပေါ်၌ ဒိုင်ခွက်နှစ်ခုနှင့် ခလုတ်အချို့ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘချုပ်၏ နိုင်ငံတော် ဇာဟိုအမျိုးသား အထူးလုံခြုံရေး အေဂျင်စီမှ ပျံ့ဝှက်လက်နက်ကိရိယာ ပြုလုပ်ရေးအဖွဲ့သည် စဝ်ရန်နိုင်အတွက် ထိုအသံလွှင့်စက်ကို သီးသန့် တီထွင် ပြုလုပ်ပေးထားခြင်း ဖြစ်သည်။

ထိုအသံလွှင့်စက်ကို ဖွင့်လိုက်သည်နှင့် သတ်မှတ်ထားသည့် ကြိမ်နှုန်းလှိုင်းကို လွှင့်ထုတ်ပေးသည်။ အသံလှိုင်း ညှိထားသည့် ပလပ်စတစ် ဖောက်ခွဲရေးဘူးများကို အသံလှိုင်းတစ်ကြိမ် လွှင့်ထုတ်လိုက်သည်နှင့် ပေါက်ကွဲသွားစေမည်ဖြစ်သည်။

ဒုတိယ ကြိမ်နှုန်းလှိုင်းလွှင့်ချက်က ကျည်တောင့်နှင့်တူသော ယမ်းလုံးများကို ပေါက်ကွဲစေမည်။ ကြိမ်နှုန်းလွှဲချက် နှစ်ချက်နှင့် ပေါက်ကွဲစေနိုင်သော ဗုံးများသည် သုံးမိနစ်အတွင်း ပေါက်ကွဲကြမည်ဖြစ်သည်။

စဝ်ရန်နိုင်သည် ရေဒီယိုမဂ္ဂနက်တစ်အသံလွှင့်စက်ကို ကျောက်တုံးတစ်ခုအနား၌ ကပ်၍ထောင်သည်။ ထို့နောက် ခလုတ်ကို ဖွင့်လိုက်သည်။

စဝ်ရန်နိုင်သည် ပိုင်ဘာခမောက်အဝါကို ခပ်ငိုက်ငိုက်ဆောင်းလိုက်သည်။ ထို့နောက် ရှေးဟောင်းသုတေသန ရှာဖွေရေးအဖွဲ့မှ ယူဆရသူများ၏ စခန်းဘက်သို့ ဆင်းသက်လာသည်။

အသံလှိုင်းလွှင့်စက်၏ လွှင့်ထုတ်ချက်က ပေါက်ကွဲရန် တစ်မိနစ်နှင့် ရှစ်စက္ကန့် လိုပေသေးသည်။

ရပ်ထားသော ဂျစ်ကားဆီသို့ တည့်မတ်စွာ လျှောက်၍သွားသည်။ ဂျစ်ကားသည် ချုံပုတ်အကွယ်၌ ရှိနေသည်။

တစ်မိနစ်အချိန်အတွင်း ဤလူစု မျက်စိလည်သွားစေရန် အရေးကြီးသည်။ သူ၏လှည့်စားမှု အောင်မြင်ဖို့လိုသည်။

ဂျစ်ကားအနီး၌ မည်သူမျှမရှိပေ။

စဝ်ရန်နိုင်သည် ဂျစ်ကားနောက်ကွယ်၌ ကပ်၍ရပ်သည်။

ဂျစ်ကား၏ ခေတ်ဆီတိုင်ကီဘေး၌ ပလပ်စတစ်ယမ်းဗုံးကို ကပ်၍ထောင်သည်။

ခန္ဓာကိုယ်ကို ပြန်၍မတ်လိုက်၏။

ခက်ထန်သောအသံတစ်ခု နောက်မှပေါ်လာသည်။

"ဟေ့. . . ဒါ. . . ဘာလုပ်နေတာလဲ"

အစောင့်တစ်ဦး၏ မေးသံပင်ဖြစ်သည်။

စဝ်ရန်နိုင်က ခေါင်းငိုက်၍ မျက်နှာကို မသိမသာ ကွယ်လိုက်၏။ ဂျစ်ကား၏ နောက်ဘီးတစ်ဖက်ကို လက်ညှိုးထိုးပြရင်းမှ ပြောသည်။

"ဒီဘက်ဘီး. . . လေလျော့နေတယ်"

အစောင့်ဖြစ်သူသည် ရှေ့သို့တိုး၍ ကားဘီးကို စစ်ဆေးကြည့်ရှုရန် ခန္ဓာကိုယ်ကို ကိုင်းညွတ်လိုက်၏။

စဝ်ရန်နိုင်သည် အစောင့်ဖြစ်သူ၏လည်ကုတ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။ ပုံလျက်သား လဲကျ၍ သတိလစ်နေသည့် အစောင့်၏ခန္ဓာကိုယ်ကို ချုံပုတ်တစ်ခုအတွင်းသို့ အမြန်ဆွဲသွင်းလိုက်၏။







www.burmeseclassic.com

www.burmeseclassic.com



နန်းဦးဘုံကျောင်းတော်ကြီး၏ အောက်ဘက် လိုဏ်ဂူအဝ၌ အစောင့်ရှင်ဦး ရှိနေပေသည်။

စဝ်ရန်နိုင် သူ၏နာရီကို ကြည့်သည်။ ဗုံးပေါက်ကွဲရန် စက္ကန့် နှစ်ဆယ်သာ လိုတော့သည်။

စဝ်ရန်နိုင်သည် အိတ်ထဲမှ ကျည်လုံးငယ်လေးများကို ထုတ်၍ စခန်းပတ်လည်သို့ ကြဲဖြန့်ချလိုက်၏။

လိုဏ်ဂူဝ၌ ရှိနေသော အစောင့်များသည် စဝ်ရန်နိုင်ကို မမြင်မိကြ။ သူတို့သည် လက်ရှိအခြေအနေ မည်သို့ရှိနေသည်ကို စိတ်ဝင်စားကြပုံ အလျဉ်းမရှိပေ။

ရုပ်ရှင်မင်းသမီးတစ်ဦး၏ အတွင်းရေးကို အားရပါးရ ပြောဆိုနေကြသည်။

စဝ်ရန်နိုင်သည် အစောင့်များအနီးသို့ တဖြည်းဖြည်းနှင့် ချဉ်းကပ်သွားသည်။

❀

ရွက်ဖျင်တဲကြီးတစ်တဲအတွင်း၌ လူနှစ်ဦး ရှိနေသည်။

နှစ်ဦးစလုံး အလုပ်ရှုပ်နေသည်။

ဘသန်းထက်သည် အသက်သုံးဆယ့်ငါးနှစ်ခန့်အရွယ် ရှိသည်။ သူသည် လူ့လောကထဲမှ လူများ၏အကြောင်းကို ကောင်းစွာ အကဲဖြတ် သိမြင်နိုင်စွမ်းရှိသူဖြစ်သည်။





ယမကာမှီဝဲမှုနှင့် လေ့ကျင့်ခန်းနည်းမှုတို့ကြောင့် သူ၏ဝမ်းဗိုက်မှာ ရွှဲ၍နေပြီဖြစ်သည်။

သူသည် ပုပြင်း ကြမ်းတမ်းသော ရှေးဟောင်းသုတေသနရှာဖွေတူးဖော်ရေးအဖွဲ့၏ လုပ်ငန်းခွင်၌ လုပ်ကိုင်နေရခြင်းထက် အပန်းဖြေအခန်းတစ်ခု၌ အေးချမ်းသာယာ ငြိမ့်ညောင်းစွာ အပန်းဖြေနေလိုပေသည်။

ရေဒီယိုဆက်သွယ်ရေး စက်ကိရိယာပေါ်မှ ခလုတ်များကို ကိုင်တွယ်နေသူမှာ ထွန်းလင်းမြင့်ဖြစ်သည်။ ထွန်းလင်းမြင့်သည် အနှစ်ခရှိသော စပါးနှံကဲ့သို့ ခေါင်းထောင် ငုံ့ကြွားတတ်သော အမူအရာရှိသည်။

ဘသန်းထက်သည် ထွန်းလင်းမြင့်ကို လုံးဝကြည့်၍မရပေ။ လုံးဝ ရွံမုန်းစက်ဆုပ်နေသည်။ ထွန်းလင်းမြင့်ကလည်း ဘသန်းထက်ကို သူ့စိတ်ဓာတ်ကဲ့သို့ပင် ပြန်လည်တုံ့ပြန်နေသူဖြစ်သည်။

နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး ကြည့်၍မရကြပေ။

ယခု အတူတကွ တာဝန်ထမ်းဆောင်နေကြရသည်မှာလည်း ဖြစ်သာလွန်း၍ လက်တွဲလုပ်ကိုင်နေခြင်းဖြစ်သည်။

သူတို့၏ရှာဖွေတူးဖော်ရေးအဖွဲ့ထဲ၌ ဘသန်းထက်က ခေါင်းဆောင်ဖြစ်သည်။ သို့သော် လက်တလောအခြေအနေ၌ လုပ်ကိုင်ဆောင်ရွက်နေသည်များ အဆင်မပြေဘဲဖြစ်နေသည်။ ထို့အတွက်ကြောင့် ဘသန်းထက်မှာ စိတ်မကြည်မလင်ဖြစ်၍နေသည်။

ဘသန်းထက်တစ်ယောက် အတျပ်အတည်း တွေ့လေလေ၊



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလင်းမြင့်က အားရ ကျေနပ်လေလေပင် ဖြစ်နေသည်။

ဘသန်းထက်သည် စီးကရက်ကိုဖွာ၍ ရှက်ဖျင်တဲအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လက်နောက်ပစ်၍ လမ်းလျှောက်နေသည်။

ဘသန်းထက်က လှမ်းမေးသည်။

"အခြေအနေ. . . ဘာထူးသေးလဲ"

ဘသန်းထက် အခက်အခဲ ဖြစ်နေမှန်းသိသော ထွန်းလင်းမြင့်က အားရ ကျေနပ်သောလေသံဖြင့် ခေါင်းခါ၍ပြောသည်။

"ဟင့်အင်း. . . ဘာမှ မထူးခြားသေးဘူး"

ဘသန်းထက်က နာရီကိုကြည့်လိုက်ပြီး. . .

"ငါတို့အနေနဲ့ တစ်ခုခုကြားသင့်တဲ့အချိန်. . . ရောက်နေပြီ"

"ကျွန်တော်တို့ရဲ့တောင်းဆိုချက်ကို မပေးဘူးလို့ထင်တယ်"

ဘသန်းထက်က မျက်နှာကို တစ်ချက်မဲ့လိုက်သည်။

"အဲဒီလိုအခြေအနေမျိုး ဖြစ်လာရင် မင်းက ပိုသဘောကျမှာပဲ မဟုတ်လား ထွန်းလင်းမြင့်၊ ငါတို့တောင်းတာကို သူတို့မပေးဘဲ. . . နေလို့မရပါဘူး"

ထွန်းလင်းမြင့်က မထီတရီ ပြုံးလိုက်ပြီး. . .

"ဒါကတော့ ခင်ဗျားအထင်ပိုး. . .၊ ဒီအချိန်အခါမှာ ကုမ္ပဏီတစ်ခုရဲ့ ဒုတိယအုပ်ချုပ်ရေးမှူးဟာ ခင်ဗျားတို့ တောင်းထားတဲ့ငွေနဲ့ မတန်နိုင်ဘူးလို့ သတ်မှတ်ထားလို့ပဲ ဖြစ်မယ်။ အဲဒီ. . . ဒုတိယအုပ်ချုပ်ရေးမှူးရဲ့အလောင်းကို အကောင်းဆုံးပုံစံနဲ့ သင်္ဂြိုဟ်ပေးလိုက်ရင်တောင် ဒီလောက်အထိ အကုန်အကျရှိမှာ မဟုတ်တော့ဘူး"





ဘသန်းထက်မှာ စိတ်လှုပ်ရှား၍နေသည်။

ဒီအချိန်ထိ. . . ဘာဖြစ်လို့ မဆက်သွယ်ကြသေးတာလဲ"

ထွန်းလင်းမြင့်က နာရီကိုကြည့်၍. . .

"နောက်ဆုံးအဆင့် သတ်မှတ်ပေးထားတဲ့အချိန်ထက် တစ်နာရီနဲ့ ဆယ်မိနစ်တိတိ. . . ကျော်သွားပြီ"

ဘသန်းထက်က သက်ပြင်းတစ်ချက်ချလျက်. . .

"တဲ. . . ဒီတစ်ခွက်ကို မင်းပဲရှင်းလိုက် ထွန်းလင်းမြင့်"

"ကျွန်တော်ပဲ ရှင်းမှာပါ ကိုဘသန်းထက်။ ကျွန်တော်တို့ရဲ့အလုပ်တွေမှာ တကယ်တမ်း လက်တွေ့ကျလာတဲ့အခါမှာ ခင်ဗျားကတော့. . . မင်းသားလေးအတိုင်းပဲနေ"

ဘသန်းထက်က ဒေါသတကြီး အော်လိုက်သည်။

"သူ့နေရာနဲ့သူ အဆင်ပြေဖို့က အဓိက အရေးကြီးတယ်"

ဘသန်းထက် ထပ်၍ ဘာမျှမပြောတော့။

သူ၏အော်တိုမက်တစ်ပစ္စတိုကို စစ်ဆေးကြည့်ရှုသည်။ ရှက်ဖျင်တဲ၏တံခါးဝသို့ ခပ်သွက်သွက် လျှောက်သွားသည်။

✠

စပ်ရန်နိုင် နာရီကိုကြည့်လိုက်၏။

ပေါက်ကွဲရန် ၈ စက္ကန့် လိုသေးသည်၊

ရှက်ဖျင်တဲအနီးသို့ ကျည်လုံးလေးများကို ကြပက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျည်လုံးကလေးများ တဖျောဖျောကျသွားသည့်အသံကြောင့် အစောင့်များ ချာခနဲ လှည့်ကြည့်လိုက်ကြသည်။

စပ်ရန်နိုင်ကို သေနတ်ဖြင့် ဝိုင်း၍ချိန်လိုက်ကြသည်။

စပ်ရန်နိုင်က အပြုံးမပျက်၊ ဣန္ဒြေမပျက် ရွက်ဖျင်တဲဘက်သို့ ဆက်၍လျှောက်သွားသည်။

ရွက်ဖျင်တဲကို လက်ညှိုးထိုး၍ မေးသည်။

“ဒီရွက်ဖျင်တဲကြီးက တော်တော်ကောင်းပါလား။ ဒီလိုပုံစံနဲ့ ရွက်ဖျင်တဲမျိုး. . . ဘယ်မှာရနိုင်သလဲ”

စပ်ရန်နိုင်၏လက်မှ အနီရောင်စက္ကန့်လက်တံသည် သုည အမှတ်သို့ ရောက်သွားသည်။

ပေလေးရာခန့် အကွာအဝေး၌ ရှိသည့် ရောမကျောက်တိုင်ကြီးတစ်တိုင်း၊ ကျယ်လောင်သော မြည်ဟည်းသံနှင့်အတူ အစိတ်စိတ် အမွှာမွှာ ကွဲကြေ လွင့်စဉ်ထွက်သွားလေသည်။

နန်းဆောင်ကျောင်းတော် ရှေ့ဘက်မျက်နှာစာ၊ ရွက်ဖျင်တဲ၏အနီးပတ်ဝန်းကျင်၊ ဂျစ်ကားပတ်ဝန်းကျင် မြေမျက်နှာပြင်ပေါ်၌ ကျည်ဆန် ထိမှန်သံများ ညံစီ၍သွားပေသည်။

အစောင့်များ သွေးရူးသွေးတန်း အော်ဟစ်ကြသည်။ ချက်ချင်းပင် ကြုံရာနေရာ၌ အကာအကွယ် ယူကြသည်။

ထို့နောက် မည်းမည်းမြင်ရာကို ရမ်း၍ပစ်ခတ်ကြလေတော့သည်။ မျှပင်၊ သစ်ပင်များ၊ သစ်တိုးများ၊ ကျောက်တိုင်များကို လှမ်းပစ်နေကြသည်။ ရန်သူရှိနိုင်သည်ဟု ထင်သောနေရာများကို အဆက်မပြတ် ပစ်ခတ်နေသည်။

ရွက်ဖျင်တဲအတွင်းမှ ဘသန်းထက်နှင့် ထွန်းလင်းမြင့်တို့ နှစ်ဦး ပြေးထွက်လာသည်။ အစောင့်များအနီး၌ မြေပြင်ပေါ်သို့ ထိုးဝပ်ချလိုက်ကြသည်။

ဘသန်းထက်သည် ရန်သူ ပုန်းခိုနေသည်ဟု ထင်ရသော ကျောက်တိုင်ကြီးတစ်တိုင်းကို သေနတ်နှင့် လှမ်း၍ပစ်ခတ်လိုက်သည်။

သူ ပစ်လိုက်ချိန်မှာပင် ကျောက်တိုင်ကြီးမှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေ၍သွားသည်။

ဘသန်းထက် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူ၏လက်ထဲမှ ပစ္စတိုကို တစ်လှည့်၊ ကျောက်တိုင်ကြီး ရှိနေခဲ့သည့်နေရာကို တစ်လှည့် ကြည့်၍၊ ကြောင်အမ်းအမ်း ဖြစ်နေသည်။

ချက်ချင်းပင် ဘသန်းထက်က အစောင့်နှစ်ဦးအား ဂျစ်ကားအောက်၌ အကာအကွယ်ယူရန် အမိန့်ပေးလိုက်သည်။ ဂျစ်ကားမှ ကွယ်၍ကြည့်လျှင် ရန်သူကို ကောင်းစွာမြင်နိုင်သည်ဟု ယူဆထားသည်။

မြေပြင်ပေါ်၌ ကျည်လုံးကလေးများက တဖျောဖျောနှင့် အဆက်မပြတ် ပေါက်ကွဲနေ၏၊ ထိုကျည်လုံးကလေးများမှာ ကျည်ဟုချားသာဖြစ်သည်။

ဘသန်းထက်၏ လူနှစ်ဦးသည် မြေပြင်ပေါ်၌ ဝါးလုံးထိုးဖြစ်၍ ပြေးလွှားသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူနှစ်ဦး၏စိတ်ထဲ၌ ရန်သူဘက်မှ အဆက်မပြတ် လှမ်း၍ ပစ်ခတ်နေသဖြင့် ခြေထောက်အောက်ဘက်အနား မြေပြင်သို့ ကျည်များ ရှပ်၍ထိမှန်နေခြင်းဖြစ်သည်ဟု ထင်နေကြသည်။

ထိုလူနှစ်ဦး ဂျစ်ကားအနီးသို့ ပြေးကပ်လိုက်ကြ၏။

ဂျစ်ကားဓာတ်ဆီတိုင်ကီဘေး၌ တပ်၍ ထောင်ထားခဲ့သည့် အသံလှိုင်းဗုံး ပေါက်ကွဲသွားသည်။

ဂျစ်ကားတစ်စီးလုံး မီးတောက်မီးလျှံ အပိုင်းအစများအဖြစ် ပြောက်တက်သွားသည်။ ဘသန်းအောက်၏ လူနှစ်ဦးမှာလည်း ဂျစ်ကားနှင့်အတူ မီးတောက်မီးလျှံများထဲ၌ ဘဝပြောင်း၍သွားကြလေတော့သည်။

✠ ✠ ✠



## အခန်း ( ၂ )

တောင်ကမ်းပါးယံနှင့် တောင်ကြားလမ်းတစ်လျှောက်တွင် ပစ်ခတ်သံများ၊ ပေါက်ကွဲသံများ ဆူညံ ကျယ်လောင်စွာ ထွက်ပေါ်၍နေသည်။

ယမ်းငွေ့များ မီးခိုးလုံးများ၊ သဲမှုန့်၊ ကျောက်မှုန့်များက လုံးတောက်နေသည်။ မြင်ကွင်းများကို သဲမှုန့်နှင့် မီးခိုးများက ဖုံးလွှမ်းထားသည်။

ရန်သူများဘက်မှ မနားတမ်း ပစ်ခတ်လျက်ရှိနေသည်။

စစ်ရန်နိုင်သည် နန်းဦးဘုံကျောင်းတော်၏ မျက်နှာစာဘက် လိုက်ဂူပေါက်ထဲသို့ ပြေးဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူပေါက်အတွင်း၌ ဘာမျှမမြင်နိုင်အောင် မှောင်မည်း လျက်ရှိနေပေသည်။

စဝ်ရန်နိုင်သည် မျက်လုံးနှစ်ဖက်ကို မှိတ်လိုက်သည်။

ညာဘက်မျက်လုံးတစ်ဖက်တည်းကို ဖြည်းညင်းစွာ ပြန်၍ဖွင့် လိုက်သည်။

စဝ်ရန်နိုင်၏ညာဘက်မျက်လုံးအတွင်း၌ တပ်ဆင်ထားသော ဆဲလ်ကိရိယာ၏ မှန်ဘီလူးအိမ်အတွင်း၌ မြင်ကွင်းများ ပေါ်လာ သည်။ သူ့ရှေ့ရှိ မြင်ကွင်းများအားလုံးကို ဝိုင်းဖုံးနေသည့် အလင်း ရောင်ခြည်အောက်၌ ထင်ရှား ပြတ်သားစွာ တွေ့မြင်နေရသည်၊

ဥမင်လိုဏ်ခေါင်း လှေကားထစ်များအတိုင်း အောက်ဘက် သို့ စဝ်ရန်နိုင် ဆင်းလာသည်။

အပြင်ဘက်မှ သေနတ်သံများကို တစ်ချက်နှစ်ချက်သာ ကြား ရတော့သည်။ စဝ်ရန်နိုင်သည် လက်မှနာရီကို ကြည့်သည်။

သုံးမိနစ်တိတိကြာသည်။

ရေဒီယိုမဂ္ဂနက်တစ်လှိုင်းများဖြင့် ဖန်တီးထားခဲ့သည့် အလို အလျောက် ပစ်ခတ်တိုက်ခိုက်မှုကား ပြီးဆုံးသွားပေပြီ။

စဝ်ရန်နိုင်သည် ခြေလှမ်းသွက်သွက်ဖြင့် ဆက်လျှောက်သွား သည်။ လိုဏ်ဂူ၏အဆုံး၌ အခန်းတစ်ခန်း ရှိနေသည်၊ ထိုအခန်းထဲ ၌ မီးအိမ်တစ်လုံး ချိတ်ဆွဲထားသည်။

အခန်းတံခါးကို တွန်းဖွင့်လိုက်၏၊

အသက်ငါးဆယ်ကျော်အရွယ်ရှိ လူတစ်ဦး နံရံကိုမှီ၍ ထိုင်





နေသည်။ သူ၏ညာလက်ကို ဂူနံရံပေါ်၌ သံကြိုးကြီးဖြင့် ချည်နှောင် ထားသည်။

ထိုလူ၏အဝတ်အစားများမှာ ပေကျံ ညစ်ပတ်လျက်ရှိ၏။

သို့ရာတွင် ထိုလူ၏အင်္ကျီရုပ်မှာ အထက်တန်းကျသော ရုပ်ရည် မျိုးဖြစ်ကြောင်း မြင်ရုံနှင့် သိသာပေသည်။

စဝ်ရန်နိုင်က. . .

"တွမ်တမ် မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီရဲ့ ဒုတိယ အုပ်ချုပ်ရေးမှူး ဦးသော်ဇံလို့ ထင်ပါတယ်"

ထိုလူက မော့ကြည့်၍ မေးသည်။

"ခင်ဗျားကတော့. . . ဘယ်သူလဲ"

"စဝ်ရန်နိုင်ပါ"

"ဒီနေရာကို. . . ဘာလာလုပ်တာလဲ"

"ခင်ဗျားကို အိမ်ပြန်ပြီး အေးအေးဆေးဆေး အနားယူနိုင်း ဖို့အတွက် ကျွန်တော်. . . လာခဲ့တာပါ"

ဦးသော်ဇံက မျက်မှောင်ကြုတ်၍. . .

"တခြားလူတွေရော. . . ဘယ်မှာလဲ"

စဝ်ရန်နိုင်က မသိမသာ ပြုံးလိုက်ပြီး. . .

"ကျွန်တော်တစ်ယောက်တည်း. . . ဒီကိုလာခဲ့တာပါ"

ဦးသော်ဇံ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရသည်။

"ဘယ်လို. . .။ ကျုပ်ကို ကယ်တင်ဖို့အတွက် လူတစ်ယောက် တည်းပဲ လွှတ်လိုက်တယ်၊ ဟုတ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဦးသော်ဇံ။ အခြေအနေအရ ဆိုပါတော့"

စဝ်ရန်နိုင်က ဦးသော်ဇံအနီးသို့ လျှောက်၍သွားသည်။

လိုဏ်ဂူ၏နံရံအတွင်း၌ ဖောက်ထွင်း၍ ချည်နှောင်ထားသည့် သံကြိုးကို လက်တစ်ဖက်ဖြင့်ကိုင်၍ ဆောင့်ဆွဲလိုက်သည်။

ကျောက်သားနံရံအတွင်းမှ သံကြိုးမှာ တစ်ချက်တည်းနှင့် ပြုတ်ထွက်သွားသည်။

ပေ်တော်ကားကုမ္ပဏီ ဒုတိယအုပ်ချုပ်ရေးမှူး ဦးသော်ဇံသည် စဝ်ရန်နိုင်ကို မယုံကြည်နိုင်စွာဖြင့် မျက်လုံးပြူး၍ ငေးစိုက်ကြည့်နေမိသည်။

စဝ်ရန်နိုင်သည် ဥမင်လိုဏ်ခေါင်းနှင့် ကျောက်သားအခန်းတစ်ခန်းဆုံရာ အထက်ပိုင်းနေရာတစ်နေရာကို လက်ဖြင့် စမ်းသပ်ကြည့်နေသည်။

မကြာခင်မှာပင် ကျောက်လွှာထပ်အစွန်းကို စမ်းသပ်လိုက်မိသည်။

❊

နန်းဦးဘုံကျောင်းတော်၏ ရွှေဘက်ပတ်ဝန်းကျင်၌ ပစ်ခတ်မှုများ ရပ်တန့်၍သွားသည်။ သဲမှုန့်၊ ကျောက်မှုန့်၊ မီးခိုးလုံးများလည်း ပျောက်ပျက်၍သွားပြီဖြစ်သည်။

ဘသန်းထက်က ခေါင်းဖော်၍ အော်သည်။





"ဟေ့ . . . အားလုံးရပ်လိုက်"

တွေ့ရာမြင်ရာကို ရမ်းသန်းပစ်ခတ်၍ ကျည်ဖြုန်းနေခြင်းများ ရပ်တန့်သွားသည်။ ဘသန်းထက်က ဟိုကြည့်သည်ကြည့်လုပ်၍ အံ့ဩသံဖြင့် မေးသည်။

"နေပါဦးကွ . . . ရန်သူတွေက ဘယ်မှာလဲ။ တစ်ယောက်မှလည်း မတွေ့ပါလား"

အစောင့်တစ်ဦးက လှမ်း၍ခေါ်သည်။

"ဆရာထက်"

"ဘာလဲ"

"ဟို . . . ဟို . . . လူတစ်ယောက်"

"ဘယ်က လူတစ်ယောက်လဲ"

"စောစောက ဒီအနားမှာ ရုပ်ဖြောင့်ဖြောင့်နဲ့ လူတစ်ယောက်ကို တွေ့မိတယ်ဆရာ။ သေနတ်နဲ့မပစ်ခင်မှာ ဒီဘက်ကို အဲဒီလူလျှောက်လာတယ်"

ဘသန်းထက် ဆွေ့ဆွေ့ခုန်၍သွားသည်။

အရူးတစ်ယောက်နှယ် အသံကုန် အော်ဟစ်လိုက်သည်။

"ဒီကောင် . . . ငါတို့ဖမ်းထားတဲ့လူကို လာရှာတာ။ လာ . . . မြန်မြန်"

ဘသန်းထက် ဦးဆောင်သောလူစုသည် ဥမင်လိုဏ်ခေါင်းအတွင်းသို့ ကမူးရှူးထိုး ပြေးဆင်းလာကြသည်။

❊



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော ခြေသံများကို ပွဲတင်ထပ်၍ ကြားနေရသည်။

ဦးသော်ဇံက မျက်စိပျက်မျက်နှာပျက်ဖြင့်. . .

"ဘယ်လိုဆက်လုပ်ကြမလဲ. . . စဝ်ရန်နိုင်"

စဝ်ရန်နိုင်က ကျောက်လွှာထပ်အစွန်းကို အားစိုက်၍ ဆောင့်ဆွဲချလိုက်၏။

ကျယ်လောင်သော မြည်ဟည်းသံကြီး ပေါ်ထွက်လာသည်။

အပေါ်မျက်နှာကျက်နေရာတွင် ခြောက်ပေကျော်မျှ ပြိုကျသွားသည်။ အောက်ဘက်ကြမ်းပြင်နေရာမှ အပေါ်ခေါင်မိုးနေရာအထိ ကျောက်တုံး၊ ကျောက်ခဲ ကျောက်ပြားများဖြင့် ပိတ်ဆို့၍သွားလေတော့သည်။

ဘသန်းထက်တာ ခါးထောက်၍ ရပ်လျက်ကြည့်ရင်း. . .

သူ၏လူများကို အမိန့်ပေးလိုက်သည်၊

"သူတို့အတွင်းဘက်အထဲမှာ. . . ပိတ်မိနေကြပြီ။ ဗိုင်းနဗိုက်နဲ့ ခေတ်မီးတွေ အမြန်ယူခဲ့ကြ"

❋

ဦးသော်ဇံက စဝ်ရန်နိုင်ကိုကြည့်၍. . .

"ကျုပ်တော့. . . ဘာမှ နားမလည်နိုင်အောင် ဖြစ်နေတယ် စဝ်ရန်နိုင်"





"တချို့ကိစ္စတွေမှာ နားမလည်တာက ပိုကောင်းပါတယ်"

"ကျုပ်ဟာ ထွမ်တင်ခေါ်တော်ကားကုမ္ပဏီရဲ့ ဒုတိယအုပ်ချုပ်ရေးမှူးရာထူးရှိတဲ့ လူတစ်ယောက်ပါ။ ကုမ္ပဏီရဲ့ အဓိက အရေးပါတဲ့ လူတစ်ယောက်ဆိုတာ ခင်ဗျားလည်း နားလည်မှာပါ။ ဒီကောင်တွေ တောင်းတဲ့ငွေကို အခုချိန်ထိ ဘာဖြစ်လို့ မပေးကြသေးတာလဲ"

စဝ်ရန်နိုင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး. . .

"အကြမ်းဖက်သမားလို့ခေါ်တဲ့ ဒုစရိုက်ကောင်တွေနဲ့ အပေးအယူ မလုပ်ချင်လို့ပဲ. . . ဖြစ်နိုင်တယ်"

"ဪ. . . ဒီလိုလား။ ကျုပ်ရဲ့ကုမ္ပဏီက လူတွေကလည်း တော်တော်လေး သိတတ်ကြပုံပေါ်ပါတယ်၊ ကျုပ် သေသွားတဲ့အခါမှာ အဖော်ရအောင်ဆိုပြီး ခင်ဗျားတစ်ယောက်တည်းကိုပဲ ရွေးပြီး လွှတ်လိုက်ကြတာပေါ့"

"ဒါတွေ အသာထားပါဦး. . .၊ ကျွန်တော် မောင်းတံတစ်ခု ရှာရဦးမယ်"

စဝ်ရန်နိုင်က လိုဏ်ဂူကျောက်သားနံရံကို လက်နှစ်ဖက်ဖြင့် ရွှေ့လျား စမ်းသပ်ရင်းမှ ပြောလိုက်သည်၊

ဦးသော်ဇံမှာ မကျေနပ်စိတ်ဖြင့် ကျောက်လိုဏ်ဂူကြီး၏နံရံမျက်နှာပြင်ကို ငေးစိုက်ကြည့်နေမိပေသည်၊

❋



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဂူအဝင်ဝတစ်ဖက်၌ ဘသန်းထက်နှင့် ထွန်းလင်းမြင့်တို့ လူစု ရောက်နေကြသည်။

ဘသန်းထက်က ဒိုင်းနမိုက်များ၊ ဝါယာကြိုးစများနှင့် အလုပ်ရှုပ်၍နေ၏။

ဘသန်းထက်က မွန်ကုတ်နေသော မျက်နှာထေးဖြင့် ထွန်းလင်းမြင့်ကို ပေးသည်။

"စောစောက. . . မင်းတို့တွေ့လိုက်တာ လူတစ်ယောက်တည်းပဲဆိုတာ သေချာရဲ့လား"

"ကျန်တဲ့လူတွေ တစ်နေ့နေရာရာမှာ ရှိနေကြလိမ့်မယ်။ သူတို့ဘက်ကနေ လူတစ်ယောက်တည်း လွှတ်လိုက်တာမျိုးတော့ လုံးဝမဖြစ်နိုင်ဘူး။ ဒါလောက်အထိ မမိုက်မဲကြဘူး"

ဘသန်းထက် မကျေမနပ်လေသံဖြင့်. . .

"တစ်ယောက်တည်း လွှတ်လိုက်ပြီး အဲဒီတစ်ယောက်တည်းက အောင်မြင်သွားခဲ့တယ်ဆိုရင်တော့ ငါတို့ ပိုပြီး. . . အရှက်တွဲရောပေါ့"

"လူတစ်ယောက်တည်းနဲ့ အောင်မြင်စရာလမ်း မရှိနိုင်ပါဘူး။ ဝင်ပေါက်ထွက်ပေါက်က ဒီတစ်နေရာတည်းမှာပဲရှိတာ"

ဘသန်းထက်က မျက်နှာကို မဲ့လိုက်သည်။

"ရောက်လာတဲ့ဧည့်သည်က ငါတို့မသိတာကို သိထားရင်တော့ မင်းပြောတာ. . . ပြောင်းပြန်ဖြစ်သွားလိမ့်မယ်"

❀ ❀ ❀



အခန်း ( ၃ )

စင်ရန်နိုင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"ဘာမှ. . . မတွေ့ရသေးဘူး"

ဦးသော်ဇင်က. . .

"ဘာကို. . . မတွေ့တာလဲ"

"ဒီနေရာမှာ တံခါးပေါက်တစ်ခု ရှိရမယ်။ လျှို့ဝှက်အံပေါက်တစ်ခု ရှိရမယ်လို့ ကျွန်တော် တွက်ထားတယ်။ မာကာလူမျိုးတွေဟာ သူတို့ရဲ့ နန်းဦးဘုံကျောင်းတော်ကို အဆင့်ဆင့်ထပ်ပြီး ဆောက်ထားခဲ့ကြတယ်။ ပထမအထပ်ကို သိပ်သဘောမတွေ့ရင် အပေါ်က အထပ်တစ်ထပ် ထပ်ဆင့်ပြီး ဆောက်လိုက်ကြတယ်။ အဲဒီအထပ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုကြားမှာ သုံးပေအကျယ်ရှိတဲ့...လျှို့ဝှက်အံပေါက်တစ်ခု ချန်ထားလေ့ရှိကြတယ်"

ဦးသော်ဇံက ခေါင်းညိတ်လိုက်၏။

"ချီးကျူးပါတယ် စစ်ရှန်နိုင်...၊ ခင်ဗျားက ဓာတာလူမျိုးတွေရဲ့ဓလေ့ထုံးစံကို ကောင်းကောင်းနားလည်ကျွမ်းကျင်နေတဲ့ လူတစ်ယောက်ပဲ။ ဒါနဲ့...ကျုပ်တို့ အခု ဘာဆက်လုပ်ကြမလဲ"

"အကောင်းဆုံး အခြေအနေတစ်ခုကို ဖန်တီးကြတာပေါ့ဗျာ"

စစ်ရှန်နိုင်က ညာလက်သီးကို ဆုပ်လိုက်၏။

အရှေ့ဘက်ရှိ အုတ်နံရံထုကို လက်သီးဖြင့် ထိုးခွဲပစ်လိုက်သည်။ အုတ်နံရံအတွင်းမှ အုတ်ခဲတစ်လုံးကို ဆွဲထုတ်လိုက်သည်၊

ဦးသော်ဇံသည် စစ်ရှန်နိုင် လုပ်ကိုင် ဆောင်ရွက်နေပုံကိုကြည့်၍ ပါးစပ်အဟောင်းသားဖြင့် အံ့ဩ ငေးမောနေမိသည်။

အုတ်ခဲချပ်များကို တစ်ခုပြီးတစ်ခု ဆွဲထုတ်သည်။ မကြာခင်မှာပင် သုံးပေကျော်ကျော် ကျယ်ဝန်းသော အပေါက်တစ်ပေါက် ပေါ်၍လာပေသည်။

ထိုအပေါက်၏နောက်ဘက်၌ အပေါ်ဘက်သို့ သွား၍တက်သွားနိုင်သောလမ်းကို မြင်လိုက်ရသည်။

စစ်ရှန်နိုင်က ဦးသော်ဇံကို ဆွဲထူလိုက်၏။

"ကဲ...ခင်ဗျားက မီးအိမ်ယူခဲ့။ ဆက်သွားကြရအောင်"

အပေါက်အတွင်းသို့ နှစ်ဦးသား တိုး၍ဝင်ကြသည်၊

စစ်ရှန်နိုင်နှင့် ဦးသော်ဇံတို့နှစ်ဦးသည် နန်းဦးဘုံကျောင်းတော်





၏အပေါ်ဘက်သို့ တဖြည်းဖြည်းချင်း သွား၍တက်လာကြသည်။

❋

အပေါ်ဘက်သို့ တက်ရသည့် လှေကားထစ်များမှာ ကျဉ်းမြောင်းလွန်းလှသည်၊

ခြေနှင့်လက်ကို အသုံးပြု၍ တရွေ့ရွေ့နှင့် သွားပြီးတက်နေရသည်။

ဦးသော်ဇံက မေးသည်။

"စစ်ရှန်နိုင်...ကျုပ်မသိလို့ မေးပါရစေ။ ဒီလောက်ကျဉ်းပြီး သေးတဲ့လှေကားထစ်ကလေးတွေကို ဘာဖြစ်လို့ ဆောက်ထားခဲ့ကြတာလဲ"

"လှေကားကျဉ်းမြောင်းပြီး သေးတော့မှ သူတို့ရဲ့ပုဂ္ဂိုလ်ပိုင်းဆိုင်ရာလူတွေ တစ်ယောက်ချင်း...တဖြည်းဖြည်း လျှောက်သွားကြရမယ်။ မီးအိမ်ကိုင်ပြီး အဲဒီလို လျှောက်လာကြတာကို အဝေးကနေလှမ်းကြည့်လိုက်ရင် မြွေနဂါးကြီးတစ်ကောင် တွန့်လိမ်ပြီး တက်လာနေပုံနဲ့တူတယ်လို့ ယုံကြည်ထားကြတယ်"

"ဩော်...သူတို့ရဲ့ဓလေ့မှာ မြွေနဂါးတွေက အတော်အရေးပါတဲ့သတ္တဝါတွေပဲပေါ့နော်။ အင်း...စစ်ရှန်နိုင်၊ ခင်ဗျားဟာ အတော့်ကို ထက်မြက်တဲ့လူတစ်ယောက်ပါပဲလား...။ သူ[illegible]သန လွန်းပျံယာဉ်နဲ့ အာကာသကို သွားခဲ့တဲ့ စစ်ရှန်နိုင်ဆိုတာ... ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ပဲ ပဟုတ်လား"

"မှန်ပါတယ်"

"ခင်ဗျား . . . ဒကာရာ ပြင်းပြင်းထန်ထန် ရခဲ့တယ်လို့လည်း ကြားမိတယ်"

"အဲဒီအတွက် လိုအပ်သလို ခွဲစိတ် ပြုပြင်ပြီးသွားပါပြီ"

"အင်း . . . သူတို့ရဲ့ ခွဲစိတ်ပြုပြင်မှုက အတော့်ကို ကောင်းပုံ ရတယ်"

"ကဲ . . . ဦးသော်ဇံ . . . ကျွန်တော်တို့ ခပ်သွက်သွက်ကလေး ဆက်သွားကြရအောင်။ အချိန်မရှိဘူး"

ထိုအချိန်မှာပင် နန်းဦးကျောင်းတော်အတွင်းဘက်မှ ပေါက်ကွဲသံကြီးတစ်ရပ် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

ဘသန်းထက်တို့လူစု၏ လက်ချက်ပင်ဖြစ်သည်။

ဘသန်းထက်တို့လူစု လိုဏ်ဂူကြီး၏အတွင်းဘက်သို့ ပြေးဝင်သွားကြသည်။ အကျဉ်းသားထားသော အစွန်ဘက်ရှိ အခန်းထဲသို့ ပြေးဝင်ကြည့်ကြသည်။

အတွင်း၌ ဟာလာဟင်းလင်း . . . ။

ဘသန်းထက်သည် နံရံပေါ်မှ အပေါက်ကြီးကို ငေးစိုက်၍ ကြည့်နေမိသည်။

"ဆရာထက်"

အစောင့်တစ်ဦးက လှမ်းအော်၍ခေါ်သည်၊

ဘသန်းထက်က စိတ်တိုစွာဖြင့် . . .





"ဘာလဲဟေ့"

"ကျောင်းတော်ကြီးရဲ့ ခေါင်မိုးပေါ်မှာ ရဟတ်ယာဉ်တစ်စီး ရောက်နေတယ်"

ဘသန်းထက်သည် လိုဏ်ခေါင်းအတွင်းမှ အပြင်သို့ ပြေးထွက်လိုက်သည်။

ဘသန်းထက် ဆွေ့ဆွေ့ခုန်မျှ ဒေါသထွက်နေသည်။

ဘသန်းထက်က အသံကုန်အော်ဟစ်လိုက်၏။

"တောက် . . . အကုသိုလ်ကောင်"

ဘသန်းထက် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ဘာလုပ်ရမှန်းသေိ ဖြစ်နေသည်။

အထူးတိုက်ခိုက်ရေး ရဟတ်ယာဉ်ပေါ်၌ စက်သေနတ်ကြီး ကိုင်ဆောင်ထားသူသည် မျက်လုံးများ ပြူးကျယ်၍ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

သူသည် အံ့ဩမှုကြောင့် ပါးစပ်မှ မပြောနိုင်အောင်ပင် ဖြစ်နေသည်။

နောက်ဆုံးတွင်မှပင် ထစ်ငေါ့စွာနှင့် ပြောလိုက်သည်။

"ခင်ဗျား . . ခင်ဗျား မြင်လိုက်သလား"

ရဟတ်ယာဉ်မှူးက နားမလည်နိုင်ဟန်ဖြင့် . . .

"ဘာကိုလဲ"

"ဟို . . . ဟို . . . ကျောင်းတော်ကြီးရဲ့ခေါင်မိုးထိပ်ကနေ လက်ပစ်ဗက် ဖောက်ထွက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ယာဉ်မှူးက...

"ဘာ...ပင်းရှုးနေပြီလား"

"ကျွန်တော် မရူးဘူး၊ ဟို...ဟိုမှာ...ခင်ဗျား သေသေချာချာကြည့်။ ဖဲဒီ လူတစ်ယောက်၊ ဟား...ကျွန်တော်တို့ ကြိုရမယ့် စဝ်ရန်နိုင်ပဲ။ ဘုရားရေ..သူက ကျောင်းတော်ရဲ့ခေါင်မိုး ကျောက်သားပျက်နှာပြင်ကို လက်နဲ့ထိုးခွဲပြီး အပေါက်ဖြစ်အောင် လုပ်နေတာပါလား"

ဘသန်းထိုက်နှင့် သူ၏တပည့်များက လိုဏ်ဂူအတွင်းမှ အပြင်သို့ ပြေးထွက်လာကြသည်။

လေထဲ၌ တန့်၍နေသော ရဟတ်ယာဉ်ကို လှမ်း၍ အော်တိုမက်တစ်ရိုင်ဖယ်များဖြင့် အဆက်မပြတ် ပစ်ခတ်ကြသည်။

ရဟတ်ယာဉ်မှူးက အသံတုန်အော်၍ ပြောသည်။

"ဟော့ကောင်...ဟန်မင်း ဘာလုပ်နေတာလဲ၊ အောက်က ခွေးမသားတွေကို ပစ်တော့လေ"

ထိုအခါမှပင် စက်သေနတ်သမားဟန်မင်း သတိဝင်လာသည်။

ဘုံးသြ တွေဝေနေစိတ်ကို ဖယ်လိုက်သည်။

စက်သေနတ်ကို ဝိုက်၍ဆွဲယူလိုက်၏။

အောက်ဘက်မြေပြင်သို့ အဆက်မပြတ် ပစ်ခတ်လိုက်လေသည်။ အကြမ်းဖက်သမားများ အကာအကွယ်ရှိရာသို့ ပြေးဝင်သွားကြသည်။

ထွန်းလင်းမြင့်က လိုဏ်ခေါင်းအတွင်းသို့ ပြေးဝင်သည်။





ဘသန်းထိုက်က ဂျစ်ကားပျက်၏ဘေး၌ ခို၍ကပ်နေသည်။

တိုက်ခိုက်ရေး ဟယ်လီကော့ပတာ တဖြည်းဖြည်းနိမ့်၍ဆင်းလာသည်။ နန်းဦးဘုံကျောင်းတော်၏အပေါ်ဆုံးထပ်ရှိ ပြင်ညီရင်ပြင်ပေါ်၌ စဝ်ရန်နိုင်နှင့် ဦးသော်ဇံတို့ ရပ်နေကြသည်။

ဟယ်လီကော့ပတာပေါ်မှ ကြိုးလှေကားတစ်ခု ကျလာသည်။

စဝ်ရန်နိုင်က ဦးသော်ဇံအား ကြိုးလှေကားမှတစ်ဆင့် ဟယ်လီကော့ပတာထဲသို့ ရောက်စေရန် တွန်းတင်ပေးနေသည်။

စဝ်ရန်နိုင်က ရဟတ်ယာဉ်မှူးအား အော်၍ပြောသည်။

"သွားကြရအောင်..."

ဟန်မင်းသည် သူ၏စက်သေနတ်ကြီးကို ဘေးသို့ချ၍ ဦးသော်ဇံအား ဟယ်လီကော့ပတာပေါ်သို့ ဆွဲ၍သွင်းလိုက်၏။

စက်သေနတ်သမားထံမှ ပစ်ခတ်မှုမရှိသော အခြေအနေကို ဘသန်းထိုက်က အခွင့်ကောင်းယူ၍ ပြေးထွက်လာသည်။

လက်ထဲမှ အော်တိုမက်တစ်ရိုင်ဖယ်ဖြင့် စဝ်ရန်နိုင်၏ကျောပြင်တည့်တည့်ကို ချိန်ရွယ်လိုက်၏။

သေနတ်ခလုတ်ကို ဆွဲညှစ်ခုလိုက်သည်။

ဟယ်လီကော့ပတာမှာ ရမ်းခါ၍နေသည်။

ကျည်ဆန်မှာ စဝ်ရန်နိုင်ကို မထိဘဲ လွဲချော်သွားသည်။

ဘသန်းထိုက် ပစ်လိုက်သော ကျည်ဆန်သည် ကြိုးလှေကား၏တစ်ဖက်မှကြိုးကို ထိမှန်၍ တိခနဲ ပြတ်တောက်သွားသည်။

ဟယ်လီကော့ပတာမှ ရှိတာလက်၏ လေခတ်အားကြောင့် ရှိန်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကြိုးလေ့ကားမှာ ပတ်ချာလည် ဝှေ့ယမ်း၍သွားသည်။

ကြိုးလေ့ကားတစ်ချောင်းတည်းနှင့် လူတစ်ဦး၏ခန္ဓာကိုယ်ကို ထိန်းနိုင်ပုံမဟုတ်ပေ။

စပ်ရန်နိုင်သည် ကြိုးလေ့ကားကို လက်လွှတ်လိုက်သည်။

ဟယ်လီကော့ပတာ၏ အောက်ဘက်ရှိ ဒေါက်တန်းကိုလှမ်း၍ ဖမ်းဆွဲကိုင်လိုက်သည်။

စပ်ရန်နိုင်က လှမ်း၍အော်ပြီး အဓိပ္ပါယ်ပေးလိုက်၏။

"ဟေ့. . . ဒီနေရာကနေ အမြန်ဆုံး ထွက်ပေတော့"

ဟယ်လီကော့ပတာသည် အရှိန်ပြင်းစွာဖြင့် တောင်းတင်ယံသို့ တည့်မတ်စွာ ထိုးတက်သွားသည်။

ဟယ်လီကော့ပတာမှာ အော်တိုဒက်တစ်ရှိဖယ်၏ ကျည်ပစ်ကွင်းမှ လွတ်မြောက်သွားသည်၊

ဟယ်လီကော့ပတာမှာ အရှေ့စူးစူးသို့ ပျံဝဲ၍သွားသည်။

စပ်ရန်နိုင်သည် ဟယ်လီကော့ပတာ၏ အောက်ဘက်ရှိ ဒေါက်တန်းကို လက်နှစ်ဖက်ဖြင့် တွဲလောင်းခိုလျက် လိုက်ပါသွားသည်။

ဟယ်လီကော့ပတာသည် သဲသောင်ပြင်တစ်နေရာ၌ ဆင်းသက်လိုက်သည်။ စပ်ရန်နိုင်က ဟယ်လီကော့ပတာအတွင်းသို့ ပြောင်း၍ဝင်သည်။

ဟယ်လီကော့ပတာသည် တောင်းကင်ယံသို့ ထိုး၍ပျံတက်သွားသည်။

ကောင်းဆိုင်မြို့ရှိရာဘက်သို့ ဦးတည်၍ ပျံသန်းသွားသည်၊





ဘသန်းထိုက်က အသက်ပြင်းပြင်းရှူ၍ မေးခွန်းထုတ်လိုက်သည်၊

"ဟယ်လီကော့ပတာဒေါက်တန်းကိုခိုပြီး . . . တွဲလောင်းလိုက်သွားနိုင်တာ ဘယ်လိုလူစားမျိုး ဖြစ်နိုင်မလဲ"

ထွန်းလင်းမြင့်က ဒေါသတကြီး အော်၍ပြောသည်။

"ခင်ဗျား. . . ကျွန်တော့်ကိုလာပြီး ဘာမှမေးမနေနဲ့။ ဘာမှလည်း လာပြီး ရှင်းပြနေစရာ မလိုဘူး။ တကယ်တမ်း ခင်ဗျား ပြောရမယ်၊ ရှင်းရမယ့်လူရှေ့ရောက်မှပဲ. . . ပြောပေတော့"

ဘသန်းထိုင်နှင့် ထွန်းလင်းမြင့်တို့နှစ်ဦးသည် မျက်နှာချင်းဆိုင်၍ မည်သို့မျှ အဆင်မပြေနိုင်ကြသူနှစ်ဦးပင်တည်း။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

စင်ရှန်နိုင်သည် အာကာသယာဉ်မှူးသင်တန်းကို တစ်နှစ်ကျော်ကြာကြာ ပင်ပန်းစွာ ကြိုးစားအားထုတ်၍ တက်ရောက်ခဲ့ရသည်။

ကမ္ဘာမြေပြင်အထက် မိုင်နှစ်ဆယ်ကျော်အမြင့်၌ (2,_00 miles/hr) နှုန်းဖြင့် ပျံသန်းနိုင်သော ယာဉ်ပျံများဖြင့် စမ်းသပ် ပျံသန်းရသည့်အဆင့်သို့ ရောက်သည်။

ထို့နောက် သူသည် အာကာသလွန်းပျံယာဉ်၏ စမ်းသပ်ယာဉ်မှူးအဖြစ် ပြောင်းလဲခဲ့သည်။

H, P- 25 အမျိုးအစားသည် ဒုံးပျံကဲ့သို့ ပျံတက်နိုင်ပြီး လေ



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ပျံတစ်စီးကဲ့သို့ ဆင်းသက်နိုင်စွမ်းရှိသည်။ အံသံလှိုင်းထက် မြန်သော ယာဉ်ပျံအမျိုးအစားဖြစ်၍ ပျံသန်းသည့်အခါ၌ တုန်ခါမှုများနှင့် ကြုံခဲ့ရသည်။ ထိုကဲ့သို့ တုန်ခါမှုများနှင့် ပတ်သက်၍ စမ်းသပ်မှု ပုံစံအမျိုးမျိုး ပြုလုပ်ခဲ့သည်။

ရာသီဥတု ကြည်လင်သာယာသော နေ့တစ်နေ့၌ဖြစ်သည်။

လွန်စွာကြီးမားလှသော Supper Power R. 37 လေယာဉ်ပျံကြီး၏ အတောင်ပံအောက်ဘက်၌ တွဲချိတ်ဆင်ပေးထားသည့် သုတေသနလွန်းပျံယာဉ်ဖြင့် စဝ်ရန်နိုင် လိုက်ပါသွားခဲ့သည်။

သတ်မှတ်ထားသော အမြင့်မိုင်သို့ ရောက်သွားသောအခါ၌ သုတေသနလွန်းပျံယာဉ်ကို R.37 ပေါ်မှ ဖြုတ်လွှတ်ချလိုက်၏။

သုတေသနလွန်းပျံယာဉ်သည် လေထု၏မြင်ပသို့ တက်ရောက်ပျံသန်းသွားသည်။ ဆွဲငင်အားမဲ့သောနေရာ၏ ခံစားမှုတစ်မျိုးကို ခံစားရသည်။

ထို့နောက် သုတေသနလွန်းပျံယာဉ်သည် လေထုထဲသို့ ပြန်လည် ဆင်းသက်လာသည်။

ထိုအချိန်မှာပင် . . .

သုတေသနလွန်းပျံယာဉ်သည် ခေည်သို့မျှ ထိန်းသိမ်း၍မရတော့ပေ။ သုတေသနယာဉ်သည် မြေပြင်ပေါ်သို့ အထိန်းမဲ့စွာ ဇောက်ထိုးဆင်း၍ ကျလာလေတော့သည်။

သုတေသနယာဉ်မှာ ခေည်သို့မျှ ထိန်းသိမ်း၍မရတော့ပေ။

ကြိုတင်သတ်မှတ်ထားသော 'နဂ္ဂမုရေးဒိုင်' တည်ရှိရာ မြေပြင်တွင် ဆင်းသက်ရန် စဝ်ရန်နိုင် ကြိုးစားသည်။

သုတေသနယာဉ်ပျံသည် မြေပြင်နှင့် ထိလိုက်မိချိန်မှာပင် ဦးစိုက်ကျွမ်းထောင်ဖြစ်သွားပြီး အပိုင်းပိုင်းဖြစ်၍ ပျက်စီးသွားသည်။

စဝ်ရန်နိုင်ကိုယ်တိုင်မှာလည်း အသက်သေဆုံးလုနီးပါး ပြင်းထန်လှသော ဝေဒနာကို ခံစားလိုက်ရလေသည်။

သုတေသနယာဉ်ပျံ ပျက်ကျပြီး ငါးရက်အကြာမှ စဝ်ရန်နိုင် သတိပြန်ရသည်။ ညာဘက်လက်တစ်ဖက်မှလွဲ၍ ဘယ်လက်နှင့် ခြေနှစ်ဖက်လုံးမှာ လုံးဝသုံး၍မရနိုင်တော့သည့် အခြေအနေသို့ ရောက်သွားသည်။

ညာဘက်မျက်လုံး ပျက်စီးသွားသည်။

နံရိုးများ ကျိုးပဲ့သွားသည်။ နှလုံးသွေးလွှတ်ပြွန်တစ်ခု အက်၍သွားသည်။ ဦးခေါင်းခွံတွင်လည်း ဒဏ်ရာကြီးကြီးမားမား ရထားသည်။

မေးရိုး ကျိုးပဲ့ထွက်သွားပြီး သွားအချောင်းအတော်များများ ကျွတ်ထွက်သွားခဲ့သည်။

ခြင့်မြတ်တင့်တယ်မှုရှိသော၊ စွမ်းရည်မြင့်မားသော လူသားတစ်ဦးသည် လွန်စွာအကျည်းတန်၍ အရုပ်ဆိုးလှသော အနိမ့်ဆုံး လူသားတစ်ဦး၏ဘဝသို့ ပြောင်းလဲသွားခဲ့ရသည်။

ထိုအခြေအနေသို့ ဆိုက်ရောက်သွားသော စဝ်ရန်နိုင်ကိုကံကြမ္မာက ထပ်ဆင့်၍ အခြေအနေသစ်တစ်ရပ် ပြောင်းလဲပေးခဲ့ပေ







www.burmeseclassic.com

www.burmeseclassic.com



သည်။

စင်ရန်နိုင်အား မတ္တရပြည်နယ်၏တောင်ဘက်ရှိ သစ်ကနက်တောင်တန်းတစ်နေရာသို့ အထူးရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်သွားခဲ့သည်။

သစ်ကနက်တောင်တန်း၏အခြေ၌ ထွင်းဖောက်၍ ပြုလုပ်ထားသော ထိပ်တန်းလျှို့ဝှက်သိပ္ပံဌာနမှ အကာ့ဇီဝသိပ္ပံသုတေသနပြုမှုဆိုင်ရာ အထူးဓာတ်ခွဲခန်းသို့ စင်ရန်နိုင် ရောက်သွားသည်။

ထိုအချိန်မှစ၍ စင်ရန်နိုင်၏ ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားခဲ့ရသည်။

❀

အကာ့ဇီဝသိပ္ပံသုတေသနဓာတ်ခွဲခန်း၌ လွန်စွာ ထက်မြက်ကျွမ်းကျင်မှုရှိသောပုဂ္ဂိုလ်များ ရှိကြသည်။

အကာ့ဇီဝသိပ္ပံပညာဖြင့် စင်ရန်နိုင်အား မူလပင်ကိုတည်ရှိပုံထက် ပို၍အဆင့်မြင့် ကောင်းမွန်သော လူသားတစ်ဦးအဖြစ်သို့ အဘက်ဘက်မှ မွမ်းမံ ပြုပြင် တည်ဆောက်ပေးရန် ဓာတ်ခွဲခန်းမှ ပါရဂူများက တာဝန်ယူလိုက်ကြသည်။

ဇီဝသိပ္ပံပညာရှင်များသည် လူသားခန္ဓာကိုယ်မှ အစိတ်အပိုင်းများကို အတုအဖြစ် ထုတ်လုပ်ရန် စမ်းသပ်ကြိုးစားကြသည်။ လူ၏လက်အတုသည် ပိုမို၍ အချိုးအစားကျပြီး ပြေပြစ်မှု ရှိသောကြောင့်





အစစ်ထက်ပင် ပိုမို၍ ထိရောက် ကောင်းမွန်နေပေသည်။

လက်အတုသည် လက်အစစ်ထက်ပင် ပို၍ လှုပ်ရှားနိုင်စွမ်းရှိပေသည်။

အကာ့ဇီဝသိပ္ပံသုတေသနဌာန၏ ဦးစီးမှူးချုပ်မှာ ဒေါက်တာကောင်းမြတ်သူဖြစ်သည်။

အကာ့ဇီဝသိပ္ပံဗေဒပညာရပ်သည် လွန်စွာမှ အဆင့်မြင့်ပြီး ရှုပ်ထွေး ဆန်းကြယ်လှသည်။

အကာ့ဇီဝဗေဒနည်းပညာ၊ ဆေးဝါးပညာ၊ ခေတ်မီ အီလက်ထရွန်းနစ် စက်ယန္တရားပညာ၊ လျှပ်စစ်ပညာ၊ လျှပ်စစ်အင်ဂျင်နီယာပညာ၊ ခန္ဓာဗေဒပညာ၊ ကွန်ပျူတာနည်းပညာ၊ ပလပ်စတစ်ဆာဂျရီနည်းပညာရပ်အားလုံး အကာ့ဇီဝသိပ္ပံဗေဒထဲ၌ ပါဝင်ကြပေသည်။

ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု၏ လိုအပ်ချက်များကို ကွန်ပျူတာထဲသို့ ထည့်သွင်းလိုက်၏။ ကွန်ပျူတာမှနေ၍ ထိုခန္ဓာကိုယ် အစိတ်အပိုင်း၏ လိုအပ်ချက်များကို ပြည့်စုံစွာ အဖြေထုတ်ပေးသည်။ ဤကိစ္စမှာ လွယ်ကူသောအလုပ်တစ်ခု မဟုတ်ပေ။ သို့သော် အဆင်ပြေအောင် လုပ်ဆောင်နိုင်သောကိစ္စတစ်ခု ဖြစ်ပေသည်။

ထိုသို့ပြုလုပ်ရာတွင် ငွေကြေးကုန်ကျမှု လွန်စွာများပြားလှသည်။

အကာ့ဇီဝသိပ္ပံပညာရပ်ကို အသုံးပြုပြီး စင်ရန်နိုင်၏ခန္ဓာကိုယ်အခြေအနေကို ပြုပြင်မန်းတီးမှုများ ပြုလုပ်ရာတွင် အခြားသော အချက်တစ်ချက်လည်း ရှိပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သန်းပေါင်းများစွာသော ငွေကြေးကို အတုန်ကျခံထားရသဖြင့် စင်ရန်နိုင်သည် နိုင်ငံတော်အတွက် လိုအပ်ချက်မှန်သမျှကို လိုက်နာဆောင်ရွက်၍ ကျေးဇူးဆပ်ပေးပါမည်ဟူသော သဘောတူညီချက်တစ်ရပ်ရှိပေသည်။

ဤနေရာတွင် အဓိက ကိုယ်စားပြုသူမှာ ဘချုပ်ပင်ဖြစ်သည်။

ဤကိစ္စရပ်အားလုံး အဓိက ကိုင်တွယ် ထိန်းချုပ်ထားသူမှာလည်း ဘချုပ်ပင်ဖြစ်သည်၊

သူသည် နိုင်ငံတော် ငယ်ိုအမျိုးသား အထူးလုံခြုံရေးအေဂျင်စီ၏ ညွှန်မှူးချုပ်ဖြစ်သည်၊

ဘချုပ်သည် ထက်မြက်သော ဦးနှောက်ဉာဏ်စွမ်း ရှိသူဖြစ်သည်။

လက်နက်ပိုင်းဆိုင်ရာ စက်မှုပညာကို ကျွမ်းကျင် နားလည်မှုရှိသူဖြစ်သည်။ များပြားလှသည့် သတင်းအချက်အလက်များထဲမှ အဓိက လိုရင်းအချက်အလက်များကို ခွဲခြား ထုတ်နိုင်စွမ်းရှိသူလည်းဖြစ်သည်။

ထို့ပြင် သူသည် သူလိုအပ်သော လူတစ်ယောက်ကို သူ၏အဖွဲ့မှ လူတစ်ယောက် ဖြစ်လာစေရန်အတွက် ဖန်တီးရာ၌လည်း ကျွမ်းကျင်မှုရှိသူဖြစ်သည်။

စင်ရန်နိုင်၏ သုတေသနလွှန်းပျံယာဉ် ပျက်ကျသည်ဟူသော သတင်း ထွက်ပေါ်လာချိန်မှာပင် ဘချုပ်သည် မက္ကဇ္ဇပြည်နယ် သစ်ကနက်တောင်တန်းသို့ ချက်ချင်းပင် သွားရောက်ခဲ့သည်။





စင်ရန်နိုင် သတိလစ် မေ့မြောနေချိန်၌ စင်ရန်နိုင်၏ ကံကြမ္မာကို ဘချုပ်က ဆုံးဖြတ် ပြောင်းလဲပစ်ခဲ့သည်။

အဏုဇီဝသိပ္ပံသုတေသနဓာတ်ခွဲခန်း၏ ဦးစီးမှူး ဒေါက်တာကောင်းမြတ်သူက စင်ရန်နိုင်အား မူလ ပင်ကိုလူသားတစ်ဦး၏ ခန္ဓာကိုယ် ဖွဲ့စည်းမှုအနေအထားထက် ပို၍ကောင်းမွန်ထက်မြက်သည့် လူသားတစ်ဦး ဖြစ်လာစေရန် ပြောင်းလဲ ဖန်တီးပေးမည်ဟု ကတိပေးလိုက်သည်။

ထိုသို့ပြုပြင်ပြောင်းလဲပေးမှုအတွက် ကုန်ကျငွေကို ဘချုပ်က ပေးရမည်ဖြစ်သည်။

စင်ရန်နိုင်ကို မေ့ဆေးပေး၍ ခွဲစိတ်ခြင်း မပြုလုပ်ကြပေ။

စင်ရန်နိုင်ကို လျှပ်စစ်အသံလှိုင်းဖြင့် ဦးနှောက်အတွင်းပိုင်းသို့ ရိုက်ခတ်စေပြီး ရက်ပေါင်းများစွာ သတိလစ် မေ့မြောနေစေရန် ဖန်တီးလိုက်သည်၊

မေ့ဆေး အသုံးပြုပါက ဦးနှောက်အား အန္တရာယ်ဖြစ်မည်၊ ထိခိုက်ညှော်ပိုးသောကြောင့် ဖြစ်သည်၊

ဤနည်းဖြင့် စင်ရန်နိုင်အား ခွဲစိတ်ကုသမှုများ တစ်ဆင့်ပြီး တစ်ဆင့် ပြုလုပ်ပေးခဲ့လေသည်။

✠

ပထမဦးစွာ. . .



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်ထားသည့် နှလုံးပြွန်ကို အစားထိုးအင်္ဂါတုဖြင့် ပြောင်း
လဲ တပ်ဆင်သည်။

ကွဲထက်သွားသော ဦးခေါင်းကို ဖလ်မျှင်ပလိတ်ပြားဖြင့် အစား
ထိုး ဖာထေးသည်။ ဖလ်မျှင်ပလိတ်ပြားသည် လွန်စွာမှ ပေါ့ပါး၍
နိုင်ခန့်မှုရှိသည်။ အလင်းရောင်လှိုင်းနှင့် ထိတွေ့လိုက်လျှင် အီလက်
ထရွန်များကို ပြန်လည် တုန့်ပြန်ထုတ်လွှင့်နိုင်စွမ်းရှိပေသည်။ စက္ကူ
ပိုင်းအတွင်း၌ပင် ပြန်လည်တုန့်ပြန်နိုင်စွမ်းရှိသည်။

ကက်ဘီအယ်လ်ခေါ် ပလ်မျှင်ပလိတ်ပြားသည် အရိုးအဆစ်
များ အစားထိုးမှုတွင် လွန်စွာအသုံးဝင်ပေသည်။ ထို့ပြင် ပိုတိုလျှ
ကူးဆဲလ်များ၊ ရုပ်သံကင်မရာများနှင့် အီလက်ထရွန်းနစ် စက်မှုနည်း
ပညာရပ်များတွင်ပါ အသုံးပြုနိုင်ပေသည်။

ဖလ်မျှင်ပလိတ်ပြားနှင့် ဦးနှောက်ကြား၌ အလွှာပွများ ထင်
တပ်ဆင်ပေးသည်။ ဦးနှောက်ကို ထိခိုက်မှု မရှိစေရန်အတွက် ဖြစ်
သည်။ ထိုသို့ တပ်ဆင်ပေးထားခြင်းကြောင့် စဝ်ရန်နိုင်၏ ဦးခေါင်း
ရိုးခွံသည် သာမန်လူသားတစ်ဦး၏ ဦးခေါင်းခွံထက် ဆယ်ဆမျှမက
ပို၍မာကျောပြီး ခံနိုင်ရည်စွမ်း ပိုမိုမြင့်မားလာသည်။

ကျိုးပဲ့နေသည့် နံရိုးများနေရာ၌ သတ္တုစပ်နံရိုးများဖြင့် ပြ
ပြင် အစားထိုးပေးသည်။ နံရိုးပြင်နှင့် ရင်အုံကို ဆီလီကွန်ရော်ဘာ
ဖြင့် ဆက်စပ်ပေးသည်။

သတ္တုစပ်နံရိုးများ၌ ရေဒီယိုလှိုင်းများ လွှင့်ထုတ်ရာ၌ အသုံး
ပြုရန်အတွက် သေးမျှင်သော ဝါယာကြိုးများကို တပ်ဆင်ထားပေ





သေးသည်။

ကြေမွ ပျက်စီးသွားသော မေးရိုးနှင့် သွားများအတွက် သတ္တု
စပ် ကျောက်သားနှင့် ပလပ်စတစ်တို့ဖြင့် ပေါင်းစပ်ပြီး အစားထိုး
ဖန်တီးပေးခဲ့သည်။ သွားတုများကိုပါ အစားထိုး ဖြည့်စွက် တပ်ဆင်
ပေးသည်။

ပျက်စီးသွားသော မျက်လုံးကိုလည်း နှစ်ကြိမ်ခွဲစိတ်ပြုပြင်ပေး
သည်။ မျက်လုံးတုထဲ၌ရှိသော မျက်ကြည်လွှာအတု၏ မှန်ဘီလူး
ပုံစံတစ်ခု ထင်လာသည်နှင့် စက္ကူနာဗ်ကြောသို့ ချက်ချင်းပင်
ဆက်ခတ်၍ ပုံဖော်စေလိုက်သည်။

ထို့အတွက်ကြောင့် အစားထိုးမျက်လုံးအတုသည် ပကတိမျက်
လုံးအစစ်နှင့်ခြားဘဲ မြင်နိုင်စွမ်းရှိသည်။

ထို့ပြင် မျက်လုံးတုသည် သာမန်မျက်လုံးထက် ပို၍ သာလွန်
သော အရည်အချင်းများပါ ရှိနေသည်။ မျက်လုံးတုက ညဘက်ပါ
ကောင်းစွာမြင်နိုင်စွမ်း ရှိနေပေသည်။ မျက်လုံးတုထဲ၌ တပ်ဆင်ထား
သော အလင်းပွားလှိုင်းကိရိယာက လက်ခံရရှိသော အလင်းရောင်
အဆနှစ်ဆယ်အထိ တိုးမြှင့်ပေးနိုင်စွမ်းရှိသည်။

ဤအချက်များမှာ လွန်စွာမှပင် အံ့သြဖွယ်ရာ၊ ချီးကျူးဖွယ်
အချက်များဖြစ်၏။

ထိုအချက်များထက် ပို၍အံ့သြဖွယ်ရာကောင်းသော အချက်
ရှိပေသေးသည်။

စဝ်ရန်နိုင်၏ လက်နှင့်ခြေကို ပြန်လည် ပြုပြင်မွမ်းမံပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အချက်ပင်ဖြစ်သည်။

ဒေါက်တာကောင်းမြတ်သူသည် စပ်ရန်နိုင်၏ လက်နှင့်ခြေအစုံကို ဇီဝယန္တရားများဖြင့် အစားထိုး တပ်ဆင်ပေးခဲ့သည်။ သာမန်လူသားတစ်ဦး၏ လက်ခြေများထက် ပို၍ အင်အားကြီးမားနိုင်စေရန် အမျိုးအသစ်များအတွင်း၌ များဖြည့်အထူးပြုစက် အသေးစားများ တပ်ဆင်ပေးသည်။

အစားထိုး အရိုး၊ အဆစ်နှင့် အကြောမျှင်များပေါ်၌ အရေပြားအတု ဖုံးလွှမ်းတပ်ဆင်ပေးသည်။ ထိုအရေပြားအတုမှာ ပကတိ အရေပြားအတိုင်းပင် ဖြစ်သည်။ မွေးညင်းပေါက်အတုကလေးများ အရေပြားခွံအတုပေါ်၌ တပ်ဆင်ထားသည်။

အရေပြားလွှာပေါ်သို့ နေရောင်ခြည် ထိုးကြိုကျလာသည်နှင့် အသားအရောင် ပြောင်းလဲမှု၊ ချွေးယိုစိမ့်ထွက်မှုနှင့် အပူအအေး ခံစားမှုတို့ကိုပါ ပကတိ အရေပြားလွှာအတိုင်း ထပ်တူခံစား ပြောင်းလဲနိုင်အောင် တပ်ဆင်ပေးထားသည်။

ထိုခန္ဓာကိုယ် အစိတ်အပိုင်းများကို ထိန်းချုပ်သောစနစ်မှာလည်း အံ့ဩဖွယ်ရာကောင်းလှပေသည်။ လွန်စွာ အဆင့်မြင့်မားလှသောစနစ်ဖြင့် ဖန်တီးပြုလုပ်ထားသည်။

စပ်ရန်နိုင်အနေဖြင့် သူ၏စိတ်ဆန္ဒဖြင့် အုတ်တံတိုင်းကြီးတစ်ခုကို ထိုးခွဲပစ်နိုင်သည်။

မိမိချစ်ခင်ကြင်နာသူကို ညင်သာ ယုယစွာ ပွတ်သပ် ထိတွေ့မှု ပေးနိုင်သည်။ ခန္ဓာကိုယ်၏ နေရာအနှံ့အပြား၌ အာရုံခံကိရိယာ





များကို တပ်ဆင်ပေးထားသည်။ မူလပင်ကိုဦးနှောက်၏ စိတ်ဆန္ဒလိုအပ်ချက်ကို လျှပ်တစ်ပြက် ခံစားသိရှိ၍ တုန့်ပြန် ဖြည့်စွမ်းနိုင်စွမ်းရှိပေသည်။

စပ်ရန်နိုင်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို လူပေါင်းများစွာဖြင့် တပ်ဆင်မှုများ ပြုခဲ့ကြသည်။

အဆင့်ဆင့် မွမ်းမံ ဖြည့်စွက် အစားထိုးမှုများ ပြီးသွားသောအခါ၌ သူသည် ပကတိလူကောင်းတစ်ဦး ဖြစ်၍လာသည်။

သူသည် သာမန်လူသားတစ်ဦးထက် ပို၍ မြင့်မားသော စွမ်းရည်ရှိသည့် လူသားတစ်ဦးအဖြစ်သို့ ပြောင်းလဲ ရောက်ရှိလာခဲ့သည်။

✠

ဒေါက်တာကောင်းမြတ်သူ၏ ကျွမ်းကျင် ထက်မြက်လှသော ပညာအစွမ်းကြောင့် စပ်ရန်နိုင်မှာ ရုပ်ခန္ဓာပိုင်းဆိုင်ရာ ပြည့်စုံသော လူသားတစ်ဦး ဖြစ်လာခဲ့ရသည်။

သူသည် တစ်နာရီလျှင် (၇၀)မိုင်နှုန်းဖြင့် ပြေးနိုင်စွမ်းရှိသည်။

ယန္တရားလက်အတုဖြင့် ပေါင် (၁၅၀၀)ကျော်အလေးကို မယူနိုင်သည်။

အထူ လေးလက်မရှိသော အုတ်သားနံရံကို ထိုးခွဲပစ်နိုင်စွမ်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘဝသစ်တစ်ခုသို့ ချဉ်းနင်း ဝင်ရောက်ခဲ့ရသူဖြစ်လာသည်။

သူသည် ဗိဝယန္တရားလူသား ဖြစ်လာခဲ့ရသည်။

နိုင်ငံတော်အတွက် လွန်စွာ အရေးကြီးသောတာဝန်များကို ထမ်းဆောင်ရမည့်လူတစ်ဦး ဖြစ်လာခဲ့သည်။

✠ ✠ ✠



## အခန်း ( ၂ )

ကျောက်လွှာပြည်နယ်. . . ၊

ကြွန္တနီလာကမ်းခြေ. . . ၊

လူသူရှင်းလင်းတိတ်ဆိတ်လှသော သဲသောင်ပြင်တစ်နေရာ။

သဲပြင်ပေါ်၌ ရေလှိုင်းနုနုကလေးများက တဖျပ်ဖျပ် ပြေးလွှားဟတ်ဆင်းနေကြသည်။

ဖင်လယ်ပြင်သည် တောက်ပသော နေရောင်ခြည်အောက်၌ ဖရောင်တဖိတ်ဖိတ် လင်းလက်၍နေ၏။

သဲပြင်မွှမွှပေါ်၌ လမ်းလျှောက်ရင်း လှပသည့် ခရုခွံလေးများကို တွေ့နိုင်သည်ဟု သူမ ထင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်. . .

သဲသောင်ကမူတစ်ခု၏ထိပ်ဘက်၌ လေယာဉ်တောင်ပံတစ်ခု ထိုးထွက်နေသည်ကို မြင်လိုက်ရသည်။ လေယာဉ်ကိုယ်ထည်မှာ သဲပြေပြင်ထဲသို့ ထိုးစိုက်နစ်ဝင်နေပြီး တောင်ပံတစ်ဖက်က သဲမြေပြင်အထက်သို့ ထောင်၍ထွက်နေသည်နှင့်တူသည်၊

သူပသည် ထိုနေရာသို့ ပြေးလွှား၍သွားသည်။

သူပ ပြေးလွှားသွားသည့်အခါ အချိုးအဆစ် ကျနသော သူမ၏ခန္ဓာကိုယ်သည် ရေကူးဝတ်စုံအောက်၌ တင်းရစ် ပေါ်လွင်၍ နေပေသည်။

သဲသောင်ကုန်းပေါ်သို့ သူမ တက်၍သွားသည်။

ထူးဆန်းသော မြင်ကွင်းတစ်ခုကို သူမ မြင်တွေ့လိုက်ရသည်၊

အဖြူရောင် လေယာဉ်ပျံတောင်ပံတစ်ခု၊

ရှည်လျားသည့် လှေဝမ်းနှစ်ခုပေါ်၌ တင်ထားသော တာရပတ်စကြီးထဲမှ ထိုး၍ထွက်နေသည်၊ လေယာဉ်တောင်ပံကို ငါယာကြိုးများဖြင့် ထိန်းချုပ်ထားသည်။

လေယာဉ်တောင်ပံကို လူတစ်ဦးက စမ်းဆေးကြည့်ရှုနေ၏၊ ထိုလူသည် အနီရောင်ဘောင်းဘီတိုကို ဝတ်ဆင်ထားသည်။ ကက်ဦးထုပ်အဖြူကို ဆောင်းထားသည်။ အရပ်မြင့်မြင့်နှင့် ခန္ဓာကိုယ်ကျစ်လျစ်တောင့်တင်းပြီး ရုပ်ရည် ပြေပြစ်ချောမောသော အမျိုးသားတစ်ဦးဖြစ်သည်။

နန္ဒီစိုးက စပ်စု မေးမြန်းလိုက်သည်။





"ဒီမှာ. . . ဒီမှာ. . .။ ဒါကြီးက ဘာလို့ခေါ်လဲဟင်"

စင်ရန်နိုင်က လှည့်၍ပြန်မေးသည်။

"မင်းက. . . ဘာကို သိချင်တာလဲ"

သူမက နှာခေါင်းလေးတစ်ချက် ရှုံ့လိုက်ပြီး. . .

"ဘာကြီးမှန်းလဲ မသိဘူး။ တခြားကမ္ဘာကနေ ပြုတ်ကျလာတဲ့ ပ္ပည်းကြီးတစ်ခုနဲ့. . . သိပ်တူတာပဲ"

"မင်းက ဘာကိုပြောတာလဲ၊ ငါ့ကို. . . ပြောတာလား"

သူမက တစ်ချက်ရယ်လိုက်ပြီး. . .

"ရှင့်ရဲ့လှေကြီးကို ပြောမိတာပါ။ ရှင်ကတော့ လူသားစစ်စစ်တစ်ယောက် ဖြစ်မှာပါ"

နန္ဒီစိုးက စင်ရန်နိုင်ထံသို့ လျှောက်သွားသည်။

စင်ရန်နိုင်ကို ဆွဲဆောင်သောအကြည့်တစ်မျိုးဖြင့် မသိမသာကြည့်လိုက်သည်။

နန္ဒီစိုးက. . .

"ရှင့်ရဲ့လှေမှာ. . . ရွက် မပါဘူးလား"

"မင်း အခုကြည့်နေတာ. . . ဒီလှေရဲ့ ရွက်ပဲပေါ့"

"ဟင်. . . ဒါက လေယာဉ်ပျံတောင်ပံကြီး မဟုတ်ဘူးလား"

စင်ရန်နိုင်က ရှင်းပြလိုက်သည်။

"ဒါ. . . လေယာဉ်ပျံတောင်ပံနဲ့ တူတာပဲရှိတယ်။ ဒီပစ္စည်းကို လေလွှာရွက်လို့ ခေါ်နိုင်တယ်"

"ဟင်. . . ကျွန်မကတော့ နားမလည်ဘူး။ တခြားရွက်တွေ



www.burmeseclassic.com

www.burmeseclassic.com



မှာလို. . . ရှက်ပျော့ကို မတာဝ်ဘူးလား"

"ရှက်ပျော့ဆိုတာ အမြဲတစေ တွေးနိုင်၊ ညွတ်နိုင်တဲ့ ဖျင်စနဲ့ ချုပ်ထားရတယ်။ ပေါ့ဒီ လေလွှာရွက်ကတော့ လိုအပ်တဲ့ ချိန်သား ကိုက်အကွေးကို တစ်ခါတည်း ဆင်ထားပြီး ထည့်ပေးထားတယ်"

သူမက စိတ်ဝင်စားစွာဖြင့်. . .

"ဒို. . . ဒီပစ္စည်းကို ရှင် ဘယ်လိုလုပ်ပြီး တီထွင်ထားတာလဲ"

"ထူးခြားဆန်းကြယ်တဲ့ပစ္စည်းတွေကို ရွေးချယ် တည်ဆောက် လေ့ရှိတဲ့ သူငယ်ချင်းတွေရဲ့အကူအညီနဲ့ တည်ဆောက်ထားခဲ့တာပါ"

"ဒီလိုလေလွှာရွက်မျိုး. . . ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး"

"မင်း မကြုံဖူးလို့ပါ. . .။ ဒီလိုမျိုး နှစ်ကိုယ်စပ်လှေတွေ အင်း တစ်ရာနီးပါး ရှိတယ်။ ဒီလိုလှေမျိုး ပိုင်တဲ့လူတစ်ယောက် ဟိုဘက် က. . . ကမ်းခြေမှာရှိတယ်"

"ရှင်က. . . ရှင့်လှေနဲ့ ပြိုင်ပွဲဝင်မလို့လား"

စဝ်ရန်နိုင် ခေါင်းခါလိုက်သည်။

"ငါက. . . လှေပြိုင်ပွဲဝင်ဖို့ ဝါသနာမပါဘူး။ ပင်လယ်ထဲမှာ ရွက်လွှင့်ပြီး အပန်းဖြေမလို့၊ မင်းတော. . . လိုက်ချင်သလား"

"လိုက်ချင်တာပေါ့. . .။ ရှင့်နာမည်က ဘယ်လိုခေါ်သလဲ"

"စဝ်. . . စဝ်ရန်နိုင်"

"ကျွန်မနာမည်က နန္ဒီစိုးပါ"

"ကဲ. . . ဒါဆို သွားကြရအောင်"





စဝ်ရန်နိုင်က တွဲနှစ်ခုကြားသို့ဝင်၍ ရှေ့မှတန်းကို ဆွဲမလိုက်သ်။

ပေါင်လေးရာကျော် လေးသည့်လှေကို ရေပြင်သို့ ဆွဲချလိုက်သည်။ ပင်လယ်ပြင်၌ လှိုင်းလေကောင်းသောအချိန်ဖြစ်သည်။

ရာသီဥတုမှာ ကြည်လင်သာယာ၍နေ၏။

တစ်နာရီလျှင် (၁၂)မိုင်နှုန်းလောက်မျှသာ ရှိသောလေက ပ္မန်မှန်တိုက်ခတ်၍နေ၏။

နန္ဒီစိုးက အံ့ဩစွာဖြင့် လှေကို ငေး၍ကြည့်နေသည်။

စဝ်ရန်နိုင်က လှမ်း၍ခေါ်သည်။

"ဟေး. . . နန္ဒီစိုး. . . လာလေ"

လှေရှိရာသို့ သူမ ခပ်သွက်သွက် လျှောက်လာသည်။

လှေဝမ်းနှစ်ခုကြား၌ တင်ထားသော ဖျင်ပေါ်၌ တက်၍ထိုင်သည်။

စဝ်ရန်နိုင်က လှေကို ရေပြင်ထဲသို့ ဆွဲယူပြီး တွန်းချလိုက်၏။ ထို့နောက် လှေပေါ်သို့ ခုန်တက်လိုက်သည်။

မကြာခင်မှာပင် နှစ်ဝမ်းတွဲလှေသည် ရေပြင်ပေါ်၌ တရိပ်ရိပ် ပြေးလွှားနေပေသည်၊

လှေ၏ဘေးတစ်ဖက်တစ်ချက်မှ ရေပန်းရေမွှားများ ဖြာထွက်နေသည်။

စဝ်ရန်နိုင်က တက်မကိုကိုင်လျက် ပုလဲဖြူရေလက်ကြားသို့ ဦးတည် ရွက်လွှင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဝပ်းတွဲလေ့သည် တစ်နာရီလျှင် ရေမိုင် (၂၀)နှုန်းဖြင့် လျှင်မြန်စွာ ပြေးလွှားနေပေတော့သည်။

✠

နံ့သာမြိုင်ဥယျာဉ်မြို့တော် . . .။

အမြန်ရထားတစ်စီးသည် အောင်သိဒ္ဓိဘူတာသို့ နေ့လယ်တစ် နာရီ နှစ်ဆယ့်ငါးမိနစ်တွင် ဝင်လာသည်။

သီးသန့် အထူးရထားတွဲအတွင်းမှ အုပ်ချုပ်မှုဒါရိုက်တာကြီး ဆင်း၍လာသည်။

အုပ်ချုပ်မှုဒါရိုက်တာကြီးသည် အရပ်အမောင်း မြင့်မားသည်၊ ခန္ဓာကိုယ် သေးသွယ်သည်။ ဥပဓိရုပ် သန့်ပြန့်၍ တည်ငြိမ်သော ရုပ်သွင်ရှိသည်။ သူ၏လက်ချောင်းများမှာ သေးသွယ် နူးညံ့ဖြူဖွေး ၍နေ၏။ ဆံပင်များမှာမူ ငွေရောင်လက်၍နေပေသည်။

သူနှင့်အတူ အတွင်းရေးမှူး အမျိုးသမီးငယ်တစ်ဦး လိုက်ပါ လာသည်။ အတွင်းရေးမှူး အမျိုးသမီးငယ်မှာ ခန္ဓာကိုယ် ပြည့်ဖြိုး လှသူဖြစ်သည်။

အသင့်စောင့်ဆိုင်းနေသော TT Coupe ကားသစ်ကြီးတစ်စီး ပေါ်သို့ အုပ်ချုပ်မှုဒါရိုက်တာကြီးနှင့် သူ၏အတွင်းရေးမှူး အမျိုး သမီးတို့ တက်သွားကြသည်။

TT Coupe ကားသည် တံတားတစ်ခုကို ကျော်ဖြတ်၍ လမ်း





ကြီးပေါ်သို့ ရောက်ရှိသွားသည်။

ထို့နောက် မဟူရာမြစ်ပေါ်၌ ဖြတ်၍တည်ဆောက်ထားသော တံတားကြီးပေါ်မှ ကျော်ဖြတ် မောင်းနှင်လာသည်။

မကြာခင်မှာပင် ဆိပ်ကမ်းနယ်မြေ၏ သီးသန့်ဆိပ်ကမ်းတစ် ခုသို့ ရောက်ရှိသွားသည်။

ထိုဆိပ်ကမ်း၌ ကြီးမားလှသော ကုန်တင်သင်္ဘောကြီးတစ်စီး ဆိုက်ကပ်ထားသည်။ ကုန်တင်သင်္ဘောကြီးမှာ အဖြူရောင်နှင့် အစိမ်း ရောင်ဆေးများ သုတ်၍ထားသည်။

TT Coupe ကားကြီးသည် ဆိပ်ကမ်း၌ ရပ်တန့်လိုက်၏။

ကားမောင်းသူက ဆင်း၍ ကားတံခါးကို ဖွင့်ပေးသည်။

အုပ်ချုပ်မှုဒါရိုက်တာကြီးသည် ကားပေါ်မှဆင်းလိုက်၏။ သူ ၏နောက်မှ သူ၏အတွင်းရေးမှူး အမျိုးသမီးပါ ကပ်၍လိုက်ပါလာ သည်။

ဆိပ်ခံဘောတံတားကို ကျော်ဖြတ်၍ ကုန်တင်သင်္ဘောကြီး ပေါ်သို့ အုပ်ချုပ်မှုဒါရိုက်တာကြီးနှင့် သူ၏အတွင်းရေးမှူးတို့ တက် ၍သွားသည်။

အုပ်ချုပ်မှုဒါရိုက်တာကြီးသည် ကုန်တင်သင်္ဘောကြီးပေါ်၌ တင်ထားသော ကုန်ပစ္စည်းများ၊ သေတ္တာများကို တစ်ချက်မျှ ဝေ့၍ ကြည့်ရှုလိုက်သည်။ ထိုပစ္စည်းများသည် သူ့အတွက် အရေးကြီး သော၊ စိတ်ဝင်စားစရာကောင်းသောအရာများ မဟုတ်ပေ။

အမှန်စင်စင်အားဖြင့် ထိုကုန်ပစ္စည်းများ၊ သေတ္တာကြီးများ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကုန်တင်သင်္ဘောပေါ်၌ ဟန်ဆောင် ဗန်းပြ၍တင်ထားသော အရာများချည်းသာဖြစ်သည်။

ထို့အတူပင် ထိုကုန်တင်သင်္ဘောကြီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သည်ဟု အမည်ခံ၍ မဟူရာမြစ်ကြောအတွင်း၌ အစုန်အဆန် လူးလာ ခုတ်မောင်းနေသည့် သင်္ဘောကြီးတစ်စီးသာလျှင် ဖြစ်ပေသည်။

✠

အုပ်ချုပ်မှုဒါရိုက်တာကြီးသည် အောက်ထပ်သို့ ဆင်းသွားသည်။ သူ၏အတွင်းရေးမှူး အမျိုးသမီးပါ ကပ်လျက်သား လိုက်ပါသွားသည်။

ခမ်းမတစ်ခုအတွင်းသို့ ဒါရိုက်တာကြီး ဝင်သွားသည်။

ဘဲဥပုံစံစားပွဲရှည်ကြီး၏ပတ်လည်၌ လူဆယ်ဦး တိတ်ဆိတ်စွာ ထိုင်နေကြသည်၊ ဒါရိုက်တာကြီးကို မြင်လျှင် အားလုံးက မတ်တတ်ရပ်လိုက်ကြသည်။

ဒါရိုက်တာကြီး စားပွဲထိပ်ဘက်သို့ လျှောက်၍သွားပြီး ထိုင်သည်။

ဤခမ်းမသည် အစည်းအဝေးပွဲ ပြုလုပ်ရန်အတွက် အထူးစီမံ ပြုလုပ်ထားခြင်းဖြစ်သည်။ ခမ်းမအတွင်း၌ ပြတင်းပေါက်များ မရှိပေ။ နံရံ၌ ပန်းချီကားချပ်အချို့ ချိတ်ဆွဲထားသည်။ ကမ္ဘာ့မြေပုံကြီးတစ်ချပ်ကိုလည်း နံရံပေါ်၌ ကပ်၍ထားသည်။ မြေပုံကားချပ်ပေါ်၌ ပင်အပ်များ ထိုးစိုက်ထားသည်။





အစည်းအဝေး တက်လာသူများ၏ရှေ့၌ ဖိုင်တွဲများ ကိုယ်စီတင်ထားကြသည်။ ဒါရိုက်တာကြီးက စ၍ပြောသည်။

"ပြီးခဲ့တဲ့ အစည်းအဝေးတုန်းက. . . ပါဒါးပြည်နယ် ကိုယ်စားလှယ်က သူ့ရဲ့လုပ်ငန်းအစီအစဉ်ကို တင်ပြခဲ့တယ်လို့ ထင်ပါတယ်"

နှာခေါင်းချွန်ချွန် အသားမည်းမည်းနှင့် လူရွယ်တစ်ဦး မတ်တတ်ရပ်လိုက်သည်။

ထိုလူရွယ်က ဖိုင်တွဲကို တစ်ချက်လှန်ကြည့်လိုက်ပြီး. . .

"ကျွန်တော်တို့. . . စုဆောင်း ရရှိထားတဲ့ သတင်းတွေအပေါ် မူတည်ပြီး လုပ်ငန်းအစီအစဉ် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ရွှေကိန္နရီမော်တော်ယာဉ်အဝေးပြေးဌာနက မန်နေဂျာချုပ် ဦးစိန်ပန်းကို ပြန်ပေးဆွဲလိုက်နိုင်ပါတယ်။ ကျွန်တော်တို့က ဦးစိန်ပန်းအတွက် သတ်မှတ်ရက်နဲ့ ပေးရမယ့်ငွေကို ချက်ချင်း အကြောင်းကြားလိုက်ပါတယ်။ ပထမပိုင်းမှာတော့. . . သူတို့ဘက်က ငွေပေးဖို့ လုံးဝငြင်းဆန်နေပါသေးတယ်။ နောက်ဆုံးသတ်မှတ်ရက် ရောက်တော့မှပဲ ပေးရမယ့်ငွေကို. . . ပေးပါတယ်"

လူရွယ်က မှတ်တမ်းဖိုင်တွဲကို စစ်ဆေးကြည့်ရှုသည်။ ထို့နောက် ဆက်၍ပြောသည်။

"ကုန်ကျစရိတ်တွေ နှုတ်လိုက်ပြီးတဲ့အချိန်မှာ အဲဒီလုပ်ငန်းကနေ. . . ငွေအတော်များများ ရလိုက်ပါတယ်။ ဒီလုပ်ငန်းကို အုပ်



www.burmeseclassic.com

www.burmeseclassic.com



တာ ကျွန်တော်ကိုလက်ချက်လို့. . . ဘယ်သူမှ မရိပ်မိခဲ့ကြပါဘူး။ သက်ဆိုင်ရာက ဗျာန်အဖွဲ့ရဲ့လက်ချက်လို့ပဲ. . . ထင်မှတ်ထားကြပါတယ်"

အသားမည်းမည်းနှင့်လူငယ်က သူ၏စကားကို ကျေနပ်အားရစွာဖြင့် အဆုံးသတ်လိုက်သည်။

ဒါရိုက်တာကြီးက ကျေနပ်စွာပြုံးသည်၊

"သိပ်ကောင်းတဲ့ အစီအစဉ်တစ်ခုပါပဲ ကိုမြင့်ဝေ။ ကျုပ်တို့ရဲ့ကုမ္ပဏီအတွက် အလုပ်လည်းဖြစ်၊ ဗျာန်အဖွဲ့ကိုလည်း. . . ချောက်တွန်းလိုက်သလို ဖြစ်သွားတာ. . . ပိုကောင်းတယ်"

အသားမည်းမည်းနှင့် မြင့်ဝေက ဒါရိုက်တာကြီးကို ဂါရဝပြုလိုက်ပြီး ထိုင်ခုံ၌ ထိုင်ချလိုက်သည်။

ဒါရိုက်တာကြီးက စူးရှသောမျက်လုံးအစုံနှင့် ဘသန်းထက်ကို စိုက်ကြည့်လိုက်၏။

"ဒီတစ်ခါ အစီရင်ခံရမယ့်ပုဂ္ဂိုလ်ကတော့ ကိုဘသန်းထက်လို့ပဲ ထင်ပါတယ်"

ဘသန်းထက်က စိတ်လှုပ်ရှားသော အမူအရာဖြင့် မတ်တတ်ရပ်သည်။ သူ၏မျက်လုံးများမှာ နီရဲ၍နေ၏။

"မှန်ပါတယ် ဒါရိုက်တာကြီး၊ ဒါရိုက်တာကြီး သိတဲ့အတိုင်းပါပဲ။ ကွမ်တမ်မော်တော်ကားကုမ္ပဏီက. . . အုပ်ချုပ်ရေးမှူး ဦးသော်ဇံကို ဖမ်းဆီးပြီး ပေးလာမယ့်ငွေကို စောင့်ဆိုင်းနေခဲ့ကြပါတယ်"

ဘသန်းထက်သည် ထွန်းလင်းမြင့်၏မျက်နှာကို မသိမသာတစ်ချက်ကြည့်လိုက်မိသည်။ ထွန်းလင်းမြင့်က သူနှင့်ဘာမှမပတ်သက်သည့် အမူအရာမျိုးဖြင့် ထိုင်၍နေ၏။ ဘသန်းထက်မှာ ထွန်းလင်းမြင့်၏အမူအရာကိုကြည့်၍ ဒေါသထွက်လာသည်။

ဘသန်းထက်က သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး ဆက်၍ပြောသည်။

"ကျွန်တော်တို့ရဲ့တောင်းဆိုချက်ကို သူတို့က မလိုက်လျောဘဲနဲ့. . . ဦးသော်ဇံကို ကယ်ဆင်ဖို့ ကြိုးစားခဲ့ကြပါတယ်"

ဒါရိုက်တာကြီးက. . .

"အင်း. . . ခင်ဗျားရဲ့လေသံအရဆိုရင် သူတို့ဘက်က အောင်မြင်သွားခဲ့တယ် မဟုတ်လား"

"မှန်ပါတယ်. . . ဒါရိုက်တာကြီး"

"သူတို့ဘက်က လူအင်အား ဘယ်နှယောက် သုံးခဲ့သလဲ"

"ကျွန်တော် မြင်ရသလောက်ကတော့ လူတစ်ယောက်တည်းပဲ. . . သုံးသွားပါတယ်"

ဒါရိုက်တာကြီး အံ့အားသင့်စွာဖြင့်. . .

"ဘာ. . . တစ်ယောက်တည်း ဟုတ်လား"

"မှန်ပါတယ်. . . ကျွန်တော် ပြောတာတွေဟာ မယုံကြည်နိုင်စရာတွေ ဖြစ်နေမယ်ဆိုတာ. . . ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ခန်းထဲကိုဝင်ပြီး ကယ်သွားတဲ့လူဟာ. . . အင်အာန်ထူးခြားတဲ့ လူတစ်ယောက်ပါပဲ။ သူဟာ. . . ဘာလက်နက်ကိုရိယာ

www.burmeseclassic.com

www.burmeseclassic.com



မှ မသုံးဘဲနဲ့ ကျောက်နံ့ရဲထုကြီးနှစ်ခုကို လက်နဲ့ပဲ ထိုးဖောက်သွားခဲ့ပါတယ်။ ဦးသော်ဇံနဲ့ အဲဒီလူကို ရထားတစ်စီးက လာတယ်ပါတယ်။ သူတို့နှစ်ယောက် ထွက်ပြေးသွားကြတဲ့အချိန်မှာပဲ ပျံနေတဲ့ ဟက်စကီးရဲ့အောက်ခြေဒေါက်ကို လက်တစ်ဖက်တည်းနဲ့ တွဲခိုပြီး လိုက်သွားတယ်"

အစည်းအဝေးခန်းမထဲ၌ တီးတိုးရေရွတ်ပြောဆိုသံများ ပေါ်လာသည်။

မယုံကြည်နိုင်သံများ၊ တီးတိုးဝေဖန်ပြောဆိုသံများ ပေါ်လာသည်။

ဒါရိုက်တာကြီးက ဘသန်းထက်အား သဘောမကျသည့် အကြည့်ဖြင့် ကြည့်သည်။

"ခင်ဗျားပြောတာ မှန်ပါတယ်. . . ကိုဘသန်းထက်၊ ဒါပေမဲ့ မယုံကြည်နိုင်စရာကောင်းတဲ့ကိစ္စတစ်ခုပဲ"

"ကျွန်တော် စခန်းမှာပဲ ရှိနေပါတယ်. . . ဒါရိုက်တာကြီး။ ကျွန်တော့်ရဲ့မျက်စိနဲ့ သေသေချာချာ မြင်လိုက်ရတာပါ"

ဒါရိုက်တာကြီးက. . .

"အဲဒီလူ လုပ်သွားတဲ့အတွက် ကျုပ်တို့ဘက်က ဘယ်လောက်အထိ နစ်နာဆုံးရှုံးသွားရတယ်ဆိုတာ စဉ်းစားရလိမ့်မယ်။ ဒါပေမဲ့ ကိုထွန်းလင်းမြင့်ရဲ့ အစီအစဉ် ပြီးဆုံးသွားတဲ့အထိ အဲဒီကိစ္စကို ရပ်ဆိုင်းထားရလိမ့်ဦးမယ်"

"ထွန်းလင်းမြင့်မှာ အစီအစဉ်တစ်ခု ရှိနေမှန်း. . . ကျွန်တော်





လုံးဝသိမထားခဲ့ပါဘူး ဒါရိုက်တာကြီး"

ဘသန်းထက်က သူ၏လက်ထောက်ဖြစ်သူ ထွန်းလင်းမြင့်ကို မျက်လုံးပြူး၍ကြည့်လိုက်သည်။

ထွန်းလင်းမြင့်က မသိမသာပြုံး၍ ပတ်တတ်ထရပ်သည်။

"ခင်ဗျားက ကျောက်စိမ်းဒေသစီမံကိန်းမှာ. . . အလုပ်ရှုပ်နေတယ်။ ခင်ဗျားအနေနဲ့. . . အချိန်ပေးနိုင်မှာ မဟုတ်ဘူးလို့ တွက်ပြီး ဒါရိုက်တာကြီးနဲ့ တိုက်ရိုက် ဆက်သွယ်လိုက်တာပါပဲ ကိုဘသန်းထက်"

ဘသန်းထက် မကျေမနပ်ဖြင့် ပြန်ထိုင်လိုက်ရသည်။ ရင်ထဲမှာလည်း ထွန်းလင်းမြင့်အပေါ် အကြီးအကျယ် ဒေါသထွက်၍နေပြီသည်။

ထွန်းလင်းမြင့်က. . .

"ကျွန်တော်. . . ဒီစီမံကိန်းကို အချိန်အတော်ကြာကြာယူပြီး စီစဉ်ရေးဆွဲခဲ့တာပါ။ လာမယ့်ဆယ်နာရီအတွင်းမှာ ဒီစီမံကိန်းရဲ့ အရေးအကြီးဆုံးအခြေအနေကို ရောက်လာပါလိမ့်မယ်။ ဒီစီမံကိန်းက မအောင်မြင်စရာအကြောင်း လုံးဝမရှိပါဘူး။ အောင်မြင်တာနဲ့ ကျွန်တော်တို့ကုမ္ပဏီက သန်းတစ်ထောင်တိတိ ရလာပါလိမ့်မယ်"

ဘသန်းထက်က မျက်မှောင်ကြုတ်၍. . .

"သန်းတစ်ထောင်တန်တဲ့လူက. . . ဘယ်သူလဲ"

ဒါရိုက်တာကြီးက လှမ်း၍ပြောသည်။

"ကိုဘသန်းထက် စိတ်မလှုပ်ရှားပါနဲ့။ စိတ်ကို ငြိမ်ငြိမ်ထား



www.burmeseclassic.com

www.burmeseclassic.com



စင်းပါ။ ဘင်း. . . ကျုပ်ကတော့ ဒီနေ့တစ်နေ့လုံး အထူးအဆန်းတွေချည်းပဲ ကြားနေရတယ်။ စိတ်ဝင်စားစရာ ကောင်းကောင်းတဲ့နေ့ပဲ"

တွန်းလင်းမြင့်က. . .

"သန်းတစ်ထောင်တန်တဲ့လူကတော့ ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင်တဲ့ ဦးဒေဝါပါပဲ။ သူ့မှာက စက်မှုကုမ္ပဏီလုပ်ငန်းတွေ ကျောက်တွင်းလုပ်ငန်းတွေ အများကြီးရှိတယ်။ ဒီလိုလူစားမျိုးဟာ သန်းတစ်ထောင်တော့. . . တန်ပါတယ်"

✠ ✠ ✠



## အခန်း ( ၆ )

ညနေခင်းအချိန်ဖြစ်သည်။

တောသမ္ဘီဆေးရုံရှေ့၌ဖြစ်သည်။

ရဲအဖွဲ့ဝင်များ၊ ရာဇဝတ်မှုနှင့် အကြမ်းဖက်မှု နှိမ်နင်းရေးလုံထိမ်းမှုများ၊ သတင်းသမားများ၊ ပရိသတ်များ၊ ဓာတ်ပုံသမားများဖြင့် လူအုပ်ကြီးမှာ စည်ကားလျှက်ရှိနေ၏။

ထိုအချိန်မှာပင် ပုံစံတူ မာစီဒီးကားကြီးနှစ်စီး မောင်းဝင်လာသည်။

ပထမကား ထိုးရပ်လိုက်၏၊ ဝန်ထမ်းလေးဦး ခုန်ဆင်းလာကြသည်။ ဒုတိယမြောက်ကားနှင့် သတင်းသမားများ၏ကြားမှာ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ကြသည်။

ကားပြတင်းပေါက်၌ ဦးဒေဝါ၏မျက်နှာကို မြင်လိုက်ရသည်၊ သူ၏မျက်နှာပြင်ပေါ်၌ အရေးအကြောင်းများ ထချနေ၏။

ဦးဒေဝါသည် အဆက်မပြတ် ချောင်းဆိုး၍နေသည်။ မျက်နှာပေါ်၌ အတန်မျှ နီရဲ၍နေ၏။

ဦးဒေဝါ ကားပေါ်မှ ဆင်းလိုက်၏။

ကင်မရာမီးများ တဖျပ်ဖျပ်လင်းလက်သွားသည်။ သတင်းသမားများ၏ မေးမြန်းသံများ ဆူညံ၍နေ၏၊

သတင်းသမားတစ်ဦးက. . .

"ဦးဒေဝါခင်ဗျာ. . .။ ဦးဒေဝါရဲ့ ကျန်းမာရေးအခြေအနေ အတော်လေး ဆိုးဝါးနေပါသလား ခင်ဗျာ"

နောက်ထပ် အခြားသောမေးခွန်းများ။

"ကုန်သွယ်ဘက်ကုမ္ပဏီများ ညီလာခံဟာ. . . နောက်ထပ်နှစ်ပတ်အကြာမှာ ပြန်စမယ်လို့ သိထားရပါတယ်။ လူကြီးမင်းအနေနဲ့ အဲဒီညီလာခံကို တက်ရောက်နိုင်ပါ့မလား"

ဦးဒေဝါက မေးခွန်းများကို တိမ်းရှောင်သည်။

အဆက်မပြတ် ချောင်းဆိုးနေပေသေးသည်။ မျက်နှာပြင်အောက်ဘက်ကို လက်ကိုင်ပဝါဖြင့် အုပ်ထားသည်။

ရဲများ၊ အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့ဝင်များက ကြားမှပိတ်ကာထားသည်။ ဦးဒေဝါနှင့် ဘချုပ်တို့နှစ်ဦး ဆေးရုံအတွင်းသို့ ဝင်သွားသည်။





ဆရာဝန်များ၊ သူနာပြုဆရာမများက စောင့်ဆိုင်းနေကြ၏။ ဓာတ်လှေကားထဲသို့ ခပ်သုတ်သုတ် ဝင်လိုက်ကြသည်။

အကြမ်းဖက်မှု နှိမ်နင်းရေး အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ထွန်းသစ်က ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်၏။

ဆရာဝန်တစ်ဦးက လေးစားစွာပြောသည်။

"အပေါ်ထပ်တစ်ထပ်လုံး. . . အားလုံးရှင်းထားပြီးပါပြီ။ ဘာအနှောက်အယှက်မှ မရှိနိုင်ပါဘူး"

ဦးဒေဝါက ချောင်းတစ်ချက်ဆိုးလိုက်၏။

ဆရာဝန်က ထပ်မံပြောသည်၊

"လူကြီးမင်းရဲ့ ပုံမှန်တွေ့နေကျ ဆရာဝန်ကြီးနဲ့. . . တွေ့ဆုံဖို့ အားလုံး အဆင်သင့် စီစဉ်ပြီးပါပြီ"

"ကျေးဇူးပါပဲ. . . ဒေါက်တာ"

ဓာတ်လှေကား ရပ်တန့်၍ တံခါးများ ပွင့်သွားသည်။

ဓာတ်လှေကားအတွင်းမှထွက်၍ အရေးကြီးဧည့်သည်တော်အတွက် အသင့်ပြင်ထားသော ခန်းမဆောင်အတွင်းသို့ ဝင်သွားကြသည်။

လိုအပ်သည်များကို အနည်းငယ်မျှ ပြောဆိုပြီး ဆရာဝန်နှင့် သူနာပြုဆရာမအုပ်စုတို့ ထွက်သွားကြသည်။

ထွန်းသစ်နှင့် အခြားဝန်ထမ်းတစ်ဦး တံခါးဝ၌ စောင့်နေကြသည်။

အခန်းထဲ၌ ဦးဒေဝါနှင့် ဘချုပ်တို့သာ ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒေဝါက သဘောကျစွာ ရယ်မောလိုက်ပြီး. . .

"ကျုပ်ရဲ့အမှုအရာ ဘယ်လိုနေလဲ. . . ဘချုပ်"

"ကောင်းတယ်ဗျာ. . . သိပ်ကောင်းတယ်"

ဦးဒေဝါက အမှိုက်ပုံးထဲသို့ လက်ကိုင်ပဝါကို ပစ်ထည့်လိုက်၏။

"ကျွန်တော် နိုင်ငံခြားကို ခရီးထွက်ဖို့အတွက်. . . ဘယ်သူမှ ပရိပ်မိအောင် ခင်ဗျား စီစဉ်တာ တော်တော်လေး သဘောကျတယ်ဗျာ"

"ခင်ဗျား လိုက်ရမယ့် လေယာဉ်ဟာ. . . နောက်တစ်နာရီနဲ့ သုံးဆယ့်ငါးမိနစ်တိတိမှာ ထွက်လိမ့်မယ်"

ဦးဒေဝါက ခေါင်းညိတ်လိုက်ပြီး. . .

"ကျုပ်လည်း ခဏအနားယူလိုက်ဦးမယ်။ ဆရာဝန်ပြောတဲ့ ညွှန်ကြားချက်အတိုင်းပဲပေါ့ဗျာ"

ဘချုပ်က. . .

"ကဲ. . . ကျုပ်လည်း အောက်ထပ် ဆင်းလိုက်ဦးမယ်"

"အင်း. . . ကျုပ်သွားတဲ့နေရာမှာ အခြေအနေကောင်းရင်တော့ ကျုပ်တို့ရဲ့စီးပွားရေးခေတ်သစ်တစ်ခေတ်ကို ထူထောင်နိုင်လိမ့်မယ်လို့. . . ထင်တယ်"

"အဲဒီလို အခွင့်အရေးမျိုး ရပါစေလို့ ကျုပ်လည်း ဆုတောင်းပါတယ်။ နိုင်ငံတော်အတွက်ပါ အကျိုးအမြတ် အများကြီး ရလာနိုင်ပါလိမ့်မယ်"





ဘချုပ်သည် အခန်းထဲမှ ထွက်ခွာလာသည်။

ထွန်းသစ်က လှမ်း၍မေးသည်။

"သတင်းသမားတွေနဲ့ သွားတွေ့မလို့လား. . . ဆရာ"

ဘချုပ်က ခေါင်းညိတ်လိုက်ပြီး. . .

"ဒီအခန်းဘက်ကို အဝင်အထွက် တစ်ယောက်မှ မရှိစေနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ဘချုပ်သည် ဓာတ်လှေကားထဲသို့ဝင်၍ မြေညီထပ်သို့ ဆင်း[illegible]သည်။

ဘချုပ်က သတင်းသမားများဘက်သို့ လှမ်းပြောသည်။

"ခင်ဗျားတို့အတွက် သတင်းထုတ်ပြန်ချက်တစ်ခု ပေးမယ်"

သတင်းသမားများ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

ဘချုပ်က အပေါ်အင်္ကျီအိတ်ထဲမှ စက္ကူတစ်ရွက်ထုတ်၍ အသံ[illegible]ယ်ကျယ်နှင့် ဖတ်ပြလိုက်၏။

'ယနေ့ညနေ (၅)နာရီ (၃၇)မိနစ်တွင် ဦးဒေဝါအား ကောသမ္ဘိ[illegible]ရုံ၌ အတွင်းလူနာအဖြစ် တင်ထားလိုက်သည်။ ဦးဒေဝါသည် [illegible] အနည်းငယ်ရောင်နေပြီး အဆုတ်ပါ ပွနေသည်။ ဦးဒေဝါ၏ [illegible]ဂါအခြေအနေမှာ အသက်အန္တရာယ်ကို ထိခိုက်နိုင်သည်အထိ [illegible]းထန်မှုမရှိပေ။ သို့သော် သက်ဆိုင်ရာဆရာဝန်ကြီးများ၏ ညွှန်[illegible]းချက်အရ ဦးဒေဝါအား (၇၂)နာရီမျှ အနားယူခိုင်းထားလိုက်[illegible]ည်'

ဘချုပ်က စာရွက်ကိုခေါက်၍ အိတ်ထဲသို့ ပြန်ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်းသမားများသည် ဤမျှလောက် သတင်းကလေးနှင့် ကျေနပ်ပည့်ပုံမရပေ။

✠

ကိုတောင်းလွန်းလှသော အချိန်အနည်းငယ်အတွင်း အပြောင်းအလဲများ လျင်မြန်စွာ ဖြစ်ပျက်သွားသည်။

ထွန်းသစ်ပင်လျှင် အံ့သြနေမိသည်။ ဦးဒေဝါအား သီးသန့်အခန်းထဲသို့ ပို့ပေးပြီး ငါးမိနစ်မျှအကြာ၌ဖြစ်သည်။

ပိတ်ထားသည့် တတိယမြောက်အထပ်သို့ သူနာပြုဆရာမတစ်ဦး နေရာမှား၍ အမှတ်တမဲ့ ရောက်ရှိလာသည်။

ထိုသူနာပြုဆရာမကလေးသည် ရုပ်ရည်ချောမောသူဖြစ်သည်၊

ပတ်တီးများ အထပ်ထပ် စည်းနှောင်ထားသည့် လူနာတစ်ဦးကို သူနာတင်လှည်းပေါ်၌တင်၍ သူမက တွန်းယူလာသည်။ လူနာ၏လက်မောင်း၌ အကြောဆေးပုလင်းက ပိုက်တန်းလန်းနှင့် သွင်းလျက်သားပါလာသည်။

ထွန်းသစ်က သူမကိုကြည့်၍. . .

“ဆရာမ. . . အထပ်မှားလာပြီနဲ့တူတယ်”

သူနာပြုဆရာမကလေးက မျက်လုံးပြူးသွားပြီး. . .

“ဒါ. . . စတုတ္ထမြောက်အထပ် မဟုတ်လားဟင်”

ထွန်းသစ်က ခေါင်းခါ၍. . .





“ဒါ. . . တတိယထပ်ပါ ဆရာမ”

“ဩော်. . . ဟုတ်လား”

သူနာပြုဆရာမကလေး ဓာတ်လှေကားဘက်သို့ သူနာတင်လှည့်ကို လှည့်လိုက်၏။

ရှေ့ဘက်ရှိ ဓာတ်လှေကားတံခါးမှာ ပိတ်၍နေသည်။

ထွန်းသစ် မနေသာတော့ပေ။ သူမကို ကူညီ၍ ဓာတ်လှေကားတံခါးကို ဖွင့်ပေးရန် သူနာတင်လှည်းဘေးမှ ဖြတ်သွားသည်။

ထိုအချိန်မှာပင် သူနာတင်လှည်းပေါ်မှ လူနာက ညည်းတွားလိုက်သည်။

ထွန်းသစ်က စပ်စုသည့်အနေဖြင့်. . .

“သူက ဘာဖြစ်တာလဲ”

“ကားမှောက်တာလေ”

လူနာက ထပ်မံညည်းညူလိုက်ပြန်သည်။

လက်တစ်ဖက်ကိုလည်း ဆန့်ခါထုတ်လိုက်၏။

ဂလူးကို့စ်ပုလင်း လွင့်ခါထွက်သွားသည်။ ထွန်းသစ်က ဂလူးကို့စ်ပုလင်းကို လှမ်း၍ဖမ်းလိုက်သည်။

သူနာပြုဆရာမ ဟန်ဆောင်ထားသော အမျိုးသမီးကလေးက ထွန်းသစ်၏လည်ကုတ်ကို တုတ်တစ်ချောင်းဖြင့် ဖြတ်၍ရိုက်ချလိုက်၏။

ထွန်းသစ်မှာ သတိလစ်၍ လဲကျသွားသည်

“ထွန်းသစ်. . . ”



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့ဝင်တစ်ဦးက လှမ်း၍ခေါ်သည်။ သက်သေကင်း ဖြစ်လာသဖြင့် သေနတ်ကို အသင့်ဆွဲထုတ်ယူလိုက်သည်။

သူနာတင်လှည်းပေါ်၌ လိုက်ပါလာသောလူနာ ရုတ်တရက် ထ၍ထိုင်သည်။

အပေါ်မှ လွှမ်းခြုံထားသည့် စောင်အောက်ရှိ ဆိုင်လင်ဇာ တပ်ပစ္စတိုဖြင့် လှမ်း၍ပစ်သည်။ ပစ္စတို၏အသံ ခပ်အုပ်အုပ် ထွက်ပေါ်လာသည်။

အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့ဝင်မှာ ကြမ်းပြင်ပေါ်သို့ ခွေခနဲ လဲကျသွားသည်။

အခန်းတွင်းရှိ ဦးဒေဝါက လှမ်း၍အော်မေးသည်။

"ဟေ့. . . အပြင်ဘက်မှာ ဘာတွေဖြစ်နေကြတာလဲ"

သူသည် ခုတင်ပေါ်မှထ၍ တံခါးဆီသို့ လျှောက်လာသည်။

တံခါးလက်ကိုင်ဘုကို ကိုင်မိချိန်မှာပင် တံခါးပွင့်သွားသည်။ အခန်းထဲသို့ ထွန်းလင်းမြင့် ဝင်လာသည်။

သူ၏လက်တစ်ဖက်၌ ဆိုင်လင်ဇာတပ်ပစ္စတိုကို ကိုင်ထားသည်။ ကျန်လက်တစ်ဖက်ဖြင့် မျက်နှာပေါ်မှ ပတ်တီးများကို လျှင်မြန်စွာ ဆွဲခွာလိုက်သည်။

ဦးဒေဝါ အခြေအနေကို ရိပ်စားမိလိုက်သည်။

တယ်လီဖုန်းကို အလျှင်အမြန် လှမ်း၍ခုန်အုပ်လိုက်သည်။

ထွန်းလင်းမြင့်က အပေါ်မှ အုပ်စီး၍ ဦးဒေဝါကို ချုပ်ကိုင်လိုက်၏။



သူနာပြုဆရာမအတုက ဦးဒေဝါ၏ပါးစပ်နှင့် နှာခေါင်းကို စွတ်စိုနေသော ပဝါစတစ်ခုဖြင့် အုပ်လိုက်၏။

ဦးဒေဝါ ချက်ချင်းပင် သတိလစ် မေ့မြောသွားသည်။

ထွန်းလင်းမြင့်နှင့် သူနာပြုဆရာမအတုတို့ လျှင်မြန်စွာ လှုပ်ရှားကြသည်။ ဦးဒေဝါအား ပတ်တီးများ အမြန်စည်းနှောင်ပေး၍ သူနာတင်လှည်းပေါ်သို့ တင်လိုက်ကြသည်။

✠

မြေညီ၏ဆေးရုံခန်းမအတွင်း၌ ဘချုပ်နှင့် သူ၏လူများ ရှိနေကြသည်။

သတင်းသမားများ တစ်ဦးမျှ မရှိကြတော့။

သူနာပြုဆရာမကလေးအချို့နှင့် အမျိုးသားဝန်ထမ်းတစ်ဦးတလေ ဖြတ်သန်းသွားသည်သာ ရှိတော့သည်။

ဘချုပ်က နာရီကို ငုံ့ကြည့်သည်။

"နောက်ဖေးထွက်ပေါက် အခြေအနေ. . ."

အကြမ်းဖက်မှု နှိမ်နင်းရေးအရာရှိငယ်တစ်ဦးက. . .

"ကျွန်တော်တို့ရဲ့လူနှစ်ယောက် စောင့်နေကြပါတယ်"

"ကားကော. . ."

"အသင့်ရောက်နေပါပြီ"



မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လေသိပ်နဲ့ကော. . ."

"လုပ်းအကြောင်းကြားထားပြီးပါပြီ"

"ကောင်းပြီ. . . ငါတို့ရဲ့ အထူးဧည့်သည်တော်ပဲ ကျန်တော့တယ်"

ဘချပ်နှင့် သူ၏လူများ ဓာတ်လှေကားဘက်သို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားကြသည်။

ဓာတ်လှေကားခလုတ်နှိပ်ရန် ဘန်ပြင်လိုက်စဉ်မှာပင်. . .

တံခါးပွင့်လာသည်။

သူနာပြုဆရာမချောချောလေးတစ်ဦးနှင့် အမျိုးသားဝန်ထမ်းတစ်ဦး သူနာတင်လှည်းပေါ်၌ ပတ်တီးများ အထပ်ထပ် စည်းနှောင်ထားသည့် လူနာတစ်ဦး။

သူနာတင်လှည်းကို ဓာတ်လှေကားအတွင်းမှ တွန်းထုတ်လာကြသည်။

သူနာပြုဆရာမလေးက ညင်သာသောအသံဖြင့်ပြောသည်။

"နည်းနည်းလောက်. . . လမ်းဖယ်ပေးကြပါရှင်"

ဘချပ်၏လူများက ဘေးသို့ဖယ်ပေးကြသည်။

ဘချပ်က ဓာတ်လှေကားတံခါးကို ကိုင်ထားလိုက်သေးသည်။

ဆေးရုံဝန်ထမ်း အမျိုးသားဟန်ဆောင်ထားသော ထွန်းလင်းမြင့်က ယဉ်ကျေးစွာဖြင့် ပြောသည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဘချပ်နှင့် သူ၏လူများ ဓာတ်လှေကားအတွင်းသို့ ဝင်သွားကြ





သည်။

✠

ထွန်းလင်းမြင့်နှင့် သူနာပြုဆရာမ ဟန်ဆောင်ထားသည့် အမျိုးသမီးတို့သည် ဦးဒေဝါအား အရေးပေါ် ထွက်ပေါက်ဘက်သို့ တွန်းလာသည်။

သူနာတင်ယာဉ်တစ်စီးက အသင့်စောင့်ဆိုင်းနေ၏။

ဦးဒေဝါကို သူနာတင်ယာဉ်ပေါ်သို့ တင်လိုက်သည်။

ဆေးရုံအရေးပေါ်ခန်းမှ စာရေးအား ထွန်းလင်းမြင့်က စာရွက်နှစ်ရွက် လှမ်းပေးလိုက်သည်။

ထွန်းလင်းမြင့်က သူနာတင်ကားတံခါးကို ပိတ်လိုက်၏။

သူနာတင်ကားသည် တစ်ရှိန်ထိုး မောင်းနှင် ထွက်ခွာသွားသည်။

စာရေးက သူနာတင်ကားကို တစ်ချက်လှမ်းကြည့်၍ ရေရွတ်လိုက်သည်။

"တော်တော်အလုပ်ရှုပ်တဲ့ညပဲ။ ဟိုလူ ဝင်လာလိုက်. . . ဒီလူထွက်သွားလိုက်နဲ့ ဒီကြားထဲ သတင်းသမားတွေ၊ ဓာတ်ပုံသမားတွေကလည်း သတင်းမေးလို့ကို. . . မဆုံးနိုင်တော့ဘူး"

ဆေးရုံဒုတိယမြောက်အထပ်၌မူ ဘချပ်က အော်ဟစ် အမိန့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဒေသရဲ့အဆောက်အအုံတစ်ခုလုံး အဝင်အထွက် လုံးဝမရှိအောင် ဇ-၃ချက်ချင်း . . . ပိတ်လိုက်စမ်း"

✠ ✠ ✠



အခန်း ( ၇ )

သူနာတင်ယာဉ်သည် 'ကျောက်ငူစွန်း'တွင် တည်ရှိသည့် ရဟတ်ယာဉ်ကွင်းအနီး၌ ရပ်လိုက်သည်။

ထွန်းလင်းခြင့်က ကားမောင်းသူနေရာမှ တံခါးဖွင့်၍ ဆင်းသည်။

တွက်လပ်ကွင်းပြင်၌ ရဟတ်ယာဉ်တစ်စီး ရပ်တန့်ထားသည်။

သူနာပြုဆရာမအတုရဲ့ အကူအညီဖြင့် သူနာတင်လှည်းအား ရဟတ်ယာဉ်အနီးသို့ တွန်းသွားသည်။

ရဟတ်ယာဉ်ဘေး၌ လူနှစ်ဦး အသင့်စောင့်နေကြ၏။

သတိမေ့နေသေးသည့် ဦးဒေဝါအား ရဟတ်ယာဉ်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်း၍တင်ပေးလိုက်ကြသည်။

ထွန်းလင်းမြင့်က ဘောင်းကင်ထက်သို့ မော့ကြည့်လိုက်ပြီး ဂုဏ်ယူဝင့်ကြွားသည့် အမူအရာဖြင့် လက်နှစ်ဖက်ကို မြှောက်လိုက်၏။

ထွန်းလင်းမြင့် ကျေနပ်အားရစွာ ရယ်မောလိုက်သည်၊

ထိုစဉ်မှာပင်. . .

"တကယ်ချီးကျူးစရာပါပဲ ထွန်းလင်းမြင့်"

အမှောင်ရိပ်အတွင်းမှ အသံတစ်သံ ထွက်ပေါ်လာသည်။

ဘသန်းထက် တစ်လှမ်းချင်း လျှောက်၍လာသည်။ သူ၏ မျက်နှာပြင်ပေါ်၌ အပြုံးရိပ်တစ်ခု တွဲခို၍နေ၏။

ထွန်းလင်းမြင့် နောက်ဘက်သို့ ချာခနဲ လှည့်လိုက်၏။

ဘသန်းထက်ကို တွေ့လိုက်ရသဖြင့် အံ့ဩစွာ စိုက်ကြည့်လိုက်မိသည်။

"နေပါဦး. . . ခင်ဗျားက ဒီနေရာမှာ ဘာလာလုပ်နေတာလဲ"

ဘသန်းထက်က. . .

"အင်မတန် သေသပ်ကောင်းမွန်တဲ့ အော်ပရေးရှင်းတစ်ခုပါပဲ ထွန်းလင်းမြင့်၊ တကယ့်ကို ညင်သာ ပိရိပါပေတယ်။ ဒီအော်ပရေးရှင်းမှာ ကျဆုံးသူဆိုလို့. . . တစ်ဦးပဲရှိတယ်"

"ဟင်. . . ဘယ်သူ ကျဆုံးသွားလို့လဲ"

"အဲဒီလူကတော့ မင်းကိုယ်တိုင်ပဲပေါ့. . . ထွန်းလင်းမြင့်"

ဘသန်းထက်၏လက်တစ်ဖက် မြှောက်တက်သွားသည်၊





ဆိုင်လင်ဆာတပ် ပစ္စတိုသေနတ်၏ပြောင်းဝမှ လိမ္မော်နီရောင်မီးပွင့်တစ်ပွင့် ပွင့်ထွက်သွားသည်။

ထွန်းလင်းမြင့် မြေပြင်ပေါ်သို့ လဲကျသွားသည်။

ဘသန်းထက် ကျေနပ်စွာ ပြုံးလိုက်၏။

သူ အလွန်မုန်းတီးသော ထွန်းလင်းမြင့်အား အပိုင်ရှင်းထုတ်လိုက်နိုင်သည့်အတွက် စိတ်ထဲ၌ အတော်ကြီး ကျေနပ်နှစ်သိမ့်သဘောကျနေမိသည်။

ထွန်းလင်းမြင့်၏သေး၌ရပ်၍ နောက်ထပ် ကျည်သုံးတောင့် ထပ်မံပစ်သွင်းလိုက်သည်။

ဘသန်းထက် သေနတ်ကို အိတ်ထဲသို့ ထိုးထည့်လိုက်၏။

ရဟတ်ယာဉ်ထဲ၌ ရှိနေသူများဘက်သို့ လှည့်၍အမိန့်ပေးလိုက်၏၊

"စက်နှိုးပေတော့. . . သွားကြရအောင်"

ကျယ်လောင်သော အင်ဂျင်စက်သံနှင့်အတူ ရိုတာဒလက်များ လည်ပတ်လာသည်၊

ဘသန်းထက်သည် သူ လွန်စွာမုန်းတီးစက်ဆုပ်သည့် ထွန်းလင်းမြင့်၏အလောင်းကို နောက်ဆုံးတစ်ကြိမ် ကြည့်လိုက်သည်။

"အင်း. . . တစ်ယောက်တော့ ရှင်းသွားပြီ. . .။ နောက်တစ်ယောက်ပဲ ကျန်တော့တယ်"

ဘသန်းထက်မျက်လုံးထဲ၌ ရဟတ်ယာဉ်၏အောက်ဖက်ခြေထောက်တန်းကို လက်တစ်ဖက်တည်းဖြင့် တွဲခိုလိုက်ပါသွားသော လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏သဏ္ဍာန်ကို ပြန်လည်မြင်ယောင်လာမိသည်။

❋

သူနာတင်ယာဉ်မှ အနီရောင်မီးပွင့်များ လင်းလည်၍နေပြီး ဥဩသံ ဆူညံကျယ်လောင်စွာမြည်လျက် လမ်းပေါ်၌ လျှင်မြန်စွာ ပြေးလွှားနေ၏။

ဆေးရုံရှေ့၌ သတင်းသမားများ ဓာတ်ပုံသမားများ ရှိနေကြသည်။ သူနာတင်ယာဉ်သည် အရေးပေါ်ခန်း၏ ဝင်ပေါက်ရှေ့၌ ရပ်တန့်လိုက်၏။

အမှုထမ်းနှစ်ဦးက သူနာတင်ယာဉ် နောက်ဘက်တံခါးကို ဖွင့်လိုက်၏။

သူနာတင်ယာဉ်ပေါ်မှ လူနာတစ်ဦးကို အောက်သို့သယ်ချလာသည်။ ထိုလူနာမှာ ပတ်တီးများ အထပ်ထပ် စည်းနှောင်ထားပြီး စောင်ခြုံထားသည်။

လူနာကို သူနာတင်လှည်းပေါ်သို့ တင်လိုက်၏။

သူနာတင်လှည်းကို အရေးပေါ်ခန်းအတွင်းသို့ အပြေးအလွှား တွန်းယူသွားကြသည်။

ဓာတ်မှန်အကြာ၌ ခွဲစိတ်ခန်းအတွင်းသို့ ရောက်လာကြသည်။

လူနာကို ခွဲစိတ်ခုတင်ပေါ်သို့ တင်လိုက်ပြီး သူနာတင်လှည်း နောက်ဆုတ်၍ ထွက်သွားသည်။





ခွဲစိတ်ခုတင်ပေါ်မှ လူနာသည် ထ၍ထိုင်လိုက်၏။ ပတ်တီးများကိုလည်း ဖြည်လိုက်သည်။

ခွဲစိတ်ခုတင်ပေါ်၌ တောက်ပသော မီးရောင်က ဖြာကျ၍နေ၏။

ဘချုပ်က နူးညံ့သောလေသံဖြင့် ခပ်တိုးတိုးပြောလိုက်၏။

"မင်း. . . အခုလို ရောက်လာတဲ့အတွက် ကျေးဇူး သိပ်တင်တယ် စဝ်ရန်နိုင်"

စဝ်ရန်နိုင်က. . .

"ဘချုပ်က အမြန်လာခဲ့ပါဆိုတော့ ကျွန်တော်. . . ချက်ချင်း လာခဲ့ရတာပေါ့"

"မင်း ရောက်လာတာ တော်သေးတယ်။ ဒီမှာတော့ အတော်လေး ရှုပ်ထွေးနေပြီ"

စဝ်ရန်နိုင်သည် ခွဲစိတ်ခုတင်ပေါ်မှ ဆင်းလိုက်၏။

ဘချုပ်ကို သေချာစွာ ကြည့်လိုက်သည်။

ဘချုပ်၏ မူလပင်ကို ပုံမှန်အနေအထားများနှင့် ကင်းကွာနေသလိုဖြစ်နေ၏၊ ဘချုပ်မှာ စိတ်ပန်းလူပန်း ဖြစ်နေပုံရသည်။ သူသည် ထောက်လှမ်းရေးပါရဂူတစ်ဦး ဖြစ်သော်လည်း လွန်စွာ ကြီးမား လေးလံသော တာဝန်ဝတ္တရားများကို ထမ်းဆောင်နေရသူ ဖြစ်သည်။

စဝ်ရန်နိုင်က. . .

"ကျွန်တော့်ကို. . . ဒီပုံစံနဲ့ ခေါ်လာခဲ့တယ် ဆိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ အတော်ရှုပ်ထွေးနေပြီဆိုတာ နားလည်ပါတယ်"

"ဒီလို စဝ်ရန်နိုင်ရ. . .။ မင်းကို သတင်းသမားတွေ ရှေ့က နေ ခေါ်သွင်းလာလို့ မဖြစ်ဘူး။ ဦးဒေဝါကို သူတို့ထုတ်သွားတာ ဒီ ပုံစံအတိုင်းဆိုတော့ ငါကလည်း မင်းကို ဒီပုံစံအတိုင်းပဲ သွင်းလာခဲ့ ရတာပေါ့"

"သူနာတင်ယာဉ်နဲ့. . . ထုတ်သွားတာလား"

"ဟုတ်တယ်"

"နေပါဦး. . .။ ဦးဒေဝါက ဒီဆေးရုံကို ဘာလာလုပ်တာလဲ"

"လှည့်ကွက်တစ်ခု ဖန်တီးလိုက်တာပါ။ သူက ပြည်ပခရီးထွက် တာ ဘယ်သူမှ မသိစေချင်ဘူး။ သူ သွားမယ့်ကိစ္စကလည်း အရမ်း အရေးကြီးတယ်။ အထူးသဖြင့်ကတော့ သတင်းသမားတွေ ပိုပြီး မသိ စေချင်ဘူး"

စဝ်ရန်နိုင်က. . .

"အဲဒီအကြံက ဘယ်သူ့အကြံလဲ"

"အဲဒီအချက်က အရေးမကြီးပါဘူး"

ဘချုပ်က သူ၏အိတ်ထဲမှ စာအိတ်တစ်လုံးကို ထုတ်လိုက် သည်။

စာအိတ်ထဲမှ ပစ္စည်းများကို ခွဲစိတ်ခန်းသုံး ခုတင်ပေါ်သို့ ခေါက်ချလိုက်၏။ မျက်မှန်ဝိုင်းတစ်လက်နှင့် နီလာလက်စွပ်တစ် ကွင်း ကျ၍လာ၏။

"ပြန်ပေးသမားတွေက. . . ဒီပစ္စည်းတွေကို ပို့ပေးလိုက်တယ်၊





ပစ္စည်းတွေအားလုံး ဦးဒေဝါရဲ့ပစ္စည်းတွေချည်းပဲဆိုတာ. . . အတိ အကျပဲ"

ထိုအချိန်မှာပင် အခန်းတံခါး ပွင့်လာ၏။ ထွန်းသစ် အခန်း ထဲသို့ ဝင်လာပြီး. . .

"ဘချုပ်. . . မိုးမခမြို့က စကားပြောချင်လို့တဲ့"

စဝ်ရန်နိုင်နှင့် ထွန်းသစ်တို့ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ သူတို့နှစ်ဦးစလုံး ခင်မင်ရင်းနှီးကြသူများဖြစ်သည်။

ခွဲစိတ်ခန်းအတွင်းမှ ထွက်သွားသည့် ဘချုပ်၏နောက်မှ သူ တို့နှစ်ဦး လိုက်သွားကြသည်။

ဆေးရုံအောက်ထပ်၌ အခန်းတစ်ခန်းကို ယာယီဌာနချုပ် အဖြစ် သတ်မှတ်၍ အသုံးပြုနေသည်။

အခန်းအတွင်းသို့ရောက်လျှင် ဘချုပ်က. . .

"ပြန်ပေးသမားတွေက ဦးဒေဝါကို ဈေးနှုန်းသတ်မှတ်လိုက် ပါက်စွပဲ။ ရွှေစင် သန်းတစ်ထောင်ဖိုးပေးမှ. . . ဦးဒေဝါကို ပြန် လွှတ်ပေးနိုင်မယ်လို့ ပြောတယ်"

စဝ်ရန်နိုင်က ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"ပြန်ပေးသမားတွေက အချိန်ဘယ်လောက်အထိ သတ်မှတ် ပေးထားသလဲ"

"(၇၂)နာရီ. . ."

ယာယီဌာနချုပ်အဖြစ် အသုံးပြုနေသော အခန်းအတွင်း၌ စားပွဲတစ်လုံးမျှ မရှိချေ။ စားပွဲများ၊ ထိုင်ခုံများ၊ တယ်လီဖုန်းများ၊



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးစက်များ၊ ကွန်ပျူတာများ၊ အထူးအေးဂျင့်အဖွဲ့မှ လူများနှင့် ပြည့်၍နေ၏။

ဘချုပ် တယ်လီဖုန်းကို ကိုင်လိုက်သည်။

"ဟုတ်ကဲ့. . . ဘချုပ် ပြောနေပါတယ်။ ထူးခြားမှု မရှိသေးပါဘူး။ ကျွန်တော်တို့ဘက်က အဆက်အသွယ်တွေအားလုံး လိုက်နေကြပါတယ်။ သူတို့ဘက်က တောင်းတဲ့ငွေကြေးကိစ္စ ဘယ်လိုဆုံးဖြတ်ထားပါသလဲ။ ဟုတ်ကဲ့. . . ဒီဘက်က အခြေအနေ ထူးခြားတာနဲ့ ချက်ချင်း ဆက်သွယ်ပါ့မယ်"

ဘချုပ် ဖုန်းကို ချလိုက်သည်၊

ထွန်းသစ်က. . .

"ပြန်ပေးသမားတွေ တောင်းတဲ့ငွေကို ပေးဖို့. . . သဘောတူပြီလား"

"ဆုံးဖြတ်ချက်. . . မချရသေးဘူး"

"သူတို့တောင်းတဲ့ ငွေသန်းတစ်ထောင် ပေးလိုက်လို့ ဦးဒေဝါကို ပြန်လွှတ်ပေးမယ်ဆိုတဲ့ အာမခံချက် လုံးဝမရှိဘူး"

စဝ်ရန်နိုင်က ကြားဖြတ်၍ပြောလိုက်ခြင်းဖြစ်သည်။

ဘချုပ်က ခေါင်းညိတ်၍. . .

"မိုးမခကလည်း ဒီအတိုင်းပဲ ယူဆထားတယ်။ ဦးဒေဝါကို ပြည်ပအဖွဲ့အစည်းတွေကပါ လိုချင်နေကြတယ်။ ဦးဒေဝါနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို သိချင်ကြလို့ပဲ"

စဝ်ရန်နိုင်က တည်ငြိမ်စွာ မေးသည်။





"ကျွန်တော့်ရဲ့တာဝန်က ဘယ်လိုတာဝန်လဲ. . . ဘချုပ်"

"မင်းဟာ. . . ငါ့ရဲ့ ငွေတစ်သန်းတန်တဲ့ မြားတစ်စင်းပဲ"

စဝ်ရန်နိုင်က မျက်မှောင်ကြုတ်လျက်. . .

"ဘာအစီအစဉ်လဲ. . . ဘချုပ်"

"ငါနဲ့လိုက်ခဲ့"

စဝ်ရန်နိုင်နှင့် ထွန်းသစ်တို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြသည်။ ထို့နောက် ဘချုပ်၏နောက်မှ လိုက်သွားကြသည်။

ဘချုပ်က လမ်းလျှောက်သွားရင်းမှ. . .

ကျောက်စိမ်းဒေသ အော်ပရေးရှင်းကို. . . ငါကိုယ်တိုင် ကန့်ကွက်ခဲ့တယ်။ မင်းအတွက်ရော. . . ဦးသော်ဇံအတွက်ပါ အန္တရာယ်ကြီးလွန်းလို့ပဲ။ ဒါပေမဲ့. . . မင်းက စွန့်စွန့်စားစားနဲ့ လုပ်ဆောင်ခဲ့တဲ့အတွက် ငါ သိပ်ဝမ်းသာခဲ့ရတယ်"

စဝ်ရန်နိုင်က ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"ဦးဒေဝါကို (၇၂)နာရီအတွင်းမှာ. . . ကယ်ထုတ်ပေးစေချင်တာလား"

ဘချုပ်က အထူးခေတ်ခွဲခန်းတစ်ခုရှေ့၌ ရပ်လိုက်၏။

"ဦးဒေဝါ ဘယ်နေရာမှာ ရှိတယ်ဆိုတာ ငါတို့သိတာတောင် တို့ဆီက ရောဒေအဖွဲ့ကြီး လွှတ်လိုက်လို့ လုံးဝမဖြစ်ဘူး။ ကျောက်ဒေသမှာတုန်းကလိုပဲ လူတစ်ယောက်၊ အခွင့်အရေးတစ်ခုနဲ့ သွားရမယ့်နည်းလမ်းပဲ. . . သုံးလို့ရနိုင်မယ်"

"ဘယ်နေရာက စရမှန်း မသိဘဲနဲ့. . . ကျွန်တော်က ဒီကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကိုင်တွယ်ရမလဲ"

"ငါတို့မှာ အရေးကြီးတဲ့ သဲလွန်စတစ်ခုတော့. . . ရှိတယ်"

ဘချုပ်က ဓာတ်ခွဲခန်းတံခါးကို ဖွင့်လိုက်သည်။

✠ ✠ ✠



အခန်း ( ၈ )

သန့်ရှင်း သပ်ရပ်၍ ခေတ်မီလှသော ဓာတ်ခွဲခန်းကြီးတစ်ခု အတွင်းသို့ ရောက်လာကြသည်။

အနုမိဝသိပ္ပံသုတေသနဌာန ဓာတ်ခွဲခန်းဦးစီးမှူး ဒေါက်တာ ကောင်းမြတ်သူ၏ဓာတ်ခွဲခန်းနှင့် ခပ်ဆင်ဆင်တူသည်။

ဓာတ်ခွဲခန်း၏အဆုံး၌ ထွန်းလင်းမြင့်၏အလောင်းကို စစ်ဆေး ကြည့်ရှုနေသည့် ဒေါက်တာကောင်းမြတ်သူကို တွေ့လိုက်ရသည်။

ဘချုပ်က အလောင်းကို ညွှန်ပြ၍. . .

"သူ့ကို. . . နံ့သာမြိုင်ဥယျာဉ်မြို့တော် ရဟတ်ယာဉ်ကွင်းမှာ တွေ့ခဲ့ရတယ်။ ဆေးရုံဝန်ထမ်းဝတ်စုံကို ဝတ်ထားတယ်။ အလောင်းအကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ မပြောနိုင်ဘူး။ ဦးဒေဝါကို သူတို့ဖမ်းသွားတဲ့ညမှာ. . . သူ့ကို ဒေါ်းရုံပေါ်မှာ တွေ့လိုက်မိတယ်လို့တော့ ထင်တယ်"

စဝ်ရန်နိုင်က ငုံ့ကြည့်၍. . .

"သူက ဘယ်သူလဲ"

"သူ ဘယ်သူမှန်း. . . လုံးဝမသိရသေးဘူး"

ထွန်းသစ်က ဆက်၍ပြောသည်။

"သူ့ရဲ့လက်ဗွေရာနဲ့ ကွန်ပျူတာမှတ်တမ်းတွေထဲမှာ လိုက်ရှာကြည့်ပြီးသွားပြီ။ လုံးဝ မတွေ့ရသေးဘူး"

"ဒါဖြင့်. . . ဒီကိစ္စ ဘယ်လိုဆက်လုပ်ကြမလဲ"

ဒေါက်တာကောင်းမြတ်သူက. . .

"လုပ်လို့ရနိုင်မယ့် နည်းလမ်းတော့ တွေ့ထားတယ်။ ကဲ. . . ဒေါက်တာလင်းသီရိမွန်နဲ့ တွေ့လိုက်ကြရအောင်"

✠

ဒေါက်တာလင်းသီရိမွန်. . .။

သူမသည် အသက်(၂၉)နှစ်အရွယ်ရှိ မိန်းမပျိုတစ်ဦးဖြစ်သည်။

သူမသည် ဓာတ်ခွဲခန်း၏ တစ်ဖက်၌ရှိသည့် သစ်သားဝက်ပါထောင်ချောက်လမ်း၌ အလုပ်များ၍နေ၏။ သူမနှင့်အတူ သုတေသနပြုလုပ်သည့် ကြွက်ငယ်ကလေးများ ပါရှိနေသည်။





ဒေါက်တာကောင်းမြတ်သူက ဒေါက်တာလင်းသီရိမွန်နှင့် မိတ်ဆက်ပေးသည်။

"ဒေါက်တာလင်းသီရိမွန်. . . ဟောဒါ စဝ်ရန်နိုင်။ ဒါက ထွန်းသစ်ပါ. . .။ ဒေါက်တာ့ရဲ့လုပ်ငန်းကို စိတ်ဝင်စားလို့ ရောက်လာကြတဲ့ မိတ်ဆွေတွေပါ"

ဒေါက်တာလင်းသီရိမွန်က မသိမသာပြုံးလျက်. . .

"တွေ့ရတာ ဝမ်းသာပါတယ်. . . စဝ်ရန်နိုင်။ ကျွန်မကတော့ ဒေါက်တာကောင်းမြတ်သူရဲ့. . . ဇီဝစက်မှုအစိတ်အပိုင်းဆိုင်ရာ သုတေသနလုပ်ငန်းကိုပဲ အတော်လေး သဘောကျတယ်"

စဝ်ရန်နိုင်က. . .

"ကျွန်တော်လည်း စိတ်ဝင်စားပါတယ်"

ဘချုပ်က. . .

"ကဲ. . . အခု ကျုပ်တို့အားလုံး ဒေါက်တာလင်းသီရိမွန်ရဲ့ သုတေသနလုပ်ငန်းအကြောင်း ဆွေးနွေးရင် ပိုသင့်တော်မယ်လို့ ထင်တယ်"

စဝ်ရန်နိုင်က မျက်မှောင်တစ်ချက်ကြုတ်လျက်. . .

"သူ့ရဲ့လုပ်ငန်းက ဘယ်လိုလုပ်ငန်းမျိုးလဲ"

"သူ့ရဲ့ကြွက်တွေနဲ့ သုတေသနပြုထားတဲ့လုပ်ငန်း. . ."

ဒေါက်တာကောင်းမြတ်သူက. . .

"စဝ်ရန်နိုင်ကို ဒေါက်တာရဲ့ သုတေသနပြုထားချက်လေး ကြိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာလင်းသီရိမွန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး. . .

"ဟောဒီမှာ. . . ကြွက်ဖြူလေး သုံးကောင်။ အဲဒီကြွက်ဖြူလေ သုံးကောင်မှာ ခြားနားချက်၊ ကွဲပြားချက်တစ်ခုစီ ရှိပါတယ်။ ဟေ ဒါက. . . ဝက်ပါထောင်ချောက်လမ်း။ ဒီဝက်ပါထောင်ချောက်လမ် ကို ပသွားတတ်ရင် တစ်နေ့ရာတည်းမှာတင်. . . တဝဲလည်လည် ဖြ နေလိမ့်မယ်"

ဒေါက်တာလင်းသီရိမွန်သည် ပထမဦးဆုံးသော ကြွက်ဖြူတ ကောင်ကို ထောင်ချောက်ထဲမှ ထုတ်ယူလိုက်၏။

ထိုကြွက်ဖြူလေးကို ဝက်ပါထောင်ချောက်လမ်း၏ အဝင်ဝ ချထားပေးလိုက်၏၊ ဝက်ပါထောင်ချောက်လမ်းမှာ အကွေ့ အက အဆစ်များစွာဖြင့် ရှုပ်ထွေးလှပေသည်။

ထိုကြွက်ဖြူကလေးသည် ဝက်ပါထောင်ချောက်လမ်း၏ အဝ ထွက်ပေါက်အထိ ကျွမ်းကျင်စွာ ပြေးလွှားရှုံသွားပေသည်၊ ဝက် ထောင်ချောက်လမ်း၏ ထွက်ပေါက်သို့ရောက်လျှင် ထိုကြွက်ဖြူကလေ အတွက် ဒိန်ခဲအလုံးကလေးတစ်လုံး ဆုအဖြစ် ချပေးလိုက်သည်

ဒေါက်တာလင်းသီရိမွန်က ပထမကြွက်ဖြူကလေးကို လှော အိမ်ထဲသို့ ပြန်သွင်းလိုက်ရင်းမှ. . .

"ဟောဒီကြွက်ဖြူကလေး။ ဒီ. . . ဝက်ပါထောင်ချောက်လမ်း အစအဆုံး ကျွမ်းကျွမ်းကျင်ကျင် သွားတတ်ဖို့အတွက် အချိန် (၇) တိတိ ကြာခဲ့တယ်"

ဒုတိယကြွက်ဖြူလေးတစ်ကောင်ကို ကောက်ယူ၍ ဝက်





ထောင်ချောက်လမ်းအတွင်းသို့ ချပေးသည်။ ဒုတိယမြောက်ကြွက်ဖြူ ကလေးမှာ ဝက်ပါထောင်ချောက်လမ်းအတိုင်း ပြေးသွားသည်။ ဝက် ပါထောင်ချောက်လမ်းသွယ်တစ်ခုအတွင်း၌ ရှေ့သို့ဆက်သွားစရာ လမ်းမရှိတော့ဘဲဖြစ်သွားသည်။

ဒုတိယကြွက်ဖြူကလေးမှာ ထိုနေရာ၌ပင် ချာချာလည်၍ နေ ပေတော့သည်။

ဒေါက်တာလင်းသီရိမွန်က ဒုတိယကြွက်ဖြူကလေးကို ကောက် ယူလိုက်၏။

"ဟောဒီကြွက်ဖြူကလေးက ဒီဝက်ပါထောင်ချောက်လမ်းကို တစ်ကြိမ်မှ. ... မမြင်ဖူးသေးဘူး"

တတိယမြောက် ကြွက်ဖြူကလေးကို ဒေါက်တာလင်းသီရိမွန် က ယုယစွာ ကောက်ယူလိုက်သည်။

သူမက ဂုဏ်ယူစွာဖြင့် ပြောသည်။

"ဟောဒီ တတိယမြောက်ကြွက်ကလည်း. . . ဒီဝက်ပါထောင် ချောက်လမ်းကို တစ်ခါမှ မတွေ့ဖူးသေးဘူး"

ဒေါက်တာလင်းသီရိမွန်က တတိယမြောက်ကြွက်ဖြူကလေးကို ဝက်ပါထောင်ချောက်လမ်း၏အဝ၌ အသာအယာချပေးလိုက်သည်။

တတိယမြောက်ကြွက်ဖြူကလေးသည် ပထမဦးဆုံး ကြွက်ဖြူ ကလေးကဲ့သို့ ဝက်ပါထောင်ချောက်လမ်းကို ကျွမ်းကျင်စွာ ပြေးလွှား ၍သွားသည်။

ထွန်းသစ်က. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဒီအကောင်ကျတော့ ဝက်ပါထောင်ချောက်လမ်းကို ကျွမ်းကျင်နေပါလား"

ဒေါက်တာလင်းသီရိမွန်က လေးနက်စွာ ပြောသည်။

"တတိယမြောက်ကြွက်ရဲ့ဦးနှောက်ထဲကို ပထမကြွက်ရဲ့ဉာဏ်ရည်ဉာဏ်သွေးကို ထည့်ပေးထားတယ်"

ဘချုပ်က မသိမသာ ခေါင်းညိတ်လျက်ဖြင့်. . .

"အင်း. . . အံ့ဩစရာသိပ်ကောင်းတဲ့ ကိစ္စတစ်ခုပါပဲ။ ဒေါက်တာလင်းသီရိမွန်ဟာ ပထမကြွက်ရဲ့ဦးနှောက်ထဲက မှတ်ဉာဏ်ဆဲလ်ကို တတိယမြောက်ကြွက်ရဲ့ ဦးနှောက်ဆဲလ်ထဲကို ထိုးသွင်းပေးထားခဲ့တယ်"

ဒေါက်တာကောင်းမြတ်သူက တည်ငြိမ်စွာ ပြောသည်။

"အခု စမ်းသပ်မှုဟာ. . . အင်မတန် အန္တရာယ်ကြီးမားတဲ့ စမ်းသပ်မှုမျိုးပါ"

ထွန်းသစ်က ထွန်းလင်းမြင့်၏အလောင်းကို လက်ညှိုးထိုးပြလိုက်ပြီး. . .

"သူ့ရဲ့ဦးနှောက်ဆဲလ်ကို တခြားလူတစ်ယောက်ရဲ့ ဦးနှောက်ဆဲလ်ထဲကို ပြောင်းထည့်ပေးမယ့် စမ်းသပ်မှုလား"

ဒေါက်တာကောင်းမြတ်သူက ခေါင်းညိတ်လျက်. . .

"ဟုတ်တယ်. . . အဲဒီလို ဦးနှောက်ဆဲလ်ပြောင်းပြီး အထည့်ခံထားရတဲ့ လူတစ်ယောက်ဟာ ထွန်းလင်းမြင့်ရဲ့ ပင်ကိုဉာဏ်ရည်နဲ့ မှတ်ဉာဏ်ကို သတိရနေမယ်လို့ ယူဆထားတယ်"





ဘချုပ်ကပါ ဝင်၍ပြောသည်။

"အဲဒီလို သတိရလာတဲ့ မှတ်ဉာဏ်ထဲမှာ ဦးဒေဝါကို ဘယ်မှာဖမ်းဆီးထားတယ်ဆိုတဲ့အချက် ပါ့ပါစေလို့ မျှော်လင့်ရတာပဲ"

ထွန်းသစ်က ဖြည်းလေးစွာ ပြောသည်။

"ဦးဒေဝါနဲ့ ပတ်သက်ပြီး သိနေခဲ့ရင်တော့ အကြောင်းမဟုတ်ဘူး။ မသိထားခဲ့ရင်တော့. . . အခြေအနေက တစ်မျိုးပြောင်းသွားပါလိမ့်မယ်"

စဝ်ရန်နိုင်က ပြင်းထန်စွာ တားဆီးပြောဆိုလိုက်သည်။

"ဒီကိစ္စဟာ. . . မဖြစ်သင့်တဲ့၊ မလုပ်ထိုက်တဲ့ကိစ္စပဲ"

ဘချုပ်က မျက်မှောင်ကြုတ်၍. . .

"စဝ်ရန်နိုင်"

စဝ်ရန်နိုင်က. . .

"ကောင်းပြီ. . . ဦးနှောက်ဆဲလ် မသေအောင် ဘယ်လိုနည်းနဲ့ ထိန်းချုပ်မလဲ"

ဒေါက်တာလင်းသီရိမွန်က. . .

"ခန္ဓာကိုယ် သေဆုံးသွားပေမယ့် တချို့ဦးနှောက်ဆဲလ်တွေဟာ ရက်ပေါင်း အတော်ကြာတဲ့အထိ. . . အသက်ရှင်နေနိုင်ပါသေးတယ်"

စဝ်ရန်နိုင်က ခေါင်းခါလိုက်ပြီး ခါးသည်းစွာ ကန့်ကွက်ပြောဆိုသည်။

"ဦးနှောက်ဆဲလ်က ဘယ်အစိတ်အပိုင်းကို ခင်ဗျားတို့က ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ယူကြမှာလဲ။ အဲဒီကို ရွေးချယ်ထုတ်ယူမှုကို ဘယ်လိုလုပ်ကိုင်ကြမှာလဲ။ ဦးနှောက်ဆဲလ်တစ်ခုကနေ နောက်တစ်ခုကို ကူးပြောင်းခဲ့စိတ်ကဲ့သခါမှာ ပျက်စီးချို့ယွင်းမှု မရှိအောင် ဘယ်လိုထိန်းချုပ်ကြမလဲ၊ အသွင်ကူးပြောင်းမှုခံရတဲ့ ဦးနှောက်ဆဲလ်က အသစ်ဆဲလ်တွေကို လက်မခံခဲ့ရင်ကော... ဘယ်လိုလုပ်မလဲ။ ဘယ်လိုနည်းစနစ်နဲ့ အဲဒီ ဦးနှောက်ဆဲလ်ကို ထိုးသွင်းပေးမလဲ"

အဏုဇီဝသိပ္ပံသုတေသနဓာတ်ခွဲခန်းဦးစီးမှူးဖြစ်သူ ဒေါက်တာကောင်းမြတ်သူက လေသံခပ်တင်းတင်းဖြင့် သတိပေး ပြောဆိုလိုက်သည်။

"ဒီမှာ... စစ်ရန်နိုင်... တခြားလူတွေထက်စာရင် ခင်ဗျားက အဏုဇီဝ အစားထိုး ပြောင်းလဲမှုကို ပိုပြီး ယုံကြည်လက်ခံသလို တယ်"

စစ်ရန်နိုင်က ခပ်ထေ့ထေ့လေသံဖြင့်...

"ဒေါက်တာဆိုလိုတာက... ဇီဝစက်မှုအင်ဂျင်ပိုင်းဆိုင်ရာ အစားထိုး တည်ဆောက်တာမျိုးပဲ။ မတူဘူး... တခြားစီပဲ"

ဘချုပ်က ထပ်မံသတိပေးသည်။

"စစ်ရန်နိုင်"

စစ်ရန်နိုင်က...

"ခင်ဗျားတို့ရဲ့ စမ်းသပ်မှုက ဦးနှောက်အထိ နယ်ကျယ်လာတာတော့ သဘာဝမကျဘူး"

ဒေါက်တာလင်းသီရိမွန်က လက်ကာ၍ ဝင်ပြီးရှင်းပြပြော





သည်။

"ခဏလောက် နေကြပါဦး... ကျွန်မ ရှင်းပြပါရစေ။ အခု ပြုလုပ်မယ့်နည်းလမ်းဟာ မေထုန်မဲ့မျိုးပွားနည်းနဲ့ ပတ်သက်နေပါတယ်။ လူသားတစ်ဦးမှာ ကရိုမိုဇုန်း ၄၆ ခုပါတယ်။ ကရိုမိုဇုန်းဆိုတာ လူသားတစ်ဦးရဲ့ ပင်ကိုဗီဇသဘာဝကို ဖြစ်ပေါ်စေတဲ့ ဖွဲ့စည်းပုံပစ္စည်းတစ်ခုပါ။ ဖိုမ ဆုံတွေ့တဲ့အခါမှာ အဖိုကရိုမိုဇုန်း ၂၃ ခုနဲ့ အမ ကရိုမိုဇုန်း ၂၃ ခုတို့ ဆုံစည်းမိကြတယ်...။ အဲဒီအခါကျတော့မှ ကရိုမိုဇုန်း ၄၆ ခု ပြည့်ဝလာပြီး လူသားဆိုတာ ဖြစ်လာတယ်။ မေထုန်မဲ့ သားစပ်နိုင်မှု နည်းလမ်းတစ်ခုကို ဆေးဘက်ဆိုင်ရာ သိပ္ပံပညာရှင်တွေက ရှာဖွေတွေ့လာခဲ့တယ်။ ကရိုမိုဇုန်း ၄၆ ခု ပြည့်ဝနေတဲ့ မေထုန်မဲ့ မျိုးသန္ဓေသားဥကို မိခင်ရဲ့သန္ဓေအိမ်ထဲ ထိုးသွင်းပေးထားလိုက်တာနဲ့ ထပ်တူထပ်မျှ ပုံတူသန္ဓေသားအဖြစ် ကြီးထွားဖွံ့ဖြိုးလာတာကို တွေ့ရပါတယ်"

စစ်ရန်နိုင်က...

"ဒီလိုစမ်းသပ်မှုမျိုးတွေကို... ဖားတွေ၊ ယုန်တွေ၊ ပူးတွေနဲ့ပဲ လုပ်ခဲ့ကြတာ မဟုတ်လား"

"မှန်ပါတယ်...။ ဖားရဲ့ ဥဆဲလ်တွေက အင်မတန်ကြီးမားတယ်။ လူသားတွေနဲ့ စမ်းသပ်တဲ့အခါမှာ အခက်အခဲတွေ တွေ့ရတယ်။ လူ့ခန္ဓာကိုယ်ဆဲလ်တွေဟာ သိပ်ပြီး သေးငယ်လွန်းနေလို့ပါ။ အချိန်အတော်ယူပြီး ခက်ခက်ခဲခဲ လုပ်ကိုင် စမ်းသပ်ခဲ့ကြရတယ်။ သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ နည်းပညာတွေကလည်း တိုးတက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်။ ဒီလိုတိုးတက်မှုနည်းပညာတွေနဲ့ ပေါင်းစပ်ပြီး အောင်မြင်မှု ရလာခဲ့တယ်"

ဒေါက်တာကောင်းမြတ်သူက ဝင်၍ ဖြည့်စွက်ပြောသည်။

"ဦးနှောက်ဆဲလ်တွေဟာ သူတို့ရဲ့လုပ်ငန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်သံလိုက်လှိုင်းနဲ့ ဓာတုလှိုင်းတွေအဖြစ် ထပ်ဆင့်လွှင့်မှုပေးတယ်။ ဆက်ပြီး အလုပ်လုပ်ကြတယ်။ အဲဒီအချက်တွေကို ခေတ်မီအနုစိတ်ကိရိယာတွေအသုံးပြုပြီး လေ့လာကြည့်ရှုလို့ရတယ်။ ဦးခေါင်းထဲမှာရှိတဲ့ ဦးနှောက်မှာ မှတ်ဉာဏ်ရှိတယ်။ ကျုပ်တို့အနေနဲ့ ဦးနှောက်တစ်ခုလုံးရဲ့ လှုပ်ရှားဆောင်ရွက်ပုံကို ထောက်လှမ်းလေ့လာလို့ရတယ်၊ ဦးနှောက်မှတ်ဉာဏ်ရဲ့ လှုပ်ရှားဆောင်ရွက်မှုအပြည့်အစုံကို ကျုပ်တို့အနေနဲ့ အပြင်ကနေပြီး လေ့လာထောက်လှမ်းလို့ရတယ်။ နောက်ဆုံးအဆင့်မှာတော့ ဦးနှောက်မှတ်ဉာဏ်ကို အခြားတစ်ဦးရဲ့ ဦးနှောက်ထဲထည့်ပြီး အသုံးပြုရင်လည်း အသုံးပြုနိုင်တယ်ဆိုတဲ့ အဖြေထွက်လာတယ်"

ဒေါက်တာလင်းသီရိမွန်က ပြုံးလိုက်ပြီး. . .

"လျှပ်စစ်သံလိုက်လှိုင်းတွေ၊ ဓာတုဗေဒလှိုင်းတွေ ပတ်သက်ဆက်နွယ်နေပုံကို ပြောပြရရင်တော့ ဆုံးနိုင်မှာ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ဘက်က ဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာ ချလိုက်ကြပြီး ဟောဒီကလူနဲ့ ကျွန်မတို့ပေါင်းပြီး. . . ဆောင်ရွက်ကြမယ်"

ဒေါက်တာလင်းသီရိမွန်က ထွန်းလင်းမြင့်၏ရုပ်အလောင်းကို ညွှန်ပြလျက် ပြောပြလိုက်သည်။





စဝ်ရန်နိုင်က မျက်မှောင်ကြုတ်လျက်ဖြင့် ပြောသည်။

"ခင်ဗျားတို့မှာ. . . တခြားနည်းလမ်းတစ်ခုခု မရှိနိုင်တော့ဘူးလား"

ဒေါက်တာလင်းသီရိမွန်က ဆတ်ခနဲ မော့ကြည့်လျက် ပြောလိုက်သည်။

"ဒီမှာ စဝ်ရန်နိုင်. . . ရှင်က ဆေးသိပ္ပံပညာကို အယုံအကြည်မရှိတာလား။ ဒါမှမဟုတ် အခုလုပ်ရမယ့်အလုပ်ကို စက်ဆုပ်နေတာလား"

ဘချုပ်က ဝင်၍ပြောသည်။

"စဝ်ရန်နိုင်က. . . စိတ်ဓာတ် မြင့်မားလွန်းတယ်။ သဘာဝလျောက် ဖြစ်ပေါ်ပြောင်းလဲမှုကို သိပ္ပံပညာရှင်တွေက တိုးတက်နည်းပညာတွေ အသုံးပြုပြီး စွက်ဖက်နေကြတယ်လို့ပဲ ယူဆထားလိမ့်မယ်"

ဒေါက်တာလင်းသီရိမွန်က. . .

"သဘာဝအလျောက် ဖြစ်ပေါ်ပြောင်းလဲမှုကို ခေတ်ပေါ်ဆေး နည်းပညာရပ်တွေနဲ့ တွန်းအားပေး ဆောင်ရွက်နိုင်တာဟာ ကန်တဲ့ တိုးတက်မှုတစ်ခုပါပဲ"

"ကျွန်တော်ကတော့ ခင်ဗျားပြောတဲ့ တိုးတက်မှုကို နားလည်တယ်။ ဒါပေမဲ့ အခုစမ်းသပ်မှုဟာ အန္တရာယ် သိပ်ကြီးမားလွန်း ယ်။ ကိုယ့်ရဲ့နည်းပညာကို အထင်သိပ်ကြီးလွန်းလို့ ဒီနည်းကို စမ်း တာပဲလို့ ပြောချင်တယ်။ ဒီနည်းဟာ. . . ကျိုးကြောင်းခိုင်လုံမှု



www.burmeseclassic.com

www.burmeseclassic.com



နည်းပါးတဲ့ စင်းသပ်မှုတစ်ခုပဲ"

ဘာချုပ်က. . .

"တစ်နေ့နေ့ကျရင်. . . ဆေးသိပ္ပံပညာရပ်နဲ့ သိပ္ပံနည်းပညာ တိုးတက် ပြောင်းလဲလာမှုတွေအကြောင်း သရုပ်ဖော်ပုံတွေ၊ ဆလိုက်တွေ၊ ကားချပ်တွေနဲ့ အားလုံးဆုံပြီး စကားပြောကြတာပေါ့"

စဝ်ရန်နိုင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"အခုစမ်းသပ်မှုမှာ. . . ဘယ်သူက အစမ်းသပ်ခံသတ္တဝါ ဖြစ်လာမှာလဲ"

ဦးနှောက်ဆဲလ် ပြောင်းလဲစမ်းသပ်မှု၌ မိမိကိုပင် အသုံးပြုလိမ့်မည်ဟု စဝ်ရန်နိုင် တွက်ဆထားသည်။

ဒေါက်တာလင်းသီရိမွန်က တည်ငြိမ်စွာ၊ ပြတ်သားစွာ ပြောလိုက်သည်။

"ကျွန်မကိုယ်တိုင်ပါပဲရှင်. . ."

စဝ်ရန်နိုင် လွန်စွာ အံ့အားသင့်သွားမိရတော့သည်။

❋ ❋ ❋



## အခန်း ( ၉၅ )

မယောဂနီရောင် တောက်ပနေသည့် အစည်းအဝေးစားပွဲကြီး၏ တစ်ဖက်တစ်ချက်၌ အုပ်ချုပ်မှုဒါရိုက်တာကြီးနှင့် ဘသန်းထက်တို့သာ ရှိနေကြသည်။

မလှမ်းမကမ်း တစ်နေရာ၌ ဒါရိုက်တာကြီး၏ စာရေးမလေး ထိုင်နေသည်။

သူတို့နှစ်ဦး ပြောသမျှကို လိုက်လံ ရေးမှတ်၍နေပေသည်။

ဘသန်းထက်က ခေါင်းငုံ့၍ လွန်စွာ စိတ်ထိခိုက်ကြေကွဲသော လေသံဖြင့်ပြောသည်။

"ထွန်းလင်းမြင့် သေသွားခဲ့ရတာ. . . ကျွန်တော်တို့အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကြီးမားလှတဲ့ ဆုံးရှုံးမှုတစ်ခုပါပဲ"

ဒါရိုက်တာကြီးက...

"တွန်လင်းမြင့်ကိစ္စ ထားလိုက်တော့၊ လက်ရှိအခြေအနေမှာ အောင်မြင်မှုရအောင် ဆောင်ရွက်နိုင်ဖို့ပဲ... လိုတယ်။ ဦးဒေဝါကိစ္စ ကျုပ်ကိုယ်တိုင်ပဲ ဦးစီးပြီး ကိုင်တွယ်မယ်၊ ခင်ဗျားကတော့... ရှေးဟောင်းနန်းဦးဘုံကျောင်းတော်မှာ ရင်ဆိုင်ခဲ့ရတဲ့ ရန်သူအကြောင်း ဆက်ပြီးစုံစမ်းပါ"

ဘသန်းထက်က မဆိုင်းမတွ ပြောလိုက်သည်၊

"အဲဒီလူ ဘယ်သူဆိုတာ... သိပါပြီ"

ဒါရိုက်တာကြီး၏မျက်ခုံးအစုံ မသိမသာ မြင့်တက်သွားသည်၊

"တယ်ဟုတ်နေပါလား...။ ခင်ဗျားဘက်က ချို့ယွင်းချက်တွေအတွက် ပြန်ပြီး ကြိုးစားပြနေတာလား... ကိုဘသန်းထက်၊ ကောင်းတယ်...။ ဆိုပါဦး... အဲဒီလူက ဘယ်သူလဲ"

"စဝ်ရန်နိုင်... တဲ့"

ဒါရိုက်တာကြီးက မျက်မှောင်ကြုတ်လိုက်ပြီး...

"ဒီနာမည်... ကျောင်ကြားဖူးသလိုပဲ"

"သူက အာကာသသူရဲကောင်းတစ်ယောက်အဖြစ် လုပ်ခဲ့ဖူးတယ်။ လက်ရှိအချိန်မှာတော့ သူက နိုင်ငံတော်အာကာသ သုတေသနစခန်းရဲ့ အကြံပေးအဖွဲ့ဝင်တစ်ယောက်အဖြစ် ဆက်လုပ်နေတယ်။ အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့မှာလည်း... အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေတယ်လို့လည်း သိရတယ်"





ဘသန်းထက်က ဖိုင်တွဲတစ်ခုမှ သတင်းစာဖြတ်ပိုင်းတစ်ခုကို ထုတ်ယူသည်။ ဒါရိုက်တာကြီးဘက်သို့ သတင်းစာဖြတ်ပိုင်းကို လှမ်းပေးလိုက်သည်။

ဒါရိုက်တာကြီးက သတင်းစာဖြတ်ပိုင်းကို ယူကြည့်သည်။

ကျောက်စိမ်းမြို့တော်၌ အာကာသယာဉ်မှူးများကို ကြိုဆိုဂုဏ်ပြုသည့် အခမ်းအနား၌ ရိုက်ကူးထားသော ဓာတ်ပုံနှင့် သတင်းများ ပါသည်။ လူအုပ်ကြီးကို လက်ဝှေ့ယမ်းပြ၍ နှုတ်ဆက်နေသော စဝ်ရန်နိုင်၏ဓာတ်ပုံကို တွေ့ရသည်၊

ဒါရိုက်တာကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ကြော်... စဝ်ရန်နိုင်... စဝ်ရန်နိုင်"

ဘသန်းထက်က ဆက်၍ပြောသည်။

"ကျွန်တော်တို့ရဲ့ သတင်းပေးသမားတွေဆီက ထပ်ပြီး... သိထားရတာလေးတွေ ရှိပါသေးတယ်။ စဝ်ရန်နိုင်ဟာ သုတေသနယာဉ် ပျက်ကျပြီး ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားခဲ့တယ်။ ကိုယ်ခန္ဓာအင်္ဂါ အစိတ်အပိုင်းနှစ်ခုမက ပျက်စီးဆုံးရှုံးခဲ့တယ်လို့ သိထားရပါတယ်။ စဝ်ရန်နိုင်ဟာ လေးလက်မထူရှိတဲ့ ကျောက်သားနံရံကို လက်သီးနဲ့ ထိုးခွဲပစ်နိုင်စွမ်းရှိတယ်။ ပြီးတော့ အရှိန်နဲ့ ပျံသန်းနေတဲ့ ရဟတ်ယာဉ်ရဲ့ အောက်ဘက်ထောက်တန်းကနေ တွဲလောင်းခိုပြီး လိုက်ပါသွားနိုင်စွမ်း ရှိခဲ့တယ်"

အုပ်ချုပ်မှုဒါရိုက်တာကြီး ခေါင်းတညိတ်ညိတ်ဖြစ်သွားသည်။

"ခင်ဗျား သိပ်တော်တယ် ကိုဘသန်းထက်။ စဝ်ရန်နိုင်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူဟာ အတော့်ကို. . . စိတ်ဝင်စားစရာကောင်းတဲ့လူပါလား၊ သူ့ကို ဖမ်းမိနိုင်ဖို့ အချိန် ဘယ်လောက်ယူရမလဲ။ အင်း. . . ကြည့်ရတာ အတော်လေး တန်ဖိုးရှိနိုင်မယ် ထင်တယ်"

"သူ့ကို ရှာတွေ့တာနဲ့. . . မိအောင်ဖမ်းနိုင်ပါတယ်၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ စပ်ရန်နိုင်ကို အင်ကြင်းမြိုင်မြို့မှာ တွေ့ခဲ့တယ်လို့ သတင်းရထားပါတယ်။ အဲဒီနောက်ပိုင်း သူ ရုတ်တရက် ပျောက်သွားပါတယ်"

အုပ်ချုပ်မှု ဒါရိုက်တာကြီးက. . .

"ခင်ဗျားအတွက် အတော်လေး အခြေအနေ ကောင်းလာပေပါပြီ။ ဒါပေမဲ့. . . နောက်တစ်ကြိမ် ဆုံးရှုံးမှုမျိုးတော့ မဖြစ်စေချင်ဘူး ကိုဘသန်းထက်"

"စိတ်ချပါ. . . ဒါရိုက်တာကြီး"

ဒါရိုက်တာကြီး ထိုင်ခုံမှ ထရပ်လိုက်၏။

"ကောင်းပြီ. . .၊ ကျုပ်တို့ဘက်က အောင်မြင်မှာ သေချာတယ်လို့ ယုံကြည်ထားတယ်"

နံ့သာမြိုင် ဥယျာဉ်မြို့တော်. . .။

အရှေ့ဘက်ကောင်းကင်ယံ၌ အလင်းရောင်များ လက်ပြားပြူ၍လာသည်။ ဤရက်ပိုင်းအတွင်း၌ ရာသီဥတုမှာ ကြည်လင် သာ





ာ၍နေ၏၊

ဒုတိယခြောက်အထပ်ရှိ အထူးခာတ်ခွဲခန်းအတွင်း၌ ဘချုပ်၊ ပ်ရန်နိုင်နှင့် ဒေါက်တာကောင်းမြတ်သူတို့ ရှိနေကြသည်။ ခုတင် ပေါ်၌ မလှုပ်မယှက် ငြိမ်သက်စွာ လဲလျောင်းနေသည့် ဒေါက်တာ င်းသီရိရွှန်ကို ဂရုတစိုက် ကြည့်နေကြသည်။

သူမ၏မျက်ခွံများ ပိတ်၍နေသည်။

မျက်ခွံများ၏အောက်၌ရှိသော မျက်လုံးများက လျှင်မြန်စွာ ပ်ရှား၍နေသည်၊ ဦးနှောက်ထဲ၌ ပုံရိပ်များ တရိပ်ရိပ် ပေါ်၍လာ နေသည်၊

ပုံရိပ်များမှာ များပြားလွန်းလှသည်။

တောင်တန်းတောင်ကုန်းများနှင့် ရေကန်များ။

ရေကန်၏ ရေမျက်နှာပြင်ပေါ်၌ အခိုးအငွေ့များ ဖြာတက် ၍နေ၏။

တောတန်းတစ်ခု၊ ရေကန်များ. . .။

မျက်လုံးဝါဝါနှင့် အသားအရေ လွန်စွာမည်းကြုတ်သော လူ ယ်တစ်ဦး။

ပန်းဧဟာဝန်ဒေသ။

ခန္ဓာကိုယ်ခပ်သွယ်သွယ် ဆံပင်ဖြူဖြူနှင့် လူတစ်ဦးက စိတ် ားစွာ နှားထောင်နေသည့်ပုံရိပ်။

ခေတ်မီတိုက်အိမ်တစ်လုံး၊

မြူးရယ်၍ စကားပြောနေသော ဘသန်းထက်၏ရုပ်သွင်။



www.burmeseclassic.com

www.burmeseclassic.com



ဟာကာလူမျိုးတို့၏ ရှေးဟောင်း နန်းဦးဘုံကျောင်းတော် အဆောက်အအုံ။

ကွေ့သွားသော မီးရထားလမ်းတစ်လမ်း၊

ရုပ်ပုံများမှာ တဖျပ်ဖျပ်ဖြင့် လှုပ်ရှား၍နေ၏။ ဒေါက်တာလင်းသိရိမွန်မှာ ပုံရိပ်များကို တိတိကျကျရေရာစွာ မဖမ်းနိုင်သေးဘဲ ချာချာလည်၍နေသည်။

ထိတ်လန့် တုန်လှုပ်နေသော ဦးဒေဝါ၏မျက်နှာ၊

ပျံတက်သွားသော ရဟတ်ယာဉ်တစ်စီး၊

ရုပ်ရည်ချောမောလှပသော သူနာပြုဆရာမတစ်ဦး၊

တွဲသင်္ဘောကြီးတစ်စီးနှင့် ပင်လယ်ပြင်။

ကျယ်ပြန့်လှသော အစည်းအဝေးခန်းမကြီးတစ်ခု။

ကမ္ဘာ့မြေပုံကားချပ်ကြီးတစ်ခု၊

ကျေနပ်အားရစွာ ရယ်မောနေသော ဘသန်းထက်၏ရုပ်ပုံ၊

. . . . . . . . . . . . . .

ဒေါက်တာလင်းသိရိမွန်၏ မျက်လုံးများ ပွင့်လာသည်၊

သူမ ခုတင်ပေါ်၌ ထိုင်လိုက်သည်။

မျက်တောင်များကို တဖျပ်ဖျပ်ခတ်၍နေမိသည်၊

ဘချုပ်က စူးရှသော မျက်လုံးများဖြင့် စိုက်၍ကြည့်လျက် . . .

"ဘာတွေသိရပြီလဲ . . . ဒေါက်တာ"

သူမ စဉ်းစားနေရင်းမှ . . .

"အတော်လေး . . . အံ့ဩစရာတွေပဲ"





ဒေါက်တာကောင်းမြတ်သူက မေးသည်။

"ခင်ဗျား . . . အခု ဘာတွေမြင်နေရသလဲ"

"အားလုံးကို မြင်ရတယ်"

"တိတိကျကျလေးပြောပါ . . . ဒေါက်တာ"

ဒေါက်တာလင်းသိရိမွန် သက်ပြင်းတစ်ချက် ချလိုက်ပြီး . . .

"မြင်ကွင်းတွေက သိပ်များနေတယ်။ တချို့ဟာတွေက ရှုပ်ထွေးနေတယ်။ ရုပ်ရှင်ကားပေါင်း တစ်ရာကျော်ကျော်ကို တစ်ပြိုင်နက်တည်း ထိုင်ကြည့်နေရသလိုပဲ။ ပြောရတာ . . . နည်းနည်းခက်လိမ့်မယ်"

စစ်ရန်နိုင်က . . .

"ဦးဒေဝါကို ခင်ဗျား မြင်လိုက်မိသလား"

သိပ်တော့မသေချာဘူး။ ဒါပေမဲ့ . . . ဦးဒေဝါကို တွေ့လိုက်မိမယ်လို့တော့ ထင်တယ်"

ဘချုပ်က မေးသည်။

သူတို့က ဦးဒေဝါကို ဘယ်နေရာ ခေါ်သွားသလဲ"

သူမက ဖြည်းညင်းစွာ ခေါင်းခါသည်။

"ကျွန်မ မပြောတတ်သေးဘူး။ ပုံရိပ်တွေက အာရုံထဲမှာ သိပ်များလွန်းနေတယ်"

ဒေါက်တာလင်းသိရိမွန် ခုတင်ပေါ်မှ အသာအယာ ဆင်းသည်။ သူမသည် ဂျူတီကုတ်အဖြူကို ဝတ်ဆင်ထားသည်။

"ကျွန်မ ရလာတဲ့ ဉာဏ်ရည်ဉာဏ်သွေး မှတ်ဉာဏ်အသစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရှင်းပြနိုင်ဖို့ အချိန်ယူရလိမ့်ဦးမယ်။ ဒါ. . . ထွန်းလင်းမြင့်ရဲ့ဘဝတစ်သက်တာ မှတ်ဉာဏ်ဆိုတာ ရှင်တို့ နားလည်ကြပါ"

ဘချုပ်က မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ကျုပ်တို့မှာ အချိန်မရှိဘူး ဒေါက်တာ၊ ၅၃ နာရီနဲ့ ၂၅ မိနစ်ပဲ ရှိတော့တယ်"

ဘချုပ်က ဆက်၍မေးသည်။

"အဲဒီလူရဲ့နာမည်ကို. . . ဒေါက်တာ သိပြီလား"

သူမ မျက်လုံးကို ဖြည်းညင်းစွာ ပိတ်လိုက်သည်။

မှန်ရှေ့၌ရပ်၍ အကျီတော်လာကို ဆန့်နေသည့် ထွန်းလင်းမြင့်၏ရုပ်ပုံကို မြင်လာရသည်။ ထိုရုပ်ပုံသည် သူမ ပြောင်းလွဲရလုလိုက်သည့် မှတ်ဉာဏ်၏ပိုင်ရှင်ပင်ဖြစ်သည်။

ဒေါက်တာလင်းသီရိမွန်က တစ်လုံးချင်းပြောသည်။

"ထွန်း. . . လင်း. . . မြင့်"

"သူက ဘယ်မှာနေသလဲ၊ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ. . . သူဘယ်ကိုသွားသလဲ။ ဘာတွေလုပ်ခဲ့သလဲ"

"ကျွန်မ မပြောနိုင်သေးပါဘူး။ နောက်မှ တဖြည်းဖြည်း ပေါ်လာပါလိမ့်မယ်"

"ဒေါက်တာလင်းသီရိမွန်"

ဘချုပ်၏အသံမှာ မသိမသာ တင်းမာ၍သွားသည်။

ဒေါက်တာလင်းသီရိမွန်က တည်ငြိမ်စွာဖြင့်. . .

"ကျွန်မအနေနဲ့ ဘာမှမပြောနိုင်သေးတာ ဝမ်းနည်းပါတယ်။





မှတ်ဉာဏ် ပြောင်းလွဲထားပေမယ့် လက်တွေ့ဘဝမှာလည်း အချိန်ယူရတဲ့ အခြေအနေမျိုး ရှိနေတတ်ပါတယ်"

ဘချုပ်က စဝ်ရန်နိုင်ဘက်သို့လှည့်၍. . .

"ရွှေထည့်ထားတဲ့သေတ္တာတွေ ထုတ်ယူသွားပြီးပြီ။ ဒီနေ့ညနေပိုင်းမှာ စန္ဒရမြို့ကို ရောက်လာလိမ့်မယ်၊ မင်းက ညွှန်ကြားချက်ကို စောင့်ပါ။ ငါတို့မှာ အချိန်နည်းနေပြီ၊ ထိုင်ကြည့်နေလို့ လုံးဝမဖြစ်ဘူး။ ငါတို့ဘက်က. . . တစ်ခုခု စလုပ်မှဖြစ်မယ်။ ပထမဆုံးအနေနဲ့ ထွန်းလင်းမြင့်ရဲ့နာမည်ကို ကွန်ပျူတာထဲထည့်ပြီး စစ်ဆေးကြည့်မယ်၊ သူ့မှာ ကားမောင်းလိုင်စင်၊ ပတ်(စ)ပို့၊ ဒါမှမဟုတ် မှတ်ပုံတင်တစ်ခုခုတော့ ရှိရမယ်။ ဘဏ်မှာ ငွေစာရင်းဖွင့်တာမျိုး၊ ဝင်ငွေခွန်ဆောင်တာမျိုးတို့လည်း ရှိနိုင်တယ်၊ အဲဒီအထဲက အချက်တစ်ခုခုရှိနေတာနဲ့ ငါတို့. . . သူ့ကို တွေ့မှာပဲ"

စဝ်ရန်နိုင်က. . .

"ဒီအချိန်အတောအတွင်းမှာ ကျွန်တော်က ဘာလုပ်ရမလဲ"

ဘချုပ်က ပြောရန် ဟန်ပြင်လိုက်၏။

ရုတ်တရက် ဒေါက်တာလင်းသီရိမွန်က သိမှတ်မဲ့စိတ်ဖြင့် ရေရွတ်လိုက်သည်။

"တောင်ကုန်းတွေ. . . တောင်တန်းတွေ"

ဘချုပ် သူမဘက်သို့ ချာခနဲ လှည့်၍. . .

"ဘာပြောလိုက်တာလဲ"

သူမက ထပ်၍ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . တောင်ကုန်းတွေ၊ တောင်တန်းတွေ၊ ရေကန်ကြီးတစ်ကန်၊ သိပ်သာယာတဲ့ နေရာတစ်ခုပဲ။ ပန်းဟောဝန်ဒေသ"

စဝ်ရန်နိုင်က. . .

"ဒီမှာ. . . မြေပုံ ရှိနိုင်သလား"

ဘချုပ်က. . .

"မြေပုံစာအုပ် ရှိတယ်။ အောက်ထပ်က. . . ယာယီဌာနချုပ် အခန်းထဲမှာ ရှိတယ်။ ကဲ. . . လာ. . . သွားကြရအောင်"

ဘချုပ်၊ စဝ်ရန်နိုင်၊ ဒေါက်တာလင်းသီရိမွန်နှင့် ဒေါက်တာကောင်းမြတ်သူတို့လေးဦး ယာယီဌာနချုပ်အခန်းရှိရာသို့ ခပ်သွက်သွက် ဆင်းသွားကြသည်။

✠ ✠ ✠



အခန်း ( ၁၀ )

ဘချုပ်က မြေပုံစာအုပ်တစ်အုပ် ဆွဲထုတ်လိုက်၏။

ပန်းဟောဝန်ဟောဒေသ၏မြေပုံကို လှန်လိုက်သည်။

ဘချုပ်က မြေပုံစာအုပ်ကို ဒေါက်တာလင်းသီရိမွန်ထံသို့ လှမ်းပေးသည်။

ယာယီဌာနချုပ်အခန်းတွင်း၌ အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့ဝင်များ၊ တယ်လီဖုန်းများဖြင့် အလုပ်ရှုပ်နေကြသည်။

ဘချုပ်က အသံကျယ်လောင်စွာဖြင့် သူ၏လူများကို ပြောလိုက်၏။

"အားလုံး သေသေချာချာ နားထောင်ကြစမ်း။ ငါပြောမည်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး. . . သိထားရပြီးပြီ။ အဲဒီနာမည်က ထွန်းလင်းမြင့်၊ ဒေသခွဲတွေဟာမို့ ကွန်ပျူတာတွေအားလုံးကို ပထမအဆင့် တပ်လှန့်လိုက်ပြီး အပြန်ရှာခိုင်းကြစမ်း။ အဲဒီလူရဲ့နာမည်နဲ့ ပတ်သက်တဲ့အချက်မှန်သမျှ. . . ငါ လိုချင်တယ်"

စဝ်ရန်နိုင်နှင့် ဒေါက်တာလင်းသီရိမွန်တို့နှစ်ဦး ခေါင်းချင်းဆိုင်၍ ပြေပုံကြည့်နေကြသည်။

စဝ်ရန်နိုင်က. . .

"ငှက်ပြာ. . . ငှက်ပြာရေအိုင်"

သူမက ခေါင်းခါသည်။

"မဟုတ်သေးဘူး"

"ချော်ဆစ်တောင်"

"မဟုတ်ဘူး"

"သံတောင်"

"မဟုတ်သေးပါဘူး"

"နံ့သာနီတောင်"

"မဟုတ်ဘူး"

"စကားဝါ"

သူမ၏မျက်နှာ ဝင်းပ၍သွားသည်။

"ဟုတ်တယ်. . . စကားဝါ"

စဝ်ရန်နိုင် ခေါင်းညိတ်လိုက်ပြီး. . .

"သေချာတယ်. . .။ ဒီလူ စကားဝါကို ရောက်ခဲ့တယ်"





စဝ်ရန်နိုင်က လှမ်း၍ပြောသည်။

"အချုပ်. . .။ ထွန်းလင်းမြင့် စကားဝါမြို့ကို ရောက်ခဲ့တယ်"

အချုပ်က သူ၏လူတစ်ဦးကို အမိန့်ပေးလိုက်၏။

"စကားဝါမြို့က အပွဲ့ဝင်တွေဆီကို အမြန်အကြောင်းကြားလိုက်။ ဟိုတယ်တွေ၊ တည်းခိုခန်းတွေ၊ မိုတယ်တွေအားလုံးမှာ အမြန်စုံစမ်းခိုင်း၊ လိုအပ်တာအားလုံး. . . အမြန်စီစဉ်"

စဝ်ရန်နိုင်နှင့် ဒေါက်တာလင်းသီရိမွန်တို့ တံခါးမကြီးဘက်သို့ လျှောက်၍သွားကြသည်။

အချုပ် လှမ်း၍အော်လိုက်သည်။

"ဟေ့. . . မင်းတို့နှစ်ယောက်က ဘယ်ကိုသွားကြမှာလဲ"

"တံခွန်တိုင်လေဆိပ်ကို သွားမယ်။ ကျွန်တော်တို့ ရောက်သွားတဲ့အချိန်မှာ. . . လေယာဉ်တစ်စီး အသင့်ဖြစ်နိုင်ပါ့မလား"

"ဂျက်တစ်စင်း အသင့်ရှိတယ်။ လေယာဉ်မှူး လိုသေးသလား"

"ကျွန်တော်ကိုယ်တိုင်ပဲ. . . မောင်းမယ်"

"ကောင်းပြီ. . .၊ ထွန်းသစ်က မင်းတို့ကို ကားနဲ့မောင်းပို့ပေးပြီး လေယာဉ်ပေါ် တင်ပေးလိမ့်မယ်"

စဝ်ရန်နိုင်က မျှတ်မှောင်တစ်ချက် ကြုတ်လိုက်ပြီး. . .

"အခုမှ စဉ်းစားမိတယ်၊ စကားဝါမှာ လေယာဉ်ကွင်းမှ မရှိဘဲ"

အချုပ်၏ ထောက်လှမ်းရေးမှူးတစ်ဦးက ဝင်၍ပြောသည်။

"စကားဝါကနေ ၁၀ မိုင်အကွာမှာ၊ ပေ ၂၅၀၀ ရှည်တဲ့ လေ



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ကွင်းတစ်ကွင်းတော့ ရှိတယ်"

ဘချုပ်က ခေါင်းခါ၍...

"၁၀ မိုင်ကွာတယ်...ဟုတ်လား...ဝေးလွန်းတယ်"

စဝ်ရန်နိုင်က...

"ရေပြင်ပေါ်ကိုပါ ဆင်းသက်လို့ရတဲ့ ရေယာဉ်ပျံဖြစ်ဖြစ်၊ ရေ ပြင်ဆင်း ရဟတ်ယာဉ်ဖြစ်ဖြစ်...တစ်ခုခု ရနိုင်မလား"

ဘချုပ်က သူ၏လူ့ဘက်သို့ တစ်ချက်ကြည့်လိုက်၏။

ဘချုပ်၏ ထောက်လှမ်းရေးမှူးက...

"ရှိတယ်...ငါးယောက်စီး အင်ဂျင်တစ်လုံးတပ် ရေယာဉ်ပျံ အမျိုးအစားတစ်စီး ရှိတယ်၊ တစ်နာရီကို ၁၈၅ မိုင်နှုန်း ပြေးနိုင် တယ်။ ခင်ဗျား...မောင်းနိုင်မလား"

စဝ်ရန်နိုင်က...

"အဲဒီရေယာဉ်ပျံက အခုဘယ်မှာရှိသလဲ"

ဘချုပ်က...

အဲဒီရေယာဉ်ပျံဆီကို ထွန်းသစ် လိုက်ပို့လိမ့်မယ်။ ကဲ...သွား ကြတော့"

❀

ဖြူဖွေးသော တိမ်ဆိုင်တိမ်ခဲတို့ လေထဲ၌ ပျော်လွင့်နေကြ၏၊ ထိုတိမ်စိုင်တိမ်ခဲတို့အပေါ်၌ လေယာဉ်ပျံတစ်စီး ပြတ်ဖေ





မောင်းနှင်နေသည်။ လေယာဉ်ပျံမောင်းသူမှာ စဝ်ရန်နိုင်ဖြစ်သည်။

စဝ်ရန်နိုင်က ဒေါက်တာလင်းသီရိမွန်ကို မေးလိုက်သည်။

"မင်းရဲ့ဦးနှောက်အာရုံထဲကနေ...ဘာဖြစ်လို့ ပန်းပေဟဝန် ဒေသကို ရွေးလိုက်တာလဲ"

"ဪ...ပန်းပေဟဝန်က ကျွန်မရဲ့အာရုံထဲမှာ အပြတ်သား းပုံရိပ် ဖြစ်နေလို့ပါပဲ။ ကျွန်မတို့အနေနဲ့ အခုမှ လမ်းစကို လိုက် ရှာရမှာ မဟုတ်လား။ ဒီလိုလမ်းစရှာဖို့အတွက် စိတ်ထဲမှာ အထင် ားဆုံးနေရာအဖြစ် ပန်းပေဟဝန်ကို ရွေးလိုက်တာပါပဲ"

"မှတ်ဉာဏ်ဆဲလ် ပြောင်းလွှဲ လက်ခံတဲ့ကိစ္စမှာ...မင်းရဲ့စိတ် ဆန္ဒနဲ့ လက်ခံလိုက်တာလား"

သူမက မသိမသာပြုံးသည်။

"ဒီနည်းပညာကို သုတေသနပြုနေတာ နှစ်ပေါင်းတော်တော် ကြာသွားပါပြီ။ ဘာတွေဖြစ်လာနိုင်တယ်၊ ဘာကိုမျှော်လင့်လို့ ရနိုင် ယ်ဆိုတာ ကျွန်မကိုယ်တိုင် အသိဆုံးပါပဲ။ ဒါကြောင့်လည်း မှတ် ဏ်ဆဲလ် ပြောင်းသူဖို့အတွက် ကျွန်မကိုယ်ကျွန်မပဲ ရွေးချယ်လိုက် ပါ။ အကောင်းဆုံးနဲ့ နည်းလမ်းအကျဆုံး ရွေးချယ်မှုတစ်ခုလို့ ပြောပါရစေတော့...။ တင်..."

သူ၏ ပြောလက်စစကား တန့်၍သွားပြီး အံ့ဩသောလေသံ လာသဖြင့် စဝ်ရန်နိုင်က သူမကို ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

သူမက စဝ်ရန်နိုင်ကို ခပ်ဝေးဝေး စိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူပင်၊ဦးနှောက်ဆဲလ်အာရုံထဲ၌ ပုံရိပ်များ ပြတ်သားစွာ ပေါ်လာသည်။

ဒေါက်တာလင်းသီရိမွန်က...

"ကျွန်မ ဘာမှမဖြစ်ပါဘူး စစ်ရန်နိုင်၊ ကျွန်မ မြင်လာတာ တစ်ခုကို မေးရဦးမယ်။ ကျောက်စိမ်းဒေသ ရှေးဟောင်းအဆောက် အအုံပျက်တွေပေါ်မှာ... ရှင် ရှိနေတယ်။ ရဟတ်ယာဉ်တစ်စီး အောက်ဘက်တန်းကို တွဲခိုပြီး လိုက်သွားနေတာ ဘာဖြစ်လို့လဲ"

"ဩော်... ထွန်းလင်းမြင့် မြင်လိုက်တဲ့အမြင်ကို ပြောနေတာလား"

"ဟုတ်တယ်...၊ သူ သေသေချာချာ မြင်လိုက်တယ်"

"သူက အကြမ်းဖက်သမား၊ ဒုစရိုက်သမားတစ်ယောက်ပဲ ကျွန်တော့်ကို သူ မြင်လိုက်တာ မဆန်းပါဘူး"

"ရှင်က အဲဒီနေရာကို ဘာကိစ္စနဲ့ ရောက်သွားရတာလဲ"

"ကွမ်တမ်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီရဲ့ အုပ်ချုပ်ရေးမှူး ဦးသော်ဇံကို အကြမ်းဖက်သမားတွေက ပြန်ပေးဆွဲသွားကြတာ ဒေသခံအကြမ်းဖက်သမားတွေပဲ ဖြစ်နိုင်တယ်လို့ ယူဆထားတာ"

အာသာဝတီမြို့ဟောင်း၌ ထွန်းလင်းမြင့် ရောက်ခဲ့သည်။ ထို့ ရောက်နေခဲ့သည့် အကြောင်းရင်းကို ဒေါက်တာလင်းသီရိမွန်မှ အဖြေရှာထုတ်နိုင်ချေဟု စစ်ရန်နိုင် တွေးမိသည်။

ဒေါက်တာလင်းသီရိမွန်က...

"ဩော်...ရှင်က ကုမ္ပဏီအုပ်ချုပ်ရေးမှူးကို ကယ်ထုတ်





တာပေါ့"

"ဟုတ်ပါတယ်"

"ရဟတ်ယာဉ်နဲ့ သွားကယ်တာလား"

"အသွားကတော့... ခြေလျင်ပေါ့၊ ပြန်အထွက်ကျတော့မှ ရဟတ်ယာဉ်က လာကယ်တာ"

ဒေါက်တာလင်းသီရိမွန်က တောက်ပစွာ တစ်ချက်ပြုံးလိုက်သည်၊ ထူးခြားသည့်ကိစ္စတစ်ခုကို သူမ သိနေခြင်းပင်ဖြစ်မည်။

"စစ်ရန်နိုင်... ရှင် အဲဒီကိစ္စတစ်ခုကို ဘယ်လိုလုပ်လိုက်တာလေ။ အဲဒီမြင်ကွင်းက ကျွန်မကို အင်း... ထွန်းလင်းမြင့်ကို ပ်တော်တော်ကြာ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ထားလိုက်သလိုပဲ ဖြစ်နေတယ်"

"ဘာကိစ္စတို့... ဘယ်လိုလုပ်ထားတာလဲ"

"ကျောက်သားနံရံတွေကို ထိုးခွဲပြီး ဖောက်ပစ်လိုက်တာလေ"

စစ်ရန်နိုင် သူမကို ငေးငေးစိုက်စိုက် ကြည့်လိုက်သည်။

သူမ၏မေးခွန်းကို မဖြေဘဲ လေယာဉ်မောင်းထိုင်ခုံမှ ထ၍ ပ်ထတ်ရပ်လိုက်၏၊

"ဟင်... ရှင်တာ ဘယ်ကိုသွားဦးမလို့လဲ"

"ခင်ဗျားနဲ့ကျွန်တော် နေ့လယ်စားဖို့အတွက် သွားပြင်လိုက်မယ်"

"ဒါဆို... ဒီလေယာဉ်ပျံကို ဘယ်သူမောင်းမှာလဲ"

"ဒီလေယာဉ်မှာ ကွန်ပျူတာစနစ်နဲ့ အလိုအလျောက် မောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင်တဲ့ ကိရိယာပါတယ်။ ခလုတ်ဖွင့်ထားလိုက်ရင်. . . သူ့အလိုလို မောင်းနှင်နိုင်တယ်"

စဝ်ရန်နိုင်က နောက်ဘက်ရှိ ခရီးသည်ခန်းသို့ လျှောက်သွားသည်။ စားသောက်ဖွယ်ရာများကို စတီးလ်လင်ပန်းနှစ်ချပ်ထဲ၌ ထည့်၍ပြန်လာသည်။

"ဟောဒီမှာ ခင်ဗျားအတွက် ပုစွန်. . .။ ကျွန်တော့်အတွက ဘဲပေါင်း။ ကဲ. . . နေ့လယ်စာ စားလိုက်ကြရအောင်"

စဝ်ရန်နိုင်က စားသောက်ရန် ပြင်လိုက်၏။

ဒေါက်တာလင်းသီရိမှန်က သူမ၏ စတီးလ်လင်ပန်းကို သဘော မကျသည့်အမူအရာဖြင့် စိုက်၍ကြည့်နေသည်ကို စဝ်ရန်နိုင် သတိပြုလိုက်မိသည်။

စဝ်ရန်နိုင်က. . .

"ဘာလဲ. . .။ ခင်ဗျားက ပုစွန် ကြိုက်ဘူးလား"

"ဟုတ်တယ်. . .။ ပုစွန်ဆိုရင် တစ်စက်မှ မကြိုက်ဘူး"

"ဟင်. . . ဒါဆို လေယာဉ်ပျံမတက်ခင်မှာ ထွန်းသစ်ကို ပုစွန်ထည့်ပေးလိုက်ပါလို့ ဘာဖြစ်လို့ ပြောရတာလဲ"

သမက နှုတ်ခမ်းလေးတွန့်လိုက်ပြီး. . .

"မသိဘူး. . . ကျွန်မ လွတ်ခနဲ ပြောလိုက်မိတာနဲ့တူတယ်"

"ထွန်းလင်းမြင့်ရဲ့ မသိစိတ်ကနေ ထွက်သွားတာများလား"

သူမက သူမအတွက် ပေးထားသော စတီးလ်လင်ပန်းကို တွန်းဖယ်ပစ်လိုက်သည်။





သူမက ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"အရက်ပြင်းပြင်းတစ်ခွက် ရေမရောဘဲနဲ့ သောက်ချင်တဲ့စိတ် ပေါ်မလာတာပဲ. . . တော်သေးတာပေါ့"

စဝ်ရန်နိုင်က စတီးလ်လင်ပန်းနှစ်ချပ်ကို လဲလှယ်ပေးလိုက်သည်။

✠

အလိုအလျောက် လေယာဉ်မောင်းနှင်သည့်ခလုတ်ကို ပိတ်၍ စဝ်ရန်နိုင် သူကိုယ်တိုင် မောင်းနှင်သည်။

မကြာခင်မှာပင်. . .

တောင်တန်းများ၏အလယ်၌ အရောင်တဖိတ်ဖိတ်လက်၍ နေသည့် စကားဝါရေအိုင်ကြီးကို တွေ့လိုက်ရသည်။

စဝ်ရန်နိုင်သည် လေယာဉ်ကို တစ်ပတ်မျှဝဲ၍ ပျံသန်းလိုက်၏။ ထို့နောက် တောင်မြင့်ကြီးများကြားမှဖြတ်၍ ပျံသန်းသွားသည်။

တောင်ကြားလမ်းအတိုင်း ရေအိုင်ကြီးရှိရာသို့ နိမ့်ဆင်း၍ ပျံသန်းလာသည်။

လက်ယာဘက်အခြမ်းသို့ ဖြည်းညင်းစွာ ကွေ့ဝိုက်၍ ပျံသန်းလိုက်၏။ ရေအိုင်ကြီးအတွင်းရှိ ရေပြင်တစ်နေရာ၌ ဆင်းသက်လိုက်သည်။

လေယာဉ်ကို သဲသောင်ပြင်ပေါ်သို့ မောင်းတက်၍ ရပ်တန့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

စဝ်ရန်နိုင်က ဒေါက်တာလင်းသီရိမွန်အား သောင်ပြင်ပေ
သို့ တွဲ၍ချပေးသည်။ လေယာဉ်ဆီသို့ လုံခြုံရေးအဖွဲ့ဝင်တစ်ဦ
ပြေးလွှားရောက်ရှိလာသည်။

လုံခြုံရေးအဖွဲ့ဝင်က. . .

"ဆရာက. . . အထူးစုံအစားရှိ စဝ်ရန်နိုင်ပါလား ခင်ဗျာ"

"ဟုတ်ပါတယ်"

"ဟုတ်ကဲ့. . . ဆရာတို့အလာကို စောင့်နေဖို့ အမိန့်ပေးထ
ပါတယ်။ ဆရာတို့ ဘယ်နေရာမှာ ဆင်းမယ်ဆိုတာတော့ ပြောမထ
ပါဘူး။ တွေ့ရတာ ဝမ်းသာပါတယ် ဆရာ"

"တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော်တို့ အငှားကားတစ်
စီးရှာဖို့ အပြင်ကို ထွက်ဦးမယ်။ လေယာဉ်ပျံကို စေ့စပ်ပြီး ကြ
ထားပေးပါ"

"စိတ်ချပါ ဆရာ။ တခြား ဘာများလိုပါသေးသလဲ"

"မလိုတော့ပါဘူး"

စဝ်ရန်နိုင်က ဒေါက်တာလင်းသီရိမွန်၏ လက်တစ်ဖက်ကို ဆ
ကိုင်လျက် သဲသောင်ပြင်အတိုင်း လမ်းလျှောက်၍သွားသည်။

ရှေ့ဘက်မလှမ်းမကမ်း၌ လမ်းမကြီးရှိနေသည်။

လမ်းမကြီးဆီသို့ ဦးတည်၍ သူတို့နှစ်ဦး ဆက်၍လျှောက်သွ
ကြသည်။

✠ ✠ ✠



အခန်း ( ၁၁ )

စကားဝါမြို့၏လမ်းများမှာ ကျောက်ခင်းလမ်းတစ်ဝက်၊ ကတ္တ
လမ်းတစ်ဝက် ဖြစ်နေသည်။

မြို့လယ်လမ်းမ၌ ဗဟိုခမ်းမဆောင်ကြီးတစ်ခု ရှိသည်။

ထိုနေရာ၏တစ်ဖက်၌ မြင့်မားသည့် ဟိုတယ်တစ်ခုရှိသည်။

စဝ်ရန်နိုင်နှင့် ဒေါက်တာလင်းသီရိမွန်တို့ အငှားယာဉ်တစ်
ငှားလိုက်သည်။

သုခုမလမ်းမကြီးအတိုင်း အငှားကားက မောင်းနှင်နေသည်။

ကားမောင်းသူမှာ ကျွမ်းကျင်သူဖြစ်သည်။ သို့သော် ကား
ောင်းကြမ်းသည်။ လမ်းကျဉ်းကလေးများကိုပင်လျှင် တရကြမ်း



www.burmeseclassic.com

www.burmeseclassic.com



မောင်း၍သွားသည်။

"ကားမောင်းတာ အရှိန်နည်းနည်းလောက် လျှော့ပါ သူငယ်ချင်း"

ကားမောင်းသူက. . .

"ကျွန်တော်မောင်းတာ သိပ်မြန်နေလို့လား"

"ဟုတ်တယ်"

"ဪ. . . ခင်ဗျားတို့က ပတ်ဝန်းကျင်ရှုခင်းတွေကိုပါ ကြည့်ချင်လို့လား"

"ရှုခင်းကြည့်ချင်လို့ မဟုတ်ဘူး။ 'နေဝန်းနီ' ဟိုတယ်ကိုပဲ သွားချင်တယ်"

ကားမောင်းသူက. . .

"ရှုခင်းလေးဘာလေး အေးအေးဆေးဆေး ကြည့်ကြပါလား ခင်ဗျားတို့ နောက်ထပ် နည်းနည်းပါးပါးလောက်ပဲ ပေးရင်ဖြစ်တယ်။ ဘာမှမဖြစ်လောက်တဲ့ငွေပါ"

ဒေါက်တာလင်းသီရိမွန်က ကြားဝင်၍ ပြောလိုက်သည်။

"ကားဆရာ ပြောတဲ့အတိုင်း ကြည့်ကြရအောင် စစ်ရန်နိုင် ထွန်းလင်းမြင့် မှတ်မိခဲ့တာ တစ်ခုခု မြင်ချင်မြင်ရမှာပေါ့"

စစ်ရန်နိုင်က ခွင့်မပြုချင်ဟန်ဖြင့်. . .

"ကောင်းပြီလေ. . . ဟိုတယ်ကို သွားရင်းနဲ့ပဲ ကြည့်ကြပေါ့။ အချိန် သိပ်မပေးနိုင်ဘူး"

အငှားယာဉ်မှာ ပုံမှန်အတိုင်း မောင်းနှင်လာသည်။





ကားမောင်းသူက မောင်းနေရင်းမှ စကားဝါမြို့၏အကြောင်းကိုကာပတ်ကုံး ပြောပြနေသည်။

လမ်းထောင့်ချိုးတစ်ခုသို့အရောက်၌ ရှေ့မှ ငွေရောင် လင့်ခ်ရှုဇာကားကြီးတစ်စီးက ရှေ့မှပိတ်ကာ ရပ်တန့်လိုက်၏။

ကားသမားက ရှေ့ရွှတ် ကျိန်ဆဲလိုက်သည်။

အခြေအနေကို နားလည်လိုက်သော စစ်ရန်နိုင်က အော်ဟစ်သတိပေးလိုက်သည်။

"မြန်မြန်နောက်ဆုတ်. . ."

ကားသမားက နောက်ဘက်သို့ ဆုတ်လိုက်သည်။

နောက်ထပ် လင့်ခ်ရှုဇာအနက်တစ်စီးက နောက်ဘက်မှ ပိတ်၍ ရပ်တန့်လိုက်သည်။

ပထမ လင့်ခ်ရှုဇာကား၏တံခါး ပွင့်သွားသည်။

သေနတ်ကိုင်ထားသူနှစ်ဦး ခုန်ဆင်းလာသည်။

အငှားကား၏ဘေးသို့ ပြေးလာကြသည်။

သေနတ်ကိုင်ထားသူတစ်ဦးက ဟိန်းဟောက်၍ အမိန့်ပေးလိုက်သည်။

"ဟေ့ကောင်. . . အပြင်ကိုထွက်စမ်း"

စစ်ရန်နိုင်က ဒေါက်တာလင်းသီရိမွန်အား တီးတိုးပြောသည်။

"ဟိုတယ်ကိုပဲ. . . အမြန်သွား"

စစ်ရန်နိုင် ကားတံခါးကိုဖွင့်၍ ဆင်းသည်။

သေနတ်နှစ်လက်က စစ်ရန်နိုင်ကို ချိန်ရွယ်ထားလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

စဝ်ရန်နိုင်က သရော်လှောင်ပြောင်သောလေသံဖြင့်...

"ဩော်...မင်းတို့က သန့်ရှင်းရေးဌာနက ဝန်ထမ်းတွေ လား"

"စဝ်..."

ကားထဲမှ ဒေါက်တာလင်းသီရိမွန်က လှမ်း၍ဟန့်တားသပ် ပေးသည်။

သူမက ကားသမားကို တို့လိုက်ပြီး...

"ရှင့်အနေနဲ့ ဘာမှမတတ်နိုင်ဘူးလား"

ကားသမားက လက်နှစ်ဖက်ကို မြှောက်ပြလိုက်ပြီး...

"ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး"

ဒေါက်တာလင်းသီရိမွန် ဒုတိယကားကို နောက်မှန်မှတစ်ဆင့် လှမ်းကြည့်သည်။ ဒုတိယမြောက် လင့်ခ်ရှုဇာကားထဲ၌ ဘာသန်းထက် တစ်ဦးတည်း ထိုင်၍နေ၏။

သူ၏လူနှစ်ဦးက စဝ်ရန်နိုင်အား ဗမ်းဆီးသွားပုံကိုကြည့်၍ ကျေနပ်စွာ ပြုံး၍နေသည်။

စဝ်ရန်နိုင်က...

"မင်းတို့က ဘယ်သူတွေလဲ။ ညှဉ်းပန်းနှိပ်စက်ရေးအဖွဲ့လား"

"ဟေ့ကောင်...စကားမများနဲ့။ မြန်မြန်လျှောက်စမ်း"

သေနတ်သမားတစ်ဦးက ကားတံခါးကို လှမ်း၍ဖွင့်သည်။

စဝ်ရန်နိုင် ချာခနဲ နောက်ဘက်သို့ လှည့်လိုက်၏။





သူ၏ယန္တယားလက်တစ်ဖက်က သူ၏နောက်ဘက်မှ သေနတ် သမား၏လက်ထဲရှိ သေနတ်ကို ပင့်မြှောက်လိုက်၏။ သေနတ်သမား ၏ဝမ်းဗိုက်သို့ လက်သီးဖြင့် ထိုးသွင်းလိုက်သည်။

သေနတ်သမား ရှေ့သို့ငိုက်ကျလာစဉ် ဇက်ပိုးကို ခုတ်ချရန် ဟန်ပြင်လိုက်၏။

စဝ်ရန်နိုင်၏နောက်စေ့ကို သေနတ်သမားတစ်ဦးက သေနတ် ဒင်ဖြင့် ထုချလိုက်၏။ စဝ်ရန်နိုင် မြေပြင်ပေါ်သို့ လဲကျသွားသည်။

သေနတ်သမားများက လဲကျနေသော စဝ်ရန်နိုင်ကို ဒရွတ် တိုက် ဆွဲခေါ်သွားကြသည်၊ ကားနောက်ခန်းထဲသို့ စဝ်ရန်နိုင်ကို ပစ်သွင်းလိုက်၏။

ပထမလင့်ခ်ရှုဇာကားမှာ အရှိန်ပြင်းပြင်းနှင့် မောင်းထွက်သွား သည်။ ဘာသန်းထက်၏ လင့်ခ်ရှုဇာကားက နောက်မှ တစ်ရှိန်ထိုး မောင်းနှင် လိုက်ပါသွားလေသည်။

လင့်ခ်ရှုဇာမှာ လမ်းကျဉ်းကလေးအတိုင်း တရကြမ်း မောင်း နှင်၍နေသည်၊ စဝ်ရန်နိုင်မှာ နောက်ခန်းထိုင်ခုံပေါ်၌ ပက်လက်လန် ၍ ပါလာသည်။

သေနတ်သမားများသည် သူတို့၏ လက်ဆပြင်းအားကို စိတ် ချ ယုံကြည်နေကြပုံရသည်၊ စဝ်ရန်နိုင်၏ ဦးခေါင်းထဲ၌ ပြန်လည် ကြည်လင် ရှင်းလင်း၍လာ၏။ သေနတ်သမားများသည် စဝ်ရန်နိုင် မေ့မြောနေပေမည်ဟု ယုံကြည် သူဆထားပုံရသည်။

ကားရှေ့ခန်း၌ ထိုင်နေသူနှစ်ဦး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်ကို လှည့်၍ပင် မကြည့်ကြ။

လပ်ကွက်တစ်ခု၌ ကားကြီးတစ်စီးဖြတ်ရင်း ပိတ်နေသည်။

ကားသမားက အော်ဟစ် ကျိန်ဆဲပြီး ဘရိတ်အုပ်လိုက်သည်။

စဝ်ရန်နိုင်က ဒူးအစုံကို ညွတ်ကွေးလျက် အားကုန် ဆောင့်ကန်ထည့်လိုက်၏။

ကားတံခါး၏ ပတ္တာချက်များ ပြုတ်ထွက်သွားသည်။

ကားတံခါးမှာ လမ်းမပေါ်သို့ မြောက်တက် လွင့်စဉ်ကျသည်။

စဝ်ရန်နိုင်က ကားတံခါးမှ လိုမ့်၍ထွက်လိုက်၏။

ကားတံခါးကို ပြတင်းပေါက်ဘောင်မှ ဆွဲဖြုတ်၍ လွှင့်ပစ်လိုက်၏။ သတ္တုအပိုင်းအစများ ပွဲ့ရွဲ့သွားသံနှင့်အတူ ကျယ်လောင်သော အသံဖြင့် ကားတံခါးရွက်တစ်ဖက် လမ်းမပေါ်သို့ ကျသွားသည်။

ရှေ့ခန်း၌ ရှိနေသော ကားသမားမှာ ထိုင်နေလျက်နှင့် မိုးကြိုးပစ်အချ ခံလိုက်ရသည်နှယ် အသက်ကင်းမဲ့၍နေ၏။ စဝ်ရန်နိုင်က ကားသမားကို လက်တစ်ဖက်တည်းဖြင့် ဆွဲမယူ၍ လွှင့်ပစ်လိုက်သည်။

ကားသမားသည် လမ်းဘေးရှိ ခြံတိုင်များနှင့် ရိုက်မိပြီး မြေပေါ်သို့ ပုံလျက်သား လဲကျသွားသည်။

ကားတစ်ဖက်မှ ဒုတိယလူ ထွက်လာ၏။

အနီးရှိ ဈေးဆိုင်တစ်ဆိုင်မှ သံတိုင်တစ်တိုင်ကို ဆွဲဖြုတ်ယူလိုက်သည်။ စဝ်ရန်နိုင်ကို ရိုက်ရန် ပြေးဝင်လာသည်။

စဝ်ရန်နိုင်၏ ဇီဝရုပ် စက်ယန္တရားဉာဉ်က ချက်ချင်းတုန့်ပြန်ဖြစ်ပေါ်လာသည်။ ပြေးဝင်၍ ရိုက်လိုက်သော သံတိုင်ကို ယန္တရားလက်တစ်ဖက်က ဆီး၍ဟန့်တားလိုက်၏။ ဒုတိယလူ၏ လက်ထဲမှ သံတိုင်မှာ ရော်ဘာမျှင်တစ်ခုကဲ့သို့ လက်ကို ရစ်ပတ်၍ သွားလေသည်။

ဒုတိယလူမှာ မျက်လုံးပြူး၍ ငေးကြောင်ကြည့်နေမိသည်။

ထိုလူ၏မေးရိုးကို စဝ်ရန်နိုင်က လက်သီးဖြင့် ထိုးချလိုက်၏။

ထိုလူမှာ သတိလစ်၍ လဲကျသွားသည်။ စဝ်ရန်နိုင်က ဒုတိယလူ၏ ခန္ဓာကိုယ်ကို ပင့်မြှောက်ကိုင်လိုက်၏။

ထိုအချိန်မှာပင် ဘသန်းထက်က သူ၏လင့်ခရူဇာကားကို စဝ်ရန်နိုင်ထံသို့ တည့်မတ်စွာ မောင်း၍ဝင်လာသည်။

စဝ်ရန်နိုင်က ဒုတိယသေနတ်သမား၏ခန္ဓာကိုယ်ကို အားကုန်လွှဲ၍ ပစ်လိုက်၏။ လင့်ခရူဇာကား၏ မှန်တစ်ခြမ်းကို အရှိန်ပြင်းစွာ ထိမှန်သွားသည်။ ကားရှေ့မှန် အစိတ်စိတ်အမြွှာမြွှာ ကွဲကြေ၍ သွားသည်။

ဒုတိယမြောက် သေနတ်သမား၏ ခန္ဓာကိုယ်မှာ ကားအတွင်း၌ တစ်ဝက်၊ ကားအပြင်၌ တစ်ဝက် ရောက်နေပြီး ကန့်လန့်ကြီးဖြစ်နေပေတော့သည်။

လင့်ခရူဇာကားသည် ဈေးဆိုင်အချို့ကို ဝင်၍တိုက်သည်။

ကား တစ်ပတ်လည်ထွက်သွားပြီး လမ်းမပေါ်သို့ ပြန်ရောက်သွားသည်။

ထို့နောက် လင့်ခရူဇာကားမှာ တစ်ရှိန်ထိုး မောင်းထွက်သွား





မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

စဝ်ရန်နိုင်သည် လင့်ခရူဇာကားကို ခပ်လှမ်းလှမ်းသို့ ရောက်သွားသည်အထိ စူးစိုက်ကြည့်နေသည်။

ကားအပြင်နှင့် အတွင်း၌ တစ်ဝက်စီ ရောက်နေသော ဒုတိယပြောက်သေနတ်သမား၏ ခန္ဓာကိုယ်ကြီးမှာ ခြေကားရားလက်ကားရားဖြင့် လင့်ခရူဇာကားပေါ်၌ ပါ၍သွားပေတော့သည်။

✠ ✠ ✠



## အခန်း ( ၁၂ )

စဝ်ရန်နိုင်၏ဝတ်စုံပေါ်၌ ရွှံ့နွံများ၊ မြေမှုန့်များ ပေကျံ ညစ်ထေး၍နေ၏။ မျက်နှာတစ်ခုလုံးမှာလည်း ညစ်ပေ၍နေသည်။

နေဝန်းနီဟိုတယ်ထဲသို့ ဤပုံစံဖြင့်ပင် ဝင်လာသည်။

ဟိုတယ်စာရေးက ပြူးကျယ်သော မျက်လုံးအစုံဖြင့် အံ့သြစွာ မော့ကြည့်သည်။

စဝ်ရန်နိုင်က ဣန္ဒြေရစွာဖြင့် ဟိုတယ်ကောင်တာသို့ တည်ငြိမ်စွာ လျှောက်လာသည်။

စဝ်ရန်နိုင်က. . .

"ဒီဟိုတယ်မှာ. . . အခန်းတစ်ခန်း ကြိုငှားထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်စာရေးက မယုံကြည်နိုင်သည့် အမူအရာဖြင့်. . .

"သေချာလို့လား"

"နာမည်က စံရန်နိုင်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . သိပါပြီ။ ခင်ဗျားရဲ့ဇနီး စောစောကပဲ ရောက်လာပါတယ်"

"ဩော်. . . ဟုတ်လား"

ဟိုတယ်စာရေးသည် ချိတ်ပေါ်မှ သော့တစ်ချောင်းကို ဖြုတ်ယူသည်။ စံရန်နိုင်ကို လှမ်း၍ပေးသည်။

စံရန်နိုင်က သော့ကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ရွှေစင်နတ်သမီးဆောင် ဆိုပါလား။ နေရာကတော့ အတော်ကောင်းမယ့်ပုံပဲ"

ဟိုတယ်စာရေးက စိတ်မပါသောလေသံဖြင့် ပြောလိုက်သည်။

"ဒီဟိုတယ်မှာနေရတာ စိတ်ကြည်နူး ချမ်းမြေ့နိုင်မယ်လို့ ထင်ပါတယ်ခင်ဗျာ"

စံရန်နိုင်သည် သော့ကိုယူလျက် ဓာတ်လှေကားဘက်သို့ လျှောက်သွားသည်။

ပဉ္စမထပ်သို့ ဓာတ်လှေကားဖြင့် တက်လာသည်။

သော့ပေါက်တစ်ခု၌ သော့တံဖြင့် ထိုးလှည့်၍ တံခါးကို ဖွင့်လိုက်၏။

ရွှေစင်နတ်သမီးဆောင်ထဲသို့ ဝင်လိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်၏။





အခန်းထဲ၌ ရှိနေသော ဒေါက်တာလင်းသီရိမွန်က တံခါးဝသို့ လှမ်းကြည့်သည်။

စံရန်နိုင်ကို မြင်လျှင် ပြေး၍လာပြီး လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်၏။

"စံ. . .။ ပန်းဟေဝန်ဒေသက ရှင့်ကို ကြိုဆိုပါတယ်"

"စောစောကလူတွေ ဘယ်သူဆိုတာ ခင်ဗျား သိသလား"

"အဲဒီလူတွေကို ကျွန်မ တစ်ခါမှ မမြင်ဖူးဘူး"

"ခင်ဗျား သိနိုင်မယ်လို့ ကျွန်တော် ထင်နေတာ"

သူမ ခေါင်းခါပြသည်။

"ကျွန်တော် ပြောတာက ခင်ဗျားအနေနဲ့ သိတာမဟုတ်ဘူး။ ကွန်းလင်းမြင့်ဆိုတဲ့လူတစ်ယောက်အနေနဲ့ မှတ်မိမလားလို့. . . မေးတာ"

သူမ ခေတ္တမျှ စဉ်းစားလိုက်ပြီး ခေါင်းခါယမ်းလိုက်သည်။

စံရန်နိုင်က တယ်လီဖုန်းကို ကိုင်လိုက်၏။

ဒေါက်တာလင်းသီရိမွန်က. . .

"သူတို့ နောက်တစ်ခါ. . . ထပ်ကြိုးစားကြဦးမယ်လို့ ထင်တယ် စံ"

စံရန်နိုင်က ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"ဖြစ်နိုင်ပါတယ်. . .။ ဒါပေမဲ့ ပထမနှစ်ကောင်တော့ လာမဖြစ်နိုင်တော့ဘူး။ ပထမနှစ်ကောင်လုံး သရဲတစ္ဆေဘဝ ရောက်သွားကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က ဖုန်းကို ကိုင်လိုက်ပြီး နံပါတ်များကို နှိပ်လိုက်သည်။

"ဟယ်လို. . . ဘချုပ်"

"စဝ်ရန်နိုင်လား"

"ဟုတ်ပါတယ် ဘချုပ်. . .။ အခု ဘယ်မှာရောက်နေသလဲ"

"ငါ အလုပ်အတော်များနေတယ်။ ပစ္စည်းသေတ္တာတွေ ရွှေ့ပြောင်းနေရတယ်။ မင်းဘက်က အခြေအနေကော"

"ထွန်းလင်းမြင့်က ကျွန်တော့်ကို အဲ့သာဝတီမြို့တောင်းမှာ မြင်ခဲ့တာကို သူ အမှတ်ရလာတယ်"

"အင်း. . . ကွမ်တမ်ကားအုပ်ချုပ်ရေးမှူး ဦးသော်ဇံရဲ့ မွေးနေ့ပွဲ ကျင်းပတုန်းကလား"

"ဟုတ်တယ်. . . အဲဒီမွေးနေ့ပွဲကို သူတို့ပဲ ဦးစီးပြီး လုပ်ခဲ့တာပဲဖြစ်မယ်"

"ကောင်းပြီ. . . ငါ မိုးမခမြို့ကို တိုက်ရိုက် အကြောင်းကြားလိုက်မယ်။ ပြီးတော့ကော. . ."

"ကျွန်တော် ငွေသိန်းငါးဆယ်လောက် လိုချင်တယ်"

"ဘာကိစ္စအတွက်လဲ"

"ပစ္စည်းဖိုးတွေ ချေပေးဖို့ပါ"

ဘချုပ်က အံ့အားသင့်သံဖြင့်. . .

"ဘာပစ္စည်းတွေ. . .။ မင်းက ဝယ်ထားလို့လဲ"

"ဈေးဆိုင်တစ်ဆိုင်က အမိုးထောက်တဲ့ သံတိုင်၊ ကြက်ဥဘဲဥ





ရောင်းတဲ့ဆိုင်တစ်ဆိုင်၊ ကုန်ခြောက်ဆိုင်တစ်ဆိုင်၊ ငါး နှစ်ပိသာခွဲနဲ့ ကြက်သား လေးပိသာဖိုးအတွက် ငွေချေဖို့ပါ"

"ဟော့. . . စဝ်ရန်နိုင်. . . မင်းသုံးတာ သိပ်များလွန်းနေတယ်။ နောက်တစ်ခါဆိုရင် သတိထားပြီးသုံးပါ"

"ကျွန်တော် လုပ်ချင်လို့ လုပ်ခဲ့ရတာ မဟုတ်ပါဘူး ဘချုပ်"

"ဘာဖြစ်လို့လဲ စဝ်ရန်နိုင်"

"အဲ့သာဝတီက. . . အကြမ်းဖက်သမားအဖွဲ့ပဲ။ ကျွန်တော့်အတွက် ဒီမှာ အမှတ်တရ ညှော်ခံပွဲလုပ်ပေးဖို့ စီစဉ်ထားပုံရတယ်"

"မင်းအတွက် ညှော်ခံပွဲ ဟုတ်လား။ အင်း. . . စိတ်ဝင်စားစရာပဲ။ ဒါနဲ့ မင်းက သူတို့ကို အချိန်မပေးလိုက်ဘူးလား"

"ကျွန်တော့်ကို ညှော်ခံပွဲ ဖိတ်စာလာပေးတဲ့ လူနှစ်ယောက်နဲ့ တွေ့တယ်။ ကျွန်တော်က မင်းတို့နှစ်ယောက် သေလိုက်စမ်းဆိုတာနဲ့ နှစ်ကောင်လုံး ဖျတ်ခနဲ သေသွားကြတယ်"

"အင်း. . . နှစ်ယောက်လုံး တော်တော်ကံဆိုးတာပဲ"

"ဟုတ်တယ်. . . ဘချုပ်၊ တတိယကောင်နဲ့ကျတော့ စကားပြောချိန် လုံးဝမရလိုက်ဘူး"

"ငါတို့ သိတဲ့လူလား"

"သူ့ကို ဘယ်မှာမှ မမြင်ဖူးဘူး။ ဒီကောင်တွေကို သတိထားကြည့်ရမယ့်အဆင့် ရောက်နေပြီ။ သူတို့က ကျွန်တော့်ကို အတင်းအကျပ် ညှော်ခံချင်နေကြတယ်"

"ဒီမှာ စဝ်ရန်နိုင်. . . မင်းကိုယ်တိုင် အတူးသတိထားပါ။ ငါ



www.burmeseclassic.com

www.burmeseclassic.com



မှာ သန်းတစ်ထောင်လေး၊ တစ်လေးနဲ့ ကစားနေရသလို ဖြစ်နေတယ်။ ပင်း အပေါ် အန္တရာယ်မကျအောင် အထူးဂရုစိုက်ပါ"

"ကျွန်တော့်အတွက် မပူပါနဲ့"

✠

မွန်းတိမ်းစအချိန်. . .။

အိုက်စပ်နေသော ရာသီဥတုဖြစ်သည်။

မြစ်ရေပြင်၌ တွဲသင်္ဘောများ၊ ဆွဲသင်္ဘောများ၊ ခရီးသည်တင်သင်္ဘောများ သွားလာနေကြသည်။

ဝါးနက်ကျွန်းဆိပ်ကမ်း၌ တွဲသင်္ဘောကြီးတစ်စီး ဆိုက်ကပ်၍ထားသည်။ ထိုတွဲသင်္ဘောကြီး၏ အောက်ဘက်အခန်းထဲ၌ အုပ်ချုပ်မှု ဒါရိုက်တာကြီး ရောက်၍နေသည်။

ဒါရိုက်တာကြီး၏ မျက်နှာတစ်ခုလုံး နီမြန်းလျက် အကြောအကျယ် ဒေါသထွက်၍နေ၏။

ဒါရိုက်တာကြီးက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်းမှ. . .

"ကဲ. . . ဘယ်လိုလုပ်ကြမလဲ. . .။ စကားဝါတစ်မြို့လုံးမှာ အလောင်းတွေ ပြန့်ကျဲကုန်ပြီ။ ဒီကိစ္စမှာ ရဲတွေကပါ ခြေရာခံပြီး လိုက်လာကြပြီ။ မင်း ဘာဆက်လုပ်မလဲ။ မင်း တော်တော် အသုံးမကျတာပဲ"





ဒါရိုက်တာကြီးမှာ ဒေါသထွက်လွန်းနေသဖြင့် စကားသံပါ တုန်ခါ၍နေသည်။ ဘသန်းထက်၏ တစ်ကိုယ်လုံး ချွေးများဖြင့် ရွဲနစ်၍နေ၏။ ပူပင် စိုးရိမ်စိတ်ဖြင့် ချွေးများ အဆက်မပြတ် ထွက်၍နေသည်။

ဘသန်းထက်က ချွေးများကို လက်ကိုင်ပဝါကြီးတစ်ထည်ဖြင့် အဆက်မပြတ် သုတ်ရင်းမှ အထစ်ထစ်အငေါ့ငေါ့နှင့် ပြောသည်။

"ဖြစ်ပြီးခဲ့တဲ့ကိစ္စကိုတော့. . . ကျွန်တော် ထပ်ပြီး မပြောပြတော့ပါဘူး ဒါရိုက်တာကြီး။ ဒါပေမဲ့ စင်ရန်နိုင်ရဲ့နောက်ကိုတော့ အမိအရ လိုက်သင့်ပါတယ်"

ဒါရိုက်တာကြီး ဝုန်းခနဲ ထရပ်၍ အော်ဟစ်လိုက်သည်။

"ဘာကွ. . .။ သူ့နောက်ကို အမိအရ လိုက်သင့်တယ် ဟုတ်လား။ တော်တော်ရှူးတဲ့အကောင်ပဲ။ အခု စင်ရန်နိုင်က ငါတို့နောက်ကို လိုက်နေတဲ့ အလိုက်သမား ဖြစ်နေပြီကွ. . . သိရဲ့လား"

ဒါရိုက်တာကြီးက ဘသန်းထက်၏အနီးသို့ တစ်လှမ်းချင်း လျှောက်လာသည်။

"စကားဝါမြို့ကို. . . ဒီကောင် ဘာဖြစ်လို့ မြန်မြန်ဆန်ဆန် ရောက်လာရတာလဲဆိုတာကို မင်းသိရဲ့လား"

"သူက လျှို့ဝှက်ထားတာ မရှိပါဘူး။ သူနေတဲ့ဟိုတယ်မှာ အခန်းငှားတာ သူ့နာမည်နဲ့ပဲ ငှားထားပါတယ်"

ဒါရိုက်တာကြီး မျက်မှောင်ကြုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီနွယ်လည်း. . . အဲဒီနေရာမှာပဲ ရှိနေတယ်။ ဒါဟာ တိုက်ဆိုင်မှုတစ်ခုလို့ မင်း ထင်ထားသလား"

ဘသန်းထက်က မျက်တောင်မြန်မြန်ခတ်လိုက်ပြီး ခပ်သွက်သွက် ပြောလိုက်သည်။

"ဒေဝီနွယ်အကြောင်း သူ ဘယ်လိုမှ မသိနိုင်ပါဘူး"

ဒါရိုက်တာကြီးက မျက်နှာကိုတစ်ချက်မဲ့လိုက်သည်။

"ဒေဝီနွယ်နဲ့ ပတ်သက်ပြီး သူ ဘာမှမသိနိုင်ပါဘူးဆိုပြီး မင်းက အလွယ်ကလေး ပြောတာပဲ။ မင်းမှာ. . . ဘာအထောက်အထား ရှိသလဲ။ ဒီမှာ ဘသန်းထက်. . . .။ အာသာဝတီမြို့ဟောင်းက ကိစ္စမှာ မင်းကို သက်ညှာပြီး ခွင့်လွှတ်ပေးခဲ့တယ်။ အခု ဒီကိစ္စမှာ တစ်ခုခုဖြစ်သွားခဲ့ရင်တော့ မင်းကိုယ်မင်း ဘာဖြစ်မလဲဆိုတာ တွေးကြည့်ပေတော့"

ဘသန်းထက် ခေါင်းငုံ့၍ နေလိုက်သည်။ သူ၏လက်ထဲမှ လက်ကိုင်ပဝါတစ်ခုလုံးမှာလည်း ချွေးများဖြင့် ရွဲနစ်၍နေပြီး ရေညှစ်ချ၍ပင် ရနိုင်လောက်ပေသည်။

ဒါရိုက်တာကြီးက အစည်းအဝေးခန်းမထဲသို့ ဝေ့၍တစ်ချက် ကြည့်လိုက်သည်။

"စဝ်ရန်နိုင်ကို တစ်ခါတည်းနဲ့ အပြီး သုတ်သင် ရှင်းလင်းပစ်လိုက်"

ဒါရိုက်တာကြီးက မာကျောပြတ်တောင်းစွာ အမိန့်ပေးလိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။





ဒါရိုက်တာကြီး၏နောက်မှ သူ၏စာရေးမလေးပါ လိုက်ပါသွားပေသည်။

✠

ဒါရိုက်တာကြီးနှင့် သူမ၏စာရေးမလေးတို့နှစ်ဦးသည် ကျဉ်းမြောင်းသောလမ်းအတိုင်း လျှောက်၍သွားသည်။

အစောင့်တစ်ဦး ထိုင်၍နေသည့်နေရာသို့ ရောက်လာသည်။

ဒါရိုက်တာကြီးက လက်ညှိုးထောင်၍ တံခါးပေါက်ကို ညွှန်ပြလိုက်၏။

အစောင့်က တံခါးဖွင့်ပေးသည်။

ဒါရိုက်တာကြီးနှင့် စာရေးမလေးတို့ အတွင်းသို့ ဝင်သွားကြသည်။ ခပ်ညံ့ညံ့ထိုင်ခုံတစ်လုံး၌ ဦးဒေဝါ ထိုင်၍နေသည်။

သူ၏ရှေ့၌ စားပွဲတစ်လုံး။

စစ်တုရင်ရုပ်များကို အကွက်များပေါ်၌ ဖြန့်၍ချထားသည်။

နံရံမှ ခေတ်ဟောင်းတေးသံများ တိုးတိတ်စွာ ပျံ့လွင့် ထွက်ပေါ်နေပေသည်။

ဦးဒေဝါက ဒါရိုက်တာကြီးကို တစ်ချက်မော့ကြည့်လိုက်၏။

ဒါရိုက်တာကြီးက အေးတိအေးစက်လေသံဖြင့် ပြောသည်။

"ခင်ဗျားနဲ့ကျုပ် အေးအေးဆေးဆေးတွေ့ချင်နေတာ ကြာပြီ ဦးဒေဝါ။ အခုလို အခြေအနေမျိုးမှာ တွေ့ကြရတာကတော့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းစရာပါပဲ"

ဦးဒေဝါက မျက်မှောင်ကြုတ်လျက်. . .

"ကောသမ္ဗီဆေးရုံမှာ. . . ကျုပ် ရှိနေတာကို ခင်ဗျားတို့က ဘယ်လိုသိသွားကြတာလဲ"

ဒါရိုက်တာကြီးက ထိုင်ခုံတစ်လုံး ဆွဲယူ၍ထိုင်လိုက်သည်။

ဒါရိုက်တာကြီးက ဦးဒေဝါအား. . .

"ဘီယာသောက်မလား"

ဦးဒေဝါက လက်ကာပြလိုက်ပြီး. . .

"မသောက်ချင်ပါဘူး၊ ကောသမ္ဗီဆေးရုံကိစ္စ ခင်ဗျားတို့ ဘယ်လိုသိထားသလဲဆိုတာ ပြောပြနိုင်မယ်လို့ထင်တယ်"

"ဒီအကြောင်းတွေကို ထပ်မမေးပါနဲ့တော့ ဦးဒေဝါ။ ခင်ဗျားကို အတိအကျပြောဖို့ ရည်ရွယ်မထားပါဘူး"

ဦးဒေဝါသည် ဒါရိုက်တာကြီးကို အတန်ကြာမျှ စေးစိုက်ကြည့်နေမိသည်။

ထို့နောက် ဦးဒေဝါသည် တစ်စုံတစ်ရာကို နားလည်သဘောပေါက်သွားဟန်ဖြင့် ရေရွတ်ပြောဆိုလိုက်သည်။

"ဪ. . . ထိပ်ထားလေး ဒေဝီနွယ်"

ဦးဒေဝါ၏မျက်နှာပေါ်၌ သိသာစွာ ပြောင်းလဲ၍သွားသည်။

"အင်း. . .။ လူတွေဟာ ကြွားဝါတတ်တဲ့ သဘာဝရှိနေတာ မဆန်းပါဘူး။ ဒါပေမဲ့ ထိပ်ထားလေးဒေဝီနွယ်ကတော့ နားလည်မှုတရား အပြည့်အဝရှိပါတယ်"





ဦးဒေဝါသည် ထိုင်ခုံမှထ၍ သူ၏ခုတင်ဆီသို့ လျှောက်သွားပြီး ထိုင်ချလိုက်သည်။

ဦးဒေဝါက. . .

"ကျုပ်. . . အခု ဘီယာသောက်ချင်တယ်"

ဒါရိုက်တာကြီး၏စာရေးမလေးက အပြင်သို့ ထွက်သွားသည်။ ခေတ္တမျှအကြာ၌ ရေခဲဘူးဖြင့် ထည့်ထားသော ဘီယာနှစ်လုံး ပါလာသည်။

ဒါရိုက်တာကြီးက ဖန်ခွက်နှစ်လုံးထဲသို့ ဘီယာများ ငှဲ့ထည့်သည်။

ဦးဒေဝါဘက်သို့ ဘီယာခွက်ကို ကမ်းပေးလိုက်သည်။

ဦးဒေဝါက သူ့ကိုယ်သူ ပြောနေသည့်လေသံမျိုးဖြင့် တစ်လုံးချင်းပြောနေသည်။

"ကျုပ်ဟာ. . . စီးပွားရေးလောကနယ်ပယ်ထဲမှာ ရိုးသားစွာ ကျင်လည် ကျက်စားခဲ့သူတစ်ယောက်ပါ"

"ခင်ဗျား အနေအထိုင် မှန်ပါတယ်"

"လွန်ခဲ့တဲ့ငါးနှစ်လောက်က ကျုပ်ရဲ့ဇနီး ဆုံးသွားခဲ့ရှာတယ်။ ဒီနောက်ပိုင်းမှာ ထိပ်ထားလေးဒေဝီနွယ်နဲ့ ဆုံမိတယ်။ ကျုပ်ကိုယ်တိုင်တလည်း သူ့အပေါ်မှာ စိတ်ဝင်စားခဲ့မိတယ်။ ဒီအတွက် ကျုပ်ကိုယ်ကျုပ် အပြစ်မတင်မိပါဘူး"

"ဒီလိုမှပဲ ခင်ဗျားရဲ့ဘဝဟာ နုပျို လန်းဆန်းလာနိုင်ပါလိမ့်မယ်။ လှပ ကျော့ရှင်းတဲ့ အမျိုးသမီးတစ်ယောက်ကို စိတ်ဝင်စားတာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အပြစ်လို့. . . မပြောနိုင်ပါဘူး"

ဦးဒေဝါက ဘီယာတစ်ခွက် မော့လိုက်ပြီး. . .

"ကျုပ်အတွက်. . . ခင်ဗျားက ငွေ ဘယ်လောက်တောင်းထား သလဲ"

ဒါရိုက်တာကြီးက မသိမသာပြုံး၍. . .

"ရွှေစင် သန်းတစ်ထောင်တည်းပါ"

ဦးဒေဝါက. . .

"ခင်ဗျားလည်း တော်တော် အလိုရမ္မက် တော်တော်ကြီးတဲ့ လူတစ်ယောက်ပါပဲလား"

ဒါရိုက်တာကြီးက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ဒီငွေဟာ ခင်ဗျားရဲ့အရည်အချင်း၊ ခင်ဗျားရဲ့ပိုင်ဆိုင်မှုတွေ နဲ့စာရင်. . . နည်းတောင်နည်းနေပါသေးတယ်"

"ခင်ဗျားတောင်းတဲ့ငွေကို ဘယ်တော့ပေးမှာတဲ့လဲ"

ဒါရိုက်တာကြီးက. . .

"ပစ္စည်းတွေက လမ်းတစ်ဝက် ရောက်နေပါပြီ"

"ခင်ဗျားလိုတဲ့ငွေရရင် ကျုပ်ကို ပြန်လွှတ်ပေးမှာပေါ့ ဟုတ် ရဲ့လား"

ဒါရိုက်တာကြီးက မသိမသာ ခေါင်းညိတ်ပြသည်။

ထို့နောက် ထူးခြားသော အပြုံးတစ်ရပ်ပြုံး၍ ဘီယာလက် ကျန်ကို မော့၍သောက်လိုက်သည်။

✠ ✠ ✠



BURMESE CLASSIC .com

အခန်း ( ၁၃ )

စဝ်ရန်နိုင်နှင့် ဒေါက်တာလင်းသီရိမွန်တို့ အပြင်သို့ ပြန်ထွက် ကြသည်။

ဘသန်းထက်တို့လူစုနှင့် ရင်ဆိုင်ရပြီး နောက်ထပ် နှစ်နာရီ ခန့်အကြာ၌ ပထမအငှားကားသမားနှင့်ပင် ပြန်လည် ဆုံတွေ့ကြ သည်။

ကားမောင်းသူသည် ဘသန်းထက်တို့နှင့် ပတ်သက်နေသူ ဟုတ်မဟုတ် စဝ်ရန်နိုင်က ယုံကြည်နိုင်သည့်အဆင့်အထိ စစ်ဆေး ကြည့်သည်။

ထို့နောက် စဝ်ရန်နိုင်က စကားဝါမြို့ကို တစ်ပတ်လည်၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရန်အတွက် ကားငှားသည်။

စကားဝါတစ်မြို့လုံးသို့ လှည့်ပတ်ကြည့်ကြပြီးနောက် နေဝန်းနီယိုကာယ်ရှေ့သို့ အငှားကား ရောက်လာသည်။

ကားမောင်းသူက. . .

"ခင်ဗျားတို့နှစ်ယောက်. . . စကားဝါမြို့ကို နှစ်ကြိမ်လျှောက်ကြည့်ပြီးသွားပြီ။ ကဲ. . . ဘယ်လိုအခြေအနေရှိသလဲ"

စဝ်ရန်နိုင်က. . .

"စကားဝါမြို့က တကယ့်ကို လှတဲ့မြို့တစ်မြို့ပါပဲ"

"သက်တန့်တံတားနဲ့ ပင်လယ်ပြာမျှော်စင်ကိုလည်း နှစ်ကြိမ်တိတိ ကြည့်ပြီးကြပြီ"

"မှန်ပါတယ်. . . တကယ့်ကို ချီးကျူးစရာကောင်းတဲ့ အင်ဂျင်နီယာတွေရဲ့လက်ရာတွေပါပဲ"

"ပြီးတော့ ရုက္ခမူဥယျာဉ်ကိုလည်း နှစ်ကြိမ်သွားပြီးကြပြီ"

"တကယ်ကြည်နူးစရာကောင်းတဲ့ နေရာတစ်ခုပါပဲ"

ကားမောင်းသူက. . .

"ဒါဆို ခင်ဗျားတို့ကို ထူးခြားတဲ့ သီးသန့်နေရာလေးတစ်ခုကို ကျွန်တော် လိုက်ပို့ပေးရတော့မလား"

"ပို့မပေးနဲ့ဦး. . .။ ကျွန်တော်တို့ စကားဝါမြို့ကို နောက်တစ်ကြိမ် ထပ်ကြည့်ချင်သေးတယ်။ လိုက်ပို့ပေးပါဦး"

ကားမောင်းသူက နားမလည်နိုင်သည့် အမူအရာဖြင့် သက်ပြင်းတစ်ချက်ချသည်။ ကားဂီယာကို ထိုးလိုက်သည်။





စဝ်ရန်နိုင်က ဒေါက်တာလင်းသီရိမွန်ဘက်သို့ လှည့်၍မေးသည်။

"ထွန်းလင်းမြင့်က. . . ဘာအထောက်အကူမှ မပေးသေးဘူးလား"

"ပုံရိပ်တွေက စုစည်းလို့ကို မရသေးဘူး။ မြင်နေရတာတွေကတော့ အများကြီးပဲ။ အားလုံး ရောထွေးနေတယ်။ အဓိပ္ပာယ်ဖော်လို့မရဘူး။ ပြာလဲ့ပြီး ကြည်လင်နေတဲ့ ရေကန်တစ်ကန်၊ ကျေကျေနပ်နပ်ပြုံးနေတဲ့ လူတစ်ယောက်၊ ပြီးတော့ ရေတွေ ထပ်တွေ့နေရတယ်။ နောက်ထပ် အမျိုးသမီး ခပ်ချောချောတစ်ယောက်။ ဆွဲဆောင်မှုအားပြည့်တဲ့ မိန်းမတစ်ယောက်လို့. . . ပြောနိုင်တယ်"

"ဘယ်ကပေါ်လာတဲ့ အမျိုးသမီးလဲ"

"ဒါတော့ ကျွန်မလည်း မသိဘူး။ သူက ပေါ်လာလိုက်၊ ပျောက်သွားလိုက်နဲ့။ ရေတွေနဲ့ ရောနေတယ်။ ရေသူမတစ်ကောင်များလား မပြောတတ်ဘူး"

စဝ်ရန်နိုင်က. . .

"စကားဝါရေကန်ထဲမှာတော့ ရေသူမ မရှိနိုင်ဘူး။ ငါးတွေပဲရှိတယ်"

"ခဏနေဦး. . . ချာချာလည်နေတဲ့ ချားတွဲတစ်ခုကို မြင်နေရတယ်"

"ဘာကို. . . မြင်လိုက်ရတယ်"

"ဟုတ်တယ်. . . စဝ်. . . ချားတွဲတစ်ခု။ နောက်တစ်ခါအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ဒိပ်။ လူချမ်းသာတွေ နေထိုင်တဲ့အိမ်ကြီးမျိုးပဲ"

စပ်ရန်နိုင်က သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး. . .

"ပြုံးနေတဲ့ ယောက်ျားတစ်ယောက်။ ရေကန်ထဲက ရေတွေနဲ့ အမျိုးသမီးခပ်ချောချောတစ်ယောက်။ သူဌေးတွေ. . . နေတဲ့အိမ်ကြီး တစ်ဒိပ်။ ပြီးတော့ ရဟတ်တစ်ခု. . . ဟုတ်လား"

"ဟုတ်တယ်. . . စပ်"

ကားမောင်းသူက သူမကိုကြည့်၍. . .

"ဒီအမျိုးသမီး ကားမူးပြီး. . . ဘာတွေ လျှောက်ပြောနေသလဲ မသိဘူး"

စပ်ရန်နိုင်က. . .

"သူ ကားမူးနေတာပဲ ကောင်းပါတယ်"

ဒေါက်တာလင်းသီရိမွန်က မျက်လုံးကို ဖြည်းညင်းစွာ ပိတ်လိုက်သည်။ ချက်ချင်းပင် မျက်လုံးကို ပြန်ဖွင့်လိုက်၏။

သူမက ဝင့်ကြွားစွာပြုံး၍ပြောသည်။

"၈- ၂၁- ၁၅"

"ဘာပြောတာလဲ"

သူမက မျက်မှောင်တွန့်၍. . .

"အဲဒါပဲလေ"

စပ်ရန်နိုင်က. . .

"၈- ၂၁- ၁၅ ဟုတ်လား"

"ဟုတ်တယ်လေ. . .။ လိပ်စာတစ်ခုများလား မသိဘူး"



BURMESE CLASSIC .com



ကားသမားက မျှော်လင့်ချက်ဖြင့် မေးသည်။

"ခင်ဗျားတို့က အဲဒီနေရာကို သွားချင်လို့လား"

စပ်ရန်နိုင်က. . .

"လမ်းနာမည် အတိအကျ သိမှဖြစ်မယ်"

ဒေါက်တာလင်းသီရိမွန် မျက်လုံးအစုံကို မှိတ်၍ စဉ်းစားကြည့်နေသည်။ ခေတ္တမျှအကြာ၌ မျက်လုံးကို ပြန်ဖွင့်သည်။

"၈- ၂၁- ၁၅ ဖုန်းနံပါတ်များလား"

ကားသမားက. . .

"ကားရပ်ပြီး ဖုန်းဆက်ပေးရမလား"

စပ်ရန်နိုင်က. . .

"ဘယ်ဒေသ ဖြစ်နိုင်မယ် ထင်သလဲ"

သူမက ခေါင်းခါပြသည်။

ကားသမားက စိတ်ပျက်လက်ပျက်ဖြင့် ပြောသည်။

"ဟူး. . . ခင်ဗျားတို့ပြောတာ ဘာတွေပြောမှန်းလဲ မသိဘူး။ ကျွန်တော်တောင် ကားမူးချင်သလို ဖြစ်လာပြီ"

ဒေါက်တာလင်းသီရိမွန်က. . .

"ကျွန်မလည်း မပြောတတ်တော့ဘူး။ ထွန်းလင်းမြင့်ဆီက အတုန့်ပြန်ချက်မှ မပေါ်လာသေးဘူး"

ကားသမားကပါ ညည်းညူလိုက်သည်။

"ခင်ဗျားတို့ပြောတဲ့ ထွန်းလင်းမြင့်ကပါ ကျွန်တော့်ကို ကူညီ သိပ်ကောင်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



စပ်ရန်နိုင်က ကောက်ခါငင်ကာ ပြောလိုက်သည်။

"ဟဲ. . . ကားဆရာရေ. . .။ ဟိုတယ်ကိုပဲ ပြန်မောင်းပို့ပေးပါ။ စောစောကပြောတဲ့ နံပါတ် ဘယ်မှာရှိတယ်ဆိုတာ သိပြီ"

ဒေါက်တာလင်းသီရိမွန်က. . .

"ဘယ်နေရာမှာ ရှိတာလဲ"

"ဟိုတယ်မှာပဲ ရှိတယ်"

"ဟိုတယ်မှာပဲ. . .။ ဟုတ်လား"

ကားမောင်းသူက ကားကို ချိုးကွေ့လိုက်သည်၊ လမ်းမအတိုင်း ရေဒိုင်ရှိရာဘက်သို့ တစ်ရှိန်ထိုး မောင်းနှင်သွားသည်။

❖

စပ်ရန်နိုင်သည် သစ်လွင်သောဝတ်စုံကို သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသည်။ ဒေါက်တာလင်းသီရိမွန်က ရိုးရိုးယဉ်ယဉ်လေး ဝတ်ဆင်ထားသည်။

ခန်းမဆောင်တစ်ခုအတွင်း၌ ဘီယာသောက်ရင်း ကြည့်နေကြသည်။

အစုံလိုက် တွဲလုံးများပါသည့် ခြုံသီးကို ဒေါက်တာလင်းသီရိမွန်က စိတ်ဝင်စားစွာကြည့်သည်။

ထိုတွဲလုံးများထဲ၌ ၈- ၂၁- ၁၅ တွဲလုံးတစ်စုံ ပါဝင်သည်။

ဒေါက်တာလင်းသီရိမွန်က စပ်ရန်နိုင်ကို ချီးကျူးသောအကြ





ဖြင့် ကြည့်လိုက်ပြီး. . .

"စပ်. . . ရှင် သိပ်တော်တာပဲ။ ကျွန်မပြောတာတွေ ဒီမှာ ရှိနေတယ်ဆိုတာ ရှင် ဘယ်လိုလုပ်ပြီး သိသလဲ"

"ဒါ. . . ကိုယ့်ရဲ့ကျွမ်းကျင်မှုအလုပ်တစ်ခုပေါ့"

သူမက လက်ပိုက်၍ ပြောလိုက်သည်။

"ဒီနေရာကို ထွန်းလင်းမြင့် အမြဲလာတတ်တယ်။ သူ ဒီကို လာတိုင်း ၈- ၂၁- ၁၅ ဂဏန်းအတွဲနဲ့ပဲ ကစားလေ့ရှိတယ်"

"သူက နည်းစနစ်ကို နားမလည်တဲ့လူပဲ။ ကျွန်တော်ကတော့ အဲဒီလိုဂဏန်းတွေကို ကွန်ပျူတာနဲ့ တွက်ယူထားတယ်။ ဒါပေမဲ့ ဒီဂဏန်းတွဲကိုသုံးပြီး အနိုင်ရဖို့ဆိုတာ မလွယ်ဘူး။ အကြိမ်တစ်ထောင်ကစားမှ အဲဒီဂဏန်းတွဲ ကျလာလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ဒီနည်းစနစ်အတိုင်း ကစားဖို့ဆိုရင် ငွေလည်း လိုမယ်၊ အချိန်လည်း ကုန်လိမ့်မယ်"

ဒေါက်တာလင်းသီရိမွန်က. . .

"ဒီဂဏန်းတွဲနဲ့ကစားတာ သူ တစ်ခါမှ မနိုင်ဖူးဘူး"

"ကောင်းပြီလေ. . . ထွန်းလင်းမြင့်နဲ့ ပတ်သက်တာလေးတွေ တက်ကြည့်ကြတာပေါ့။ ဒီခန်းမထဲမှာ ခင်ဗျားမှတ်မိတဲ့လူ ရှိနိုင်လား"

ဒေါက်တာလင်းသီရိမွန်က ခန်းမဆောင်အတွင်း၌ တဖြည်းဖြည်းချင်း လှည့်ပတ်၍ကြည့်သည်။

"အခုအချိန်ထိတော့ ဘယ်သူ့ကိုမှ မတွေ့မိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်. . . ဒီလောင်းကစားခန်းမကို လာကစားတာကော သေချာရဲ့လား"

ဒေါက်တာလင်းသီရိမွန်က. . .

"သူ ဒီကိုပဲ အမြဲလာတာ သေချာပါတယ်။ ဒီနေရာက ရေအိုင်ပေါ်မှာ ရှိနေတော့ သင်္ဘောနဲ့ လာရတာ ပိုအဆင်ပြေတာပေါ့"

"သင်္ဘောနဲ့လာတယ်. . . ဟုတ်လား"

"ကျွန်မစိတ်ထဲမှာ ပေါ်လာလို့ ပြောလိုက်မိတာပဲ"

"ဘယ်လိုသင်္ဘောမျိုးလဲ"

"သင်္ဘောကတော့ ခပ်သေးသေးထဲကပါ"

"ကောင်းပြီလေ. . . ကျွန်တော်တို့အနေနဲ့ သဲလွန်စတို တော်တော်လေး ခဲခဲယဉ်းယဉ်းနဲ့ ရှာကြရဦးမှာပဲ။ ဒီအခန်းထဲမှာပဲ လှည့်ပတ်ပြီး ကြည့်လိုက်ပါဦးလား"

သူမ ခေါင်းညိတ်၍ပြပြီး ခမ်းမကြီးထဲသို့ ခပ်ဖြည်းဖြည်းလျှောက်သွားသည်။

ခမ်းမကြီးထဲ၌ လူအများ ပြည့်နှက်၍နေ၏။

လည်ပတ်နေသော ချားတွဲရှိရာစားပွဲကို စဝ်ရန်နိုင် ကြည့်လိုက်သည်။

ချားစားပွဲ၌ ထိုင်နေသော အသက်သုံးဆယ်ခန့်အရွယ်ရှိ ချောမော လှပပြေပြစ်သည့် အမျိုးသမီးတစ်ဦးဘေးရှိ ထိုင်ခုံလွတ်၌ ဝင်ထိုင်လိုက်သည်။

စဝ်ရန်နိုင်က ပိုက်ဆံအိတ်ထဲမှ စက္ကူတစ်ထပ် ဆွဲထုတ်လိုက်





၏။

သူထိုးမည့် ဂဏန်းတွဲကို ခေါ်လိုက်သည်။

"၂၄. . ."

သူ့ဘေးမှ အမျိုးသမီးက ချိုလွင်သောအသံဖြင့် ပြောလိုက်သည်။

"ဂဏန်းတွဲ အပြောင်းအလဲနဲ့ ကစားမှ ပိုပြီး စိတ်လှုပ်ရှားစရာကောင်းတာ"

စဝ်ရန်နိုင်က သူ့ဘေးမှ အမျိုးသမီးကို မသိမသာ ကြည့်လိုက်သည်။

အသားအရေ ဝင်းဝါသည်။ တပ်မက်ဖွယ်၊ စွဲလမ်းဖွယ်ရာကောင်းသည့် ရုပ်ရည်မျိုးရှိသည်။

ဆန့်ကျင်ဘက်တို့ကို ညှို့ငင် ဖမ်းစားနိုင်စွမ်းရှိသူမျိုးဖြစ်ကြောင်း မြင်ရုံနှင့် စဝ်ရန်နိုင် သိလိုက်သည်။

ခန္ဓာကိုယ် အချိုးအဆစ်က ထူးခြားစွာ လှပ ပြေပြစ်လွန်းသည်။

စဝ်ရန်နိုင်က. . .

"ကျွန်တော်ကတော့ တစ်ခုတည်းကိုပဲ အာရုံစိုက်ထားတတ်တယ်"

"ဟုတ်ပါတယ်. . .။ ရှင်တို့လိုလူစားမျိုး အတော်များများဟာ အကြောင်းအရာတစ်ခုကိုပဲ အာရုံစိုက်တတ်ကြတယ်"

"အင်း. . . ဒီနည်းက သိပ်မဆိုးလှဘူး။ ဒီနည်းကို သုံးတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာ သန်းနဲ့ချီပြီး အနိုင်ရလုနီးပါး ဖြစ်ခဲ့သေးတယ်"

သူမက မသိမသာ ရယ်မောလိုက်သည်။

"ဩော်. . . ဟုတ်လား။ အဲဒီလူဟာ ငွေကို သိပ်ပြီးမက်မောတတ်တဲ့ လူစားမျိုးပဲ ဖြစ်လိမ့်မယ်"

စဝ်ရန်နိုင်က မျက်ခုံးတစ်ချက် ပင့်လိုက်၏။

"ပင်းကကော. . . ငွေကို မမက်မောဘူးလား"

"ကျွန်မက ငွေကို မမက်ဘူး။ ကျွန်မရဲ့ဦးလေးတစ်ယောက်က အတော်လေး ချမ်းသာတယ်။ ကျွန်မအတွက် ပူပင်စရာ ဘာမှမလိုဘူး"

ရုတ်တရက် နောက်ဘက်မှ ခြေသံပြင်းပြင်းနင်းလာသံနှင့်အတူ ဒေါက်တာလင်းသီရိမွန်၏ ဒေါသတကြီး အော်ဟစ်ပြောဆိုသံ ထွက်ပေါ်လာသည်။

"ဟင်း. . . ဟင်း. . . ရှင်က ဒီအထိတောင် ဖြစ်နေတာလား။ ကျွန်မ ခဏလေး ထွက်သွားရုံနဲ့ ဒီလိုမျိုး ဖြစ်လာရောလား။ ဒါတောင် အခုမှ ကျွန်မတို့ ဟန်းနီးမွန်း ထွက်လာခါစပဲ ရှိသေးတယ်။ တော်တော်ကြောက်ဖို့ကောင်းတဲ့ ယောကျ်ား"

ဒေါက်တာလင်းသီရိမွန်က ဒေါသပေါက်ကွဲသံစွာဖြင့် ပြောဆိုရင်းမှ စဝ်ရန်နိုင်၏ပါးကို ရိုက်ချလိုက်သည်။

"ကျွန်မရဲ့မေမေပြောတာ. . . သိပ်မှန်တာပဲ။ ရှင့်ကို ကျွန်မအနေနဲ့ လုံးဝ မယူသင့်ဘူး"

ဒေါက်တာလင်းသီရိမွန်က ခြေသံပြင်းပြင်း ဆောင့်နင်းလျက်





ထွက်သွားသည်။

စဝ်ရန်နိုင် ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

"ကျွန်တော့်ကို ခဏလောက် သွားခွင့်ပြုပါဦး"

စဝ်ရန်နိုင်သည် ဒေါက်တာလင်းသီရိမွန်၏နောက်သို့ ခပ်သွက်သွက် လိုက်သွားလေတော့သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

ခမ်းမဆောင်ကြီးအတွင်း၌ ဒေါက်တာလင်းသီရိမွန် စောင့်ဖွဲ့နေသည်။

ဤသို့ပင်ဖြစ်ရမည်ဟုလည်း စစ်ရန်နိုင် တွက်ထားပြီးသားပင်ဖြစ်သည်။

စစ်ရန်နိုင်က ပါးတစ်ဖက်ကို လက်ဖြင့် ပွတ်သပ်လိုက်ပြီး. . .

"တော်သေးတာပေါ့. . .။ သေနတ်နဲ့ တစ်ခါတည်း တေ့ပြီးပစ်လိုက်တာပဲ တွေးရှုးတင်ရမယ်"။

သူမက ရယ်လိုက်သည်။

"ကျွန်မ တောင်းပန်ပါတယ် စစ်၊ ရှင်နဲ့ကျွန်မ အရေး[illegible]ကြီး



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနိုင်ဖို့က ဒီနည်းလမ်းပဲရှိတယ် မဟုတ်လား"

"ကဲ. . . အခု ကျွန်တော် ရောက်လာပြီလေ။ ဘာများ အ[illegible]တကြီး ပြောစရာရှိလို့လဲ"

"စောစောက ရှင်နဲ့စကားပြောနေတဲ့ အမျိုးသမီးဟာ ထွ[illegible]လင်းမြင့်ရဲ့ အတိတ်မှတ်ဉာဏ်စာရင်းထဲမှာ ပါတယ်"

"အင်း. . . ဒီလိုဖြစ်မယ်လို့ ထင်သားပဲ။ အဲဒီအမျိုးသမီး[illegible] ဘယ်သူလဲဆိုတာ တိတိကျကျ သိလား"

"အတိအကျတော့ ကျွန်မလည်း မသိဘူး။ ကျွန်မ သိသလော[illegible]တော့ ပြောမယ်။ ရေကူးကန်တစ်ကန်၊ လသာဆောင် အကျယ်[illegible] တစ်ခု၊ တောင်တန်းပေါ်က အိမ်ကြီးတစ်လုံး"

စဝ်ရန်နိုင် ခေတ္တမျှ စဉ်းစားလိုက်ပြီး ဆုံးဖြတ်ချက်ချလို[illegible]၏။

"ကဲ. . . ဒေါက်တာ. . . ကျွန်တော်တို့ တည်းတဲ့အခန်းကို[illegible] ပြန်သွား။ စကားဝါစခန်းကို ဖုန်းဆက်။ ခင်ဗျားအတွက် သီးသ[illegible] အစောင့်ချထားပေးဖို့ စဝ်ရန်နိုင်က မှာလိုက်တယ်လို့ပဲ ပြောပ[illegible] ပြီးတော့မှ ဘချုပ်ဆီကို လှမ်းပြီး ဆက်သွယ်. . .။ အခုအချိန်ဆို[illegible] ဘချုပ်တစ်ယောက် နံ့သာမြိုင်ဥယျာဉ်မြို့တော်က ဆေးရုံမှာပဲ [illegible] နေမှာ သေချာတယ်။ သူကမေးရင် ကျွန်တော့်ကို သီးသန့်ဧည့်[illegible] တစ်ခုက ဖိတ်လို့ သွားတယ်လို့ပဲ ပြောလိုက်ပါ"

"ရှင်ပြောတဲ့ အမျိုးသမီး ဘယ်သူဘယ်ဝါဆိုတာ မေးရင်[illegible] ကျွန်မ ဘယ်လိုပြန်ပြောရမလဲ"





"အသက် ၃၀ ပတ်ဝန်းကျင်။ စကားဝါရေအိုင်ပေါ်က အိမ်ကြီးတစ်လုံးမှာ နေတယ်။ မော်တော်ဘုတ်တစ်စီး ရှိတယ်။ သူက ဆွေ ကြီးမျိုးကြီး၊ နန်းမျိုးနန်းနွယ်ထဲက အမျိုးသမီးတစ်ယောက်ပဲ လို့သာ. . . ပြောလိုက်"

ဒေါက်တာလင်းသီရိမွန်က မျက်တောင် တဖျပ်ဖျပ်ခတ်လိုက်ပြီး. . .

"ဪ. . . ဒေဝီနွယ်. . . ထိပ်ထားလေး ဒေဝီနွယ်ပေါ့"

သူမ၏နှုတ်ဖျားမှ ရုတ်တရက် ထွက်ပေါ်လာသော စကားလုံးများ ဖြစ်ပေသည်။

စဝ်ရန်နိုင်က. . .

"ဒေါက်တာပြောတာ သေချာရဲ့လား"

"သိပ်သေချာတာပေါ့။ သူက. . . ထွန်းလင်းမြင့်နဲ့ တွဲခဲ့ဖူးတဲ့ အမျိုးသမီးပဲ"

"ပြောမယ်ဆိုရင် ဒီအမျိုးသမီးက နောက်ထပ် တွဲခဲ့တဲ့လူတွေ ရှိသေးတယ် ဒေါက်တာ"

သူမက အံ့ဩဟန်ဖြင့်. . .

"ဟုတ်လား. . . စဝ်။ ဘယ်သူတွေနဲ့လဲ"

"မိုးခေဠာနချုပ်ကနေ. . . ပို့ပေးလိုက်တဲ့ မှတ်တမ်းတွေအရ ကျွန်တော် သိထားတာရှိတယ်။ ဒီနှစ် မတ်လမှာ ကျင်းပခဲ့တဲ့ စက်မှုကုမ္ပဏီကြီးများအသင်းညီလာခံကို သူက လေ့လာရေးဧည့်သည် အဖော်တစ်ဦးအနေနဲ့ တက်ခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူ့ရဲ့ လေ့လာရေးအဖော်အဖြစ်နဲ့. . . တက်ခဲ့တာလဲ"

"ဦးဒေဝါရဲ့ လေ့လာရေးညှိသည် အဖော်အဖြစ်ပေါ့"

"ဒါကို. . . သက်ဆိုင်ရာက သိထားရဲ့လား"

"ကောင်းကောင်းသိတာပေါ့။ သတင်းစာတွေထဲမှာပါ ဒီသတင်း ပါလာတာပဲ။ စက်မှုကုမ္ပဏီပိုင်ရှင်ကြီးတွေဟာ အရေးကြီးတဲ့ ညှိခံပွဲတွေမှာ အဖော်နဲ့ တက်လေ့ရှိကြတယ်။ ဦးဒေဝါရဲ့ ဇနီးက ဆုံးသွားတာ တော်တော်ကြာသွားပြီ"

"ဒီလို ဆွေကြီးမျိုးကြီး တော်ဝင်အမျိုးသမီးတစ်ဦး ဖြစ်နေတော့ သူ့အပေါ်မှာ သံသယ ဘယ်ရှိကြမှာလဲ"

"သိပ်သေချာတာပေါ့"

ဒေါက်တာလင်းသီရိမွန်က စဝ်ရန်နိုင်၏ လက်တစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး. . .

"စဝ်. . . ရှင့်အတွက်ပဲ ကျွန်မ အရမ်းစိတ်ပူနေတယ်။ အခုကိစ္စဟာ ပိပိရိရိ ဆင်ထားတဲ့ ထောင်ချောက်တစ်ခုပဲ ဖြစ်ရမယ်"

စဝ်ရန်နိုင်က သိမ်မွေ့စွာ ပြုံးလိုက်၏။

"သိပ်သေချာတာပေါ့။ ဒါဟာ. . . ထောင်ချောက်တစ်ခုပဲ"

"ဒီတော့ ရှင့်အနေနဲ့. . ."

"ကျွန်တော့်အတွက် ဘာမှပူမနေပါနဲ့။ ကျွန်တော် ဆက်သွယ်ခိုင်းတဲ့အတိုင်းသာ ဆက်သွယ်လိုက်ပါ။ ကျွန်တော်ကတော့ ဒီထောင်ချောက်ထဲ မရောက်ရောက်အောင် တိုးဝင်ရမှာပဲ"





န်။

စဝ်ရန်နိုင်က သူမကို အခန်းသော့ပေးလိုက်ာ သွားသည်။
စဝ်ရန်နိုင်သည် လောင်းကစားခန်းထဲသို့ ပြန်၍ ကျန်ရစ်ခဲ့
ဒေါက်တာလင်းသီရိမွန်မှာ တွေတွေလေးမ်
ပေသည်။

✠

ကြသည်။
လောင်းကစားခမ်းမထဲ၌ လူအများအပြား နှ ရွေ့ ထိုင်
ထိပ်ထားဒေဝီနွယ်သည် ပထမထိုင်ခုံမှာပင် နေ ည်း နေရာ
နေဆဲပင် ရှိနေသေးသည်။ သူမ၏ဘေးရှိ ထိုင်ခုံ
လွတ်လျက် ရှိနေသည်။ မထဲ၌ စဝ်
လာရောက်သူများ လွန်စွာများပြားလှသည့်၍ ပေသည်။
ရန်နိုင် ထိုင်ခဲ့သည့်ထိုင်ခုံမှာ နေရာလွတ်၍နေဆဲပင် ည်။
၍သည်မှာ ထူးခြားလှသည့် တိုက်ဆိုင်မှုတစ်ခုပင် လိုက်၏။
စဝ်ရန်နိုင်သည် ထိုထိုင်ခုံလွတ်နေရာ၌ ဝင်
စဝ်ရန်နိုင်က. . . လး လွတ်
"အင်း. . . ဒီနေ့အဖို့တော့ ကျွန်တော် အတော်
ပ်သွားပြီ"
ဒေဝီနွယ်က မျက်ခုံး မသိမသာပင့်လျက်... ဖြစ်စေချင်
"ကျွန်မအတွက်နဲ့ ရှင်တို့လင်မယား ပြဿနာ
ါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူ့ရဲ့ လေ့လာရေးအဖော်အဖြစ်နဲ့. . . တတ်ခဲ့တာလဲ"

"ဦးဒေဝါရဲ့ လေ့လာရေးညှော်သည် အဲဖော်အဖြစ်ပေါ့"

"ဒါကို. . . သက်ဆိုင်ရာက သိထားရဲ့လား"

"ကောင်းကောင်းသိတာပေါ့။ သတင်းစာတွေထဲမှာပါ ဒီသတင်း ပါလာတာပဲ။ စက်မှုကုမ္ပဏီပိုင်ရှင်ကြီးတွေဟာ အရေးကြီးတဲ့ ညှော်ခံပွဲတွေမှာ အဖော်နဲ့ တက်လေ့ရှိကြတယ်။ ဦးဒေဝါရဲ့ ဇနီးက ဆုံးသွားတာ တော်တော်ကြာသွားပြီ"

"ဒီလို ဆွေကြီးမျိုးကြီး ဘော်ဝင်အမျိုးသမီးတစ်ဦး ဖြစ်နေတော့ သူ့အပေါ်မှာ သံသယ ဘယ်ရှိကြမှာလဲ"

"သိပ်သေချာတာပေါ့"

ဒေါက်တာလင်းသီရိမွန်က စဝ်ရန်နိုင်၏ လက်တစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး. . .

"စဝ်. . . ရှင့်အတွက်ပဲ ကျွန်မ အရမ်းစိတ်ပူနေတယ်။ အခုကိစ္စဟာ ပိပိရိရိ ဆင်ထားတဲ့ ထောင်ချောက်တစ်ခုပဲ ဖြစ်ရမယ်"

စဝ်ရန်နိုင်က သိမ်မွေ့စွာ ပြုံးလိုက်၏။

"သိပ်သေချာတာပေါ့။ ဒါဟာ. . . ထောင်ချောက်တစ်ခုပဲ"

"ဒီတော့ ရှင့်အနေနဲ့. . ."

"ကျွန်တော့်အတွက် ဘာမှပူပန်မနေပါနဲ့။ ကျွန်တော် ဆက်သွယ်ခိုင်းတဲ့အတိုင်းသာ ဆက်သွယ်လိုက်ပါ။ ကျွန်တော်ကတော့ ဒီထောင်ချောက်ထဲ မရောက်ရောက်အောင် တိုးဝင်ရမှာပဲ"





စဝ်ရန်နိုင်က သူမကို အခန်းသော့ပေးလိုက်သည်။

စဝ်ရန်နိုင်သည် လောင်းကစားခန်းထဲသို့ ပြန်၍ဝင်သွားသည်။

ဒေါက်တာလင်းသီရိမွန်မှာ တွေတွေလေးရပ်၍ ကျန်ရစ်ခဲ့ပေသည်။

✠

လောင်းကစားခန်းမထဲ၌ လူအများအပြား ရှိနေကြသည်။

ထိပ်ထားဒေဝီနွယ်သည် ပထမထိုင်ခုံမှာပင် နေရာမရွေ့ ထိုင်နေဆဲပင် ရှိနေသေးသည်။ သူမ၏ဘေးရှိ ထိုင်ခုံမှာလည်း နေရာလွတ်လျက် ရှိနေသည်။

လာရောက်သူများ လွန်စွာများပြားလှသည့် ဤခန်းမထဲ၌ စဝ်ရန်နိုင် ထိုင်ခဲ့သည့်ထိုင်ခုံမှာ နေရာလွတ်၍နေဆဲပင် ရှိနေပေသည်။ ဤသည်မှာ ထူးခြားလှသည့် တိုက်ဆိုင်မှုတစ်ခုပင်ဖြစ်သည်။

စဝ်ရန်နိုင်သည် ထိုထိုင်ခုံလွတ်နေရာ၌ ဝင်၍ထိုင်လိုက်၏။

စဝ်ရန်နိုင်က. . .

"အင်း. . . ဒီနေ့အဖို့တော့ ကျွန်တော် အတော်လေး လွတ်လပ်သွားပြီ"

ဒေဝီနွယ်က မျက်ခုံး မသိမသာပင့်လျက်. . .

"ကျွန်မအတွက်နဲ့ ရှင်တို့လင်မယား ပြဿနာ မဖြစ်စေချင်ပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေဟာ ဖြစ်တတ်တဲ့အရာတွေပါ။ မဆန်းပါဘူး"

"ဒါ့ကြောင့် ကျွန်မရဲ့အိမ်ကို သွားကြမယ်၊ ဟိုမှာ ရှင့်ကို ညစ ကျွန်မ ကျွေးပါရစေ။ ကျွန်မအိမ်မှာ အရက်ကောင်းကောင်းလည် ရှိပါတယ်"

ဒေဝီနွယ်သည် သူမရှေ့၌ ကျန်ရစ်နေသော တုံကင်ပြားအ ကို မယူတော့ဘဲ ထိုင်ရာမှ ထလိုက်သည်။

ဒေဝီနွယ်က စင်ရန်နိုင်နှင့်တွဲ၍ ခမ်းမထဲမှ ထွက်လာသည်၊

မကြာခင်မှာပင် ကြီးမား ခမ်းနားသော ဟိုတယ်ကြီးအတွင်း အပြင်ဘက်သို့ ရောက်လာကြသည်၊

ဟိုတယ်ရှေ့ရှိ ပန်းခြံ၏တစ်ဖက်၌ စကားဝါခရေအိုင်အတွင် သို့ ထိုးထွက်နေသည့် ဆိပ်ခံတံတားငယ်တစ်ခုရှိသည်၊

ထိုဆိပ်ခံတံတား၌ ခေတ်မီမော်တော်ဘုတ်တစ်စီး ဆိုက်ထ ၍ထားသည်။ မော်တော်ဘုတ်မှာ ၂၅ မျှရှည်လျားသည်။ မီးခိုးရော နှင့် အဝါနုရောင် ဆေးသုတ်ထားပေသည်။ မြင်းကောင်ရေအင်အ မြင့်မားသော အင်ဂျင်စက်တစ်လုံး တပ်ဆင်ထားသည်ကို တွေ့ သည်။

ဒေဝီနွယ်က မော်တော်ဘုတ်အတွင်းသို့ ဦးစွာဆင်းသည်။

မော်တော်ဘုတ်၌ ချည်ထားသောကြိုးကို စင်ရန်နိုင်က ဖြု ၍ မောင်းသူနေရာသို့ ခုန်ချလိုက်၏။ မော်တော်ဘုတ်မှာ လှုပ်ခါ သွားသည်။

ဒေဝီနွယ်က သော့တစ်ချောင်းထုတ်၍ပေးသည်။ ဒက်ရှ်ဘုတ်





ဘေားပေါက်ထဲသို့ သော့တံကို ထိုးသွင်း၍ လှည့်လိုက်၏။ မော်တော် ဘုတ်၏ ခရိုက်ဆလာအင်ဂျင်စက်မှ ကျယ်လောင်သော မြည်ဟည်း သံ ထွက်ပေါ်လာသည်။

စင်ရန်နိုင်က မေးသည်။

"ဘယ်ကို မောင်းရမှာလဲ"

သူမက လက်ညှိုးထိုး ညွှန်ပြသည်။

"ချော်ဆစ်တောင် . . . အဲဒီနေရာရဲ့ အရှေ့ဘက်တည့်တည့်"

စင်ရန်နိုင်က မော်တော်ဘုတ်၏ ဂီယာမောင်းတံကို ရှေ့သို့ ဆန့်ထုတ်လိုက်၏၊ မော်တော်ဘုတ်က ဆိပ်ကမ်းနေရာမှ ထွက်ခွာ လာသည်။

ခပ်လှမ်းလှမ်းရောက်လျှင် စက်ရှိန်ကို မြှင့်တင်လိုက်၏။

မော်တော်ဘုတ်သည် ရေမျက်နှာပြင်ပေါ်၌ အရှိန်ပြင်းစွာ ရုပ် တိုက်ပျံသန်း၍သွားပေသည်။

တောင်တန်းများသည် အဖြူ၊ အညို၊ အစိမ်းရောင်တို့ ဖုံးလွှမ်း ၍နေသည်၊ ရေပြင်က အပြာရောင်။

ညနေခင်းအချိန်ဖြစ်ပြီး နေရောင်က တောက်ပစွာလင်းလက် နေ၏။

မြင်နေရသော ရှုခင်းများသည် သာယာ ကြည်နူးဖွယ်ရာ ကောင်းနေပေသည်၊

ရေအိုင်ပေါ်၌ လေပြည်လေညင်းက တသုန်သုန် တိုက်ခတ် လျက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွက်သင်္ဘောများ အပြိုင်ရွက်လွှင့်၍ သွားလာနေကြသည်၊ တံငါလှေကလေးများကိုလည်း တွေ့ရသည်။

စဝ်ရန်နိုင်က. . .

"ခင်ဗျားနာမည်ကို ကျွန်တော် မသိရသေးဘူး"

သူမက လှပနုညက်စွာပြုံး၍. . .

"ဒေဝီ. . . ဒေဝီနွယ်"

"ဒါဆို ထိပ်ထားလေးဒေဝီနွယ်ပေါ့။ ဟုတ်လား. . ."

"ဟုတ်ပါတယ်. . .။ ရှင့်နာမည်ကကော"

"စဝ်ရန်နိုင်"

"ရှင်က ဘာတာဝန်တွေ ယူထားရသလဲ"

"အထူးတာဝန်တစ်ခု ယူထားရတယ်"

"ဘယ်လိုအထူးတာဝန်မျိုးလဲ"

"အမျိုးသားလေကြောင်းဌာနနဲ့ အာကာသလေ့လာရေး အထူးတာဝန်နဲ့ သွားလာနေတာပါ"

"ဟင်. . . ဒါဆို ရှင်က အာကာသယာဉ်မှူးတစ်ယောက်ပေါ့"

"အင်း. . . တစ်ချိန်ကတော့ အာကာသယာဉ်မှူး ဖြစ်ခဲ့ဖူးတယ်။ အခုအချိန်မှာတော့ အနားယူထားတယ်လို့ ပြောရလိမ့်မယ်ထင်တယ်"

"ဩော်. . . ကျွန်မ. . . သိပြီ။ ရှင်ဟာ အာကာသယာဉ်မှူး။ သုတေသနလွှန်းပျံယာဉ်နဲ့ အာကာသထဲကို သွားခဲ့ဖူးတဲ့ စဝ်ရန်နိုင်ပဲ မဟုတ်လား"





"မှန်ပါတယ်"

"ရှင်. . . စကားဝါမြို့ကို ဘာကိစ္စနဲ့ ရောက်လာတာလဲ"

စဝ်ရန်နိုင်က. . .

"ခင်ဗျား မေ့နေပြီလား။ ကျွန်တော်တို့လင်မယား ဟန်းနီးမွန်းထွက်လာကြတယ်လေ"

"ဩော်. . . ဟုတ်သားပဲ၊ ကျွန်မ မေ့သွားတယ်။ ရှင့်ရဲ့ဇနီးက. . ."

"လင်းသီရိမွန်. . .။ သူက အဏုဇီဝဗေဒဌာနမှာ အလုပ်လုပ်တယ်။ ဒေါက်တာလင်းသီရိမွန်ဆိုရင် သိကြပါတယ်"

"ရှင့်ရဲ့ဇနီးပုံစံ ကြည့်ရတာ စိတ်လှုပ်ရှားလွယ်တဲ့ပုံစံမျိုးပဲနော်"

"ဟုတ်တယ်. . .။ သူ့မှာ လူနှစ်ယောက်ရဲ့စိတ် တစ်ပြိုင်တည်းဝင်နေတယ်"

"အို. . . ဒီနေရာမှာတော့ ဒီလိုမျိုးတွေက မဆန်းပါဘူးရှင်"

စဝ်ရန်နိုင်က. . .

"ဟိုရှေ့က အစိမ်းရောင်ဆိုင်ခံတံတားက ခင်ဗျားရဲ့မော်တော်ဘုတ် ရပ်တဲ့နေရာလား"

"ဟုတ်တယ်"

စဝ်ရန်နိုင်က မော်တော်ဘုတ်၏စက်ရှိန်ကို လျှော့ချလိုက်၏။ ရှေ့ဘက်၌ အစိမ်းရောင်ဆေး သုတ်ထားသော ဆိပ်ခံတံတားကို မြင်တွေ့ရသည်။ ထိုနေရာတွင် မော်တော်ဘုတ် ကပ်နိုင်ရန်အတွက် မော်



www.burmeseclassic.com

www.burmeseclassic.com



တော်ဘုတ်၏ အရွယ်အစားအတိုင်း ဖျဉ်သောဘင်တို ကွက်ထိထွင်း၍ ထားသည်။

စဝ်ရန်နိုင်က ထိုနေရာ၌ မော်တော်ဘုတ်ကို အံဝင်ခွင်ကျဖြစ်အောင် ကပ်လိုက်သည်။

ဆိပ်ခံတံတားပေါ် မှနေ၍ ဒေဗီနွယ် တက်နိုင်ရန် လက်ကမ်းပေးလိုက်သည်။

စဝ်ရန်နိုင်နှင့်ဒေဗီနွယ်တို့ တောင်ကုန်းပေါ်ရှိ တဲအိမ်ငယ်ကလေးရှိရာသို့ တက်လာကြသည်။

ထိုတောင်ကုန်းနေရာ၌ ကောင်းကင်ကြိုးရထားတစ်စီး အသင့်ရှိနေပေသည်။ ကောင်းကင်ကြိုးရထားမှာ မီးခိုးရောင်နှင့် အဝါနုရောင်ဆေး သုတ်၍ထားသည်။

ခုနစ်ဆယ့်ငါးဒီဂရီမျှ တိမ်းစောင်းနေသော တောင်ကုန်းတက်လမ်းအတိုင်း ကောင်းကင်ကြိုးရထားဖြင့် တက်လာကြသည်။

ကောင်းကင်ကြိုးရထားသည် သစ်ပင်အုပ်ထူထူများကြားမှ တရိပ်ရိပ်ဖြင့် ဖြတ်သန်း၍ တက်လာသည်။ မကြာခင်မှာပင် ချုံပင်၊ သစ်ပင်များ ထူထပ်သော တောင်ကလပ်တစ်ခု၏ထိပ်သို့ ရောက်လာသည်။

ထိုတောင်ကလပ်၏နောက်ဘက်၌ အဝါနုရောင်ဆေး သုတ်ထားသည့် ကြီးမား ခမ်းနားလှသော အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရသည်။ အိမ်မှာ အတန်မှု ဟောင်းနွမ်းနေပြီဖြစ်၍ ပြန်လည်ပြင်ဆင်ရန် လိုအပ်နေပေသည်။





စဝ်ရန်နိုင်က အိမ်ကြီးကိုကြည့်လိုက်ပြီး. . .

"တာကယ့်ကို ခမ်းနား ထည်ဝါတဲ့အိမ်ကြီးပါပဲ"

"အရေးကြီးတဲ့အပိုင်းတွေက အိမ်ထဲမှာပဲ ရှိတယ်"

ဒေဗီနွယ်က စဝ်ရန်နိုင်ဘက်သို့ လှည့်၍ မျက်နှာချင်းဆိုင် ိတ်သည်။

နူးညံ့သော အထိအတွေ့နှင့် မွှေးပျံ့သောရနံ့ကို စဝ်ရန်နိုင် လိုက်သည်။

ဒေဗီနွယ်က စဝ်ရန်နိုင်၏ လက်မောင်းကို ဆုပ်ကိုင်လိုက် . . .

"စဝ်. . . ရှင့်ကို ကျွန်မ သိပ်ကျေးဇူးတင်ပါတယ်။ ကျွန်မမှာ တိုင်းလိုလို မြင်နေကျမျက်နှာတွေ၊ ငြီးငွေ့စရာကောင်းတဲ့ စကား းတွေကိုပဲ နေ့တိုင်း မြင်နေ ကြားနေရတယ်။ ရှင်နဲ့ အခုလို တွေ့ က်ရတာ သိပ်ကျေးဇူးတင်တာပဲ။ မျက်နှာသစ်တစ်ယောက်နဲ့ ကြုံဆုံ ာ ကျွန်မရင်ထဲမှာ ဘယ်လောက်အထိ ကြည်လင် လန်းဆန်းပြီး လှုပ်ရှားမှုတွေ ဖြစ်လာရတယ်ဆိုတာ ကျွန်မကလွဲပြီး ဘယ်သူမှ င်ကြမှာ မဟုတ်ဘူး"

ကောင်းကင်ကြိုးရထားအိမ်ထဲမှ ထွက်လာကြသည်။

ထိပ်ထားလေးဒေဗီနွယ်က စဝ်ရန်နိုင်၏လက်တစ်ဖက်ကို ဆုပ် ၍ ပခုံးကိုမှီပြီး သူ၏ အိမ်ကြီးဆီသို့ တွဲခေါ်သွားလေတော့ ည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ဆည်းဆာချိန်. . .။

အနောက်ဘက်တောင်းကင်ယံ၌ တိမ်ရောင်စုံတို့ အလှပြိုင်၍ နေကြ၏။

စင်ယော်ငှက်များမှာ ဝဲလိုက်၊ ပျံလိုက်၊ နားလိုက်ဖြင့် အလုပ်ရှုပ်နေကြဆဲပင် ရှိသေးသည်။

ထွန်းသစ်သည် အင်္ကျီအဖြူ ဘောင်းဘီအဖြူအသစ်ကို ဝတ်ထားသည်၊ သူ၏ပုံစံမှာ သဘော်အရာရှိတစ်ဦးကဲ့သို့ သားနား သပ်ရပ် ပေါ်လွင်၍နေ၏။

ထွန်းသစ်သည် ဆိပ်ကမ်းနယ်မြေကို ဂရုတစိုက် လှမ်း၍ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူ၏မြင်ကွင်း၌ ကုန်သင်္ဘောများ၊ တွဲသင်္ဘောများ ရေနံတင်သင်္ဘောများနှင့် ပြည့်နှက်၍နေ၏။

အပျော်စီးသင်္ဘောတစ်စီး လက်ဝှေ့ယမ်း အော်ဟစ်လျက် လျှင်မြန်စွာ ခုတ်မောင်း၍သွားသည်ကို သူ မြင်လိုက်ရသည်။

ထွန်းသစ်သည် နဂါးသွဲ့မှနေ၍ ပစ္စည်းများ တင်လာသော သင်္ဘောဖြင့် ဤဆိပ်ကမ်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ကုန်တင် သင်္ဘောပေါ်၌ အရေးကြီးပစ္စည်းများ ထည့်ထားသော ကုန်သေတ္တာ များပါသည်။ ထိုကုန်သေတ္တာများကို တွဲသင်္ဘောတစ်စီးပေါ်သို့ ဝန်ချီ ကရိန်းဖြင့် တင်၍နေသည်။

ထွန်းသစ်က ကရိန်းများဘက်သို့ လျှောက်၍သွားသည်။

"ဟေ့လူ. . . ဟေ့လူ. . . ခင်ဗျားနဲ့ စကားပြောစရာရှိနေလို့ ရပ်ပါဦး"

နောက်ဘက်မှ မာကျောကျောအသံတစ်သံ ပေါ်လာသည်၊

ထွန်းသစ်က နောက်ဘက်သို့ ဖြည်းညင်းစွာ လှည့်ကြည့်သည်၊

စာရွက်စာတမ်းများ ညှပ်၍ထားသည့် ဘုတ်ပြားတစ်ချပ်ကို လက်ထဲ၌ကိုင်၍ သူ့ထံသို့ ဒေါကြီးမောကြီးနှင့် လျှောက်လာနေသော ဆိပ်ကမ်းဝန်ထမ်းအရာရှိတစ်ဦးကို တွေ့လိုက်ရသည်၊

ထိုလူမှာ နဖူးပြောင်ပြောင်၊ ပါးဟောင်းဟောင်း၊ ဗိုက်ရွဲရွဲ အရပ် အမောင်း ခပ်ပုပုနှင့်ဖြစ်သည်။

ထိုလူသည် ခွင့်ပြုချက်များ၊ လိုင်စင်များ၊ မှတ်ပုံတင်များကို တမင်နှောင့်နှေးကြန့်ကြာစွာပြု၍ ထုတ်ပေးတတ်သူဖြစ်ပြီး သူ့ကိုယ်





ကြီးကျယ်အရာရောက်သူတစ်ဦးဟု သတ်မှတ်ထားသူဖြစ်သည်။ င်လိုက်ရုံနှင့်ပင် ဤအချက်ကို ထွန်းသစ်က ရိပ်စားလိုက်မိ၏။

ထွန်းသစ်က ထိုလူကို တစ်ချက်ငဲ့၍ကြည့်လိုက်ပြီး. . .

"ဘာကိစ္စလဲ။ ကျွန်တော်တို့ဘက်ကသွားဖို့ အဆင်သင့်ဖြစ် ပြီ"

ထိုအရာရှိက လေသံမာဆတ်ဆတ်ဖြင့်. . .

"ကျုပ်သိတယ်. . .။ ခင်ဗျားတို့သွားဖို့ အဆင်သင့် ဖြစ်နေ ာဟာ အစီအစဉ်သာပြဿနာပဲ၊ ဟောဒီကုန်သေတ္တာတွေကို ကျုပ် ကိုယ် ိုင် မစစ်ဆေးရသေးဘူး"

ထွန်းသစ်က ထိုလူအား သနားစရာသတ္တဝါငယ်တစ်ကောင် ယ် ကြည့်လိုက်ပြီး. . .

"ကျွန်တော့်ဆီက သတ်မှတ်ချက် စာရွက်စာတမ်းတွေ ပြည့်စုံ ယ် မဟုတ်လား"

ထိုလူက မျက်နှာထားခပ်တင်းတင်းဖြင့် ပြောသည်။

"ခင်ဗျားဆီက. . . စာရွက်စာတမ်းတွေနဲ့ မလုံလောက်ဘူး။ ပ်တို့ရဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း လုပ်ရမှာတွေ ကျန်သေး ယ်"

ထွန်းသစ်က လက်နှစ်ဖက်ကို ဖြန့်လိုက်ပြီး. . .

"အဲဒီကိစ္စကိုတော့ ခွင့်လွှတ်ပါ။ ကုန်ပစ္စည်းတွေ အမြန်ရောက် အရေးကြီးနေလို့ ကျွန်တော်တို့ဘက်က အချိန်မပေးနိုင်ပါဘူး။ န်တော်တို့ နောက်ထပ် ၁၈ နာရီအတွင်းမှာ. . . ရောက်ဖို့လို



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

ထွန်းသစ်၏စကားကြောင့် ထိုလူ၏ရင်ထဲ၌ သံသယစိတ်မျ…
ပိုပိုကြီးထွား၍လာသည်။

"နေပါဦး. . .။ ကုန်သေတ္တာတွေထဲမှာပါလာတာ ဘယ်…
စက်မှုပစ္စည်းတွေလဲ"

"ဘောလ်ဘယ်ယာရင်တွေပါ"

"ဘောလ်ဘယ်ယာရင်တွေ. . . ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်. . . မော်တော်ကားတွေ၊ စက်ပစ္စည်းတွေ…
တပ်ဆင်တဲ့ ဘောလ်ဘယ်ယာရင်တွေပါ"

ထိုလူက မျက်မှောင်ကြုတ်၍ လက်ထဲမှစာရွက်ကို ငုံ့ကြ…
ပြီး ပြောသည်။

"ခင်ဗျားရဲ့သေတ္တာက ၅၅ လုံးတောင်၊ မများလွန်းဘူးလား"

ထွန်းသစ်က မသိမသာပြုံး၍. . .

"ဟုတ်ပါတယ်. . .၊ ကျွန်တော်တို့ကုမ္ပဏီဆီကို လှမ်းပြီးမှ…
တဲ့ အမှာစာတွေထဲမှာ ဒီအခေါက်က အများဆုံးပဲ"

"ဝမ်းသာပါတယ်. . .။ ဒါပေမဲ့ ခင်ဗျားရဲ့ပစ္စည်းတွေကို ကျ…
ကိုယ်တိုင် မျက်စိနဲ့မြင်ရမှပဲ ခင်ဗျားတို့ကို. . . ထွက်ခွာခွင့်ပေးနို…
မယ်"

ထွန်းသစ်က မသိမသာ ရယ်မောလိုက်၏။

လက်ဆွဲအိတ်ထဲမှ သားရေပိုက်ဆံအိတ်တစ်အိတ် ဆွဲထုတ်…
သည်။ ပိုက်ဆံအိတ်ထဲမှ ပလပ်စတစ်ကတ်ပြားငယ်တစ်ခုကို ထုတ်…





…လိုက်သည်။

ထိုကတ်ပြားငယ်လေးကို အရာရှိဖြစ်သူအား လှမ်း၍ပေးလိုက်…
…သည်။

"ဒီကတ်ပြားထဲက ဖုန်းနံပါတ်ကိုသာ. . . လှမ်းဆက်လိုက်ပါ။
…င်ဗျားအတွက် အားလုံးအဆင်ပြေသွားပါလိမ့်မယ်"

ထွန်းသစ်က လှမ်း၍ပြောလိုက်သည်။

အရာရှိဖြစ်သူသည် ကတ်ပြားငယ်လေးကို ဖင်ပြန်၊ ခေါင်းပြန်
…စ်ချက်ကြည့်သည်၊ ထွန်းသစ်ကိုလည်း သက်ာမကင်းဟန်မျိုးဖြင့်
…ကြည့်၍ ဆိပ်ကမ်းရုံးထဲသို့ ခပ်သွက်သွက် လှမ်းဝင်သွားသည်။

ထွန်းသစ်က ဝန်ခိုကရိန်းကြီးကို လှမ်းကြည့်သည်။

လုပ်ငန်းအားလုံး ပြီးပြတ်သွားပြီဖြစ်၍၊ ဝန်ချီကရိန်းကြီး
…ာက်သို့ အသာအယာ ဆုတ်ခွာသွားသည်။

တွဲသင်္ဘောပေါ်မှ မာလိန်မှူးက သင်္ဘောထွက်ခွာရန် အချိန်
…နေပြီဖြစ်ကြောင်း လှမ်း၍အချက်ပြသည်။

ထွန်းသစ်က မာလိန်မှူးအား လက်ကာ၍ပြလိုက်သည်။

လက်မှနာရီကိုလည်း စိတ်မရှည်နိုင်စွာ ငုံ့ကြည့်လိုက်မိသည်။

နေလုံးနီနီကြီးသည် မိုးကုတ်စက်ဝိုင်းအောက်သို့ ငုတ်လျှိုး
…ာက်ကွယ်စ ပြုနေပြီဖြစ်သည်။

ပင်လယ်ငျှော်ငှက်များ အိပ်တန်းတက်ရန် ပျံသန်းသွားကြပြီ
…ပ်သည်။

မကြာခင်မှာပင် ခေါစောက အရာရှိဖြစ်သူသည် သေ…တ်



www.burmeseclassic.com

www.burmeseclassic.com



ဖြူလျော်နေသော မျက်နှာထားဖြင့် ရုံးခန်းထဲမှ အမေ့ဘာကော ပြေ
ထွက်လာသည်။

ထွန်းသစ်က ပြုံးစစမျက်နှာဖြင့် မေးလိုက်သည်။

"အခြေအနေ ဘယ်လိုလဲ"

အရာရှိဖြစ်သူက တုန်ခါနေသောလေသံဖြင့်. . .

"ဟို. . . ဟို. . . ခင်ဗျားပေးလိုက်တဲ့ ဖုန်းနံပါတ်က အဖျ
သီးသန့်ဖုန်းနံပါတ်တစ်ခုပဲ"

"အဲဒီတော့. . . ခင်ဗျားကို ဘာပြောလိုက်သလဲ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ဟို. . . ဟို. . . သူက. . . သူ
ပြောလိုက်ပါတယ်။ ခင်ဗျားနဲ့ ခင်ဗျားရဲ့ ဘောလ်ဘယ်ယာရင်း
အန္တရာယ်ကင်းကင်းနဲ့ ခရီးဆက်သွားနိုင်ပါစေလို့ ကျုပ်ကို ဆုတောင်း
နိုင်းလိုက်ပါတယ် ခင်ဗျာ"

ထိုလူသည် စာရွက်တစ်ရွက်၏ အောက်ခြေ၌ သူ၏လက်မှတ်
ကို ရေးထိုးလိုက်၏၊ ထို့နောက် တုန်ယင်နေသောလက်ဖြင့် ထွန်း
သစ်ကို ရိုသေလေးစားစွာ လှမ်း၍ပေးသည်။

ထွန်းသစ်က. . .

"ကျေးဇူးအထူးတင်ပါတယ်ဗျာ"

ထွန်းသစ်သည် စာရွက်ကို အိတ်ထဲသို့ ထိုးထည့်လိုက်ပြီး
သင်္ဘောဆီသို့ ခပ်သွက်သွက်လျှောက်၍ သွားလေတော့သည်။

❀





ဆေးရုံရှိ ယာယီဌာနချုပ်စခန်း၌ ဘချုပ် ရှိနေသည်။ ဘချုပ်
၏ အမူအရာမှာ အေးတိအေးစက်ပုံစံ ပေါက်နေသော်လည်း ရင်ထဲ
၌မူ အတော်ကြီး စိတ်အနှောင့်အယှက်ဖြစ်နေရသည်။

မီးမခမြို့မှ နာရီဝက်တစ်ကြိမ် ဖုန်းဆက်သွယ်နေသည်။ ဆေး
ရုံရှိ အုပ်ချုပ်ရေးပိုင်းမှ ဆယ်မိနစ်တစ်ကြိမ် ဖုန်းဖြင့် ဆက်သွယ်လျက်
ရှိနေသည်။

စားပွဲထိုင် အုပ်ချုပ်ရေးမှူးတစ်ဦးအနေဖြင့် အနိုင်ရနေသမျှ
ကာလပတ်လုံး ပြည့်စုံကောင်းမွန်လှသည်။

စီပံကိန်းအော်ပရေးရှင်းတစ်ခုကို အဆုံးရှုံးမခံနိုင်။

ဘချုပ်ကိုယ်တိုင် စကားဝါမြို့သို့ လိုက်ပါသွားချင်စိတ်ပေါ်လာ
သည်၊ အထူးသဖြင့် ဒေါက်တာလင်းသီရိမွန်ထံမှ သတင်းပို့ချက်ရ
သည့်အချိန်ကတည်းကပင် ထိုစိတ်ဓာတ် ပြင်းပြစွာ ပေါ်လာရသည်။

စစ်ရန်နိုင်အတွက် ကြိုဆိုဧည့်ခံပွဲတစ်ခု ရှိတော့မည်ဟု သိရ
သည့်အတွက် ဧည့်သည်ထဲ၌ သူကိုယ်တိုင်ပင် ပါဝင်လာချင်သည်။

အထူးအော်ပရေးရှင်းဝန်ထမ်းတစ်ဦး ရောက်လာပြီး. . .

"ဘချုပ်. . . ခင်ဗျာ"

"ဘာကိစ္စလဲ"

"ဒေါက်တာကောင်းမြတ်သူက သိပ်အရေးကြီးတဲ့ စကားပြော
ရာရှိတယ်လို့. . . ပြောခိုင်းလိုက်ပါတယ်"

ဘချုပ်က မျက်မှောင်ကြုတ်၍. . .

"ဘာအကြောင်းဆိုတာကိုကော ပြောလိုက်သေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောလိုက်ပါဘူး ဆရာ"

"ကောင်းပြီလေ. . . ငါတို့ဓာတ်ခွဲခန်းကို သွားကြမယ်။ ခဏနေဦး။ ထိပ်ထားဒေဝီနဲ့ပတ်သက်တဲ့ သတင်းထပ်ရသေးသလား"

"ကျွန်တော် ယာယီစခန်းကနေ လာတော့၊ သတင်းတစ်ခု ဝင်လာနေပါတယ်"

"ဘာအကြောင်းလဲ"

"ဒေဝီနွယ်ရဲ့ နောက်ခံသမိုင်းကြောင်းပုံရိပ်တွေလို့ပဲ ထင်ပါတယ်"

"ကောင်းတယ်. . .။ ဒီမိန်းမနဲ့ပတ်သက်ပြီး ငါတို့မသိသေးတာတွေ အများကြီး ရှိနိုင်တယ်"

ဓာတ်လှေကားဖြင့် ဓာတ်ခွဲခန်းရှိရာ တတိယထပ်သို့ တက်လာခဲ့သည်။

✠ ✠ ✠



အခန်း ( ၁၆ )

ဓာတ်ခွဲခန်းတံခါးကိုဖွင့်၍ ဘချုပ် အတွင်းသို့ဝင်သည်။

ဒေါက်တာကောင်းမြတ်သူသည် ဝက်ပါလမ်းနေရာ၌ ရပ်တန့်နေ၏။

ဘချုပ်က ဒေါက်တာကောင်းမြတ်သူထံသို့ လျှောက်သွားသည်။

ဒေါက်တာကောင်းမြတ်သူက ဝက်ပါလမ်းကို မျက်မှောင်ကြုတ်လျက် စိုက်ကြည့်နေ၏။ ဝက်ပါလမ်း၏အလယ်တစ်နေရာ၌ ကြွက်ရုပ်လေးတစ်ကောင် ဝပ်၍ကပ်နေသည်။

ကြွက်ကလေး၏တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါ၍နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏အရိပ်ကိုပင် သူပြန်၍ တုန်လှုပ်ကြောက်ရွံ့နေပုံရသည်။

ဘချုပ်က ကြွက်ဖြူလေး၏အဖြစ်ကိုကြည့်ရင်း. . .

"ဒေါက်တာကောင်းမြတ်သူ၊ ဒါက ဘယ်လိုဖြစ်နေတာလဲ"

ဒေါက်တာကောင်းမြတ်သူက လေးတွဲ့စွာ ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး. . .။ လွန်ခဲ့တဲ့ လေးဆယ့်ငါးမိနစ်လောက်ကတည်းက ဒီပုံစံအတိုင်း ဖြစ်သွားတာပဲ"

"ခင်ဗျားတို့ရဲ့ ကြွက်တွေကို ကျုပ် မခွဲတတ်ဘူး။ ဒါ ဘယ်အကောင်လဲ"

ဒေါက်တာကောင်းမြတ်သူက. . .

"ဦးနှောက်မှတ်ဉာဏ်ဆဲလ်ပြောင်းပြီး ထည့်ပေးထားတဲ့ ကြွက်ပဲ"

ဘချုပ်က မျက်မှောင်ကြုတ်လျက်ဖြင့်. . .

"ဦးနှောက်မှတ်ဉာဏ်ဆဲလ် လက်ခံရယူထားတာ. . . ဘယ်လောက်ကြာသွားပြီလဲ"

"နာရီ (၂၀)"

ဘချုပ်က ထပ်၍မေးသည်။

"ထွန်းလင်းမြင့်ရဲ့ ဦးနှောက်သိမှတ်ဉာဏ်ဆဲလ်ကို ဒေါက်တာလင်းသီရိမွန် လက်ခံ ရယူထားတာကော. . . ဘယ်လောက်ကြာသွားပြီလဲ"

"(၁၁)နာရီ. . ကြာပြီ"





ဘချုပ် ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဒီလိုအဖြစ်မျိုး အရင်တုန်းကကော. . . ကြုံခဲ့ဖူးသေးလား"

ဒေါက်တာကောင်းမြတ်သူ ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

"သုတေသနပြု စမ်းသပ်မှုတိုင်းမှာ ဘေးထွက်ဆိုးကျိုးဆိုတာ ရှိတတ်ပါတယ်။ ဒါပေမဲ့ အခုလို ပြင်းထန်တဲ့ အခြေအနေမျိုးတော့ မကြုံဖူးဘူး"

"အခုကျမှ. . . ဒီလိုပြင်းထန်တဲ့ အခြေအနေမျိုး ဘာကြောင့် ပေါ်လာရတာလဲ"

"ဒေါက်တာလင်းသီရိမွန်ဟာ သူ့ရဲ့သုတေသနပြု စမ်းသပ်ချက်ကို အမြဲတမ်း ပြုပြင် ပြောင်းလဲနေလေ့ရှိတယ်။ ဒါပေမဲ့ ဒီလို လုပ်တိုင်းလည်း ပိုပြီးတော့ ကောင်းမွန်ပြည့်စုံလာမယ်လို့ မသတ်မှတ်နိုင်ဘူး"

ဘချုပ်က တွေးတွေးဆဆလေသံဖြင့်. . .

"ဒီသုတေသနစီမံကိန်းကို ဒေါက်တာလင်းသီရိမွန်ကိုယ်တိုင်ပဲ ဦးစီးခဲ့တာပဲ။ သူကတော့ ဒီသုတေသနကိစ္စအတွက် ပူပန်စိုးရိမ်ပုံ မရဘူးလို့ ထင်တယ်"

"ဒီအမျိုးသမီးက တကယ်တော်တယ်။ ဓာတ်ခွဲခန်းထဲမှာပဲ သူ့ဘဝကို မြုပ်နှံထားတယ်။ အခု သုတေသနပြုမှုထဲမှာ အချိန်အတော်များများကို ဖြုတ်ကျော်သွားရလိမ့်မယ်ဆိုတာ ကြိုပြီးမြင်ထားခဲ့တယ်။ ဒီကိစ္စဟာ. . . အရေးကြီးတဲ့ အခြေအနေတစ်ခုဖြစ်တယ်လို့ ကျုပ်က သတိပေးဖူးပါတယ်။ ဒါပေမဲ့. . . ဒေါက်တာလင်းသီရိမွန်က ဒီ



www.burmeseclassic.com

www.burmeseclassic.com



အချက်ကို လက်မခံခဲ့ဘူး"

"ခင်ဗျားကိုယ်တိုင်ကလည်း စမ်းသပ်မှုအသစ်တစ်ခုကို တွေ့ပေမယ့် ထုတ်ပြောချင်တဲ့လူစားမျိုး မဟုတ်ပါဘူး"

"မတူညီတဲ့အရာနှစ်ခုကို တစ်ခုတည်း ရောနှောပစ်လို့ မဖြစ်ဘူး ဘချုပ်။ လူသားခန္ဓာကိုယ်ရဲ့ ခြေ၊ လက်၊ မျက်စိ၊ အစိတ်အပိုင်းတွေထက် ဦးနှောက်က အဆပေါင်းများစွာ ရှုပ်ထွေးတယ်။ စဝ်ရန်နိုင်တုန်းက ကျုပ်တို့က ဇီဝစက်မှုကိရိယာအသစ်တွေ ပြောင်းလဲဆက်စပ် တပ်ဆင်ပေးလိုက်ရုံနဲ့ပဲ ပြီးသွားတယ်။ အခုကိစ္စမှာကျတော့ ဒေါက်တာလင်းသီရိမွန်ဟာ လူသားတစ်ဦးရဲ့ မူလစိတ်နေရာမှာ နောက်ထပ် စိတ်တစ်ခုလုံးကို အစားထိုးဖို့ ကြိုးစားသုတေသနပြု စမ်းသပ်ခဲ့တာဖြစ်တယ်။ မူလပင်ကိုစိတ်ကို ဘေးမှာခဏခွာချထိုင်းထားပြီး. . . နောက်ထပ် စိတ်အသစ်တစ်ခုကို အစားထိုး ဝင်စားစေခဲ့တယ်။ ကျွန်တော် ထင်တာကတော့ မူလပင်မဦးနှောက်က အစားထိုးစိတ်အသစ်ကို လက်မခံလို့တဲ့ တုန့်ပြန်မှုအန္တရာယ်နဲ့ ကြုံတာပဲဖြစ်ရမယ်"

"ဒီကြွက်ကိုကြည့်ပြီး. . . ခင်ဗျား ပြောတာလား"

"ဟုတ်တယ်. . . . ဘချုပ်။ ခင်ဗျား စောင့်ကြည့်နေပါ၊ နောက်ထပ် ကိုးနာရီကြာသွားရင် ဒေါက်တာလင်းသီရိမွန်ကိုယ်တိုင် ဒီကြွက်ကလေးလိုပဲ တုန်လှုပ်ချောက်ချားတဲ့ဝေဒနာကို ခံစားရမှာ သေချာသလောက်ပဲ"

"ဒီတော့ ခင်ဗျားအနေနဲ့ ဘာဖြစ်စေချင်သလဲ"





"ဒေါက်တာလင်းသီရိမွန်ရဲ့ အခြေအနေကို အရေးပေါ် စောင့်ကြည့်ဖို့ လိုလာပြီ။ ဒါကြောင့် သူ့ကို အမြန်ဆုံး ပြန်ခေါ်စေချင်တယ်။ ဒီရောက်တာနဲ့ ဆေးဘက်ဆိုင်ရာ သိပ္ပံပညာရှင်တွေက သူ့ကို စောင့်ကြည့်ပြီး အခြေအနေအရ လိုအပ်သလို ပြုစုကုသမှုတွေ၊ ပြောင်းလဲပြုပြင်မှုတွေ လုပ်ပေးလို့ရနိုင်တယ်"

ဘချုပ် ခေတ္တမျှ စဉ်းစားနေသည်။

တုန်ယင်နေသော ကြွက်ဖြူကလေးကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး ဘချုပ်က လေးနက်စွာ ပြောသည်။

"ဒီမှာ ဒေါက်တာကောင်းမြတ်သူ. . .။ ပြန်ပေးသမားတွေ တောင်းတဲ့ ပစ္စည်းတွေကို သင်္ဘောနဲ့ တင်ပို့လိုက်ပြီ။ ဒီကောင်တွေ ဘာမှ သိပုံမရသေးဘူး။ ပြန်ပေးသမားတွေက ဦးဒေဝါကို ဘယ်မှာ ဖမ်းထားသလဲဆိုတာ. . . အခုချိန်ထိ လုံးလုံးမသိရသေးဘူး။ ဒီလို အခြေအနေမျိုးမှာ အရေးအကြီးဆုံးလူဟာ ဒေါက်တာလင်းသီရိမွန်ပဲ၊ ဒေါက်တာလင်းသီရိမွန်ရဲ့ အသိစိတ်မှတ်ဉာဏ်မှာ ပေါ်လာသမျှ သတင်းတွေကို စဝ်ရန်နိုင်က ရနေမှာပဲ။ သူပေးတဲ့သတင်းအချက်အလက်တွေဟာ ကျုပ်တို့အတွက် တန်ဖိုးသိပ်ရှိတယ်။ အခြေအနေ တစ်ခုလုံးကို ပြောင်းလွဲပစ်နိုင်တယ်။ အခု. . . ဒီကြွက်ဖြူကလေး သူ့အရိပ်ကိုသူ ပြန်ကြောက်ပြီး တုန်နေတာလောက်နဲ့တော့ ကျုပ်ရဲ့ အော်ပရေးရှင်းတစ်ခုလုံးကို ရေစုန်မျှောပစ်လိုက်ရတာမျိုး. . . အဖြစ်မခံနိုင်ဘူး"

ဘချုပ်သည် သူ၏လူနှစ်ဦး ရပ်၍စောင့်နေသည့် တံခါးသို့



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်လျှောက်သွားသည်။

✠

ယာယီဌာနချုပ် ရုံးခန်းအတွင်းသို့ ဘချုပ် ရောက်လာသည်၊ စားပွဲ၌ ဝင်ထိုင်လိုက်ပြီး. . .

"သက်မင်း"

"အမိန့်ရှိပါ ဆရာ"

"ထူးခြားတဲ့အစီရင်ခံစာ ရှိသလား"

"ရှိတယ် ဆရာ"

သက်မင်းသည် ဖိုင်တွဲများကို လှန်လှော၍ စာရွက်တစ်ထပ် ထုတ်ယူလိုက်၏။

"ထွန်းလင်းမြင့်လို့ ထင်ရတဲ့လူဟာ. . . တံခွန်တိုင်လေဆိပ်က လေယာဉ်အငှားဌာနကို ရောက်လာတယ်၊ ရဟတ်ယာဉ်တစ်စီး ငှားတယ်။ ငှားတုန်းက သူနဲ့အတူပါလာတဲ့ ရဟတ်ယာဉ်မှူးရဲ့ နာမည်နဲ့ငှားတယ်. . .။ မိုးမြင့်ဆက်သွယ်ရေးလုပ်ငန်းတစ်ခုအတွက်လို့ အကြောင်းပြခဲ့တယ်။ နံ့သာမြိုင်ဥယျာဉ်မြို့တော်ကနေ မက်မွန်မြိုင်ကို ပျံသန်းမယ်လို့ ခရီးစဉ်ပြထားခဲ့တယ်၊ ကျွန်တော်တို့ သွားပြီး စုံစမ်းတယ်။ မက်မွန်မြိုင်ကို ဘယ်ရဟတ်ယာဉ်တစ်စီးမှ ရောက်မလာခဲ့ဘူးဆိုတာ. . . အတိအကျ သိရတယ်"

နောက်ထပ်အချက်တစ်ချက်မှာ ထွန်းလင်းမြင့်သည် စကား





လောင်းကစားခမ်းမသို့ အမြဲလာရောက်လေ့ရှိသူဖြစ်သည်။ သူ၏ တ်ဆွေများ မည်သူမည်ဝါဖြစ်သည်ကို စုံစမ်း၍မရသေးဟု သက် င်းက ရှင်းပြသည်။

"ထိပ်ထားဒေဝီနွယ်နဲ့ ပတ်သက်လို့ကကော. . ."

"သူနဲ့ပတ်သက်လို့ ရထားတာတွေ ရှိပါတယ်။ သူက ဆွေကြီး ျိုးကြီး နန်းဝင်အမျိုးသမီးတစ်ဦးပါ၊ ချော်ဆစ်နားက အိမ်ကြီး စ်လုံးမှာ သူနေတယ်၊ သူ့ယောကျ်ားက. . . ဆရာဝန်တစ်ယောက် ၊ သူနဲ့လက်ထပ်ပြီး သုံးလေးနှစ်အကြာမှာ သေဆုံးသွားရှာတယ်။ ဝီနွယ်ဟာ လောင်းကစားဝါသနာကြီးတယ်။ ပျော်ပွဲစားရုံတွေ၊ လပ်တွေ၊ လောင်းကစားခမ်းမတွေမှာပဲ အမြဲလိုလို ရှိနေတတ် ယ်။ မကြာခဏလည်း. . . မိတ်ဆွေတွေနဲ့ ခရီးထွက်တတ်တယ်။ တ်တရက် ကြည့်လိုက်ရင် သူ့ကို တော်တော်လေး ပြည့်စုံချမ်းသာ ယ်လို့ ထင်ရတယ်။ တကယ်တော့ ချမ်းသာချင်ဟန်ဆောင်နေတာ က်သက်ပဲ၊ လွန်ခဲ့တဲ့ ခြောက်လကျော်ကျော်က သူ့အိမ်မှာ ရုပ် ိုက်ဖို့အတွက် ဈေးပေါပေါနဲ့ ငှားခဲ့ဖူးတယ်လို့ သိရတယ်"

ဘချုပ်က ခေါင်းညိတ်လျက်ဖြင့်. . .

"အင်း. . . စိတ်ဝင်စားစရာ အတော်ကောင်းတာပဲ"

"ဟုတ်ပါတယ်. . . ဆရာ။ ငွေကြေးကျပ်တည်းခက်ခဲလို့ ငှား ပဲ ဖြစ်ပါလိမ့်မယ်၊ ပြီးတော့ ပိုပြီး စိတ်ဝင်စားစရာကောင်းတာ း နားထောင်လိုက်ပါဦး။ လွန်ခဲ့တဲ့ ဧပြီလ (၂၃)ရက်က နံ့သာ ဥယျာဉ်မြို့တော်မှာ ကျင်းပခဲ့တဲ့ နိုင်ငံခြား အီလက်ထရွန်းနစ်



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီကြီးတစ်ခုရဲ့ အုပ်ချုပ်ရေးမှူးကြီးတစ်ဦးရဲ့ညစ်ခံပွဲမှာ ဦး ဒေဝါနဲ့အတူ ဒေဝီနွယ်ပါ လိုက်ပြီးတက်ခဲ့တယ်"

ဘချုပ် စားပွဲကို လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်၏။

"ဒီအချက်က သိပ်တောင်းတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ အဓိကအချက်ပဲ"

ဘချုပ်က ယွန်းသေတ္တာအတွင်းမှ ရွှေဝါရောင်သမ်းနေသည့် ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူလိုက်၏။ ကြေးဝါမီးခြစ်ကြီးဖြင့် မီးညှိ၍ ဖွာရှိုက်လိုက်သည်။

ဘချုပ်က...

"အင်း... ဒီကိစ္စတစ်ခုလုံးရဲ့ အဓိကသော့ချက်ဟာ ထိပ် ထားဒေဝီနွယ်ပဲ ဖြစ်ရမယ်။ ပြန်ပေးဆွဲစီမံချက်တစ်ခုလုံးရဲ့ မျက်စိ နဲ့ နားတောင်... သူဟာ ဖြစ်နေနိုင်တယ်။ မင်း သိပ်တော်တယ် သက်မင်း။ ကဲ... ငါတို့ လုပ်စရာရှိတာ အမြန်လုပ်ကြရအောင်။ ငါ့အတွက် လူငါးယောက် အသင့်ရှာပေး။ ဆက်သွယ်ရေးစက်ရဲ့ လက်နက်တွေ အပြည့်အစုံဆည်ပေး။ ပြီးတော့... စင်ရန်နိုင်ရဲ့ ဒေါက်တာလင်းသီရိမွန်တို့ စီးသွားတဲ့ ရေယာဉ်ပျံတစ်စီးပါ ချက်ချင်း ရှာထား"

သက်မင်းက အံ့အားသင့်စွာဖြင့်...

"ဟင်... ဆရာကိုယ်တိုင် သွားမှာလား"

"ဟုတ်တယ်"

ဘချုပ်က တိုတောင်း ပြတ်သားစွာ ပြောလိုက်သည်။





သားကောင်ရနံ့ရသည့် မုဆိုးတစ်ဦးကဲ့သို့ ဘချုပ်၏ မျက်လုံးများ စူးရှတောက်ပြောင်လျက် ရှိနေပေတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

နံရံများ၌ ဓာတ်ငွေ့မီးတိုင်များ ထွန်ညှိထားသည်။

စကြံ်လမ်းအတိုင်း စဝ်ရန်နိုင်နှင့် ဒေဝီနွယ်တို့ လျှောက်လာကြသည်။

"ညနေစာ စားရတာ အဆင်ပြေရဲ့လား"

ဒေဝီနွယ်က လေသံခပ်တိုးတိုးဖြင့် မေးသည်။

"အဆင်ပြေပါတယ်"

"ကျွန်မရဲ့အိမ်ကြီးတစ်ခုလုံး နေရာအနှံ့ လိုက်ပြတာ ရှင် ကြည့်ရှုင်းနဲ့ ပျင်းလာပြီလား"

"မပျင်းပါဘူး. . .။ ဒါပေမဲ့ ကြည့်ရင်းကြည့်ရင်းနဲ့ မ[illegible]ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးစံအိပ်ကြီးတစ်ခုထဲ ရောက်နေသလိုပဲ ခံစားရတာယ်"

ဒေဝီနွယ်က ခြောက်ကပ်စွာ ရယ်မောလိုက်သည်။

"ရှင်ထင်တာ မမှားပါဘူး။ တကယ်တော့. . . ဒီအိမ်ကြီးဟာ မကောင်းဆိုးဝါးစံအိမ်ကြီးတစ်ခုပါပဲ"

"ဗြော်"

"ဒီစံအိမ်ကြီး ဆောက်ထားတာ နှစ်ပေါင်းအတော်များများ ကြာခဲ့ပါပြီ။ ဒီစံအိမ်ကြီးကို ဆောက်ခဲ့တဲ့လူဟာ လူထူးလူဆန်းကြီး တစ်ဦးလို့ ပြောကြတယ်။ ပြီးတော့ လျှို့ဝှက်ချက်တွေ အများကြီးလည်း ရှိတယ်လို့ ပြောကြတယ်။ ကျွန်မကတော့. . . ရှာလို့လည်း မတွေ့ဘူး၊ နောက်ပိုင်းကျတော့ စိတ်လည်းမဝင်စားတော့ဘူး"

"ခင်ဗျားကိုယ်တိုင်မှာကော. . . သီးသန့်လျှို့ဝှက်ချက်တွေ ရှိမနေဘူးလား ဒေဝီနွယ်"

ဒေဝီနွယ်က အပြုံးမပျက်၊

"ကျွန်မမှာ လျှို့ဝှက်ချက် သိပ်နည်းပါတယ် စင်။ ရှင့်လို ပိပိရိရိ မလှည့်စားတတ်ပါဘူး"

"ကျွန်တော်က ဘယ်လိုများ လှည့်စားမိလို့လဲ"

"ရှင်. . . ဒီနေရာ၊ ဒီဒေသကို ဘာအကြောင်းနဲ့ ရောက်လာတယ်ဆိုတာ အခုထိ လုံးဝမပြောသေးဘူး"

စင်ရန်နိုင် အန္တရာယ်ဟု ချက်ချင်းသိသည်။

သို့သော် သူ့မျက်နှာပေါ်၌ အပြုံးရိပ်က ထင်ဟပ်၍နေသည်။

"ဗြော်. . . ကျွန်တော့်ရဲ့ဇနီးနဲ့ စဆုံတုန်းက အဖြစ်အပျက်လေးတစ်ခုကို ပြန်ပြီးသတိရလာလို့ပါ"

ဒေဝီနွယ်က မျက်နှာလေးကို မဲ့ပစ်လိုက်သည်။

"ရှင်. . . ကျွန်မကို ထပ်ပြီးလှည့်စားဦးမလို့လား။ စောစောက အမျိုးသမီးဟာ ရှင့်ရဲ့ဇနီးမဟုတ်ဘူးဆိုတာ ကျွန်မသိတယ်။ ဒီအမျိုးသမီး ဘယ်သူဘယ်ဝါဆိုတာကိုတော့ ကျွန်မလည်း မသိဘူး။ ကဲ. . . ဒါလောက်နဲ့ပဲ ထားပါတော့။ ကျွန်မနေတဲ့အိမ်ရဲ့ တစ်ဖက်ခြမ်းကို သွားကြည့်ကြရအောင်။ ဒီနေရာကို စိတ်ဝင်တစားနဲ့ လာရောက်လည်ပတ်တဲ့ ပုဂ္ဂိုလ်တွေကိုတော့ တစ်အိမ်လုံးအနှံ့ ပြသပေးရတာယ်လေ"

"ဗြော်. . . ဒီလိုလား။ ဦးဒေဝါလို. . . ရောမစက်မှုလုပ်ငန်းကုမ္ပဏီပိုင်ရှင်ကြီးလို ပုဂ္ဂိုလ်မျိုးတွေကို ဆိုလိုတာလား"

"မှန်ပါတယ်"

ဒေဝီနွယ်၏မျက်နှာပြင်၌ မည်သည့်ပြောင်းလဲမှုမျှ အလျဉ်းမရှိ။ အကယ်ဒမီ ရနိုင်သည်အထိ ဟန်ဆောင်အလွန်ကောင်းလှသည်ဟု စင်ရန်နိုင် တွေးမိသည်။

ဒေဝီနွယ်က ဘာမျှမဖြစ်သည့်နှယ် အေးအေးစွာပင် ဆက်၍ ပြောသည်။

"ဦးဒေဝါက ခင်မင်စရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ ခင်မင်စရာကောင်းတဲ့ လူကြီးလူကောင်းတစ်ယောက်ပါပဲ။ သူ့အခြေအနေကော. . . ဘယ်လိုရှိသလဲဟင်"

စင်ရန်နိုင်က. . .





မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ထက်စာရင် ခင်ဗျားက ပိုပြီးပြောနိုင်မယ်လို့ ထင်နေတာ"

"ဟင့်အင်း. . . ကျွန်မလည်း ဘာမှမသိပါလား။ သူနဲ့ကျွန်မတို့ မတွေ့ဖြစ်တာ နှစ်လနီးပါး ရှိသွားပြီ"

"သူ ဘယ်မှာရှိတယ်ဆိုတာ. . . မင်း သိရဲ့လား"

"နံ့သာမြို့ဥယျာဉ်မြို့တော်မှာလို့ နောက်ဆုံးကြားခဲ့ရတာပဲ။ ဒီကိစ္စက ကျွန်မနဲ့ ဘာမှမဆိုင်ဘူး။ ဒါ. . . ရှင့်ရဲ့အလုပ်ပဲ မဟုတ်လား"

ဒုတိယထပ်သို့ ဆင်းလာကြသည်။

ဒေဝီနွယ်က စကြံလမ်းအတိုင်း ရှေ့မှ ဦးဆောင်၍ ခေါ်သွားသည်။

ကျွန်းတံခါးကြီးတစ်ချပ်ကို သူမက ဖွင့်လိုက်သည်။

သူမ၏အိပ်ခန်းပင်ဖြစ်သည်။

စဝ်ရန်နိုင်က အခန်းတွင်းသို့ ဝင်လိုက်ရင်းမှ. . .

"ဩော်. . . ကျွန်တော်က ဦးဒေဝါ ဘယ်မှာရှိနိုင်သလဲဆိုတာ ထွန်းလင်းမြင့်ကို မေးမလို့ စဉ်းစားနေတာပါ"

"ထွန်းလင်းမြင့်ကတော့ ဘာမှသိမှာ မဟုတ်ဘူး။ ထွန်းလင်းမြင့်က ရှင့်ကို ကစားဖို့ ဖဲအန်းတွဲ ပေးလိုက်တဲ့လူ မဟုတ်လား။ ထွန်းလင်းမြင့်ကလည်း ရှင်သုံးတဲ့ ဖဲအန်းတွဲကိုသုံးပြီး အမြဲကစားလေ့ရှိတယ်။ တစ်ခါမှလည်း နိုင်ပုံမရပါဘူး"

အိပ်ခန်းမှာ အတော်ကျယ်ဝန်းပေသည်၊ ခုတင်ကြီးတစ်လုံး





ၚ် အလှပြင်ခုံတစ်ခုရှိသည်၊ ဗီရိုကြီးများကို နံရံဘေး၌ ကပ်၍ ချထားသည်။

အခန်း၏တစ်ဖက်၌ လေသာဆောင်သို့ထွက်သည့် တံခါးပေါက်ၥ်ခုရှိသည်။ ထိုတံခါးပေါက်များမှာ မှန်အပြည့် တပ်ဆင်ထားသော ံခါးပေါက်များဖြစ်သည်။

ဒေဝီနွယ်သည် တံခါးပေါက်မှ ထွက်လာပြီး၊ လေသာဆောင်တ်သို့ ထွက်လာသည်။ ရောင်စုံမီးများ ထိန်လင်းနေသည့် စကားဝါကို ငေးမောကြည့်ရှုနေသည်။

သူမက စဝ်ရန်နိုင်ဘက်သို့ ဖြည်းညင်းစွာ လှည့်သည်။

"ဒီနေရာလေးက. . . သိပ်သာယာကြည်နူးဖို့ကောင်းတာပဲ။ ဒီနေရာက ရှုခင်းတွေဟာ သိပ်လှတာပဲ"

"ဟုတ်ပါတယ်. . . နေသင့်တဲ့နေရာတစ်ခုပါပဲ"

"စဝ်. . .။ ရှင် ဒီနေရာကို ဘာကိစ္စနဲ့ ရောက်လာတာလဲ"

"ဦးဒေဝါကို ရှာဖို့အတွက် ရောက်လာတာ"

"ရှင်က အခုမှ အမှန်အတိုင်း ပြောတော့တယ်။ ဒီမှာ သူ ရှိယ်လို့ မထင်ဘူး။ ကျွန်မ သိထားရတာကတော့ ဦးဒေဝါ နံ့သာမြို့ယျာဉ်မြို့တော်မှာပဲ ရှိနေလိမ့်မယ်"

"ထွန်းလင်းမြင့်ကော. . ."

"သူ ခရီးထွက်ဖို့ စီစဉ်နေတယ်။ သူ့ကို တွေ့ချင်ရင် ကျောက်ပ်းမြို့ကိုသာ လိုက်သွား။ ဦးဒေဝါနဲ့ ထွန်းလင်းမြင့်က တခြားစီပဲ။ ဘာမှ မပတ်သက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထွန်းလင်းမြင့်မှာ မိတ်ဆွေတွေဘာတွေ မရှိဘူးလား"

"သူက အရေးပါတဲ့လူတစ်ယောက် မဟုတ်ဘူး။ ကျွန်မကတော့ ရှင့်ကို ဘယ်လိုနားလည်ရမှန်း. . . မသိတော့ဘူး။ ရှင့်ရဲ့စိတ်ဓာတ် ပုံမှန်ရှိသေးရဲ့လား။ ဒါမှမဟုတ်ရင်တော့ ရှင်ဟာ ဟန်ဆောင်သိ ကောင်းတဲ့လူတစ်ယောက်ပဲ ဖြစ်ရမယ်"

"မင်း ထင်ချင်သလိုသာ. . . ထင်လိုက်ပေတော့"

"ရှင် ဒီနေရာကို ရောက်လာတာ ဘာတွေလုပ်ချင်လို့လဲဆိုတာ ကျွန်မ နားမလည်ဘူး။ ကျွန်မကတော့ ကျွန်မ ဘာလိုအပ်တယ်ဆို တာကိုပဲ သိတယ်"

ဒေဝီနွယ်သည် အိပ်ခန်းအတွင်းသို့ ပြန်ဝင်သည်။

စဝ်ရန်နိုင်က လေသာဆောင်လက်တန်းကို မှီ၍ရပ်ပြီး သူမ ကို ကြည့်သည်။

ဒေဝီနွယ်က ဖန်ခွက်တစ်ခွက်ထုတ်၍ ရေခဲဘူးထဲမှ ရေခဲတုံး များထည့်သည်။ စကော့ချ်ဝီစကီအတော်များများ ဖန်ခွက်ထဲသို့ ထည့် လိုက်သည်။

"စဝ်. . . ဒီမှာ ရှင့်အတွက်. . . ဒီကိုလာစမ်းပါ"

သူမက လက်ထဲမှဖန်ခွက်ကို ရှေ့သို့ဆန့်တန်းပေးလိုက်သည်။

စဝ်ရန်နိုင် သူမထံသို့ လျှောက်လာပြီး ဖန်ခွက်ကို ယူသည်။

နံရံမှ မီးခလုတ်တစ်ခုကို သူမ ပိတ်လိုက်သည်။

အပြာနုရောင် မီးပွင့်လေးတစ်လုံးသာ လင်း၍နေသည်။

နုညက်သော ဇာခန်းဆီးစများက လေထဲ၌ လွင့်မျောလျက်





ရှိနေသည်။

ခုတင်ဘေးရှိ ခုံပုလေးပေါ်၌ ပန်းအိုးတစ်လုံး။

ပန်းအိုးထဲ၌ အနီရင့်ရင့် နှင်းဆီပွင့်များ ထိုးစိုက်ထားသည်။

နှင်းဆီရိုးတံတွင် ဆူးများအပြည့်ရှိကြောင်း စဝ်ရန်နိုင် သိ သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

မဟူရာမြစ်အတွင်း၌ ဒီရေများ တရိပ်ရိပ်တက်လာနေသည်။

ထွန်းသစ်သည် သင်္ဘောပေါ်၌ လိုက်ပါ၍လာသည်။ ထိုတွဲ
ဘော်ပေါ်၌ သူ၏အရေးကြီးပစ္စည်းများ ပါလာသည်။ ထိုပစ္စည်း
းကို ကုန်သေတ္တာကြီး (၅၅) လုံးအတွင်း၌ ထည့်သွင်းထားသည်။

ဆိပ်ကမ်းမြို့ကြီးတစ်မြို့ဖြစ်သည့် လင်းဝါမြို့၌ ဆွဲသင်္ဘော
တန့်သည်။ သင်္ဘောအတွက် လိုအပ်သော လောင်စာဆီဖြည့်ရန်
အနားယူရန်အတွက်ပင်ဖြစ်သည်။

ထွန်းသစ် ဆိပ်ကမ်းပေါ်သို့ တက်သည်။

စားသောက်စရာများနှင့် ဘလက်(စ်)လေဘယ်တစ်လုံး ယ



www.burmeseclassic.com

www.burmeseclassic.com



၍ ချက်ချင်းပြန်လာသည်။

သင်္ဘော၏နောက်ဘက်ရှိ ကုန်းပတ်ပေါ်၌ ထွန်းသစ် ကျကျ နန ထိုင်ချလိုက်သည်။ သူ့ရှေ့၌ စားသောက်စရာများ၊ ရေခဲဘူး ဖန်ခွက်၊ ဘလက်ခ်လေဘယ်တစ်လုံးတို့ကို သေချာစွာ ချထားလိုက် သည်။

ဆွဲသင်္ဘောက မဟူရာမြစ်အတိုင်း ဆန်၍တက်သွားသည်။

ထွန်းသစ် စားလိုက်သောက်လိုက်ဖြင့် ပတ်ဝန်းကျင်ကိုကြည့် ၍ လိုက်ပါလာသည်။

နံနက်ခင်းအချိန်၌ ကာမှိုင်းမြို့သို့ သင်္ဘော ဝင်တော့မည်ဖြစ် သည်။

ဆက်သွယ်ရေးစက်မှ အသံမြည်လာသဖြင့် အိတ်ကိုဖွင့်၍ ဆက်သွယ်ရေးစက်ကို ထုတ်ယူသည်။ ခလုတ်တစ်ခုကို နှိပ်လိုက်၏။

"ဟုတ်ကဲ့. . . ထွန်းသစ်ပါ"

"အေး. . . ဘချုပ် ပြောနေတယ်။ ထူးခြားချက်ရှိလား"

"ကျွန်တော်တို့. . . အခု ကာမှိုင်းမြို့ကို ဝင်တော့မယ်။ အရ အနေအားလုံး ကောင်းတယ်။ သတ်မှတ်ချိန်ထက် လေးနာရီစော ရောက်နေတယ်"

"ဘယ်လိုဖြစ်ရတာလဲ"

"ဒီရေတက်လာလို့ ပိုမြန်သွားတာပါ. . . ဘချုပ်။ နောက်ထပ် ညွှန်ကြားချက်ကို စောင့်ရမှာလား"

"အေး. . . ဟုတ်တယ်"





"ညက ကျွန်တော် လုံးဝမအိပ်ရသေးဘူး။ အခု တော်တော် အိပ်ချင်နေတယ်"

ဘချုပ်က. . .

"မင်း အိပ်ချင်ရင် အိပ်လို့ရတယ်။ ဒါပေမဲ့ ကုန်သေတ္တာကြီး တွေပေါ်မှာပဲ. . . အိပ်"

ထွန်းသစ်က ရယ်မောလိုက်၏။

"စိတ်ချပါ ဘချုပ်"

ထွန်းသစ်က လက်ဆွဲအိတ်ထဲသို့ ဆက်သွယ်ရေးစက်ကို ထည့် လိုက်သည်။

ဆွဲသင်္ဘောသည် ကြိုတင်သတ်မှတ်ထားသည့် ဆိပ်ကမ်းနေရာ ၌ ဝင်၍ဆိုက်ကပ်လိုက်၏။

ဆိပ်ကမ်းတွင် တွဲသင်္ဘောနှင့် ဆွဲသင်္ဘောတို့ လုံခြုံစွာ ဆိုက် ကပ်သည်။ ထွန်းသစ်က လိုက်လံစစ်ဆေးကြည့်ရှုပြီး သေတ္တာများ ကြား၌ အိပ်စက်ရန် နေရာတစ်ခု ဖန်တီးသည်။

ဘလက်ခ်လေဘယ်လ်ပုလင်းထဲမှ လက်ကျန်ကို ရှင်းလိုက် သည်။

ထို့နောက် အရေးကြီးကုန်ပစ္စည်းများ ထည့်ထားသော ကုန် သေတ္တာများပေါ်၌ လဲလျောင်းလိုက်သည်။ မကြာခင်မှာပင် ထွန်းသစ် နှစ်ခြိုက်စွာ အိပ်မောကျသွားသည်။

ထွန်းသစ် အိပ်ပျော်သွားပြီး တစ်နာရီခန့်အကြာ မမြင်လင့်



www.burmeseclassic.com

www.burmeseclassic.com



သည့် အဖြစ်အပျက်တစ်ခု လျှင်မြန်စွာ ဖြစ်ပေါ်လာပေသည်။

အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ဦး သင်္ဘော ပေါ်သို့ တက်လာသည်။ သူမ၏အသွင်က ချောသည်၊ လှသည်၊ ရွှဲ ရက်ဖွယ်ရာကောင်းသည်။

အနီရောင်လက်ပြတ်အကျႌ။

ဝါဝင်း ဖြူနုသော အသားအရေက ပို၍ပေါ်လွင်နေသည်၊

ပြည့်တင်းသော အလှအပများက ရင်ခုန်လှိုက်မောဖွယ်ရာ အတိ။

သူမက ထွန်းသစ်အနီးသို့ သတိထား၍ ချဉ်းကပ်သွားသည်၊ သူမ၏လက်ထဲ၌ အဝါရောင်ရေမွှေးတစ်လုံး ကိုင်ထားသည်။

ရေမွှေးပုလင်းမှ ခလုတ်ကို အသာအယာ ဖိညှစ်ချလိုက်၏၊

မွှေးပျံ့သောရနံ့များ ထွက်ပေါ်လာသည်။

ထွန်းသစ်သည် ပို၍ပင် နှစ်ခြိုက်စွာ အိပ်မောကျသွားသည်၊

ရေမွှေးပုလင်းကို အနီရောင်ဝတ်စုံနှင့် မိန်းမပျိုက မြစ်ရေ ပြင်ထဲသို့ ပစ်ချလိုက်၏။ သူမ ဆိပ်ကမ်းပေါ်သို့ ဣန္ဒြေမပျက် တက် ၍သွားသည်။

ဒါရိုက်တာကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍ ကျေနပ်အားရ စွာ ပြောလိုက်သည်။

"သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲ မိန်းကလေး။ အင်း. . .ဦး ထွန်းသစ်တစ်ယောက်တော့ နောက်ထပ် နာရီအတော်များများ ကြာ တဲ့အထိ အိပ်မောကျနေဦးမယ်လို့ ထင်တယ်"





အနီရောင်ဝတ်စုံနှင့် မိန်းမပျိုက ဂုဏ်ယူစွာဖြင့် ခေါင်းညိတ် လိုက်သည်။

အနီရောင်ဝတ်စုံနှင့် မိန်းမပျိုက ဆတ်ခနဲ လှုပ်ရှားလိုက်၏။

သူမ၏ ရှည်လျား နက်မှောင်သော ဆံနွယ်များက လေထဲ၌ ဝဲပျံ၍သွားသည်။

သူမက လက်တစ်ဖက်ကိုမြှောက်၍ အော်ပာစ် အမိန့်ပေးလိုက် သည်။

"ကဲ. . . လုပ်ငန်းစလို့ရပြီ"

ဆိပ်ကမ်းဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသား ၁၅ ဦး ထွက် ပေါ်လာသည်။ တွဲသင်္ဘောနှင့် ဆွဲသင်္ဘောကို တွဲချည်ထားသည့် ကြိုး များကို ဖြုတ်လိုက်ကြသည်။

ဒါရိုက်တာကြီး၏ ဆွဲသင်္ဘောနောက်တွင် ထွန်းသစ်၏ ဆွဲ သင်္ဘောနှင့် ပုံစံတူ ဆွဲသင်္ဘောတစ်စီး ရှိနေသည်။ ထိုဆွဲသင်္ဘောပေါ် တွင် ထွန်းသစ် ယူဆောင်လာသည့် အရေးကြီးပစ္စည်း ကုန်သေတ္တာ များနှင့် တစ်ပုံစံတည်း တူညီသည့် ကုန်သေတ္တာ ၅၅ လုံးတိတိ ပါလာ သည်။

ဆွဲသင်္ဘောနှစ်စီးကို နေရာပြောင်းရွှေ့ ချည်နှောင်လိုက်ကြ သည်။

ဒါရိုက်တာကြီးက လက်ညှိုးထိုး၍ ပြောလိုက်၏။

"ကဲ. . . ဦးထွန်းသစ်ကို ပုံစံမပျက် မူလအနေအထားအတိုင်း ပြန်ရွှေ့ထားပေးလိုက်။ အချိန်မကျသေးခင်မှာ သူပြန်နိုးလာမှာမျိုး



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မခံနိုင်ဘူး"

အလုပ်သမားများက လျှင်မြန်စွာ လှုပ်ရှား ဆောင်ရွက်ကြသည်။

လဲလှယ်လိုက်သော ဆွဲသေတ္တာပေါ်၌ သေတ္တာများကို စီစဉ်နေရာချသည်။ ထို့နောက် ထွန်းသစ်ကို ညင်သာစွာ မ၍ ရွှေ့ပြောင်းပေးလိုက်ကြသည်။ ထွန်းသစ်၏လက်ဆွဲအိတ်နှင့် စာရွက်စာတမ်းများကိုပါ ပြောင်းရွှေ့ထားပေးလိုက်ကြသည်။

ထွန်းသစ် ယူဆောင်လာသည့် အရေးကြီးပစ္စည်းများ ပါဝင်သော ကုန်သေတ္တာများ ပါဝင်သော ဆွဲသေတ္တာသည် ဒါရိုက်တာကြီး၏ တွဲသေတ္တာနောက်၌ ပြောင်းရွှေ့ ချိတ်ဆက်ပြီးသား ဖြစ်သွားပေပြီ။

ဒါရိုက်တာကြီးသည် ကျေနပ်အားရစွာပြုံးလျက် တွဲသေတ္တာ၏ အောက်ခန်းသို့ ဆင်းသွားသည်၊ အစည်းအဝေးခန်းမအတွင်း၌ ဒါရိုက်တာကြီးနှင့် သူ၏စာရေးမလေးတို့အတူ နံနက်စာ စားသောက်ကြသည်။

အစည်းအဝေးခန်းမ၏အနီးရှိ အခန်းတစ်ခုအတွင်း၌ ဦးဒေဝါ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိနေသည်။

ထွန်းသစ်သည် တန်ဖိုး လုံးဝမရှိသည့် သေတ္တာကြီးများပေါ်၌ ဆက်လက် အိပ်မောကျလျက်ရှိသည်။ တစ်ထောင်တန်ဖိုးရှိသော ပစ္စည်းများသည် လျှင်မြန်စွာဖြင့် အပြောင်းအလဲ ဖြစ်သွားခဲ့လေတော့သည်။





လေးနာရီခန့်အကြာ၌ဖြစ်သည်။

လက်ဆွဲအိတ်ထဲမှ ဆက်သွယ်ရေးစက်၏မြည်သံ ပေါ်လာသည်။

ထွန်းသစ် နိုးလာသည်။

မြန်မာသမားများထံမှ ပေးပို့လိုက်သည့် ညွှန်ကြားချက်အသစ်များ ဝင်လာသည်။ သူသည် ဆွဲသေတ္တာ၊ တွဲသေတ္တာတို့ဖြင့် နံ့သာမြိုင်ယျာဉ်မြို့တော်သို့ ဆန်၍တက်ရပေဦးမည်။

ထွန်းသစ် ခေါင်းခါ၍ စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သည်။

ဆွဲသေတ္တာမှ တာဝန်ခံတိန်နှင့် တွေ့ဆုံပြောဆိုရန်အတွက် ထွက်လာခဲ့သည်။

❀

စတားဝါမြို့. . . ၊

နံနက်ခင်းအချိန်. . . ။

စစ်ရန်နိုင်သည် စောစီးစွာပင် အိပ်ရာနိုးနေပြီဖြစ်သည်။

ခုတင်ပေါ်၌ ဒေဝီနွယ် အိပ်မောကျ၍နေ၏။

စစ်ရန်နိုင်သည် အိပ်ရာဘေး၌ ရပ်၍ သူမ၏ပစ္စည်းများကို ဖွေကြည့်သည်။ ထူးခြားစရာ တစ်ခုမျှ မတွေ့ရပေ။

လွန်းသေတ္တာဘူးတစ်ခုထဲ၌ လက်ဝတ်ရတနာပစ္စည်းအချို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ပတ်စ်ပို့လက်မှတ်ကို တွေ့သည်။ ထို့ပြင် တွန့်ကြေနေသော စာရွက်အချို့ တွေ့ရသည်။ စဝ်ရန်နိုင်က စာရွက်များကို ကောက် ၍ သိမ်းထားလိုက်သည်။

နှစ်ခြိုက်စွာ အိပ်မောကျနေသည့် ဒေဗီနွယ်ဘက်သို့ တစ်ချက် ကြည့်ပြီး တံခါးဆီသို့ ခြေသံမကြားရစေဘဲ လျှောက်သွားသည်။

အခန်းတံခါးမှ လက်ကိုင်ဘုကို ဖွင့်လိုက်၏။

အပြင်သို့ရောက်သည်နှင့်. . .

အင်ဂရမ် M. 10 မရှင်းပစ္စတို ကိုင်ဆောင်ထားသည့် ဘသန်း ထက်နှင့် ရင်ဆိုင်လိုက်ရသည်။ ဘသန်းထက်၏ တစ်ဖက်တစ်ချ ၌ သေနတ်ကိုယ်စီ ကိုင်ထားသည့် အစောင့်နှစ်ဦး ပါရှိပေသည်။

စဝ်ရန်နိုင်က အေးဆေးတည်ငြိမ်စွာဖြင့် တံခါးကို ပြန်ပိတ် ပြောလိုက်သည်။

"စနိုက်ပစ်တဲ့ရာသီ ရောက်နေမှန်းတောင်. . . ကျုပ် သ မထားမိပါလား"

ဘသန်းထက်က စဝ်ရန်နိုင်ကို အင်ဂရမ်မရှင်းပစ္စတိုဖြင့် ချိ ရွယ်ထားရင်းမှ ပြောသည်။

"ဒီမှာ စဝ်ရန်နိုင်. . .။ ခင်ဗျားဟာ ကျုပ် တွေ့ဖူးသမျှ တွေထဲမှာတော့ အထူးခြားဆုံး လူသားတစ်ယောက်ပဲ။ ခင်ဗျား ကျောက်နံရံတွေကို လက်သီးနဲ့ ထိုးဖောက်ပစ်နိုင်တယ်။ ပေါင်နှစ် ရှိတဲ့လူတွေကို ကော်ပတ်ရုပ်ကလေးတွေလို. . . လွှင့်ပစ်နိုင်တယ် ခင်ဗျားမှာ ဘယ်လိုစွမ်းရည်တွေ ရှိတယ်ဆိုတာတော့ ကျုပ်လ





ခသိဘူး။ ဘာပဲဖြစ်ဖြစ်လေ. . . ခင်ဗျားရဲ့ဗိုက်ထဲကို မရှင်းပစ္စတို ဘျည်ဆန်တွေ ဝင်သွားရင်တော့ ခင်ဗျား ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး ဆိုတာ သေချာတယ်"

စဝ်ရန်နိုင်က. . .

"သိပ်မှန်တာပေါ့ဗျာ"

"ဒါဆိုရင်တော့. . . ခင်ဗျားအနေနဲ့ ရှုးရှုးမိုက်မိုက် ထွက် ပြေးမယ်လို့တော့ ကြံစည်မှာ မဟုတ်ဘူးလို့ထင်ပါတယ်။ ကျုပ်တို့ နှစ်ယောက် အေးအေးဆေးဆေး ပြောကြဆိုကြတာပေါ့။ ခင်ဗျား အနေနဲ့ ထွက်မပြေးရင် မပစ်ဘူးဆိုတာ ကတိပေးတယ်။ ခင်ဗျား မှာ ဘယ်လို ထူးခြားတဲ့စွမ်းရည်တွေ ရှိနေတယ်ဆိုတာ ကျုပ်အနေ နဲ့ သိချင်တယ်။ ကဲ. . . စဝ်ရန်နိုင် ကျုပ်တို့ တစ်နေရာကို သွားကြ ရအောင်"

စဝ်ရန်နိုင်ကို ရှေ့သို့တင်၍ အောက်ထပ်သို့ ဆင်းသက်လာ ကြသည်။

ထို့နောက် စာကြည့်ဆောင်အတွင်းသို့ ဝင်လိုက်ကြသည်။

စာကြည့်ဆောင်အတွင်း၌ စာအုပ်စင်များက အပြည့်။

ထို့ပြင် မျက်နှာကြက်တွင် ပျဉ်းကတိုး ထုတ်တန်းကြီးနှစ်ခု ရှိ သည်။

ဘသန်းထက်က သူ၏လူများကို အမိန့်ပေးလိုက်သည်။

ဘသန်းထက်၏လူနှစ်ဦးက စဝ်ရန်နိုင်၏လက်နှစ်ဖက်ကို ကြိုး များဖြင့် ချည်နှောင်၍ ထုတ်တန်း၌ ဆွဲထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘသန်းထက်က ခါးထောက်ကြည့်ရင်း. . .

"ဒါလောက်ဆို စိတ်ချရလောက်ပါပြီ။ ခင်ဗျားရဲ့ ထူးခြားတဲ့ စွမ်းရည်တွေအကြောင်း. . . ပြောပြပါဦး စဝ်ရန်နိုင်"

စဝ်ရန်နိုင်က ခပ်ပေါ့ပေါ့ ရယ်မောလျက်. . .

"ကျုပ်ရဲ့ ထူးခြားတဲ့စွမ်းရည်တွေ ဟုတ်လား။ ကျုပ်က ဘယ်လောက်အထိ ထူးခြားနေလို့လဲ"

"ဆိုပါတော့ဗျာ. . .။ ခင်ဗျား အာသာဝတီမြို့မှာ ကျောက်သားနံရံတွေကနေ ဘယ်လိုဖောက်ထွက်လာခဲ့သလဲ"

စဝ်ရန်နိုင်က အလေးအနက် မထားသောလေသံဖြင့် ပြန်ပြော လိုက်၏။

"ဒါက အလွယ်လေးပါ။ ကျုပ်ဟာ ကျောက်နံရံတွေကို ကန်ချ ပစ်လိုက်တာ"

ဘသန်းထက်၏လူနှစ်ဦးက မယုံကြည်နိုင်ဟန်ဖြင့် တစ်ဦးကို တစ်ဦး ကြည့်၍ ပြုံးလိုက်ကြသည်။ လက်ထဲမှ သေနတ်များကိုလည်း အိတ်ထဲသို့ ထိုးထည့်လိုက်ကြသည်။

ဘသန်းထက်က စိတ်ရှုပ်ထွေးသော အမူအရာဖြင့်. . .

"ခင်ဗျားက ခြေထောက်နဲ့ ကန်ချပစ်လိုက်တယ် ဟုတ်လား။ လေးငါးလက်မ ထုထည်ရှိတဲ့ ကျောက်သားနံရံကို ခင်ဗျားက လွယ် လွယ်လေးနဲ့ ကန်ချပစ်လိုက်နိုင်တာပေါ့. . . ဟုတ်ရဲ့လား"

"ခင်ဗျား မေးတဲ့အတိုင်း ကျုပ် ဖြေပြီးသွားပြီ။ အခု ကျုပ် မေးမယ်။ ဦးဒေဝါကို. . . ဘယ်မှာပစ်ထားသလဲ"





ဘသန်းထက်က ခေါင်းခါလိုက်ပြီး. . .

"ဒါတော့. . . ကျုပ်မသိဘူး"

စဝ်ရန်နိုင်က သရော်ပြုံးတစ်ချက်ပြုံး၍ ဘသန်းထက်ကို ကြည့် လိုက်သည်။

ဘသန်းထက်က သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး. . .

"ကျုပ် အမှန်အတိုင်း ပြောတာပါ စဝ်ရန်နိုင်။ ပထမအခြေ အနေမှာ ကျုပ်က ဦးဒေဝါကို ပဲရစ်မြို့က ဂိုဒေါင်တစ်ခုထဲမှာ ဖမ်း ထားဖို့ စီစဉ်ထားတယ်။ နောက်ပိုင်းမှာ ကျုပ်ရဲ့အစီအစဉ်ကို ပြောင်း လွှဲပြီး ယူသွားတယ်။ အခုအချိန်မှာတော့ ဦးဒေဝါ ဘယ်ရောက်နေ တယ်ဆိုတာ. . . ကျုပ်လည်း မပြောနိုင်တော့ဘူး"

"ဪ. . . ခင်ဗျားရဲ့အစီအစဉ်ကို ဘယ်သူက ပြောင်းလွှဲပြီး ယူသွားတာလဲ"

"ဒါရိုက်တာကြီးက. . . ယူသွားတယ်။ သူ့နာမည်ကိုလည်း ခင်ဗျား မမေးနဲ့။ ကျုပ်တို့လည်း တစ်ယောက်မှ သူ့နာမည်ကို မသိ ကြဘူး"

"ခင်ဗျားတို့ရဲ့ ဒါရိုက်တာကြီးကို. . . ဘယ်အချိန်လောက်က နောက်ဆုံးတွေ့ခဲ့လဲ"

"ဒါတွေ မေးမနေပါနဲ့တော့။ ခင်ဗျားက ဘာဖြစ်လို့ ဒီလောက် အထိ ခွန်အားတွေ ရှိနေတာလဲ"

စဝ်ရန်နိုင်က ရယ်မောလိုက်ပြီး. . .

"ဪ. . . ဒီကိစ္စလား။ ဗဟိုအာကာသလေ့လာရေးအထူး



www.burmeseclassic.com

www.burmeseclassic.com



အေဂျင်စီဌာနကကျွေးတဲ့ အစားအစာတွေကြောင့်ပါပဲ။ သူတို့ကျွေးတဲ့ အစားအစာတွေထဲမှာ. . . ခွန်အားတိုးပွားစေတဲ့ ဗီတာမင်တွေ၊ ပရိုတိန်းဓာတ်တွေ အများကြီးပါလို့ပဲ ဖြစ်မယ်"

ဘသန်းထက်က ဒေါသသံဖြင့်. . .

"ဒီမှာ. . . စဝ်ရန်နိုင်"

စဝ်ရန်နိုင်က. . .

"နေပါဦး. . .။ ခင်ဗျားဘယ်သူလဲဆိုတာ ကျုပ် မသိရသေးပါလား"

"ဘသန်းထက်"

"ခင်ဗျားကို အဓိကကျတဲ့အချက်တစ်ခု. . . ပြောစရာရှိသေးတယ်။ ထွန်းလင်းမြင့်ကို ခင်ဗျားသတ်ပြီး ဦးဒေဝါကို ဘယ်နေရာအထိ ခေါ်သွားသလဲ"

ဘသန်းထက်၏မျက်နှာတစ်ပြင်လုံး သွေးစုပ်ဖြူရော်၍သွားသည်။

"ခင်ဗျား. . . ဒီစကားပြောဖို့ အချက်အလက် ဘယ်လိုရထားတာလဲ"

"ကျုပ်ပြောတာ ခင်ဗျား ဝန်ခံတယ်ပေါ့"

"ဝန်မခံနိုင်ဘူး။ ကျုပ်ဘက်က ပြတ်ပြတ်သားသား ငြင်းတယ်၊ ခင်ဗျားမှာ မယုံကြည်နိုင်တဲ့ ခွန်အားစွမ်းရည်ရှိတယ်။ ထူးထူးခြားခြား သိနေတာကိုလည်း ကျုပ် စိတ်ဝင်စားလာပြီ။ ခင်ဗျားဘက်မှာ ဘယ်လိုမှ အထောက်အထားမရှိဘဲနဲ့ သိနေတာတွေဟာ မယုံကြည်





နိုင်စရာပဲ"

စဝ်ရန်နိုင်က မခိုးမခန့်အမူအရာဖြင့်. . .

"ကျုပ် ဘယ်လိုသိထားတယ်ဆိုတာ ပြောပြရင်လည်း ခင်ဗျားအနေနဲ့ ယုံနိုင်မှာ မဟုတ်ဘူး"

ဘသန်းထက်က ခေါင်းကို ခပ်သွက်သွက် ခါယမ်းပစ်လိုက်ပြီး. . .

"ခင်ဗျားပြောတာ ဘာကိုမှ ကျုပ် မယုံကြည်ဘူး။ ခင်ဗျားပြောချင်တာ ဆက်ပြောပါ စဝ်ရန်နိုင်"

"အခုကိစ္စမှာ ဒေဝီနွယ်က ဘယ်အတိုင်းအတာအထိပါသလဲ"

"အင်း. . . သူက နည်းနည်းပါးပါးလောက်ပါပဲ။ ကောသမ္ဗီဆေးရုံမှာ ဦးဒေဝါ ရှိနေမယ့်အကြောင်း ဒေဝီနွယ်က ကြိုသိထားတယ်။ ဒါပေမဲ့ ဒီသတင်းနဲ့ပတ်သက်ပြီး ကျုပ်တို့ဘက်က ဘာလုပ်မယ်ဆိုတာကိုတော့ သူ မသိဘူး။ ထွန်းလင်းမြင့်က. . . ဦးဒေဝါကို ဓာတ်ပုံရိုက်ပြီး သတင်းတစ်ခု ယူမယ်လောက်ပဲ ထင်ထားခဲ့တယ်"

"ဒါဖြင့် ထွန်းလင်းမြင့်အကြောင်းလည်း ဒေဝီနွယ် မသိသေးဘူးပေါ့"

"ဟုတ်တယ်. . . ဦးဒေဝါအော်ပရေးရှင်းမှာ ထွန်းလင်းမြင့် ကျဆုံးသွားတာ ဒေဝီနွယ် မသိဘူး"

"ကျောက်စိမ်းမြို့မှာ ကွမ်တမ်မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီရဲ့ အုပ်ချုပ်ရေးမှူး ဦးသော်ဇံကိစ္စမှာကော။ ဒေဝီနွယ်ပါ ကျောက်စိမ်းမြို့ကို ရောက်ခဲ့သေးတယ်. . . မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . .။ အဲဒီအော်ပရေးရှင်းမှာလည်း ဒေဝီနွယ်က ကျုပ်တို့ကို ကူညီခဲ့တယ်"

"အခု ကျုပ်ကိုဖမ်းနိုင်အောင် ဒေဝီနွယ်တာပဲ ဒီနေရာအထိ ခေါ်လာခဲ့ပေးတယ် မဟုတ်လား"

"သိပ်မှန်တာပေါ့။ ကဲ. . .ကျုပ်မေးစရာရှိတာ မေးပါရစေဦး။ အရှိန်နဲ့ ပျံနေတဲ့ ရဟတ်ယာဉ်ရဲ့ ထောက်တန်းကနေ တွဲလောင်းခိုပြီး ခင်ဗျား လိုက်သွားနိုင်ခဲ့တယ်။ ခင်ဗျား ဘယ်လိုနည်းနဲ့ တွဲခိုသွားနိုင်ရတာလဲ"

စဝ်ရန်နိုင်က အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။

"ကျုပ်ရဲ့လက်တွေက. . . သာမန်လူတွေထက် ပိုပြီးသန်တယ်လေ"

ဘသန်းထက်က သုန်မှုန်စွာဖြင့်. . .

"ဒီမှာ စဝ်ရန်နိုင်. . . ခင်ဗျားကို ကျုပ် စိတ်မရှည်တော့ဘူး"

စဝ်ရန်နိုင်ကလည်း. . .

"ခင်ဗျားလိုပဲ ဘသန်းထက်. . .။ ကျုပ်လည်း ခင်ဗျားကို လုံးဝစိတ်မရှည်နိုင်တော့ဘူး"

ရုတ်တရက် စဝ်ရန်နိုင်က သူ၏ဇီဝယန္တရားလက်များမှ စွမ်းရည်ကို ထုတ်ယူလိုက်ပြီး ဆောင့်ဆွဲလိုက်၏။

မျက်နှာကြက်မှ ပျဉ်းကတိုးထုတ်တန်းကြီးများ ကျွယ်လောင်စွာ ပြိုဟည်း၍သွားသည်။ ထုတ်တန်းသစ်သားချောင်းကြီးများ စိုက်ဝင်နေသော နံရံမှ အင်္ဂတေတုံးကြီးတစ်တုံး ပဲ့ထွက်ကျဆင်း





လာသည်။ ကြမ်းပြင်ပေါ်သို့ အရှိန်ပြင်းစွာကျ၍ သိမ့်သိမ့်ခါမျှ ပြိုဟည်းသွား သည်။ သဲမှုန့်၊ ကျောက်မှုန့်များ အဆက်မပြတ် ကျဆင်းလာသည်။

ပျဉ်ကတိုးထုတ်တန်းကြီးများ ပြုတ်ထွက်၍ အရှိန်ပြင်းစွာ ကျဆင်းလာသည်၊

ဘသန်းထက်၏လူတစ်ယောက်အပေါ် ထုတ်တန်းကြီး အရှိန်ပြင်းစွာ ပြုတ်ကျပြီး အသံမထွက်နိုင်ဘဲ အသက်ပျောက်သွားသည်။

အခြားလူများ ထိတ်လန့်တကြား အော်ဟစ်၍ ရှောင်တိမ်းနိုင်သဖြင့် လွတ်မြောက်သွားကြသည်။

စဝ်ရန်နိုင်သည် သူ၏လက်နှစ်ဖက်၌ ချည်ထားသောကြိုးများကို ဆွဲယူဖြုတ်တောက်ပစ်လိုက်သည်။

ဘသန်းထက်မှာ အံ့အားသင့်စွာဖြင့် တဒင်္ဂ ကြက်သေသေသွားလေသည်။ ချက်ချင်း သတိပြန်ဝင်လာပြီး သူ၏သေနတ်ကို ဆွဲထုတ်ယူလိုက်၏။

စဝ်ရန်နိုင်က ခြေတစ်ဖက် ဆန့်ထုတ်၍ ဘသန်းထက်၏ လက်ထဲမှ ပစ္စတိုသေနတ်ကို ကန်လိုက်သည်။ ဇီဝယန္တရားခြေထောက်၏ အရှိန်မှာ လွန်စွာမှ ပြင်းထန်လှသည်။ ဘသန်းထက်၏ လက်ထဲမှ ပစ္စတိုသေနတ်မှာ လွင့်စင် ပျက်စီးသွားသည်။

လက်ထဲမှကြိုးစဖြင့် ဘသန်းထက်ကို လှမ်း၍ရိုက်ချလိုက်သည်။ ဘသန်းထက် နောက်သို့ လျှင်မြန်စွာ ခုန်ဆုတ်၍ ရှောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ကျောက်မှုန့်၊ သဲမှုန့်၊ အင်္ဂတေမှုန့်များ တဖွားဖွား ကျဆင်း၍နေသည်။ ဘသန်းထက်တို့လူစုမှာ မျက်လုံးများကို ပွတ်သပ်နေကြရသည်။

စစ်ရန်နိုင်သည် စာကြည့်ဆောင်ထဲမှ ပြေးထွက်သွားသည်။ ဘသန်းထက်က စစ်ရန်နိုင်အား လှမ်း၍အော်ဟစ်ဆဲဆိုလိုက်သည်။

စစ်ရန်နိုင်ကို သူ မတားဆီးလိုက်နိုင်ပေ။

ဘသန်းထက်က သူ၏လူများကို အော်ဟစ်၍ အမိန့်ပေးနေသည်။ စစ်ရန်နိုင်က လှေကားထစ်များပေါ်မှ ကျော်ဖြတ်၍ ပြေးတက်သွားသည်။

အိမ်ကြီးထဲ၌ ဆူညံ၍နေ၏။

ဘသန်းထက်နှင့် သူ၏လူများ အော်ဟစ်လျက် ပြေးလွှားလိုက်ပါလာကြသည်။

စစ်ရန်နိုင်သည် ဒေဝီနွယ်၏အိပ်ခန်းရှိရာသို့ ဦးတည်၍ပြေးသည်။

အခန်းတံခါးမှာ သော့ပိတ်ထားသည်ကို တွေ့လိုက်ရသည်။

တံခါးကို အရှိန်ယူ၍ အားကုန် ဆောင့်ကန်လိုက်သည်။

သော့ခလောက် ကျိုးထွက်သွားပြီး ဝုန်းခနဲ တံခါးပွင့်သွားသည်။

အိပ်ခန်းထဲမှ အမျိုးသမီးတစ်ဦး၏ စူးစူးရှရှ အော်ဟစ်သံပါ ပေါ်လာသည်။

ဒေဝီနွယ်သည် ခုတင်ပေါ်၌ ထိုင်လျက်ရှိနေသည်။





စစ်ရန်နိုင်က သူမအနီးသို့ လျှောက်၍သွားသည်။

"ဒီမှာ ဒေဝီနွယ်. . . ၊ မင်း မသေချင်ရင် ငါမေးတာကို မှန်မှန်ဖြေ။ ဒါရိုက်တာကြီးဆိုတာ ဘယ်သူလဲ"

ဒေဝီနွယ်က တုန်လှုပ်သောလေသံဖြင့်. . .

"ဒါရိုက်တာကြီးကို ကျွန်မ. . . ကျွန်မ မသိပါဘူး။ သူ ဘယ်သူ ဘယ်ဝါဆိုတာ ဘယ်သူမှလည်း မသိကြပါဘူး"

ပြေးလွှားနေသံများ ကျယ်လောင်စွာ ကြားနေရသည်။

စစ်ရန်နိုင်က. . .

"ကောင်းပြီ. . . ။ မင်းဆီကို တစ်ခေါက်ပြန်လာခဲ့ဦးမယ်"

စစ်ရန်နိုင်က လေသာဆောင်ဘက်သို့ ပြေးထွက်သွားသည်။

ဒေဝီနွယ်က လှမ်း၍ပြောသည်။

"စစ်. . . ရှင်. . . အဲဒီနေရာတည့်တည့် အောက်ဘက်က ရေမချောက်ကြီး၊ ရှင် ဘယ်လိုမှ ထွက်လို့မရနိုင်ဘူး"

စစ်ရန်နိုင်က လေသံခပ်တင်းတင်းဖြင့်. . .

"ဒါ. . . ငါ့ရဲ့အလုပ်ပါ"

အိပ်ခန်းတံခါးဝ၌ ဘသန်းထက်၏လူတစ်ဦး ရောက်လာသည်။ စစ်ရန်နိုင်က ဘယ်လက်ချောင်းများကို ဆန့်တန်းလိုက်၏။ ဇီဝယန္တရားလှုံ့ဆော်မှုဖြင့် လက်ချောင်းများအတွင်းရှိ စက်ယန္တရားများက အသင့်ဖြစ်၍သွားသည်။

စစ်ရန်နိုင်သည် သူ၏အပြေား တစ်နေရာသို့ လက်တစ်ဖက်ဖြင့် အသာဖိထောက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လေတိုးသံကစ်ချက် ထွက်ပေါ်လာသည်။

ဘယ်ဘက်လက်ညှိုးထိပ်ဖျားမှ အဆိပ်စူးမြားတစ်ချောင်း အရှိန်ပြင်းစွာ လွင့်ထွက်သွားသည်၊ အစောင့်ဖြစ်သူ၏ နဖူးပြင် တည့်တည့်သို့ အဆိပ်စူးမြားချွန်က တည့်မတ်စွာ စိုက်ဝင်သွားသည်၊

အစောင့်ဖြစ်သူ ကျယ်လောင် စူးရှစွာ အော်ဟစ်လိုက်၏။

တွန့်လိမ်ကောက်ကွေးလျက် လဲကျသွားသည်၊

စင်္ကြန့်ပိုင်းအတွင်းမှာပင် ထိုနေရာ၌ အသက်ကုန်သွားသည်၊

အိပ်ခန်းတံခါးဝ၌ အစောင့်သုံးဦး ထပ်မံပေါ်လာသည်၊

စဝ်ရန်နိုင်က လက်ချောင်းများကို ဆန့်တန်းလျက် အဆက် မပြတ် ပစ်ခတ်လိုက်၏။ အစောင့်သုံးဦးစလုံး တွန့်လိမ်ကောက်ကွေး လျက် လဲကျငြိမ်သက်သွားကြသည်။

ဘသန်းထက်၏လူများ လက်နက်ကို ထုတ်မသုံးနိုင်ခင်မှာပင် သေဆုံးသွားကြခြင်းပင်ဖြစ်သည်။

စဝ်ရန်နိုင်၏ အဆိပ်စူးမြားလက်နက်မှာ ကွာဝေးသောနေရာ များအထိ တည့်မတ်စွာ ပစ်ခတ်နိုင်စွမ်းရှိသည်။ ယန္တရားလက်ချောင်း များ၏ ဆုံလည်ဆလင်ဒါများအတွင်း၌ နောက်ထပ် အဆိပ်စူးမြား များ ကျန်ရှိနေပေသေးသည်။

စဝ်ရန်နိုင်သည် သူ၏လွတ်လမ်းကို ရှာဖွေကြည့်လိုက်သည်။

အောက်ဘက်သို့ ပြေးဆင်းရန်မှာလည်း လွတ်လမ်းမမြင်။

စဝ်ရန်နိုင်သည် ပြတင်းပေါက်မှတစ်ဆင့် လေထဲသို့ ခုန်တက် လိုက်၏။ အထက်ရှိ ခေါင်မိုးစွန်းပေါ်သို့ လွယ်ကူစွာ ခုန်တက်လိုက်

မိုးဆမ်းပန်းစာပေ



နိုင်၏၊

ခေါင်မိုးပေါ်မှ အိမ်ရှေ့ဘက်သို့ ပြေးလွှား၍သွားသည်။

အိမ်ကြီးအတွင်း၌ ဘသန်းထက်၏လူများ သူ့ကို အသည်း အသန် လိုက်လံ ရှာဖွေနေကြပေသည်။ ဘသန်းထက်၌ လူအင်အား မည်မျှရှိနိုင်သည်ကို မသိသော်လည်း လူခပ်များများ၏အသံကို ကြား နေရသည်။

စဝ်ရန်နိုင်သည် အိမ်ရှေ့ဘက်ရှိ မြေပြင်ပေါ်သို့ ခုန်ဆင်းလိုက် ၏။

ကောင်းကင်ကြိုးရထားရှိရာသို့ ပြေးသွားသည်။

ကောင်းကင်ကြိုးရထားအတွင်းသို့ဝင်ပြီး ခလုတ်ကို နှိပ်လိုက် ၏။ ကောင်းကင်ကြိုးရထားသည် တဖြည်းဖြည်းနှင့် ရွေ့လျားသွား သည်။

ရုတ်တရက် ကောင်းကင်ကြိုးရထား၏ ရှေ့လေကာမှန်ကို သေ နတ်ကျည်ဆန် ထိမှန်၍ ကွဲကြေ လွင့်စဉ်ထွက်ကုန်သည်။ စဝ်ရန်နိုင် တန်ချက်ဖျက်၍ နောက်ပြန်လဲကျသွားသည်။ ကောင်းကင်ကြိုးရထား က ဆက်လက် ဆင်းသက်နေ၏။

စဝ်ရန်နိုင် လဲကျသွားစဉ် နောက်ဘက်နံရံနှင့် နောက်စေ့ ဆောင့်မိပြီး မူးနောက်၍သွားသည်။

ကောင်းကင်ကြိုးရထားမှာ ညင်သာစွာ ရပ်တန့်သွားသည်။ လှုပ်ရှားသံသဲ့သဲ့ကို စဝ်ရန်နိုင် ကြားလိုက်သည်။

လက်တစ်ဖက်က တံခါးလက်ကိုင်ဘုကို လှည့်လိုက်သည်။

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က တံခါးကို ခြေအစုံဖြင့် ဆောင့်ကန်လိုက်၏၊

သံပြားတံခါးနှင့် ပတ္တာများ ပြုတ်ထွက်သွားသည်။ သေနတ်ကိုင်ထားသူ၏ကိုယ်ပေါ်သို့ တံခါးနှင့် ပတ္တာများ တည့်တည့်မတ်မတ် ပုံ၍ကျသည်။

စဝ်ရန်နိုင် ကောင်းကင်ကြိုးရထားထဲမှ ခုန်ထွက်သည်။

သေနတ်သမား၏ ခန္ဓာကိုယ်ပေါ်သို့ ခုန်အုပ်လိုက်၏။ ထိုလူ၏ လက်ထဲမှသေနတ်ကို လုယူလိုက်သည်။ ထိုလူ၏ ဦးခေါင်းကို သေနတ်ဒင်ဖြင့် ဆောင့်ထုချလိုက်၏၊

ဖရဲသီးတစ်လုံး ကွဲကြေထွက်သွားသည့်အသံမျိုး ထွက်ပေါ်လာသည်။

လက်ထဲမှ သေနတ်ကို ချိုးဖွဲ့၍ လွှင့်ပစ်လိုက်သည်။

ဆိပ်ခံတံတားပေါ်သို့ ပြေးတက်သွားသည်။

မော်တော်ဘုတ်မှာ ဆိပ်ခံတံတား၌ တပ်ထားပြီး၊ သော့ကတန်းလန်းနှင့်ပင်ဖြစ်သည်။

မော်တော်ဘုတ်၌ ချည်ထားသောကြိုးကို ဆွဲဖြုတ်လိုက်၏။

ထိုအချိန်မှာပင် ကျယ်လောင်သောအသံဖြင့် အော်တစ်ပြောသံတစ်သံ သူ၏နောက်ဘက်မှ ထွက်ပေါ်လာသည်၊

"ဟေ့ကောင်. . . ရပ်စမ်း"

စဝ်ရန်နိုင် နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။

အသက်လေးဆယ်ကျော်အရွယ် နဖူးပြောင်ပြောင်နှင့် လူထွားကြီးတစ်ဦးကို တွေ့လိုက်ရသည်။ သူ၏လက်ထဲ၌ အော်တိုမက်တစ်





ရိုင်ဖယ်တစ်လက်ကိုင်၍ စဝ်ရန်နိုင်ကို တည့်မတ်စွာ ချိန်ရွယ်ထားသည်။

စဝ်ရန်နိုင်က လက်နှစ်ဖက်ကို မြှောက်၍ပြလိုက်ပြီး. . .

"ကျွန်တော်တို့. . . အေးအေးဆေးဆေး ပြောလို့ဆိုလို့ဖြစ်ပါတယ်"

စဝ်ရန်နိုင်က ထိုလူထံသို့ အေးဆေး တည်ငြိမ်စွာ လျှောက်သွားသည်။ ထိုလူက နောက်ဘက်သို့ ဆုတ်သွားသည်။

ထိုလူက မျက်နှာကိုမဲ့လျက် သေနတ်မောင်းကို တင်လိုက်၏။

သူ့အနေဖြင့် ဘေးနှစ်ဘက် ဘယ်ညာကို လျင်မြန်စွာ ခုန်ရှောင်နိုင်စွမ်းရှိသည်၊ သို့သော် မည်သည့်ဘက်သို့ ခုန်ရှောင်ရန် စဉ်းစားချိန် မရနိုင်တော့ပေ။

အော်တိုမက်တစ်ရိုင်ဖယ် မြှောက်တက်လာ၏။

ကျယ်လောင်သော သေနတ်သံတစ်ချက် ထွက်ပေါ်လာသည်။

တစ်ဖက်မှ သေနတ်သမားလူထွားကြီး၏ဦးခေါင်း နောက်ဘက်သို့ လန်ထွက်သွားသည်။ လက်ထဲမှ ရိုင်ဖယ်သေနတ်လည်း လွတ်ကျသွားသည်။

မလှမ်းမကမ်းရှိ ချုံနွယ်ပင်များကြားမှ အသံတစ်သံနှင့်အတူ လူတစ်ယောက် တိုးထွက်လာ၏။

ထိုလူကို မြင်လိုက်ရလျှင် စဝ်ရန်နိုင် အားရဝမ်းသာ အော်ဟစ်လိုက်သည်။

"ဟာ. . . ဘချုပ်"



www.burmeseclassic.com

www.burmeseclassic.com



ဘချုပ်က မသိမသာပြုံး၍…

"ငါ ရောက်လာလိမ့်မယ်လို့ မင်း လုံးဝမျှော်လင့်မထားဘူး မဟုတ်လား"

စစ်ရန်နိုင်က ဘချုပ်ထံ ပြေးသွားသည်။

"ဘချုပ်… ဒီနေရာကို ရောက်လာမယ်လို့ လုံးဝမထင်မိတာ အမှန်ပဲ။ ကဲ… ကျွန်တော်တို့ ဒီနေရာကနေ သွားကြရအောင်"

စစ်ရန်နိုင်က မော်တော်ဘုတ်ဝမ်းထဲသို့ အရင်ဦးစွာ ဆင်းနိုင်းသည်။ ပွဲထိန်းကြိုးကိုဖြုတ်၍ မော်တော်ဘုတ်ကို ဆိပ်ခံထံတားမှ တွန်းထုတ်လိုက်သည်။

မကြာခင်မှာပင် ရေအိုင်မျက်နှာပြင်ပေါ်၌ မော်တော်ဘုတ်က တရိပ်ရိပ်ပြေးလွှား၍နေသည်။

ဘချုပ်ကပြောသည်။

"စစ်… တန်ဖိုးရှိတဲ့ ပစ္စည်းအပိုင်းအစလေးတွေ ကောက်ယူလာနိုင်ခဲ့သေးသလား"

"ဒီကောင်တွေအဖွဲ့ရဲ့ ခေါင်းဆောင်က… ဒါရိုက်တာကြီးလို့ နာမည်ပေးထားတဲ့လူ။ သူ့ရဲ့နာမည်ကို ဘယ်သူမှ မသိကြဘူး။ ဒါရိုက်တာကြီးလို့ပဲ သိထားကြတယ်"

"အင်း… တော်တော်ကောင်းတဲ့ သတင်းတစ်ခုပဲ"

"ဒါရိုက်တာကြီးဆိုတဲ့လူ ဘယ်မှာနေမှန်းလည်း မသိကြဘူး၊ ဦးသော်ဇံနဲ့ ဦးဒေဝါတို့ ပြန်ပေးအဆွဲခံရတဲ့ ကိစ္စနှစ်ခုလုံးမှာ ဒေဗီနွယ်က သတင်းပေးလုပ်ခဲ့တယ်။ သူတို့နှစ်ယောက်စလုံးရဲ့ သတင်းတွေကို ဒေဗီနွယ်က စုံစမ်းရယူခဲ့တယ်၊ ဦးဒေဝါ ပြန်ပေးအဆွဲခံရမယ့်ကိစ္စကျတော့ ဒီလိုဖြစ်လာလိမ့်မယ်လို့ သူ လုံးဝထင်မထားခဲ့ဘူး။ ဒါရိုက်တာကြီးရဲ့အောက်က အကြီးအကဲလုပ်တဲ့လူက ဘသန်းထက်၊ ကျွန်တော်တောင် သူ့တပည့်တွေရဲ့လက်ထဲကနေ… မနည်းလွတ်အောင် ရုန်းပြေးခဲ့ရတယ်"

ဘချုပ်က…

"မင်း… ဘယ်သူ့ဆီကနေ ရလာတာလဲ"

"အပေါ်စီးကို ရောက်နေပြီ၊ ရထားပြီလို့ ထင်ထားတဲ့လူတွေဟာ ကြွားတတ်ဝါတတ်တဲ့အပြင် အာချောင်လျှာချောင်တာကိုလည်း ဝါသနာပါကြတယ်၊ အခု ကျွန်တော့်ကို ဒုတိယအကြိမ် တိုက်ခိုက်တာ…"

"သုံးကြိမ်ကျလို့မှ မင်းကို မမိခဲ့ရင်ကော…"

"ဘသန်းထက်အတွက် မဟာပြဿနာပဲ။ တတိယမြောက်အကြိမ်ဟာ ကြောက်စရာအကောင်းဆုံးနဲ့ အကြမ်းတမ်းဆုံး ဖြစ်လာလိမ့်မယ်လို့ ထင်တယ်"

"အင်း… မင်းကို လုံလုံခြုံခြုံ သိမ်းထားဖို့ လိုမယ်ထင်တယ်"

ဘချုပ်က ကမ်းရိုးတန်းတစ်နေရာဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။

"ငါ… အဲဒီနေရာမှာ အငှားကားတစ်စီး ထားခဲ့တယ်။ အဲဒီနေရာကို ကပ်ပေး…"

စစ်ရန်နိုင်က မော်တော်ဘုတ်အရှိန်ကို လျှော့ချလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



ကပ်းစပ်တစ်နေရာ၌ မော်တော်ဘုတ်ကို ထိုးကပ်လိုက်သည်။

ဘချုပ်က. . .

"ငါနဲ့အတူ ဟိုတယ်ကို ပြန်လိုက်မှာလား. . . စဝ်"

"ခဏနေဦး. . . ဘချုပ်။ ကျွန်တော် ဒီအိမ်က အမျိုးသမီးကို ပြန်လာခဲ့မယ်လို့ ပြောခဲ့တယ်"

"ကောင်းပြီလေ. . .။ နောက်ထပ် နာရီဝက်အကြာမှာ ငါတို့ ဟိုတယ်မှာ တွေ့ကြမယ်။ မင်းအန္တရာယ်တစ်ခုလုံး ပြည့်ပြည့်စုံစုံနဲ့ ပြန်ရောက်လာတာပဲ မြင်ချင်တယ်"

"ဟုတ်ကဲ့. . .။ ကျွန်တော့်အတွက် စိတ်ချပါ"

ဘချုပ် မော်တော်ပေါ်မှ အောက်ဘက်မြက်ခင်းပေါ်သို့ ခုန်ဆင်းလိုက်သည်။

စဝ်ရန်နိုင်သည် မော်တော်ဘုတ်ကို ဘက်ဂီယာထိုး၍ ကမ်းမှ ခွာသည်။

ထို့နောက် ရှေ့ဂီယာ ထိုးသည်။

မော်တော်ဘုတ်သည် ရေမျက်နှာပြင်ပေါ်၌ ရှပ်တိုက်၍ လျှင်မြန်စွာ ပြေးထွက်သွားလေတော့သည်။

❀ ❀ ❀



အခန်း ( ၁၉ )

ငါးမိနစ်ခန့်မျှ အကြာ၌ဖြစ်သည်။

မော်တော်ဘုတ်တစ်စီး သူ့ထံသို့ ဦးတည်၍ ရှပ်တိုက် ပြေးလွှားလာနေသည်ကို စဝ်ရန်နိုင် မြင်လိုက်ရသည်။

ညာဘက်မျက်လုံး၌ တပ်ဆင်ထားသော ပုံရိပ်ချဲ့ မှန်ဘီလူးကိရိယာဖြင့် အာရုံစိုက်၍ကြည့်လိုက်သည်။

မော်တော်ဘုတ်ပေါ်၌ လူလေးဦး ပါသည်။

မော်တော်ဘုတ်၏ဦးပိုင်း၌ စနိုက်ပါရိုင်ဖယ် ကိုင်ဆောင်ထားသော ဘသန်းထက်ကို မြင်တွေ့လိုက်ရသည်။

စဝ်ရန်နိုင်က မော်တော်ဘုတ်၏စက်ရှိန်ကို မြှင့်တင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘသန်းထက်၏မော်တော်ဘုတ်က တဖြည်းဖြည်းနှင့် နီး၍လာသည်။ ကျယ်လောင်သော သေနတ်သံတစ်ချက်နှင့်အတူ ရှေ့လေကာမှန် ကွဲကြေထွက်သွားသည်။ နောက်ထပ် သေနတ်ကျည်ဆန်တစ်ချက်က မော်တော်ဘုတ်၏ သစ်သားဝမ်းပျဉ်ပြားထဲသို့ စိုက်ဝင်သွားသည်။

စဝ်ရန်နိုင်က ဘယ်ဘက်သို့ ထက်မကို လှည့်ချိုးချလိုက်၏။ မော်တော်ဘုတ်သည် အရှိန်ပြင်းစွာဖြင့် တစ်ဖက်သို့ ယိမ်း၍စောင်းသွားသည်။ စဝ်ရန်နိုင်က သူ၏မော်တော်ဘုတ်ဦးပိုင်းကို ဘသန်းထက်၏မော်တော်ဘုတ်နှင့် ထိပ်တိုက်ဆိုင်မိအောင် ဦးတည်လိုက်၏။

သူ၏ခန္ဓာကိုယ်ကို မော်တော်ဘုတ်၏ဦးပိုင်းနှင့် ပဲ့ပိုင်းတို့ ထိန်း၍ရပ်သည်။ မော်တော်ဘုတ်ပေါ်၌ ချထားခဲ့သည့် ဘချုပ်၏အော်တိုမက်တစ်ရိုင်ဖယ်ကို ကောက်၍ယူပြီး မောင်းတင်လိုက်သည်။

ဘသန်းထက်၏ မော်တော်ဘုတ်နှင့် စဝ်ရန်နိုင်၏ မော်တော်ဘုတ်တို့ နီးကပ်လာသည်။

စဝ်ရန်နိုင်က ခလုတ်ကို ဆက်တိုက် ဆွဲညှစ်၍ ပစ်ခတ်လိုက်သည်။

ဘသန်းထက်၏ မော်တော်ဘုတ်မှ တက်မကိုင်သူမှာ ရေထဲသို့ လွင့်စဉ်ကျသွားသည်။ အခြားလူတစ်ဦးက တက်မကိုင်နေရာ၌ အစားဝင်ယူလိုက်သည်။

မော်တော်ဘုတ်နှစ်စီး တိုက်မိလု၊ တိုက်မိခါနီးနေစဉ်. . .

စဝ်ရန်နိုင်က သူ၏မော်တော်ကို ချိုးကွေ့၍ ထိန်းလိုက်၏။





စဝ်ရန်နိုင်၏ မော်တော်ဘုတ်မှာ အရှိန်ဖြင့် လေထဲသို့ မြောက်တက်သွားသည်။ မော်တော်တစ်စီးလုံး တုန်ခါလျက် ရေပြင်ပေါ်သို့ ပြန်ကျလာသည်။

ဘသန်းထက်က မတ်တတ်ရပ်လျက် လှမ်း၍ပစ်သည်။

ဗိုင်ခွက်တစ်ခုကို ထိမှန်သွားသည်။

စဝ်ရန်နိုင်က မော်တော်ဘုတ်ကို ဘယ်ဘက်သို့ ချိုးကွေ့လိုက်၏။ ဘသန်းထက်၏ မော်တော်ဘုတ်ဆီသို့ ဦးတည်လိုက်၏။

ဘသန်းထက်၏ မော်တော်ဘုတ်သည် သူ၏ရှေ့တည့်တည့် ပေသုံးရာခန့်အကွာ၌ ရှိနေသည်။

စဝ်ရန်နိုင်က မောင်းတံကို ရှေ့သို့ အားကုန်တွန်းလိုက်၏။

စဝ်ရန်နိုင်၏မော်တော်ဘုတ်က ရှေ့သို့ အရှိန်ပြင်းစွာ တိုးထွက်လာသည်။

မော်တော်ဘုတ်နှစ်စီး ပေငါးဆယ်ခန့်သာ ကွာတော့သည်။

စဝ်ရန်နိုင် ပဲ့ပိုင်းမှနေ၍ ရေထဲသို့ ဒိုင်ဗင်ထိုး၍ ငုပ်ဆင်းလိုက်၏။

ရေအိုင်ကြီး၏အောက်ခြေသို့ စဝ်ရန်နိုင် ရောက်သွားချိန်၌ ရေပြင်အထက်မှ ကျယ်လောင်သော ပေါက်ကွဲသံကြီးကို ကြားလိုက်ရသည်။

စဝ်ရန်နိုင် ရေမျက်နှာပြင်ပေါ်သို့ အသာခေါင်းဖော်၍ ကြည့်သည်။

မော်တော်ဘုတ်နှစ်စီး ရှိခဲ့သောနေရာ၌ မီးတောက်မီးလျှံများ



www.burmeseclassic.com

www.burmeseclassic.com



တောက်လောင်နေပြီး သစ်သားစများ မျောနေသည်ကို တွေ့လိုက်ရသည်။

စဝ်ရန်နိုင်သည် ကမ်းခြေဘက်သို့ ပြန်၍ကူးခတ်လာခဲ့သည်။

ရေပြင်ပေါ်၌ သက်ရှိလူသားဆို၍ သူတစ်ဦးတည်းသာ ကျန်ရှိနေပေတော့သည်။

✠

မိနစ် (၃၀)မျှအကြာ၌. . .

နေဝန်းနီဟိုတယ် ဧည့်ခန်းထဲသို့ စဝ်ရန်နိုင် ဝင်လာသည်။

ဟိုတယ်စာရေးက မော့ကြည့်လိုက်၏။

သားနား သပ်ရပ်စွာ ဝတ်ဆင်ထားသည့် စဝ်ရန်နိုင်၏ ကိုယ်တစ်ခုလုံး ရေများဖြင့် ရွှဲနစ်၍နေ၏။ ကြမ်းပြင်ပေါ်သို့ ရေစက်များ ကျ၍နေသည်။

စဝ်ရန်နိုင်က. . .

"အခန်းသော့ ပေးပါ"

"ဟာ. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ရွှေနတ်သမီးအဆောင်က အခန်း"

စာရေးဖြစ်သူက သော့ကိုဖြုတ်ယူ၍ စားပွဲပေါ်မှ တွန်းပေးလိုက်သည်။

"ခင်ဗျားတို့ဟိုတယ်ရဲ့ရေဆိပ်မှာ ကျုပ်ရဲ့ရေယာဉ်ပျံ ဆိုက်





ထားတယ်။ ထားလို့ဖြစ်ရဲ့လား"

ဟိုတယ်စာရေးက အံ့အားသင့်စွာဖြင့်. . .

"ဟင်. . . ခင်ဗျားမှာ ရေယာဉ်ပျံရှိတယ် ဟုတ်လား"

"မနေ့တုနည်းက ကျုပ်မှာ ရေယာဉ်ပျံ ပါလာတယ်။ ခင်ဗျားတို့ဟိုတယ်မှာ ရေဆိပ်ရှိခုန်း မသိလို့ ယူမလာခဲ့တာ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

"အခု ရေယာဉ်ပျံနှစ်စီး ကပ်ထားတယ်"

"နှစ်စီးလုံး. . . ခင်ဗျားရဲ့ရေယာဉ်ပျံတွေလား"

"တစ်စီးက ကျုပ်ရဲ့ရေယာဉ်ပျံ။ ကျန်တစ်စီးက ဦးဘချုပ်ရဲ့ရေယာဉ်ပျံ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

"ဦးဘချုပ်ဆိုတာ ငါ့ရဲ့ဆရာပဲ"

"ဟုတ်ကဲ့"

"အပေါ်ထပ်မှာ လင်းသီရိမွန် ရှိနေသလား"

"ဟုတ်ကဲ့. . . ရှိမယ်လို့ ထင်ပါတယ်"

"အင်း. . . သူ အောက်ကို ဆင်းမလာတော့ ရေအိုင်ထဲမှာ ရေကူးဖို့ အခွင့်အရေး လွတ်သွားတယ်"

စဝ်ရန်နိုင်က အပေါ်ထပ်သို့တက်ရန် ဓာတ်လှေကားဘက်သို့ လျှောက်သွားသည်။

ဟိုတယ်စာရေးမှာ အူကြောင်ကြောင်အမူအရာဖြင့် စဝ်ရန်နိုင်၏ကျောပြင်ကို ငေးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

ရွှေနုတ်သမီးဆောင်အတွင်းသို့ စဝ်ရန်နိုင် ဝင်လာသည်။

ရေစိုအဝတ်အစားများကို ချွတ်ပစ်လိုက်၏။ ခန္ဓာကိုယ်ကို တဘက်တစ်ထည်ဖြင့် ပွတ်တိုက်လိုက်သည်။ ထို့နောက် အဝတ်အစား အသစ်တစ်စုံထုတ်၍ ဝတ်ဆင်လိုက်သည်။

ခုတင်ပေါ်၌ လင်းသီရိမွန် အိပ်ပျော်၍နေသည်။

လူးလိုမ့်၍ အိပ်စက်ခဲ့သဖြင့် အိပ်ရာမှာ ကြေမွ၍နေ၏။

စောင်မှာ ခုတင်ပေါ်နှင့် ခုတင်အောက်၌ တစ်ဝက်စီရောက်၍နေသည်။

လင်းသီရိမွန်သည် ခုတင်ပေါ်၌ ဟိုဘက်သည်ဘက်လူးလိမ့်



www.burmeseclassic.com

www.burmeseclassic.com



၍နေ၏။

ကစ်ဘက်သို့စောင်း၍ လှိမ့်လိုက်ရင်းမှ လင်းသီရိမွန် အသံ ယှန် အော်ဟစ်လိုက်သည်။

ခုတင်ပေါ်၌ ထ၍ထိုင်လိုက်သည်။ စစ်ရန်နိုင်က သူမအနီးသို့ ပြေးလွှား၍သွားသည်။

စစ်ရန်နိုင်က မေးလိုက်သည်။

"ဘာဖြစ်လို့လဲ. . . လင်းသီရိမွန်"

လင်းသီရိမွန်က. . .

"စစ်. . ."

သူမက စစ်ရန်နိုင်ကို တင်းကျပ်စွာ ဖက်တွယ်လိုက်သည်။

စစ်ရန်နိုင်က သူမကို အလိုက်သင့်ပြန်၍ဖက်ထားလိုက်ပြီး. . .

"ထွန်းလင်းမြင့်ရဲ့ ဦးနှောက်မှတ်ဉာဏ်က. . . မင်းကို ဒုက္ခပေးလာပြန်ပြီလား"

လင်းသီရိမွန်က တစ်နေရာသို့ ငူငူစိုက်စိုက်ကြည့်ရင်းမှ တစ်လုံးချင်း ပြောသည်။

"ထွန်းလင်းမြင့် သေသွားတာကို ကျွန်မ မြင်လိုက်ရတယ်။ သေနတ်နဲ့ ပစ်လိုက်တာကို မြင်ရတယ်။ သေနတ်နဲ့ ဆက်တိုက် ဆက်တိုက် ပစ်သွားတယ်။ ဘသန်းထက် အားရပါးရ ပြုံးနေတယ်။ ဟင်းကြောက်ဖို့သိပ်ကောင်းတာပဲ"

"ဪ. . . ဘသန်းထက်ရဲ့လက်ချက်လား"

"ရှင်က သူ့ကို သိနေလို့လား"





"အင်း. . . သိတယ်လို့ပဲ ပြောရမှာပေါ့။ ကိုယ်တို့ချင်း ဆုံမိကြပြီးသွားပါပြီ။ အတော့်ကို. . . မမေ့ပျောက်နိုင်တဲ့ ဆုံစည်းမှုတစ်ခုပါပဲ"

လင်းသီရိမွန်က. . .

"ဘသန်းထက်၊ ထွန်းလင်းမြင့်ကို သေနတ်နဲ့ ပစ်သတ်တယ်။ အချက်ပေါင်း အတော်များများ ပစ်သတ်တယ်။ ကျွန်မကိုယ်တိုင်ပါ ခံစားနေရတယ်။ ကျွန်မရဲ့ခန္ဓာကိုယ်ထဲကို ကျည်ဆန်တွေ စိုက်ဝင်နေသလို ထင်ရတယ်"

"မင်းက ထွန်းလင်းမြင့်ရဲ့ ဦးနှောက်သိမှတ်ဉာဏ်အတိုင်း တို့ပြန် ခံစားနေတာကိုး. . ."

"ရှင်ပြောတာထက်တောင် ပိုနေသေးတယ်။ ကျွန်မကိုယ်တိုင် ဖြစ်ပျက်နေတဲ့အတိုင်း ခံစားနေရတယ်။ ကျည်ဆန်တွေ ကျွန်မရဲ့ ကိုယ်ထဲကို အဆက်မပြတ် ဝင်နေတယ်။ ကျွန်မကို သတ်ဖြတ်နေတာ ကျွန်မကိုယ်တိုင် ပြန်ပြီးကြည့်နေရသလိုပဲ ခံစားနေရတယ်"

လင်းသီရိမွန်၏ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်ခါနေ၏။

စစ်ရန်နိုင်က. . .

"ဒီကိစ္စတွေအားလုံး. . . ပြီးသွားပါပြီ"

"ရှင် ပြောသလို တကယ်ပဲ ပြီးပျောက်သွားပါ့မလား။ ကျွန်မ အနေနဲ့ တစ်သက်လုံး ကျည်ဆန်တွေရဲ့ဝေဒနာကို ခံစားနေရတာလား။ လူသတ်သမား ဘသန်းထက်ရဲ့မျက်နှာကိုပါ ဆက်မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



မိတော့မှာလား"

သူမက ဝေခွဲရခက်စွာဖြင့် မေးလိုက်သည်။

"ဒါတော့. . . ကိုယ်လည်း မပြောတတ်ဘူး"

သူမ ခုတင်ပေါ်သို့ ပြန်၍လဲအိပ်လိုက်၏။ မျက်နှာကြက်ကို ငေးစိုက်ကြည့်နေရင်းမှ. . .

"ဘာဖြစ်လာမယ်ဆိုတာ. . . မသိနိုင်တာဟာ ကြောက်စရာ အကောင်းဆုံးပဲ။ ကျွန်မတို့ရဲ့ စမ်းသပ်မှုနဲ့ ပတ်သက်ပြီး. . . ရှင်ကန့်ကွက်ခဲ့တာ မှန်တယ်"

စဝ်ရန်နိုင်က သူမ၏လက်ဖျားကလေးကို အသာအယာ ဖျစ်ညှစ် ဆုပ်ကိုင်လိုက်သည်။

"မင်း အခု ဘယ်လိုခံစားနေရတယ်ဆိုတာ ကိုယ် နားလည်ပါတယ်။ သုတေသနပြု စမ်းသပ်မှုတစ်ခုမှာ မမျှော်မှန်းနိုင်တာတွေနဲ့ ကြုံရတတ်ပါတယ်။ ဒီစမ်းသပ်မှု အောင်မြင်နိုင်ဖို့အတွက် စိတ်သောကဝေဒနာ ခံစားရတာမျိုး. . . ရှိတတ်စမြဲပဲ။ ဒါပေမဲ့ မင်းကို ကိုယ် မေးစရာရှိသေးတယ်"

သူမက မျက်လုံးအစုံကို ပိတ်လိုက်ပြီး. . .

"အခုအချိန်မှာ ကျွန်မ ဘာမှပြောလို့မရနိုင်ဘူး"

"လင်းသီရိမွန်. . .။ ကိုယ်တို့ဟာ ဦးဒေဝါကို လိုက်ရှာဖို့အတွက် ဒီအခြေအနေအထိ ရောက်လာအောင် ကြိုးစားခဲ့ကြရတယ်။ ဦးဒေဝါကို ရှာနိုင်ဖို့ နောက်ထပ် (၁၈)နာရီပဲ ရှိတော့တယ်"

"စဝ်. . .။ ကျွန်မဘက်က ဘာမှမတတ်နိုင်တော့ဘူး"





ရုတ်တရက် တံခါးမှ လူခေါ်ခေါင်းလောင်းသံက စူးရှ ကျယ်လောင်စွာ ပေါ်လာသည်။

လင်းသီရိမွန် ဆတ်ခနဲ ထ၍ရပ်သည်။

သူမက တုန်လှုပ်စွာ အော်ဟစ်လိုက်သည်။

"ဒါ. . . ဘာသံလဲ"

"တံခါးက လူခေါ်ခေါင်းလောင်းသံပါ။ မင်း. . . အေးအေးဆေးဆေး အနားယူနေစမ်းပါ။ ဘယ်သူဆိုတာ ကိုယ်ပဲ သွားကြည့်မယ်"

စဝ်ရန်နိုင်သည် အိပ်ခန်းတံခါးကို ပိတ်လိုက်၏။ တံခါးမကြီးဆီသို့ သတိထား၍ ချဉ်းကပ်သွားသည်။

"ဘယ်သူလဲ"

"ငါပါ. . . ဘချုပ်ပါ"

စဝ်ရန်နိုင် တံခါးဖွင့်လိုက်သည်။

အပြုံးနှင့်အနီကျား ဖျာကင်အင်္ကျီ ဝတ်ဆင်ထားသည့် ဘချုပ်ဝင်လာသည်။

"မင်း အပြင်ထွက်သွားတာ ဘာဖြစ်လို့ ကြာနေရတာလဲ"

"ဘသန်းထက်ရဲ့ တတိယမြောက်ရိုက်ချက် လွဲသွားပြန်ပြီ"

ဘချုပ်က စူးစူးစိုက်စိုက်ကြည့်၍. . .

"မင်းကတော့ ဘာမှမဖြစ်ဘူး မဟုတ်လား"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ ဘသန်းထက်ကတော့ စကားပြောနိုင်တော့မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မဟာပြဿနာပဲ။ ဒါပေမဲ့ ဒေဝီနွယ်နဲ့ ထွန်းလင်းမြင့်တို့ ကျန်သေးတယ် မဟုတ်လား"

"ထွန်းလင်းမြင့်လည်း မရှိတော့ဘူး. . . ဘချုပ်"

"ဘာဖြစ်လို့လဲ စစ်"

"ထွန်းလင်းမြင့်က ခေတ္တ အနားယူနေတယ်"

"အင်း. . . ဒေါက်တာကောင်းမြတ်သူပြောတာ မှန်နေပြီ။ မှတ်ဉာဏ် ပြောင်းလွှဲပေးထားတဲ့ တတိယမြောက်ကြွက်ဟာ မနေ့ညတုန်းက ကယောင်ချောက်ချားဖြစ်ပြီး ကြောက်လန့် တုန်လှုပ်နေတာ ငါ တွေ့ခဲ့ရတယ်"

"ဒီအကြောင်းကို ဘာဖြစ်လို့ လင်းသီရိမွန်ကို မပြောတာလဲ"

"ဒေါက်တာကောင်းမြတ်သူက ပြောမလို့ပါပဲ၊ ဒါပေမဲ့ ငါက မပြောနဲ့လို့ ပိတ်ထားလိုက်တယ်။ ငါတို့အနေနဲ့ ဒေါက်တာလင်းသီရိမွန်ကို အရေးတကြီး လိုအပ်နေသေးတယ်"

စစ်ရန်နိုင်က ခေါင်းခါလိုက်၏။

"ဘချုပ်. . .။ သူ အတော်လေး ကယောင်ချောက်ချားဖြစ်ပြီး ထိတ်လန့်တုန်လှုပ်နေတယ်။ သူ ခံစားနေရတဲ့ ဝေဒနာဒဏ်ကို မခံစားနိုင်လောက်အောင် ဖြစ်နေတယ်။ အခုအချိန်မှာ သူ ကောင်းကောင်း အနားယူဖို့လိုတယ်၊ ဒေဝီနွယ်ကတော့ သူတို့ရဲ့ခေါင်းဆောင်ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ. . . ဘယ်သူကမှ မသိဘူးလို့ ပြောတယ်"

"ကောင်းပြီလေ. . .။ ငါ ဒေါက်တာကောင်းမြတ်သူဆီကို ဖုန်းဆက်လိုက်ဦးမယ်"

"သူ မကြားအောင် ခပ်တိုးတိုးပြောပါ ဘချုပ်"

ဘချုပ်က တယ်လီဖုန်းကို ကောက်ယူလိုက်၏။

မကြာခင်မှာပင်. . .

တစ်ဖက်မှ ဒေါက်တာကောင်းမြတ်သူ၏အသံကို ကြားရသည်။

"ဒေါက်တာကောင်းမြတ်သူပါ"

"ကျုပ်. . . ဘချုပ်ပါ။ တတိယမြောက်ကြွက်ရဲ့ အခြေအနေဘယ်လိုလဲ"

"အခြေအနေ မကောင်းဘူး။ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဟိုပြေးဒီပြေး လုပ်နေတုန်းပဲ"

"အင်း. . . ဒီအချိန်လောက်ဆို ပင်ပန်းပြီး ရပ်နေသင့်လောက်ပြီ"

"ဒီကိစ္စက ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာ ဖြစ်ပျက်နေတာ မဟုတ်ဘူး။ စိတ်ပိုင်းဆိုင်ရာ ဖြစ်ပျက်နေတာ။ ဘရိတ်ပေါက်သွားတဲ့ကားတစ်စီး. . . လမ်းပေါ်မှာ အရှိန်ကုန် ဆက်ပြေးနေတာနဲ့ အတူတူပဲ။ တစ်စီးလုံး ပျက်စီး ချို့ယွင်းသွားမှပဲ ရပ်တန့်သွားလိမ့်မယ်"

ဘချုပ်က. . .

"လင်းသီရိမွန်ကို သတိပေးလိုက်ရင် ဘာဖြစ်လာမလဲ"

"သူ့အတွက် ကြိုတင် ပြင်ဆင်နိုင်တာပေါ့။ ဒီမှာ ဘချုပ်. . . ခင်ဗျားဟာ ဦးဒေဝါအတွက် သန်းတစ်ထောင်ပေးဖို့ လက်မတွန့်ဘူး။ ဒေါက်တာလင်းသီရိမွန်ကျတော့ သတိပေးသင့်တယ်ဆိုတာနဲ့







www.burmeseclassic.com

www.burmeseclassic.com



တောင် မသင့်တော်တော့ဘူးလား"

"ခင်ဗျားပြောတာ မှန်တယ်။ ဒါပေမဲ့ အခု သတိပေးလို့ လုံးဝ မဖြစ်သေးဘူး။ ကျေးဇူးပဲ ဒေါက်တာ၊ ခင်ဗျားဆီကို ကျုပ် ထပ်ပြီး ဖုန်းဆက်ပါဦးမယ်"

ဘချုပ်က ဖုန်းကို ချလိုက်၏။

စပ်ရန်နိုင်က ဘချုပ်၏ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်လိုက်ပြီး မေးသည်။

"ဒေါက်တာက ဘာပြောသလဲ"

"တတိယမြောက်ကြွက်ရဲ့အခြေအနေ. . . မကောင်းဘူး၊ သူ့ အနေနဲ့ ဒေါက်တာလင်းသီရိမွန်ကို သတိပေးချင်နေတယ်"

"ဒါပေမဲ့ ဒေါက်တာလင်းသီရိမွန်လည်း သိနေတယ်လို့ ထင်တယ်"

ဘချုပ်က ခပ်ဆိုင်းဆိုင်းလေသံဖြင့်. . .

"ဟုတ်တယ်. . . သူ သိနေလိမ့်မယ်"

"ဒါဆိုရင် သူ့ကို ပြောပြသင့်တယ်လို့ ကျွန်တော့်ထင်တယ်"

"သူ အနားယူပါစေဦး. . . ဘာမှလည်း မပြောနဲ့ဦး၊ ငါတို့ လမ်းကြောင်းအသစ်တစ်ခု ထွင်စရာ ကျန်သေးတယ်"

"ဘယ်လိုကိစ္စလဲ"

"ဒေဝီနွယ်ရဲ့ကိစ္စ"

"ကျွန်တော် သူ့ဆီပြန်လာခဲ့ဦးမယ်လို့တော့ ပြောခဲ့တယ်"

"မင်းက နောက်တစ်နာရီလောက်မှာ ပြန်သွားရမယ်၊ ငါ့ဆီ





မှာ သက်မင်းနဲ့ အထူးအဖွဲ့ဝင်ဆယ်ယောက် ပါတယ်"

"ဘချုပ်ပါ လိုက်ဦးမှာလား"

"ငါ မအိုသေးပါဘူး စပ်ရန်နိုင်။ လိုအပ်လာရင် လေယာဉ် ရော၊ သင်္ဘောပါ သုံးမယ်"

"ကျွန်တော် လိုချင်တာ နှစ်ခုရှိတယ်"

"မင်းက ဘာလိုချင်လဲ"

"ဒေဝီနွယ်ရဲ့ အိမ်ကြီးရှိနေတဲ့ဒေသရဲ့ မြေမျက်နှာသွင်ပြင် ရေးထားတဲ့. . . မြေပုံ"

"အခုချက်ချင်းရအောင်. . . လုပ်ပေးမယ်။ နောက်တစ်ခုက ကော"

"ကောင်းဆိုးဝါးစံအိမ်တွေနဲ့ ပတ်သက်တဲ့. . . ကျွမ်းကျင်မှု အပြည့်အဝရှိတဲ့ ပါရဂူတစ်ယောက်ကိုပါ လိုချင်တယ်"

ဘချုပ်က နားမလည်နိုင်စွာဖြင့်. . .

"ဘာလုပ်ဖို့လဲ"

"ကျွန်တော်တို့မှာ အချိန်မရှိတော့ဘူး။ ကျွန်တော်ပြောတဲ့ အတိုင်းသာ လုပ်ပေးပါ၊ အရေးအကြီးဆုံးအချိန်ကို ရောက်နေပြီ"

"ကောင်းပြီ. . . စပ်ရန်နိုင်။ မင်းလိုတာ အားလုံး ချက်ချင်း ရစေရမယ်။ ငါ တာဝန်ယူတယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

နေဝန်းနီဟိုတယ်ရေဆိပ်၏ တစ်ဖက်၌ လူတစ်စု ရှိနေကြသည်။ ရေယာဉ်ပျံနှစ်စီးနှင့် သင်္ဘောတစ်စီးပေါ်သို့ လိုအပ်သောလက်နက်များကို တင်နေကြသည်။

စစ်ရန်နိုင်မှလွဲ၍ ကျန်လူများအားလုံး ကျည်ကာအကျႌများဝတ်ဆင်ထားကြသည်။

ဘချုပ်က နာရီကိုကြည့်သည်။

"အခု တစ်နာရီဆယ့်ငါးမိနစ်ရှိပြီ။ တစ်နာရီခွဲမှာ တိုက်ခိုက်ရေးရဟတ်ယာဉ်က အယောင်ပြ စပြီးတိုက်မယ်။ နောက်ထပ် ရဟတ်ယာဉ်တစ်စီးက ဒေဝီနွယ်ရဲ့အိမ်ပေါ်ကနေ ဖြတ်ပြီးပျံမယ်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ဝင်တိုက်ပြီဆိုပြီး အစောင့်တွေ အထင်မှားအောင်လုပ်မယ်။ ရေစပ်နားမှာရှိနေတဲ့ အစောင့်တွေ. . . အိမ်ကြီးဘက်ကို ပြေးသွားလိမ့်မယ်။ ငါတို့က ကမ်းခြေကို လေယာဉ်ပျံနှစ်စီး၊ သင်္ဘောတစ်စီးနဲ့ တက်ကြမယ်။ တောင်ပေါ်ကိုတက်ပြီး. . . စံအိမ်ကြီးကို ဝင်သိမ်းမယ်။ အိပ်ခေါင်မိုးပေါ်ကို ရဟတ်ယာဉ်နဲ့ လူခြောက်ယောက် ချပေးမယ်။ ဒါဆိုရင် ငါတို့ဘက်က အပေါ်စီးကရမယ်။ ကဲ. . . အားလုံး အသင့်ပြင်ထားပေတော့"

ဘချုပ်၏လူတစ်ဦးက. . .

"ဟုတ်ကဲ့. . . စဝ်ရန်နိုင်မှာ ကျည်ကာအင်္ကျီ ဝတ်မထားပါလား။ သူကတော့ ကျွန်တော်တို့နဲ့ အတူလိုက်မှာလား ဆရာ"

ဘချုပ်က လေသံခပ်ပြတ်ပြတ်ဖြင့်. . .

"စဝ်ရန်နိုင်အတွက် ကျည်ကာအင်္ကျီ မလိုဘူး။ သူ့မှာ သီးသန့်အစီအစဉ် ရှိတယ်"

ဘချုပ်နှင့် သူ၏လူငါးဦး၊ စဝ်ရန်နိုင်တို့ ရေယာဉ်ပျံတစ်စီးပေါ်သို့ တက်သည်။ သက်မင်းနှင့် အခြားတိုက်ခိုက်ရေးမှူးများက အခြားရေယာဉ်ပျံပေါ်သို့ တက်သည်။

စဝ်ရန်နိုင်ကို ဖမ်းဆီးထားစဉ်က စဝ်ရန်နိုင်သည် ရန်သူများ၏လက်မှ ထွက်ပြေးခဲ့သည်။ ဘသန်းထက်သည် သူ၏လူအင်အားအကုန်သုံး၍ စဝ်ရန်နိုင်နောက်သို့ လိုက်ခဲ့သည်။ ထွက်ပြေးရင်းနှင့်ပင် ရန်သူ(၇)ဦးကို ရှင်းလင်းပစ်နိုင်ခဲ့သည်။

ဦးဒေဝါ မည်သည့်နေရာ၌ ရှိနေသည်ကို သိရလျှင် ဒေဝီနွယ်





၏ စံအိမ်ကြီးကို ဝင်ရောက် စီးနင်းတိုက်ခိုက်ရသည်မှာ အကျိုးရှိပေလိမ့်မည်၊

ဒနာရီ ၂၅ မိနစ် ရှိပေပြီ။

ဘချုပ်က အင်္ဂရမ်ဆပ်ပရှင်းပစ္စတိုတစ်လက်ကို စဝ်ရန်နိုင်ကိုလှမ်းပေးသည်။

"ရော့. . . ဒီပစ္စည်းလေး. . . ယူသွား"

"ကျွန်တော် သေနတ် မလိုအပ်ပါဘူး"

ဘချုပ်က မသိမသာပြုံး၍. . .

"မင်း. . . သေနတ် မသုံးချင်တာ ငါလေးစားပါတယ်။ ဒါပေမဲ့ ဒီနေ့အခြေအနေမှာတော့ လိုအပ်လိမ့်မယ်လို့ ငါထင်တယ်။ လက်ထဲမှာ သေနတ်ရှိနေရင် စိတ်ဓာတ်ပိုင်းဆိုင်ရာကအစ အသာစီးရနေတတ်တယ်"

စဝ်ရန်နိုင် အင်္ဂရမ် ဆပ်မရှင်းပစ္စတိုကို လှမ်းယူ၍ ခါးပတ်အောက်၌ ထိုးထည့်လိုက်သည်။

ဘချုပ်က အချက်ပြလိုက်သည်။

ရေယာဉ်ပျံနှစ်စီးသည် စကားဝါရေအိုင်ပေါ်မှ ဖြတ်ကျော်ပျံတက်လာကြသည်။

ရေယာဉ်ပျံများသည် တောင်ကြားလမ်းအတိုင်း ဖြတ်ကျော်ပျံသန်းလာကြသည်၊ ချော်ဆစ်တောင်တန်း၏ နောက်ကျောဘက်သို့ ကွေ့ပတ် ရောက်ရှိသွားကြသည်။ ရေယာဉ်ပျံနှစ်စီးသည် စကားဝါရေအိုင်ဘက်သို့ ဦးတည် ပျံဝဲလာကြသည်။ ရဟတ်ယာဉ်ကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



စီးက တောင်တန်းပေါ်၌ ပျံသန်းနေ၏။

စံအိမ်ကြီးဆီမှ ပစ်ခတ်သံများ စတင်ပေါ်လာသည်၊

ရေပြင်ဆိပ်ကမ်းဘက်၌ အစောင့်များ မရှိကြတော့ရေယာဉ် ပျံနှစ်စီး ညာဘက်သို့ ကွေ့ဝိုက်၍ ဆိပ်ကမ်း၌ ဆင်းသက် ရပ်တန့်လိုက်၏။

ဘချုပ်တို့လူစုသည် ရေယာဉ်ပျံများပေါ်မှ ခုန်ဆင်းပြီး ကမ်းပေါ်သို့ ပြေးလွှားတက်သွားကြသည်။

အထက်ဘက်ရှိ ကျောက်တောင်တန်းများပေါ်မှ ခုန်ဆင်းပြီး ကမ်းပေါ်သို့ ပြေးလွှားတက်သွားကြသည်။

အထက်ဘက်ရှိ ကျောက်တောင်တန်းများဆီမှ သေနတ်သံများ ပေါ်ထွက်နေသည်။

ရဟတ်ယာဉ်မှ စက်သေနတ် ပစ်ခတ်သံများ အဆက်ပြတ်ပေါ်လာသည်။ ရဟတ်ယာဉ်ပေါ်မှ တိုက်ခိုက်ရေးအဖွဲ့ဝင်များက ပြန်ဆောင်၍ အယောင်ပြ တိုက်ခိုက်နေကြခြင်းသာ ဖြစ်သည်၊

❋

ဘချုပ်နှင့် သူ၏လူများသည် တောင်ကုန်းအတိုင်း တက်သွားကြမည်ဖြစ်သည်။ ဘချုပ်၏လူများသည် အစီအစဉ်များကို ညှိနှိုင်းတိုင်ပင်ကြသည်။ ကျည်ကပ်များကို ကျည်အိမ်အတွင်းသို့ ရိုက်သွင်း၍ မောင်းတင်လိုက်ကြသည်။





စစ်ရန်နိုင်က ဒေဝီနွယ်၏ စံအိမ်ရှိရာ နယ်မြေ၏ စည်းရိုးမျဉ်းအတိုင်း ပြေးလွှား၍ တက်သွားသည်။

ခြေလှမ်းကိုးဆယ်တိတိ ရောက်လျှင် ရေမြောင်းတစ်ခု တွေ့ရသည်။

ရေမြောင်းသည် သူတို့ ရရှိထားသော သတင်းအရဆိုလျှင် သာမန်ရေမြောင်း ဟုတ်ပေ။

ရေမြောင်းကို ဖုံးအုပ်ထားသော ကွန်ကရစ် သံဇကာချပ်ကို ဇီဝယန္တရားလက်၏စွမ်းအင်ဖြင့် ဆွဲမလိုက်သည်။ မြောင်းအဖုံးကျွတ်ထွက်သွားလျှင် အတွင်းသို့ ခေါင်းပြူကြည့်လိုက်၏။

သူ ရရှိထားသောသတင်းမှာ မှန်၍နေပေသည်။

အဖုံးသံဇကာ၏ နောက်ဘက်၌ သုံးပေကျယ်၌ ခြောက်ပေခွဲမြင့်သော လိုဏ်ခေါင်းတစ်ခုကို တွေ့လိုက်ရသည်။

ရှေးဟောင်း မကောင်းဆိုးဝါးစံအိမ်ကြီး၏ တည်ဆောက်ထားပုံများကို ဘချုပ် ခေါ်ပေးသော သမိုင်းပါရဂူတစ်ဦးနှင့် ဆွေးနွေးခဲ့သည်။ ခေတ်ဆစ်တောင်တန်း၌ ဆောက်လုပ်ထားသော ဒေဝီနွယ်၏ စံအိမ်ကြီးအကြောင်းကို သမိုင်းပညာရှင်များ၊ သုတေသီများက သိထား ကြသည်၊ ဒေဝီနွယ်ထက်ပင် ပညာရှင်များက ပို၍သိထားကြသည်။

ကျွမ်းကျင်ပါရဂူ၏ ပြောပြချက်အရ ဒေဝီနွယ်၏ စံအိမ်ကြီး တည်ရှိပုံ အနေအထားကို စစ်ရန်နိုင် ကောင်းစွာ သိခွင့်ရခဲ့သည်။

ကျဉ်းမြောင်းသော ဝင်ပေါက်အတိုင်း အတွင်းသို့ စစ်ရန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လာခဲ့သည်။

ဥပင်လိုဏ်ခေါင်းလမ်းမှာ ရှည်လျား၍ မည်းမှောင်နေ၏။

စပ်ရန်နိုင်သည် ဇီဝယန္တရားမျက်လုံးတွင် အနီအောက်ရောင်ခြည် ရောနှော၍ ကြည့်ရှုလိုက်သည်၊ နံရံကျောက်သားမျက်နှာပြင်များမှာ ချောမွေ့၍နေသည်။ ရေညှိပင်များ၊ ရေမှော်ပင်များ၊ ကျောက်သားနံရံများပေါ်၌ ကပ်ညိ တွဲကျနေကြသည်။

လိုဏ်ခေါင်း၏အောက်ခြေဘက်၌ ခြောက်လက်မခန့်အနက်ရှိသောရေက တသွင်သွင် စီးဆင်း၍နေ၏။

စပ်ရန်နိုင်က ရှေ့သို့ပြေးသွားသည်၊

ကျောက်သားလှေကားတစ်ခုကိုတွေ့လျှင် လှေကားထစ်များအတိုင်း ဆက်၍ပြေးတက်သွားသည်။ လှေကားထစ်မှာ ဘယ်ဘက်သို့ ကွေ့၍သွားသည်။

ဒုတိယလှေကားအတိုင်း ဆက်၍တက်သည်၊

အပြင်ဘက်မှ သေနတ်ပစ်ခတ်သံများကို ကြားလိုက်ရသည်၊ ဘချုပ်နှင့် သူ၏အဖွဲ့ဝင်များ စံအိမ်ကြီးကို စတင်တိုက်ခိုက်နေပြီဖြစ်ကြောင်း သိလိုက်သည်။

စကြံလမ်းအတိုင်း ဆက်၍ပြေးလွှားသွားသည်။

ပိတ်ထားသော ရောပကျွန်းသားတံခါးကြီးကို ရှေ့၌တွေ့ရသည်၊ စပ်ရန်နိုင်က တံခါးကို ဆွဲကြည့်၊ တွန်းကြည့်သည်၊ အနည်းငယ်မျှပင် လှုပ်ရှားခြင်းမရှိပေ။

စပ်ရန်နိုင်က ဇီဝယန္တရားစွမ်းရည်ဖြင့် တံခါးကို ပခုံးစောင်း





တိုက်ချလိုက်၏။ တံခါး၏ပတ္တာများ လွင့်ပြုတ်ထွက်ကုန်ကြသည်။ တံခါးမှာလည်း ရှေ့ဘက်သို့ ပြုတ်ကျသွားသည်။

တံခါး ပြုတ်ကျသွားသည်မှာ မိုးကြိုးပစ်ချလိုက်သည့်နှယ် ကြောက်မက်ဖွယ်ရာ ကျယ်လောင်လှပေသည်။ အခန်းထဲ၌ ဖုန်မှုန့်၊ ကျောက်မှုန့်များ ဖုံးလွှမ်း၍သွားသည်။

နံရံများ၌ သံကွင်းများ ချိတ်၍ထားသည်ကိုလည်း တွေ့လိုက်ရသည်။

ဒုတိယမြောက် တွေ့ရသောတံခါးကိုလည်း ပခုံးဖြင့် ဆောင့်တိုက်၍ ဖွင့်လိုက်သည်။

ကြောင်လိမ်လှေကားတစ်ခုအတိုင်း ပေတစ်ရာကျော်မျှ တက်လာခဲ့သည်။

နောက်ဆုံး၌ ရောခကျောက်ပြားချပ်ကြီးတစ်ချပ်အောက်သို့ ရောက်သွားသည်။

စပ်ရန်နိုင်က ကျောက်ပြားချပ်ကြီးကို ပခုံးဖြင့် ပင့်ထောင်၍ အားကုန်တွန်းသည်။ ကျောက်ပြားချပ်ကြီး တဖြည်းဖြည်း ရွေ့လျားလာသည်၊ ထို့နောက် လျှင်မြန်စွာ ရွေ့လျားသွားလေတော့သည်။

စပ်ရန်နိုင်၏ ခန္ဓာကိုယ်ပေါ်သို့ ကျောက်မှုန်များ၊ သဲမှုန်များနှင့် နေရောင်ခြည်ပါ ထိုး၍ကျလာသည်။

စပ်ရန်နိုင်က ကျောက်ပြားချပ်ကြီးကို ဆက်၍တွန်းလိုက်သည်။ ကျောက်ပြားချပ်ကြီးမှာ တစ်ဖက်သို့စောင်း၍ လဲကျသွားသည်။ စပ်ရန်နိုင်က နေရောင်ထဲသို့ ထွက်လိုက်၏။ သူ တွန်းဖယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သော ကျောက်ပြားချပ်ကြီးကို ကြည့်လိုက်သည်။ ထိုကျောက်ပြား ချပ်ကြီးပေါ်၌ ကျောက်ဖြူသားဖြင့် ပြုလုပ်ထားသော ထိုင်ခုံတစ်ခု ရှိသည်။

ဒေဝီနွယ်၏အိမ်မကြီးအတွင်းရှိ ရေတွင်းပတ်ပတ်လည်၌ ချ ထားသည့် ကျောက်သားထိုင်ခုံလေးခုံအနက်မှ တစ်ခုဖြစ်နေကြောင်း တွေ့လိုက်ရသည်။

သေနတ်ပစ်ခတ်သံများ အဆက်မပြတ် ပေါ်ထွက်နေဆဲပင် ဖြစ်သည်။ ရေတွင်း၏တစ်ဖက်ရှိ ကျောက်ဖြူသားထိုင်ခုံပေါ်၌ ထိုင် နေသည့် ဒေဝီနွယ်ကို တွေ့လိုက်ရသည်။ ဒေဝီနွယ်၏မျက်နှာမှာ သိသာစွာ ညှိုးငယ်၍နေ၏။

စဝ်ရန်နိုင်သည် ကျောက်သားလှေကားပေါ်က ထွက်လိုက် သည်။

စဝ်ရန်နိုင်က ဒေဝီနွယ်ထံသို့ တစ်လှမ်းချင်း လျှောက်သွား သည်။

ဒေဝီနွယ်က ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့် ထိတ် လန့်တုန်လှုပ်စွာ ကြည့်နေသည်။

စဝ်ရန်နိုင်က ခပ်ထေ့ထေ့ပြုံး၍. . .

"မင်္ဂလာပါ ဒေဝီနွယ်. . .။ မင်း. . .နောက်ဆုံး ရွေးချယ် လိုက်တဲ့ လူတစ်ယောက်အကြောင်း အတော်လေး စိတ်ဝင်စားနေပါ တယ်"

"ရှင်က ဘာကိုရည်ရွယ်ပြီး ပြောတာလဲ"

"ဦးဒေဝါကို ရည်ရွယ်ပြီးပြောတာ. . ."

သူမက စိတ်ရှုပ်သံဖြင့်. . .

"ရှင်တာ. . .ဦးဒေဝါအကြောင်းပဲ ပြောနေတယ်။ သူဟာ အင်မတန် လေးစားစရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ ကျွန်မ နဲ့ ဦးဒေဝါ ဘယ်လိုပတ်သက်တာမျိုးမှ မရှိခဲ့ဘူး"

"မင်း ငါ့ကိုလိမ်လိုက်တာပဲ ဒေဝီနွယ်။ ဦးဒေဝါက. . .သူ ဆေးရုံတက်မယ်ဆိုတဲ့အကြောင်း မင်းကို ပြောခဲ့တယ်။ မင်းက အဲဒီ အကြောင်း ထွန်းလင်းမြင့်ကို ပြောတယ်။ ထွန်းလင်းမြင့်က ဦးဒေဝါ ကို အလွယ်တကူ ပြန်ပေးဆွဲလိုက်တယ်"

"ဒီအကြောင်း ရှင့်ကို. . .ဘယ်သူပြောလိုက်တာလဲ"

"ထွန်းလင်းမြင့်"

ဒေဝီနွယ် အံ့ဩသံဖြင့်. . .

"ရှင်. . .သူနဲ့စကားပြောခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်. . .။ သူ အများဆုံး ပြောပြခဲ့တာပဲ"

ဒေဝီနွယ် ထိုင်ရာမှ ထ၍ရပ်သည်။

"ရှင်. . .ကျွန်မဆီက ဘာလိုချင်လို့လဲ"

"ငါတို့ လိုအပ်တဲ့အချက်တချို့ကို မင်း ပြောပြနိုင်မှာပါ"

သူမက ဒေါသသံဖြင့် အော်၍ပြောလိုက်သည်။

"ကျွန်မ ဘာကိစ္စကိုမှ ပွင့်မပြောတတ်ဘူး"

စဝ်ရန်နိုင်က သူမ၏ လက်ကောက်ဝတ်ကို ဆွဲညှစ် လှုပ်ခါ လိုက်သည်။





❀ မိုးသစ်ပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ပွင့်ပွင့်ပြောဖို့အတွက်က အခကြေးငွေနဲ့ ပေးရမယ် မဟုတ်လား။ ငါ့ကို... မင်းရဲ့ စံအိမ်အတွင်းထိရောက်အောင် ဖျား ယောင်းပေးခဲ့... မင်းကို သူတို့က ဘယ်လောက်ပေးသလဲ"

"အား... ကျွန်မရဲ့လက်၊ နာနေပြီ... လွှတ်ပါ"

စဝ်ရန်နိုင်က သူမ၏လက်ကို လွှတ်ပေးလိုက်သည်။

"သူက ရှင့် နောက်ဆုတ်သွားအောင် လုပ်လိုက်တာပဲ"

"ဘယ်သူလဲ...။ ဘသန်းထက်ကို ပြောတာလား"

"ဟုတ်တယ်... သူလုပ်ခဲ့တာတွေအားလုံး တစ်ခုမှ အဆင် မပြေဘူး...။ သနားစရာပါပဲ"

စဝ်ရန်နိုင်က...၊

"ဘသန်းထက် သေသွားတာ တော်တော်ဆိုးတယ်။ သူနဲ့တွေ့ ပြီး စကားနည်းနည်းပါးပါး ပြောစရာရှိသေးတယ်"

"ဟင့်အင်း... ဘသန်းထက် မသေပါဘူး"

"ဟင်... မော်တော်နှစ်စီး တိုက်မိတုန်းက သူ သေမသွား ဘူးလား"

"အဲဒီတုန်းက သူ ဘာမှမဖြစ်ခဲ့ဘူး။ ကမ်းခြေကို ရေကူး ပြန်တက်လာတယ်။ ဪ... ရှင်က သူ့ကို သေပြီလို့ မှတ်နေတာ ကိုး"

"အခု... သူ ဘယ်မှာရှိသလဲ"

"ကျွန်မ မသိဘူး။ လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ ထွက်သွား တယ်။ ရှင်ကိုယ်တိုင် လိုက်ရှာကြည့်ပါလား"





ဒါဆို... မင်းနဲ့ငါ စကားပြောကြရအောင်"

သူမက နှုတ်ခမ်းကို မဲ့၍ပြောသည်။

"ကျွန်မအနေနဲ့ ဘာမှပြောစရာမရှိဘူး"

စဝ်ရန်နိုင်၏မျက်လုံးများ အေးစက် တင်းမာ၍သွားသည်။

"မင်းအနေနဲ့ ပြောစရာ ရှိလာမှာပါ။ အခုအခြေအနေမှာ မင်းက ကြိုးတန်းပေါ်မှာ... လမ်းလျှောက်နေတဲ့ လူတစ်ယောက် ပဲ။ မင်း... နင်းထားတဲ့ ကြိုးကလည်း ပြတ်တော့မယ်။ မင်းကို သက်ဆိုင်ရာက ဖမ်းပြီးရုံးတင်လိမ့်မယ်။ ဒါဟာ မင်း ကြုံလာရမယ့် အနာဂတ်ရှေ့ရေးပဲ"

"ရှင့်စကား... မှန်ချင်မှန်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့အိမ် ကို ရှင့်လူတွေ ပစ်ခတ်နေတာ ဘာတစ်ခုမှ ရစရာ မကျန်နိုင်တော့ ဘူး"

"ဒါ... ငါ့အဖြစ် မဟုတ်ပါဘူး။ ဦးဒေဝါအကြောင်း ငါ့ကို ပြောပါ"

သူမက လှောင်ပြောင် ရယ်မောလိုက်သည်။

"ကျွန်မ ရထားတဲ့သတင်းကို ကျွန်မက... တစ်ဆင့်ပေးလိုက် တာပဲသိတယ်။ သူတို့အဖွဲ့က ဘာလုပ်မယ်ဆိုတာ ကျွန်မ လုံးဝမသိ ဘူး"

"အဲဒီလို သတင်းပေးတော့ မင်းအနေနဲ့ ဘာရသလဲ"

"ကျွန်မအတွက် လိုအပ်တဲ့စရိတ်တွေ အားလုံးအတွက်ပေါ့။ ကျွန်မမှာ ငွေကြေးအခက်အခဲတွေ အများကြီးရှိတယ်။ ကျွန်မ မှာမ်း



www.burmeseclassic.com

www.burmeseclassic.com



သာတော့ဘူး။ အခြေအနေအရ မဖြစ်သာလို့ ဒီလိုလုပ်လိုက်ရတာပဲ"

"အခု မင်းဘက်က ပြန်ပေးရမယ့်အလှည့် ရောက်လာပြီ"

"ဘာကိုပြန်ပေးရမှာလဲ"

"ငါတို့ကို အကူအညီပေးပါ။ ဒီအတွက် မင်း ရင်ဆိုင်ရမယ့် အမှုမှာ သက်ညှာမှု ပေးနိုင်ပါလိမ့်မယ်"

"ကျွန်မက ဘယ်လို အကူအညီပေးရမလဲ"

"ဘသန်းထိုက်အကြောင်းပဲ. . . ပြောပါ"

သူမ တွေဝေ၍သွားသည်။

အိမ်ကြီးအတွင်းမှ အော်ဟစ်သံ၊ ပြေးလွှားသံများ ပေါ်လာသည်။

ပန်းဥယျာဉ်ထဲသို့ လူတစ်ယောက် ပြေးလွှား၍ဝင်လာသည်၊

"ကျွန်တော်တို့ဘက်က ဆက်ပြီးထိန်းမထားနိုင်တော့ဘူး"

ထိုလူက အမောတကော လှမ်း၍ အော်ဟစ်လိုက်၏။

ရုတ်တရက် စစ်ရန်နိုင်ကို မြင်တွေ့လိုက်သဖြင့် ထိုလူ တုန် လှုပ်ချောက်ချား၍သွားသည်။

ပခုံးပေါ်မှ အော်တိုမက်တစ်ရိုင်ဖယ်ကို ဆွဲဖြုတ်လိုက်သည်၊ သို့သော် ပန်းဥယျာဉ်ထဲ၌ အင်ဂရမ်ဆပ်မရှင်းပစ္စတိုင်၏ အသံကျယ် လောင်စွာ မြည်ဟည်း၍သွားသည်။

အစောင့်ဖြစ်သူမှာ နောက်ပြန်လန်၍ လဲကျသွားသည်။

စစ်ရန်နိုင်က သေနတ်ကို ခါးကြား၌ ထိုးသွင်းလိုက်သည်။

"မင်း ဒီနေရာကပဲ စောင့်နေ။ ငါ အိမ်ထဲဝင်ပြီး အမှိုက်သရိုက်





တွေကို ရှင်းပစ်လိုက်ဦးမယ်။ ပြီးတော့မှ ပြန်လာခဲ့မယ်"

သူမ ခေါင်းညိတ်ပြသည်။

စကြံလမ်းအတိုင်း စစ်ရန်နိုင် သတိကြီးစွာထား၍ လျှောက် သွားသည်။ ဧည့်ခန်းမထဲသို့ ရောက်သည်။

အိမ်ရှေ့ပြတင်းပေါက်မှ ပိတ်ဆို့ အကာအကွယ်ယူထားပြီး အောက်ဘက်ရှိ ဘချုပ်နှင့် သူ၏လူများကို စက်သေနတ်ကြီးဖြင့် လှမ်း၍ပစ်ခတ်နေသူ လေးဦးကို တွေ့လိုက်ရသည်။

စစ်ရန်နိုင်က ပစ္စတိုဖြင့် ချိန်၍ တစ်ယောက်ကို ပစ်ခတ်လိုက် သ်။

ဧည့်ခန်းမကြီးအတွင်း၌ သေနတ်သံမှာ ဆူညံ ကျယ်လောင် ဘ် ပဲ့တင်ထပ်၍ ပေါ်လာသည်။ ပထမလူ၏ နောက်စေ့မှာ ပွင့် ထွက်သွားသည်။

ကျန်လူသုံးဦး နောက်သို့လှည့်၍ ရမ်းပြီးပြန်ပစ်ကြသည်။

ကျည်ဆန်များ တဝေါဝေါဖြင့် ပလူပျံတက်သွားသည်။

ရှေးဟောင်းကျွန်းတံခါးကြီးနှင့် နံရံကို ကျည်ဆန်များ ထိမှန် ွားသည်။

စစ်ရန်နိုင် ကြမ်းပြင်ပေါ် ထိုးဝပ်ချလိုက်ပြီးနောက် တစ်ချက် ာ်သည်။

ပြတင်းပေါက်အနီးရှိ နှုတ်ခမ်းမွေးနှင့်လူမှာ ပတ်ချာလည်၍ ကျသွားသည်။

တတိယလူမှာ ပခုံး၌ ထိမှန်သည်။ တစ်ကိုယ်လုံး လည်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အသံကုန်အော်ဟစ်၍နေသည်။

စတုတ္ထလူ၏ပခုံးကို ပစ်ခတ်လိုက်သည်။ စတုတ္ထလူ၏လက်ထဲမှသေနတ် လွင့်ကျသွားသည်။

စတုတ္ထလူသည် အော်ဟစ် ဆဲရေးတိုင်းထွာလိုက်၏။

သူ၏လက်ထဲတွင် ဓားမြှောင်တစ်ချောင်း ရောက်လာသည်၊

စဝ်ရန်နိုင်သည် လက်ထဲမှ သေနတ်ကို လွှင့်ပစ်လိုက်၏၊ ကြမ်းပြင်ပေါ်မှ လျှင်မြန်စွာ ခုန်ထ၍ မတ်တတ်ရပ်လိုက်၏။

နှစ်ဦးစလုံး မျက်နှာချင်းဆိုင်၍ တစ်လှမ်းချင်း လျှောက်လာပြီး ရင်ဆိုင်လိုက်ကြသည်။

❋

သက်မင်းက နဖူးမှချွေးများကို ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်၏။

ဘချုပ်ဘက်သို့ တစ်ချက်ကြည့်လိုက်ပြီး...

"အပေါ်က ပစ်နေတာတွေ... ဘာဖြစ်လို့ ရပ်သွားတာလဲ"

ဘချုပ်က ခေါင်းခါ၍...

"ဒါတော့... ငါလည်းမသိဘူး"

သက်မင်းက စံအိမ်ကြီးကို လှမ်းကြည့်လိုက်ပြီး...

"ကျွန်တော်တို့... အိမ်ထဲကို တရကြမ်း... ပြေးဝင်ကြရင် ကောင်းမလား"





ဘချုပ်က လက်ကာပြလိုက်သည်။

"ခဏနေဦး...၊ အခြေအနေ စောင့်ကြည့်ကြရအောင်"

သက်မင်းက စိတ်လှုပ်ရှားသံဖြင့်...

"အထဲမှာ... ဘာတွေဖြစ်နေသလဲ မသိဘူး။ ခေါင်မိုးပေါ်ကို ရဟတ်ယာဉ်နဲ့ ဆင်းယှဉ်လူတွေပဲ အထဲကို ရောက်သွားကုန်ကြပြီလား"

ဘချုပ်က...

"မရောက်နိုင်သေးဘူး"

သက်မင်းက ခေါင်းကုတ်လိုက်ပြီး...

"ဒါဖြင့် အထဲမှာ ဘာဖြစ်နေလဲ မသိဘူး...။ တစ်ခုခုပဲ"

ထိုအချိန်မှာပင် ပြတင်းပေါက်တစ်ပေါက်သည် ကျယ်လောင်ပြင်းထန်စွာ မြည်ဟည်း၍ မှန်ချပ်များ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားသည်။

ပြတင်းပေါက်အတွင်းမှ လူတစ်ဦးပါ နောက်ပြန် လွင့်စင်၍ ထွက်လာသည်။

ထိုလူ၏ခန္ဓာကိုယ်ကြီးသည် မြေကြီးပေါ်သို့ ပြုတ်ကျလာပြီး ငြိမ်သက်နေပေသည်။

ဘချုပ်နှင့် သက်မင်းတို့ ငြိမ်သက်စွာ စိုက်၍ကြည့်နေမိကြသည်။

သက်မင်းက စိတ်လှုပ်ရှားသံဖြင့်...

"ဒါက ဘာကြီးလဲ... ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဘချပ်က တည်ငြိမ်စွာ ဖြေလိုက်သည်။

"ငါ ထင်တာကတော့. . စဝ်ရန်နိုင်ရဲ့ သေသပ်တဲ့ခြေရာလက်ရာပဲ ဖြစ်ရမယ်"

ရုတ်တရက် တံခါးဝ၌ စဝ်ရန်နိုင် ပေါ်လာသည်။

စဝ်ရန်နိုင်က လှမ်း၍အော်ပြောလိုက်သည်။

"ဘချပ်. . . အိမ်ထဲကို ဝင်လို့ရပြီ"

✠ ✠ ✠



အခန်း ( ၂၂ )

စကားပြောသံများ၊ ရယ်သံများ ဆူညံကျယ်လောင်စွာ ပေါ်ထွက်နေသည့် စကားဝါခမ်းမထဲသို့ ဒေဝီနွယ် ဝင်လာသည်။

သူမ၏ အခြေအနေမှန်ကို၊ သူမ ကောင်းစွာ ရိပ်စားမိထားသည်။

စဝ်ရန်နိုင်သာလျှင် သူမ၏ ဘဝသစ်တစ်ခုသို့ လျှောက်လှမ်းနိုင်မည့် အခွင့်အရေး ပေးနိုင်မည်ကို သူမ နားလည်မိသည်။

ဒေဝီနွယ်သည် ထိုင်နေကျစားပွဲတွင်ပင် ထိုင်လိုက်သည်။

တံ့ကင်ပြားများကို ပုံမှန်အမှတ်အသားများပေါ်၌ တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူပင်၏ပတ်လည်၌ လူအများစု သွားလာလှုပ်ရှားနေကြသည်။

အေးချမ်းသာယာသော ညတစ်ညဖြစ်သည်၊

ရေအိုင်ပေါ်မှဖြတ်၍ တိုက်ခတ်သောလေ၏ အငွေ့အသက်ကို ခံစားနေမိရသည်။

ထိုစဉ်မှာပင် ဒေဝီနွယ်၏နောက်၌ လူတစ်ယောက် ရပ်လိုက်သည်။

ဘသန်းထက်က မျက်မှောင်ကြုတ်လျက်ပြောသည်။

"ဒေဝီနွယ်. . .။ ငါ့ကို ဒီနေရာခေါ်တာ မင်းမှာ နိုင်လုံတဲ့ အကြောင်းပြချက်တစ်ခုတော့ ရှိမယ်ထင်ပါတယ်နော်"

သူမက တံ့ကင်ပြားများကို စားပွဲပေါ်၌ ချထားလိုက်သည်၊

ဘသန်းထက်ကို အေးစက်သောမျက်လုံးများဖြင့် မော့ကြည့်သည်။

ထို့နောက် သူမက အေးဆေးစွာပင် ပြောလိုက်သည်။

"ကျွန်မဘက်မှာ နိုင်လုံတဲ့အကြောင်းပြချက် ရှိပါတယ်။ ရှင် အင်မတန်မှ တွေ့ချင်တဲ့ လူတစ်ယောက်နဲ့ နောက်တစ်ကြိမ်တွေ့ဖို့ အခွင့်အရေး ရသွားစေချင်လို့ ရှင့်ကို ကျွန်မ ခေါ်လိုက်တာပါ"

ဘသန်းထက်သည် ဒေဝီနွယ်ကို နားမလည်နိုင်သည် အမူအရာဖြင့် ကြည့်လိုက်သည်။

စားပွဲ၏တစ်ဖက်၌ ထိုင်နေသော စစ်ရန်နိုင်ကို မသိမသာ ခေါင်းဆတ်ပြလိုက်သည်။

"ဟောဒီမှာ. . . ရှင့်ကို သူ စောင့်နေတယ်"

❦ မိုးသာမ်းပန်းစာပေ



ဘသန်းထက်သည် စစ်ရန်နိုင်ကို ထိတ်လန့် ချောက်ချားစွာ ကြည့်လိုက်သည်။

ဒေဝီနွယ်က လှပစွာပြုံးလျက်. . .

"ဒါ. . . ဘသန်းထက်။ ဟောဒါ. . . စစ်ရန်နိုင်"

ဒေဝီနွယ်က မိတ်ဆက်ပေးလိုက်သည်။

စစ်ရန်နိုင်က ထိုင်ရာမှထ၍ ရယ်ရင်းပြောသည်။

"အင်း. . . ကျုပ်တို့နှစ်ယောက် မကြာခဏ ဆုံဖူးကြပါတယ်။ နီးကပ်တပ်တခေတော့ အခုအကြိမ်နဲ့ဆို နှစ်ခါလောက်ပဲ ရှိဦးမယ် ထင်တယ်"

ရုတ်တရက် ရဲအဖွဲ့ဝင်များနှင့် အထူးလုံခြုံရေးမှူးများပါ ရှေ့သို့ ရောက်လာကြသည်။

ဒေဝီနွယ်က. . .

"ဝမ်းနည်းပါတယ်. . . ကိုဘသန်းထက်။ ကျွန်မ ဒါလောက်ပဲ ပြောပါရစေ"

ဘသန်းထက်က ခနဲ့သံဖြင့်. . .

"သိပ်တော်ပါတယ် ဒေဝီနွယ်. . .။ စစ်ရန်နိုင်လိုလူစားမျိုး ဟ အချိန်တန်တော့ အိမ်ပြန်သွားမှာပါပဲ"

စစ်ရန်နိုင်က. . .

"ဦးဒေဝါကို မရသေးသမျှတော့ အိမ်မပြန်သေးပါဘူး"

"ကျုပ်တို့ တောင်းတဲ့ငွေတွေ ရောက်လာရင် ဦးဒေဝါ ခင်ဗျားဆီ ပြန်ရောက်လာပါလိမ့်မယ်"

❦ မိုးသာမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က အကောင်းဆုံး အစီအစဉ်တစ်ခုကို စဉ်းစားနေတယ်။ ဦးဒေဝါကို လွှတ်ပေးရင်၊ ခင်ဗျားကိုလည်း အမှုမဖွင့်ဘဲ ချက်ချင်း ပြန်လွှတ်ပေးလိုက်မယ်"

ဘသန်းထက်က မြေခွေးတစ်ကောင်နှယ် ပြုံးလိုက်သည်။

"ခင်ဗျားတို့က ကျုပ်ကို... ဘယ်မှာဖမ်းထားကြမှာလဲ"

"ခင်ဗျားကို နယ်မြေခံ ရဲအဖွဲ့ဝင်တွေက သိပ်စိတ်ဝင်စားနေ ကြတယ်ဆိုတော့ ဒီနေရာက အကျဉ်းထောင်နဲ့တင် လုံလောက်ပါ တယ်"

"နံ့သာမြိုင်ဥယျာဉ်မြို့တော်ရဲတွေက ကျုပ်ကို... ဘာလို့ စိတ်ဝင်စားကြရတာလဲ"

စဝ်ရန်နိုင်က...

"ခင်ဗျားက အဲဒီမှာ လူတစ်ယောက်ကို သတ်ခဲ့တယ်။ ခင်ဗျား ဒီလိုလွယ်လွယ်လုပ်သွားတာကို ရဲတွေက သဘောမကျကြဘူး"

"နေပါဦး...။ ကျုပ်က ဘယ်သူ့ကို သတ်ခဲ့မိလို့လဲ"

စဝ်ရန်နိုင်ထံမှ အေးစက်သောအသံ ထွက်လာသည်။

"ထွန်းလင်းမြင့်"

ဘသန်းထက်၏မျက်နှာ ဖြူဖွေး၍သွားသည်။

ဒေဝီနွယ်က မယုံကြည်နိုင်စွာဖြင့် မေးလိုက်သည်။

"ထွန်းလင်းမြင့် သေသွားပြီ။ ဟုတ်လား..."

စဝ်ရန်နိုင်က...

"ဟုတ်တယ်...။ ထွန်းလင်းမြင့်ကို ဘသန်းထက်က သေနတ်





နဲ့ ပစ်သတ်ခဲ့တာ"

ဘသန်းထက်က အံကိုတင်းတင်းကြိတ်၍...

"ခင်ဗျားမှာ... ဘာသက်သေမှ မရှိဘူး"

"ကျုပ်မှာ... အကောင်းဆုံး သက်သေတစ်ယောက်ရှိတယ်။ ခင်ဗျားလုပ်ခဲ့တာတွေ အားလုံးကို သူက အစအဆုံး အသေးစိတ် ပြောပြနိုင်တယ်။ သူက အဲဒီလိုတိတိကျကျ ပြောပြနိုင်တာနဲ့ ခင်ဗျား ကို ရွှေတွေ၊ ငွေစက္ကူတွေက လုံးဝ မကယ်နိုင်တော့ဘူး။ ခင်ဗျား လည်း သံတိုင်တွေရဲ့နောက်မှာ နှစ်ပေါင်းနှစ်ဆယ်လောက် အနား ယူရမှာ... သေချာတယ်"

ဘသန်းထက်က...

"ခင်ဗျားမှာ ဘာသက်သေမှ မရှိပါဘူး စဝ်ရန်နိုင်"

စဝ်ရန်နိုင်က လက်တစ်ဖက် အသာမြှောက်လိုက်ပြီး...

"ဒေါက်တာ လင်းသီရိမွန်"

လုံခြုံရေးအဖွဲ့ဝင်များ၏နောက်မှ လင်းသီရိမွန် တိုးထွက်လာ သည်။

သူမ၏မျက်နှာမှာ ဖြူဖွေး၍နေပြီး အားအင်နည်းပါးနေရှာ သည်။

စဝ်ရန်နိုင်က သူမ၏လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်ယူကာ ဘသန်းထက်နှင့် မျက်နှာချင်းဆိုင်ပေးလိုက်သည်။

စဝ်ရန်နိုင်က မေးလိုက်သည်။

"ထွန်းလင်းမြင့်ကို ပစ်သတ်ခဲ့တာ... ဒီလူလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က အကောင်းဆုံး အစီအစဉ်တစ်ခုကို စဉ်းစားနေတယ်၊ ဦးဒေဝါကို လွှတ်ပေးရင်၊ ခင်ဗျားကိုလည်း အနှောင့်အယှက်မပေးဘဲ ချက်ချင်း ပြန်လွှတ်ပေးလိုက်မယ်"

ဘသန်းထက်က ခြေခွေးတစ်ကောင်နှယ် ပြုံးလိုက်သည်။

"ခင်ဗျားတို့က ကျုပ်ကို. . . ဘယ်မှာဖမ်းထားကြမှာလဲ"

"ခင်ဗျားကို နယ်မြေခံ ရဲအဖွဲ့ဝင်တွေက သိပ်စိတ်ဝင်စား

ကြတယ်ဆိုတော့ ဒီနေရာက အကျဉ်းထောင်နဲ့တင် လုံလောက်

တယ်"

"နံ့သာမြိုင်ဥယျာဉ်မြို့တော်ရဲတွေက ကျုပ်ကို. . . ဘာ

စိတ်ဝင်စားကြရတာလဲ"

စင်ရန်နိုင်က. . .

"ခင်ဗျားက အဲဒီမှာ လူတစ်ယောက်ကို သတ်ခဲ့တယ်။ ခင်

ဒီလိုလွယ်လွယ်လုပ်သွားတာကို ရဲတွေက သဘောမကျကြဘူး"

"နေပါဦး. . .၊ ကျုပ်က ဘယ်သူ့ကို သတ်ခဲ့မိလို့လဲ"

စင်ရန်နိုင်ထံမှ ဒေါသစက်သောအသံ ထွက်လာသည်။

"ထွန်းလင်းမြင့်"

ဘသန်းထက်၏မျက်နှာ ဖြူဖွေး၍သွားသည်။

ဒေဝီနွယ်က မယုံကြည်နိုင်စွာဖြင့် မေးလိုက်သည်။

"ထွန်းလင်းမြင့် သေသွားပြီ၊ ဟုတ်လား. . ."

စင်ရန်နိုင်က. . .

"ဟုတ်တယ်. . .။ ထွန်းလင်းမြင့်ကို ဘသန်းထက်က သေ





နဲ့ ပစ်သတ်ခဲ့တာ"

ဘသန်းထက်က အံကိုတင်းတင်းကြိတ်၍. . .

"ခင်ဗျားမှာ. . . ဘာသက်သေမှ မရှိဘူး"

"ကျုပ်မှာ. . . အကောင်းဆုံး သက်သေတစ်ယောက်ရှိတယ်။ ခင်ဗျားလုပ်ခဲ့တာတွေ အားလုံးကို သူက အစအဆုံး အသေးစိတ် ပြောပြနိုင်တယ်၊ သူက အဲဒီလိုတိတိကျကျ ပြောပြနိုင်တာနဲ့ ခင်ဗျား ကို ရွှေတွေ၊ ငွေစက္ကူတွေက လုံးဝ မကယ်နိုင်တော့ဘူး။ ခင်ဗျား လည်း သံတိုင်တွေရဲ့နောက်မှာ နှစ်ပေါင်းနှစ်ဆယ်လောက် အနား ယူရမှာ. . . သေချာတယ်"

ဘသန်းထက်က. . .

"ခင်ဗျားမှာ ဘာသက်သေမှ မရှိပါဘူး စင်ရန်နိုင်"

စင်ရန်နိုင်က လက်တစ်ဖက် အသာမြှောက်လိုက်ပြီး. . .

"ဒေါက်တာ လင်းသီရိမွန်"

လုံခြုံရေးအဖွဲ့ဝင်များ၏နောက်မှ လင်းသီရိမွန် တိုးထွက်လာ သည်။

သူမ၏မျက်နှာမှာ ဖြူဖွေး၍နေပြီး အားအင်နည်းပါးနေပုံရ သည်။

စင်ရန်နိုင်က သူမ၏လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လျက် ဘသန်းထက်နှင့် မျက်နှာချင်းဆိုင်ပေးလိုက်သည်။

စင်ရန်နိုင်က မေးလိုက်သည်။

"ထွန်းလင်းမြင့်ကို ပစ်သတ်ခဲ့တာ. . . ဒီလူလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာလင်းသီရိမွန်သည် အချိန်အတန်ကြာမျှ ချောက်ချား တုန်လှုပ်စွာဖြင့် ဘသန်းထက်ကို စိုက်၍ကြည့်နေမိသည်။

သူမ၏ဦးနှောက်အတွင်း၌ အလင်းရောင်များ လှည့်ပတ်ပြေးလွှားနေသည်။

ကြောက်လန့်တုန်လှုပ်မှု၊ နီရဲသောသွေးစက်များ၊ ကျည်ဆန်တို့ ရောယှက်၍နေ၏။

ထွန်းလင်းမြင့်၏ ခန္ဓာကိုယ်ထဲသို့ ကျည်တစ်တောင့်ပြီး တစ်တောင့် ပစ်သွင်းနေသည့် ဘသန်းထက်၏ရုပ်သွင်ကို သူမ မြင်တွေ့လိုက်ရပေပြီ။

ထွန်းလင်းမြင့် မြေပြင်ပေါ်သို့ လဲကျသွားသည်ကို သူမ မြင်လိုက်ရသည်။

ထွန်းလင်းမြင့်၏ ခန္ဓာကိုယ်ထဲမှ သွေးများ မြင်မကောင်းအောင် ထွက်နေသည်ကိုပါ မြင်သည်။ ထွန်းလင်းမြင့် အသက်ပျောက်သွားသည်ကိုလည်း သူမ မြင်နေရသည်။

တုန်လှုပ် ချောက်ချားမှုများက လှိုင်းများနှယ် လွှမ်းမိုး၍နေသည်။

ဘသန်းထက်က လေသံခပ်တင်းတင်းဖြင့်. . .

"ကျုပ်. . . ဒီအမျိုးသမီးကို မသိဘူး"

စဝ်ရန်နိုင်က လေသံခပ်အေးအေးဖြင့် ပြောလိုက်သည်။

"ခင်ဗျားက မသိပေမယ့်. . . သူကတော့ ခင်ဗျားကို ကောင်းကောင်းသိနေတယ်"





ရုတ်တရက် လင်းသီရိမွန်၏ မျက်နှာတစ်ပြင်လုံး သွေးမရှိတော့သကဲ့သို့ ဆုပ်ပွက်၍သွားသည်။

သူမ ရှေ့သို့တိုးသွားသည်။

ဘသန်းထက်၏မျက်နှာကို လက်နှစ်ဖက်ဖြင့် ကုတ်ဆွဲပစ်လိုက်သည်။

သူမ၏မျက်လုံးများ ပြူးကျယ် ဝိုင်းစက်လာပြီး၊ အော်ဟစ်လိုက်သည်။

"ရှင်. . . ရှင်. . . ထွန်းလင်းမြင့်ကိုသတ်တာ ရှင်ပဲ။ ကျွန်မကိုသတ်တာ ရှင်"

အော်ဟစ် ပြောဆိုနေရင်းမှ လင်းသီရိမွန် သတိလစ်သွားလေတော့သည်။

စဝ်ရန်နိုင်က. . .

"လင်းသီရိမွန်"

သူမကို ခေါ်ကြည့်သည်။ အနည်းငယ်မျှပင် မလှုပ်ပေ။

"သူ. . . စိတ်ဖိစီးတဲ့ဒဏ်ကြောင့် သတိလစ်သွားတာ။ သူ့ကို နေရာချထားပေးဖို့ အမြန်လုပ်စမ်း"

အမှုထမ်းများက ဆိုဖာတစ်လုံးကို ရှင်း၍ အသင့်ပြင်လိုက်သည်။ စဝ်ရန်နိုင်က သူမကို ပွေ့ချီ၍ ဆိုဖာပေါ်သို့ တင်လိုက်သည်။

ဘချုပ်က မျက်မှောင်ကြုတ်၍မေးသည်။

"ဟော့. . . ဘသန်းထက် ဘယ်ရောက်သွားပြီလဲ"

စဝ်ရန်နိုင်က ရှုပ်ထွေးနေသည့် အခြေအနေကြားမှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုလိုက်သည်။

ဘ း န်းထက်သည် လူအုပ်ကြားမှ တိုးဝှေ့၍ လွတ်မြောက်ထွက်သွားပေပြီ။

စစ်ရန်နိုင်သည် ခမ်းမထဲမှနေ၍ ဟိုတယ်ဧည့်ခန်းဘက်သို့ ပြေးသွားသည်။ ဟိုတယ်ရှေ့၌ရပ်ထားသော မာစီဒီးကားပေါ်သို့ ဘသန်းထက် ပြေးလွှား၍ တက်သွားသည်ကို မြင်လိုက်ရသည်။

စစ်ရန်နိုင် လေ့ကားအတိုင်း ပြေးဆင်းသွားသည်။

ဘသန်းထက် ကားစက်နှိုးလိုက်ချိန်. . .

စစ်ရန်နိုင် လမ်းမပေါ်သို့ ရောက်ချိန်. . .

တစ်ထပ်တည်း ဖြစ်နေသည်။

ဘသန်းထက်သည် စစ်ရန်နိုင်ထံသို့ အရှိန်ပြင်းစွာ မောင်း၍ဝင်လာသည်။ သူ့အား အကြိမ်ပေါင်းများစွာ ဒုက္ခပေးခဲ့သည့် စစ်ရန်နိုင်ကို အပြီးအပြတ် ချေမှုန်းပစ်တော့မည်ဟု ရည်ရွယ်ထားသည်။

ဘသန်းထက်၏မျက်နှာပြင်ပေါ်၌ ထွန်းလင်းမြင့်ကို သုတ်သင်ပစ်ခဲ့စဉ်က အပြုံးမျိုး ပေါ်၍လာသည်။

စစ်ရန်နိုင်သည် သူ့ထံသို့ မောင်းဝင်လာသည့် ဘသန်းထက်၏ကားကို တွေ့သည်။

ကားကို ရှောင်တိမ်းခြင်း အလျဉ်းမရှိဘဲ ကားဆီသို့ တည့်မတ်စွာ ပြေးဝင်သွားသည်။

ကားနှင့် လူတိုက်မိရန် စက္ကန့်ပိုင်းမျှအလို၌ စစ်ရန်နိုင် လေ





ထဲသို့ ခုန်တက်လိုက်၏။ ကားရှေ့စက်ဖုံးကို လက်ထောက်ထိန်း၍ ရှေ့လေကာမှန်အတွင်းသို့ ခြေစုံပစ်၍ ကန်ထည့်လိုက်သည်။

ကားရှေ့လေကာမှန်အတွင်းသို့ စစ်ရန်နိုင်၏ခြေအစုံ ကျွံဝင်သွားသည်။ စက္ကူသေတ္တာအတွင်းသို့ ကျွံဝင်သွားသကဲ့သို့ ကျွံဝင်သွားခြင်းဖြစ်သည်။

ဘသန်းထက်၏ကားမှာ တစ်ပတ်လည်ထွက်သွားသည်။

မာစီဒီးကားမှာ လမ်းမကိုကျော်၍ လမ်းဘေးပလက်ဖောင်းပေါ်သို့ ကျော်တက်သွားသည်။ လမ်းဘေးကျောက်တိုင်တစ်ခုကို ဝင်၍တိုက်သည်။ ထို့နောက် သစ်ပင်တစ်ပင်နှင့် ခေါင်းချင်းဆိုင်တိုက်မိပြီးတော့မှ ရပ်တန့်၍သွားပေသည်။

စစ်ရန်နိုင်သည် ကားစက်ဖုံးပေါ်မှ လှိမ့်ချလိုက်၏။

ကားဘေးကို ခုန်ဆင်းလျက် ကားမောင်းသူနေရာမှ တံခါးပေါက်ကို ဆွဲဖွင့်လိုက်၏။

သတိလစ်နေပြီဖြစ်သည့် ဘသန်းထက်ကို ကားထဲမှ ဆွဲထုတ်၍ မြေပြင်ပေါ်သို့ ချလိုက်သည်။

စစ်ရန်နိုင်၏ မျက်လုံးအစုံက ကွဲကြေနေသည့် ရှေ့လေကာမှန်ထောင့်၌ ကပ်ထားသော ကတ်ပြားပိုင်းအဖြူလေးတစ်ခုကို မြင်လိုက်မိသည်။

စစ်ရန်နိုင်သည် ထိုစက္ကူပြားပိုင်းလေးကို ဆွဲဖြုတ်ယူလိုက်သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

လင်းသီရိမွန်သည် ခုတင်ထက်၌ နှစ်ခြိုက်စွာ အိပ်မောကျ၍ နေ၏။

ညေ့ခန်းထဲ၌ စင်ရန်နိုင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပေသည်။ ကားမှန်မှ ဖြုတ်ယူလာခဲ့သော စက္ကူပြားဝိုင်းလေးကို လက်ထဲ၌ မြှောက်ချည်ဖမ်းချည်ဖြင့် ကစားနေမိသည်။

အရေးတကြီး တံခါးခေါက်သံ ပေါ်လာသည်။

စင်ရန်နိုင် တံခါးဖွင့်ပေးလိုက်၏။

ဘချုပ် အတွင်းသို့ ဝင်လာသည်၊

"ဘသန်းထက်နဲ့ ပတ်သက်တဲ့အခြေအနေ ဘယ်လိုလဲ ဘချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘချုပ် ခေါင်းခါလိုက်၏။

"ဒီကောင်က လူလည်လူပါးလေ။ ငါတို့. . . ဘာပဲမေးမေး ခေါင်းချည်းပဲ ခါနေတယ်။ တစ်ရက်နှစ်ရက်ကြာမှပဲ မေးလို့ရနိုင်မယ်ထင်တယ်။ ငါတို့မှာ သတ်မှတ်ထားတဲ့အချိန် ပြည့်တော့မယ်ဆိုတာ. . . သူက ကောင်းကောင်းသိထားတယ်"

"ပစ္စည်းတွေ ဘယ်ကိုရောက်ပြီလဲ"

"နံ့သာမြိုင်ဥယျာဉ်မြို့တော်နား ရောက်နေလောက်ပြီ။ အဲဒီနေရာကနေ ဘယ်ကိုရောက်ဦးမလဲဆိုတာတော့ မပြောနိုင်သေးဘူး၊ ဒါနဲ့. . . ဒေါက်တာလင်းသီရိမွန် အိပ်ရာက နိုးပြီလား"

"သူ. . . စိတ်ဖိစီးတဲ့ဝေဒနာကို ခေျမဆန့် ခံစားနေရတယ် ဘချုပ်"

ဘချုပ်က ခေတ္တမျှ စဉ်းစားလိုက်သည်၊

"မတတ်နိုင်တော့ဘူး. . .။ ငါတို့မှာ အားကိုးစရာဆိုလို့ သူတစ်ယောက်တည်းပဲ ရှိတယ်။ အခုတစ်ကြိမ်လောက် သူ့ဆီက အကူအညီ ရနိုင်ရင်ကောင်းမယ်"

ဘချုပ်နှင့် စဝ်ရန်နိုင်တို့ သူမ၏အိပ်ခန်းအတွင်းသို့ ဝင်သွားကြသည်။

လင်းသီရိမွန်သည် ဓာတ်ခွဲခန်းအတွင်းမှ တတိယမြောက်ကြွက်ဖြူကလေးကဲ့သို့ ကြောက်ရွံ့ တုန်လှုပ်နေပုံ အထင်းသား ပေါ်လွင်၍နေ၏။

သူမက. . .



"ဘာတိစ္စရှိကြလို့လဲ. . . ဟင်"

စဝ်ရန်နိုင်က နှစ်သိမ့်ပြုံးပြုံးလျက်. . .

"ဘာကိစ္စမှ မရှိပါဘူး။ မင်းရဲ့အခြေအနေကို လာကြည့်တာပါ။ အဲ. . . ကဲ. . . ပြန်အိပ်လိုက်ဦး"

ဘချုပ်ကမူ စဝ်ရန်နိုင်နှင့် ဆန့်ကျင်ဘက် ပြောလိုက်သည်။

"မင်းဆီက အကူအညီ. . . ငါတို့လိုနေတယ် ဒေါက်တာလင်းသီရိမွန်"

စဝ်ရန်နိုင်က ကြားဖြတ်၍ ဝင်ပြောလိုက်၏။

"ဘာမှမလိုဘူး"

လင်းသီရိမွန်က အံ့ခြေအနေကို နားလည်စွာဖြင့် ပြောလိုက်သည်။

"ပြောပါ. . ရပါတယ်"

စဝ်ရန်နိုင်က ကန့်ကွက်လိုက်သည်။

"ကျွန်တော် ခွင့်မပြုနိုင်ဘူး ဘချုပ်။ သူ ဘယ်လောက်အထိ စိတ်နဲ့ပတ်သက်တဲ့ဝေဒနာ ပြင်းပြင်းထန်ထန် ခံစားနေရတယ်ဆိုတာ ဘချုပ်အမြင်ပဲ။ သူ့အခြေအနေ ဒါ့ထက်ပိုပြီး. . . ဆိုးရွားလာမှာ မျိုးအထိ အဖြစ်မခံနိုင်ဘူး"

ဘချုပ်က စဝ်ရန်နိုင်၏ ကန့်ကွက်ချက်ကို ဥပေက္ခာပြုထားသည်။

ဘချုပ်သည် လင်းသီရိမွန်၏ ခုတင်အနီးသို့ လျှောက်လာ၍ သူမကို နူးညံ့စွာ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာလင်းသီရိမွန်. . .၊ မင်းဟာ ဦးခေါင်းကို ဆေးရုံပေါ်ကနေ ဖမ်းခေါ်လာပြီး ရဟတ်ယာဉ်ပေါ်ကို တင်မယ်။ ပြီးတော့ ဘယ်နေရာကို ပို့မှာလဲ"

လင်းသီရိမွန် မျက်လုံးအစုံကို မှိတ်လိုက်သည်။

ကြိုးစား၍ အာရုံစူးစိုက်ကြည့်သည်။

"ကျွန်မ ဘာမှမမြင်ရဘူး"

"မင်းရဲ့ဦးနှောက်ထဲက တစ်နေရာရာမှာ ကျိန်းသေရှိမှာပါ"

"ကျွန်မ ဘယ်လိုမှ မတတ်နိုင်လို့ပါ။ ကျွန်မရဲ့ခေါင်းထဲမှာ ထွန်းလင်းမြင့်ရဲ့ အသိမှတ်ဉာဏ်တွေ မရှိတော့ဘူး။ သူ့ဘာဝ ပျောက်သွားပါပြီ။ ပိတ်ကားပေါ်မှာ အရုပ်တွေ မထင်နိုင်တော့ဘူး"

ဘချုပ် သူမကို ကြင်နာစွာဖြင့် စိုက်၍ကြည့်ပြီး၊ သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း. . .ဒါဆို ထွန်းလင်းမြင့်ဟာ တကယ်ပဲ သေသွားပြီပေါ့"

"ကျွန်မ မကူညီနိုင်တာ ဝမ်းနည်းပါတယ်ရှင်"

ဝဝ်ရန်နိုင်သည် ဘသန်းထက်၏ မာစီဒီးကားမှန်မှ ဖြုတ်ယူလာသော စက္ကူကတ်ပြားဝိုင်းလေးကို ဘချုပ်အား လှမ်းပေးသည်။

ဘချုပ်ကယူ၍ အတန်ကြာမျှ စိုက်ကြည့်နေသည်၊

မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဒါက ဘာအဓိပ္ပာယ်လဲ. . .ဝဝ်ရန်နိုင်။ ငါတော့ ဘယ်လိုမှ ဆက်စပ်စဉ်းစားလို့ မရနိုင်တော့ဘူး"





"ဒါ. . . နံ့သာမြိုင်ဆိပ်ကမ်းဝင်ခွင့်လက်မှတ်ပါ"

"နံ့သာမြိုင်ဆိပ်ကမ်း. . . ဟုတ်လား"

"မဟူရာမြစ်နဲ့ ဖြတ္တိကာလမ်းကြားမှာရှိတဲ့ ဆိပ်ကမ်းကိုဒေါင်နေရာတိုဝင်တဲ့. . . ဝင်ခွင့်လက်မှတ်ပဲ"

ရုတ်တရက် လင်းသီရိမွန်က လှမ်းပြောသည်။

"သဘော်ာတစ်စီး"

ဘချုပ်က. . .

"ဘယ်လိုသဘော်ာမျိုးလဲ"

"ကုန်တင်သဘော်ာ. . . ပြီးတော့ သူ့နောက်မှာ နီမှိန်မှိန်ပြားပြားနဲ့သဘော်ာလည်း ပါတယ်"

"အဲဒါ. . . တွဲသဘော်ာ"

သူမက ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်တယ်. . . ဟုတ်တယ်. . .။ ကုန်တင်သဘော်ာတစ်စီးနဲ့ တွဲသဘော်ာတစ်စီးကို ထွန်းလင်းမြင့်က မှတ်မိနေတယ်"

ဘချုပ်နှင့် ဝဝ်ရန်နိုင်တို့ တုန်လှုပ်စွာဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြသည်။

ဘချုပ်က လေးလံသောလေသံဖြင့် ပြောသည်။

"ငါတို့ ပို့လိုက်တဲ့ပစ္စည်းတွေ ထွန်းသစ်နဲ့အတူ ရှိနေသေးရင်တော့. . . ဒီကိစ္စက အဓိပ္ပာယ်မရှိနိုင်ဘူး"

လင်းသီရိမွန်က. . .

"ဒါတော့ ကျွန်မ နားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စစ်ရန်နိုင်က မေးလိုက်သည်။

"ထွန်းလင်းမြင့် တကယ်ပဲ သေသွားပြီလား"

သူမ အားယူ၍ပြုံးသည်။

"သူ တကယ်ပဲ... သေဆုံးသွားပါပြီ။ နောက်ထပ် (၇)နာရီကြာရင် သူ့ရဲ့အသိစိတ်မှတ်ဉာဏ်တွေအားလုံး ပျောက်ကွယ်သွားတော့မယ်ဆိုတာ ကျွန်မ သိပါတယ်"

စစ်ရန်နိုင်က သူမကို ခုတင်ပေါ်မှ တွဲထူပေးလိုက်သည်။

ဘချုပ်က တယ်လီဖုန်းဖြင့် ဆက်သွယ်၍ အစီအစဉ်များ ပြုလုပ်၍နေသည်။

စစ်ရန်နိုင်က...

"မင်း အခု နေကောင်းလာပြီလား"

"အတော်လေး ကောင်းလာပါပြီ၊ ကျွန်မ ဘာကိုမှ ကြောက်တော့ဘူး"

✠

နံနက် (၇)နာရီ...။

ဆိပ်ကမ်းသို့ ထွန်းသစ်၏ ဆွဲသင်္ဘောနှင့် တွဲသင်္ဘောတို့ ဝင်ရောက် ဆိုက်ကပ်လာသည်။

ဆိပ်ကမ်းပေါ်၌ ဘချုပ်က မျက်မှောင်ကြုတ်၍မေးသည်၊

"ထွန်းသစ်... ဒီကုန်သေတ္တာတွေကို မင်း မကြည့်မိတဲ့အချိန်





ရှိရဲ့လား"

"ငါးမိနစ်၊ ဆယ်မိနစ်လောက်တော့... ရှိပါတယ်။ ဒါပေမဲ့ သေတ္တာ ၅၅ လုံးကို အဲဒီဆယ်မိနစ်အတွင်းမှာ ဘယ်သူမှ လာပြီး ရွှေ့ပြောင်းနိုင်ပါဘူး"

"အိပ်တဲ့အချိန်တုန်းကရော..."

"ကျွန်တော် ဒီသေတ္တာတွေပေါ်မှာပဲ အိပ်ခဲ့ပါတယ် ဘချုပ်"

ဘချုပ်က...

"ကဲ... သေတ္တာတစ်လုံး ဖွင့်စမ်း"

ထွန်းသစ်က အနီးဆုံး သေတ္တာတစ်လုံးကို ဆွဲ၍ဖွင့်လိုက်၏။

သေတ္တာအဖုံး ပွင့်သွားသည်။

အထဲမှ ဝင်းလက်နေသည့် ရွှေချောင်းများကို မြင်လိုက်ရသည်၊ ထွန်းသစ်က ကျေနပ်ဂုဏ်ယူစွာ ပြောလိုက်သည်။

"ကဲ... တွေ့ပြီမဟုတ်လား၊ အားလုံး စိတ်ချ လုံခြုံမှု အပြည့်ပါတယ်"

ဘချုပ်က အိတ်ထဲမှ ဓားတစ်ချောင်း ထုတ်လိုက်သည်။

ရွှေတုံးတစ်တုံးကိုကောက်ယူ၍ ဓားဖြင့် ဆွဲခြစ်လိုက်၏။

ရွှေရောင်အောက်၌ မီးခိုးရောင်သန်းနေသည့်သတ္တု ပေါ်လာသတော့သည်၊ ထွန်းသစ်၏ဦးခေါင်း ပုတ်ဆယ်လုံးစာမျှ ကြီး၍ းသည်။

ဘချုပ်က ရွှေချောင်းကို သေတ္တာထဲသို့ ပစ်ချလိုက်၏။

"ချီးကျူးစရာ သိပ်ကောင်းပါတယ် ထွန်းသစ်။ မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ကနေ့ ခဲဖြစ်အောင် အမြန်ဆုံးနည်းနဲ့ ပြောင်းပစ်နိုင်ခဲ့တယ်နော်"

ထွန်းသစ်က ဆွံ့အသွားသူတစ်ဦးကဲ့သို့...

"ဒါ...ခဲ...ခဲ"

"ဟုတ်တယ်...သေတ္တာအားလုံးထဲမှာ ခဲချောင်းတွေချည်းပဲ"

ထွန်းသစ်မှာ မယုံကြည်နိုင်စွာဖြင့်...

"ဘယ်လိုလုပ်ပြီးတော့ ခဲ...ခဲ..."

"ဒါတော့ ငါလည်းမသိဘူး၊ ဒါပေမဲ့...သူတို့က ပိပိရိရိလုပ်သွားနိုင်ခဲ့တယ်။ ကဲ...မင်းရဲ့မျက်စိအောက်မှာ ဆယ်မိနစ်ထက်ပိုပြီးတော့ မျက်နှာမလွှဲမိခဲ့မိပါဘူးဆိုတဲ့စကားကို မင်း ပြင်ချင်သေးသလား"

"မပြင်ချင်ပါဘူး"

"သေချာရဲ့လား ထွန်းသစ်"

"သေချာပါတယ် ဆရာ"

စပ်ရန်နိုင်က ဝင်၍ပြောသည်၊

"ခင်ဗျား အိပ်ပျော်နေတုန်း...ဖြစ်သွားတာပဲ"

ထွန်းသစ်က ခေါင်းခါသည်။

"ကျွန်တော် သုံးနာရီလောက်ပဲ အိပ်ခဲ့တယ်။ သေတ္တာတွေပေါ်မှာပဲ အိပ်ခဲ့တယ်။ ဒါလည်း မဖြစ်နိုင်ဘူး"

"ခင်ဗျား အိပ်ပျော်နေတုန်း မေ့ဆေးအပေးခံလိုက်ရတယ်။ အဲဒီအချိန်မှာ သူတို့က ခင်ဗျားကို အသင့်ယူလာတဲ့ တွဲသဘော်ာအတုပေါ်မှာ တင်ပေးလိုက်တယ်၊ အဲဒီအချိန်မှာ...ခင်ဗျားက ဘာမှမသိဘူး"

"ကျွန်တော်တော့ လက်မခံချင်ဘူး"

ဘချုပ်က...

"တို့အတွက် အဖြေတစ်ခုတော့ ပေါ်လာပြီ။ သူတို့အုပ်စု တွဲသဘော်ာနဲ့ သွားနေတယ်ဆိုတာ...ငါတို့ သိကြရပြီ"

ထွန်းသစ်က စိတ်မချမ်းမြေ့စွာဖြင့်...

"ဒါဆို သူတို့က ပစ္စည်းတွေကို အေးအေးဆေးဆေး သယ်ယူသွားကြပြီပေါ့"

"ဒါ့ထက်တောင် မကဘူး။ သူတို့နဲ့အတူ ဦးဒေဝါကိုပါ ခေါ်သွားကြလိမ့်မယ်"

စပ်ရန်နိုင်က တင်းမာသော်လေသံဖြင့် ပြောလိုက်သည်။

✠ ✠ ✠





www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

စစ်ရှန်နိုင်သည် ရေယာဉ်ဖျံကို ဆိပ်ကမ်း၌ ထိုးကပ်လိုက်၏။ ဘချပ်နှင့် ထွန်းသစ်တို့ ဆိပ်ကမ်းပေါ်သို့ ခုန်တက်လိုက်ကြသည်။ ဆိပ်ကမ်းဌာနမှ အရာရှိတစ်ဦးက စိတ်ရှုပ်ထွေးသော အမူအရာဖြင့် ပြောသည်။

"ပထမနေ့က. . .ဘောလ်ဘယ်ရာရင်တွေကို သယ်ပြီး ဘာထက်ကို ဆန်တက်သွားကြတယ်။ နောက်တစ်နေ့ကျတော့ ပြန်စုန်ဆင်းလာတာတွေ့ရတယ်။ ဘာတွေဖြစ်ကုန်ကြသလဲဆိုတာ ကျုပ်တော့တော့. . .မပြောတတ်တော့ဘူး"

စစ်ရှန်နိုင်က. . .

ဆက်ရန် မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်က စုန်ဆင်းသွားသလဲ"

"သိပ်မကြာသေးဘူးဗျ။ မိနစ်နှစ်ဆယ်လောက်ပဲ ရှိလိမ့်ဦးမယ်"

"ဘယ်လိုသင်္ဘောမျိုးလဲ"

"နရဏီဘုရင်မ"

မိုးကုတ်စက်ဝိုင်း၏ အစွန်အဖျား၌ တွေ့နေရသည့် အစက်အပြောက်ကလေးတစ်ခုကို ဆိပ်ကမ်းအရာရှိက ညွှန်ပြလိုက်သည်။

"အဲဒီသင်္ဘောက... ဘယ်လောက်မြန်နှုန်းအထိ ခုတ်မောင်းသွားနိုင်သလဲ"

"အများဆုံး... ရေမိုင်ဆယ်မိုင်ပေါ့။ သင်္ဘောက တုန်တင်သင်္ဘောဟောင်းကြီးတစ်စင်းဗျ။ တန်ချိန်တစ်သောင်းကျော်လောက်ပဲရှိမယ်။ ဒီဘက်မှာ သူ ခုတ်မောင်းနေတာ နှစ်အတော်ကြာသွားပြီ"

ဘချုပ်က ခေါင်းတစ်ချက် ညိတ်လိုက်ပြီး...

"ဒါကြောင့် သူတို့ကို အလွယ်တကူ ခြေရာခံလို့ မရနိုင်တာကိုး။ သူတို့ရဲ့နေရာက... အခြေရွေ့လျားနေတာပဲ"

စဝ်ရန်နိုင်က ပခုံးတစ်ချက် တွန့်လိုက်၏။

"အကြံအစည်ကတော့ တကယ်ကောင်းတယ်။ အတားအဆီးမရှိ ခုတ်မောင်းသွားလာနေတဲ့ ကုန်တင်သင်္ဘောဟောင်းကြီးတစ်စီး။ အဲဒီအထဲမှာ သူတို့က ဌာနချုပ်ဖွင့်ထားတာ... ချီးကျူးစရာပဲ"

ဆိပ်ကမ်းအရာရှိက...





"ခင်ဗျားတို့ပြောတာ ကျွန်တော် လုံးဝနားမလည်ဘူး"

"ခင်ဗျား နားမလည်တာ အကောင်းဆုံးပဲ"

ဘချုပ်က စဝ်ရန်နိုင်ဘက်သို့လှည့်၍...

"ဒီကောင်တွေနောက်ကို ရေယာဉ်ပျံနဲ့ မင်းက လိုက်သွား။ နာရီဝက် အချိန်ပေးထားမယ်။ နာရီဝက်အတွင်း... မင်းဆီက ဘာသတင်းမှ မရရင် အဲဒီနရဏီဘုရင်မသင်္ဘောကို တက်ပြီး စီးရလိမ့်မယ်"

"ရှင်းပါတယ် ဘချုပ်"

စဝ်ရန်နိုင်သည် ဆိပ်ကမ်းအရာရှိထံမှ အရှည်ပေ တစ်ရာကျော်ရှိသည့် သံမဏိလုံးကြိုးတစ်ချောင်းနှင့် ဆူးခွချိတ်တစ်ချောင်း တောင်းယူလိုက်သည်။

စဝ်ရန်နိုင်၏ ရေယာဉ်ပျံသည် မဟာရာမြစ်ဝကျွန်းပေါ်ဒေသဘက်သို့ ပျံဝဲ၍သွားပေသည်။

ခေပြင်ပေါ်မှ သင်္ဘောကို လှမ်း၍မြင်လိုက်ရသည်။

နရဏီဘုရင်မသင်္ဘောသည် ပင်လယ်ပြင်ဘက်သို့ ဦးတည်၍ ခုတ်မောင်းနေခြင်းဖြစ်သည်။ နရဏီဘုရင်မသည် သန်းတစ်ထောင်တန်ဖိုးရှိသော ပစ္စည်းများနှင့်အတူ လွတ်ကင်းသောဒေသတစ်ခုသို့ ဦးတည်၍ ခုတ်မောင်းနေခြင်းဖြစ်သည်။

သင်္ဘောပေါ်၌ ပါလာမည်ဖြစ်သော ဒါရိုက်တာကြီး၏ အကြံအစည်မှာ လွန်စွာမှ ကြောက်မက်ဖွယ်ရာပင်ဖြစ်သည်။ သူ့တွင် အားကိုးအားထားတစ်ခု ရှိပေလိမ့်မည်။ ထိုအချက်သည် အန္တရာယ်လွန်

www.burmeseclassic.com

www.burmeseclassic.com



စွာ ကြီးမားလှကြောင်း စစ်ရန်နိုင် သိထားသည်။

ဦးဒေဝါကို ကယ်ထုတ်နိုင်ရန် အရေးကြီးသည်။

မကယ်ထုတ်နိုင်ပါက ပြဿနာပို၍ကြီးမားလာပေမည်။

ဦးဒေဝါထံမှ အချက်အလက်များကို ညှစ်ထုတ်ယူမည့် နေရာတစ်နေရာသို့ ဦးဒေဝါ ရောက်သွားပေလိမ့်မည်။

နရဏီဘုရင်မသည် ရေယာဉ်ပျံ၏ရှေ့ဘက် တစ်မိုင်ခန့်အကွာ၌ ရှိနေသည်။

စစ်ရန်နိုင်က ရေယာဉ်ပျံ၏ အင်ဂျင်စက်ကို ပြတ်တောက်ပြတ်တောက်ဖြစ်အောင် အဖွင့်အပိတ် လုပ်လိုက်၏။ ရေယာဉ်ပျံမှာ ဘယ်ညာလူးခါ၍သွားသည်။

စစ်ရန်နိုင်သည် နရဏီဘုရင်မ၏ဘေးမှကပ်၍ နိမ့်ဆင်း ပျံသန်းသွားသည်။ ရေယာဉ်ပျံသည် နရဏီဘုရင်မသင်္ဘော၏ ရှေ့ဘက်ကိုက်တစ်ရာကျော်ကျော်၌ အင်ဂျင်စက်ကို ရပ်လိုက်သည်။ ရေယာဉ်ပျံသည် လှိုင်းလုံးများပေါ်၌ ရှပ်၍ပျံသန်းသွားသည်။

စစ်ရန်နိုင်က ကြီးမားသော လှိုင်းလုံးကြီးတစ်ခုပေါ်သို့ ရေယာဉ်ပျံကို ချိန်ရွယ် ဦးစိုက်လိုက်သည်။ လှိုင်းလုံးပင့်ရိုက်လိုက်ချိန်၌ ရေယာဉ်ပျံသည် တစ်ပတ်ကျွမ်းလည်၍ ရေပြင်ပေါ်၌ ပက်လက်ဖြစ်သွားလေတော့သည်။

စစ်ရန်နိုင်သည် သင်္ဘောနှင့် ဆန့်ကျင်ဘက်နေရာမှ ရေယာဉ်ပျံတံခါးကို ဖွင့်လိုက်သည်။

နရဏီဘုရင်မ ကုန်တင်သင်္ဘောကုန်းပတ်ပေါ်၌ သင်္ဘောသား





တစ်စု ရှိနေကြသည်။ ပက်လက်လန်နေသော ရေယာဉ်ပျံပျက်ကို ဝိုင်း၍ကြည့်နေကြသည်။

စစ်ရန်နိုင်သည် ဖိနပ်ကို ဆွဲချွတ်လိုက်၏။

သူ၏ခြေဖဝါးအောက်ဘက်၌ တပ်ဆင်ထားသော ဇီဝယန္တရားရေယက်များကို ထုတ်ယူလိုက်၏။ ပေါင်အတွင်းဘက်၌ ထည့်သွင်းထားသော အောက်စီဂျင်ဘူး အသေးစားတစ်ခုနှင့် မျက်နှာစွပ်မှန်ကို တပ်ဆင်လိုက်သည်။

ဆိပ်ကမ်းအရာရှိထံမှ တောင်းယူလာသည့် ချိတ်နှင့်ကြိုးကို ပခုံး၌ ရစ်သိုင်းထားလိုက်သည်။

ပက်လက်လန်နေသော ရေယာဉ်ပျံမှာ ရေအောက်သို့ ငုပ်၍ ပျောက်ကွယ်လုနီးပါး ဖြစ်နေပေသည်။ စစ်ရန်နိုင်သည် ရေပြင်အောက်သို့ ငုပ်လျှိုး ထိုးဆင်းသွားသည်။

နရဏီဘုရင်မ ကုန်တင်သင်္ဘောသည် ပေသုံးရာနီးပါးမျှ ကွာဝေး၍ နေပြီဖြစ်သည်။ စစ်ရန်နိုင် ကြိုတင် ယူဆထားသည့်အတိုင်း ရေယာဉ်မှူးက ရပ်တန့်၍ ရေယာဉ်ပျံကို ဆယ်ယူခြင်း အလျဉ်းမရှိပေ။

စစ်ရန်နိုင်သည် သင်္ဘော၏ ဝမ်းဗိုက်အောက်ဘက်သို့ ငုပ်လျှိုး ကူးခတ်သွားသည်။ စက္ကန့်ပိုင်းအတွင်း၌ပင် တစ်ဖက်၌ စစ်ရန်နိုင် ပေါ်လာသည်။

လက်ထဲမှ ချိတ်ဖြင့် သင်္ဘောလက်တန်းကို လှမ်း၍ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်လက်တန်းနှင့် သံချိတ်တို့ ချိတ်မိသွားသည်။ မည်သူမျှ အသံပြုံးမိပုံ မပေါ်ပေ။ စဝ်ရန်နိုင်သည် ကြိုးကိုဆွဲ၍ တွယ်တက်လာခဲ့သည်။

နောက်ထပ် နာရီဝက်မျှအကြာတွင် သဘော်သည် နိုင်ငံတကာရေပြင်သို့ ရောက်သွားပေတော့မည်။

စဝ်ရန်နိုင်သည် သဘော်ဦးဘက်သို့ ပြေးသွားသည်။

ကျောက်ဆူးချ ရစ်ဘီးကြီးနား၌ ဝပ်ချလိုက်၏။ သူ့အနားသို့ သေနတ်ကျည်ဆန်များ ပျံဝဲ၍ ဝင်လာကြသည်။

စဝ်ရန်နိုင်သည် ကျောက်ဆူးချရစ်ဘီး၏ ဂီယာမောင်းတံကို ဖမ်း၍ ဆွဲဖြုတ်ချလိုက်၏။

ထို့နောက် ကျောက်ဆူးကြိုး ဖြုတ်ချသည့်ပင်ကို ဆွဲဖြုတ်လိုက်၏။

ကျောက်ဆူးကြီးသည် တဝေါဝေါတချွင်ချွင်မြည်လျက် ရေအောက်ရှိ ရွှံ့မြေထဲသို့ ထိုးဆင်းသွားသည်။

ပေါင်ငါးထောင်ကျော် အလေးချိန်ရှိသည့် ကျောက်ဆူးကြီးက သဘော်တစ်စီးလုံး ရပ်တန့်သွားစေသည်။

သဘော်မှာ ကျောက်ဆူးကြိုးကို ဦးတည်၍ ပတ်ချာလည် ခုတ်မောင်းနေသည်။

ရန်သူတစ်ဦး ပြေးဝင်လာသည်။

လက်ထဲမှ ဂီယာမောင်းတံဖြင့် လွှဲ၍ပစ်ပေါက်လိုက်၏။

ဂီယာမောင်းတံသည် ထိုလူ၏ ရင်ဝတည့်တည့်သို့ စူးဝင်သွား





သည်။ ထိုလူမှာ အသံပင် မထွက်နိုင်ဘဲ အသက်ပျောက်သွားသည်။

စဝ်ရန်နိုင် သဘော်၏အလယ်ပိုင်းသို့ ပြေးထွက်သွားသည်။

သူ၏နောက်မှ ကျည်ဆန်များက ပျားပိတုန်းကောင်များနယ် လိုက်ပါလာကြသည်။

စဝ်ရန်နိုင်သည် သဘော်ဝမ်းအတွင်းသို့ လှေကားမှ ပြေးဆင်းသွားသည်။

စဝ်ရန်နိုင်၏နောက်မှ အစောင့်နှစ်ဦး ပြေးလွှား လိုက်ပါလာသည်။

စဝ်ရန်နိုင်က စကြိုအကွယ်၌ရပ်လိုက်သည်။

အစောင့်နှစ်ဦး ပြေးဆင်းလာသည်။

စဝ်ရန်နိုင်က ပထမတစ်ဦးကို လက်သီးဖြင့် ထိုးချလိုက်၏။

နောက်တစ်ဦးကို မြှောက်၍ကိုင်ပေါက်ပစ်လိုက်သည်။

အစောင့်နှစ်ဦးလုံး သတိလစ်၍ လဲကျသွားကြသည်။

ထိုအချိန်၌ သဘော်နောက်ဘက်ခြမ်း၌ ရဟတ်ယာဉ်တစ်စီး ဆင်းသက်၍လာသည်။

✠

ဒါရိုက်တာကြီးသည် သဘော်မာလိန်မှူးထံသို့ ဖုန်းဆက်လိုက်သည်။

"ဘယ်လိုပုံစံနဲ့. . . တိုက်ခိုက်မှုဖြစ်တာလဲ။ လူဘယ်နှယောက်



www.burmeseclassic.com

www.burmeseclassic.com



ပါသလဲ"

အချိန်အတန်ကြာမျှ နားထောင်နေပြီးမှ ဒါရိုက်တာကြီးက ဒေါသတကြီး အော်ဟစ် ရေရွတ်လိုက်၏။

"ဘာ. . . လူတစ်ယောက်တည်းက တိုက်ခိုက်တာ ဟုတ်ရဲ့လား။ ဒီကိစ္စကတော့ မဟုတ်သေးဘူး။ ကဲ. . . ထားလိုက်တော့။ ရဟတ်ယာဉ်မှူးကို ပြောလိုက်။ ခရီးသွားဧည့်သည် လာတော့မယ်လို့"

ဒါရိုက်တာကြီး တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ဒါရိုက်တာကြီးသည် ဗိုင်တွဲများကို လျင်မြန်စွာ ဆွဲထုတ်၍ သူ၏လက်ဆွဲအိတ်ထဲသို့ ထိုး၍ထည့်နေသည်။

သူ၏စာရေးမလေးက. . .

"ကျွန်မရော မလိုက်ရဘူးလား"

ဒါရိုက်တာကြီးက. . .

"ရဟတ်ယာဉ်က သေးတယ်။ လူတစ်ယောက်စာပဲ နေရာရှိတယ်။ မင်းရဲ့အရည်အချင်းကလည်း နုပါသေးတယ်"

ဒါရိုက်တာကြီးက သူ၏လက်ဆွဲအိတ်ထဲမှ အော်တိုမက်တစ်ပစ္စတိုတစ်လက်ကို ဆွဲထုတ်လိုက်သည်။

"ဦးဒေဝါကိုတော့ မင်းအတွက် ငါက ရှင်းထားပေးခဲ့မယ်"

ဒါရိုက်တာကြီးသည် အစည်းအဝေးခန်းမကြီးကို ဖြတ်၍ လျှောက်သွားသည်။

ဦးဒေဝါ၏ အခန်းသော့ကို နှိုက်ယူလိုက်သည်။





ရုတ်တရက် အသံတစ်သံကြားရ၍ လှည့်ကြည့်လိုက်၏။

သူ့ထံသို့ ဦးတည်၍ တစ်လှမ်းချင်း လျှောက်လာနေသော စပ်ရန်နိုင်ကို မြင်လိုက်ရသည်။

ဒါရိုက်တာကြီးသည် စပ်ရန်နိုင်ထံသို့ သုံးချက်တိတိဆင့်၍ ပစ်ခတ်လိုက်၏။

ဒါရိုက်တာကြီးသည် သေနတ်သမားတစ်ဦး မဟုတ်။ လက်ဖြောင့်သူလည်း မဟုတ်ပေ။

ကျည်ဆန်များက စပ်ရန်နိုင်ကို မထိဘဲ နံရံများသို့သာ ထိမှန်သည်။

စပ်ရန်နိုင် ရှေ့သို့ ဆက်၍လျှောက်လာသည်။

ဒါရိုက်တာကြီးသည် သူ၏ရုံးခန်းထဲသို့ ပြန်၍ပြေးဝင်ပြီး တံခါးကို ဆောင့်ပိတ်လိုက်၏။

စပ်ရန်နိုင်သည် ဦးဒေဝါ၏အခန်းရှေ့၌ ရပ်လိုက်၏။

တံခါးကို အားကုန် ဆောင့်ကန်လိုက်၏။

တံခါးမှာ အရှိန်ပြင်းစွာ ပွင့်ထွက်သွားသည်။

စပ်ရန်နိုင်က အခန်းထဲသို့ လျင်မြန်စွာ ဝင်သွားသည်။

ဦးဒေဝါမှာ ဇဝေဇဝါအမူအရာဖြင့် ခုတင်ဘေး၌ ရပ်နေသည်။

စပ်ရန်နိုင်က. . .

"ဦးဒေဝါ မဟုတ်လား"

"ဦးဒေဝါကို တွေ့ခဲ့ရရင် သူ့ဆီကိုဝင်ပြီး နှုတ်ဆက်ပါလို့



www.burmeseclassic.com

www.burmeseclassic.com



ဘချုပ်က မှာလိုက်ပါတယ်"

ဦးဒေဝါသည် စဝ်ရန်နိုင်ကို ပါးစပ်အဟောင်းသားဖြင့် ငေးစိုက်၍ ကြည့်နေမိသည်။

"ကျွန်တော့်ကို ခဏလောက် သွားခွင့်ပြုပါဦး"

✠

စဝ်ရန်နိုင်သည် စကြံလမ်းအတိုင်း ပြေးထွက်လာသည်။

လေထဲသို့ ခုန်တက်လိုက်၏။

ဒါရိုက်တာကြီး၏ ရုံးခန်းတံခါးကို ခြေအစုံဖြင့် ဆောင့်ကန်လိုက်သည်။

ဒါရိုက်တာကြီး၏ ရုံးခန်းတံခါးမှာ ထူထဲသော သံမဏိတံခါးချပ်ကြီး ဖြစ်သည်။

သို့သော် သံမဏိတံခါးချပ်ကြီးမှာ သံဖြူဘူးခွံတစ်ခုကဲ့သို့ တွန့်လိမ်ကောက်ကွေး၍ ပြုတ်ထွက် လွင့်စဉ်သွားပေသည်။

ဒါရိုက်တာကြီးသည် သေနတ်ကိုကိုင်လျက် အသက်ပြင်းပြင်းရှူနေသည်။

စာရေးမကလေးက အခန်းထောင့်၌ ခို၍ဝပ်နေသည်။

ကျည်ဆန်တစ်တောင့်သည် စဝ်ရန်နိုင်၏ပါးဘေးမှ ဖြတ်ကျော်သွားသည်။

စဝ်ရန်နိုင် ကြမ်းပြင်ပေါ်သို့ ထိုး၍ဝပ်ချလိုက်၏။





စဝ်ရန်နိုင်က ပြန်၍ ထလာသောအခါ၌ သူ၏လက်ထဲတွင် သံမဏိတံခါးချပ်ကြီးကို မ၍ ရှေ့မှ အကာအကွယ်ပြုထားလိုက်သည်။

စဝ်ရန်နိုင်က. . .

"ခင်ဗျားရဲ့သေနတ်ထဲမှာ ကျည် (၇)တောင့် ပါတယ်။ ခင်ဗျား အခု လေးတောင့် ပစ်ပြီးသွားပြီ။ နောက်ထပ် ခင်ဗျား သုံးတောင့် သုံးခွင့် ရှိသေးတယ်"

ဒါရိုက်တာကြီးက ဒေါသတကြီး ရေရွတ်၍ ပစ်လိုက်သည်။

ကျည်ဆန်က သံမဏိတံခါးကို ထိမှန်သွားသည်။

စဝ်ရန်နိုင်က သံမဏိတံခါးကြီးကိုကိုင်၍ ရှေ့သို့ တိုးလာသည်။

"နှစ်တောင့် ကျန်တယ်"

နောက်ထပ် ကျည်တစ်တောင့်က သံမဏိတံခါးကြီးကို ထိမှန်သည်။

"တစ်တောင့်ပဲ ကျန်တော့တယ်"

စဝ်ရန်နိုင် ရှေ့သို့တိုး၍လျှောက်လာသည်။

သံမဏိတံခါးကြီးကို ကိုင်ထားသဖြင့် စဝ်ရန်နိုင် ရှေ့ဘက်သို့ ဘာမျှ မမြင်ရပေ။

ရုတ်တရက် ဒါရိုက်တာကြီးထံမှ အသံပေါ်လာသည်။

"စဝ်ရန်နိုင်"

"ခင်ဗျား. . . ဘာပြောချင်လို့လဲ"

"ဘောလ်ဗယ်ယာရင်တွေ သဘော်ဦးပိုင်းက ဝမ်းဗိုက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်"

"ကျေးဇူးပဲ ဒါရိုက်တာကြီး"

စစ်ရှန်နိုင် ရှေ့သို့တိုးလာသည်။

နောက်ထပ် ကျည်တစ်တောင့် ပစ်ဖောက်သံ ထွက်ပေါ်လာသည်။ သံမဏိတံခါးကြီးကို ကျည်ဆန် လာရောက်ထိမှန်ခြင်း မရှိပေ။

စာရေးမလေးက အသံကုန်အော်ဟစ်လိုက်သည်။

စစ်ရှန်နိုင်က သံမဏိတံခါးချပ်ကြီးကို ပစ်ချလိုက်၏။

ဒါရိုက်တာကြီးသည် ကြမ်းခင်းကော်ဇောပေါ်၌ မှောက်လျက်သား လဲကျ၍ သေဆုံးနေပေသည်။

သူ၏ဦးခေါင်းမှာ ပွင့်ထွက် ကြေမွလျက်ရှိပေသည်။

စာရေးမကလေးမှာ တုန်လှုပ်ချောက်ချားစွာဖြင့် ငိုကြွေး၍နေ၏။

စစ်ရှန်နိုင်က ဒါရိုက်တာကြီး၏သေနတ်ကို ကောက်ယူလိုက်သည်။

စစ်ရှန်နိုင်က သေနတ်ကို လက်တစ်ဖက်တည်းနှင့်ကိုင်၍ ညှစ်ချေပစ်လိုက်၏။

သေနတ်တစ်လက်လုံး သံတိုသံစတစ်ခုအဖြစ်သို့ ပြောင်းလဲသွားသည်။

ဦးဒေဝါသည် စစ်ရှန်နိုင်၏ဘေးသို့ ရောက်လာသည်။

စစ်ရှန်နိုင်က ဦးဒေဝါ၏လက်ထဲသို့ သေနတ်အပိုင်းအစပုံကို ထည့်ပေးလိုက်သည်။





ဦးဒေဝါသည် သူ၏လက်ထဲမှ သံတိုသံစများကိုသာ တအံ့တဩနှင့် ငေးစိုက်၍ ကြည့်နေမိပေတော့သည်။

ပြီး

ဇော်ထက်အောင်
1- 8- 2007
2:00 PM

www.burmeseclassic.com

www.burmeseclassic.com



# ဇော်ထက်အောင်

စဝ်ရန်နိုင်/နှင့်/ မဟာယန္တရားလူသား

www.burmeseclassic.com